
လူငယ်တွေ၊ အထူးသဖြင့် မိန်းကလေးတွေနှင့် မိဘတွေ၊ သမီးရှင်တွေအတွက် ...



# သမီးသို့ ...

လင်္ကာရည်ကျော်

အလှအပ အကြောင်း၊ သကြံန်လည်သည့် အကြောင်း၊
အသားဖြူတာ၊ ညိုတာ အကြောင်း၊ အချစ်အကြောင်း၊
အရက်သောက်တတ်သည့် ကောင်ကလေးတွေအကြောင်း၊
လက်မထပ်ခင် ကျူးလွန်မိခြင်း အကြောင်း၊ အမျိုးစောင့်သည့် အကြောင်း၊
နိုင်ငံရေး လုပ်ချင်သည့် အကြောင်း စသည့်
အပျိုအရွယ် သမီးငယ်တို့ကို ကျွန်တော် ပြောချင်သမျှ... ။


မျက်နှာဖုံးရှင် - ခင်နှင်းကြည်သာ၊ ဓာတ်ပုံ - လဲ့လင်းမြအေး

"ရွှေမြစ်မခ" မဂ္ဂဇင်းမှ အပျိုအရွယ် သမီးငယ်တွေအတွက် ရေးပေးခဲ့သည်များရော၊
"စာပေခရီးသွားများ" လူငယ်စာစဉ်တွေအတွက် ကျွန်တော် ရေးပေးထားသည့် အထဲက
မိန်းကလေးတွေနှင့် ပိုပတ်သက်မည်ထင်တာတွေရော၊ "အာရောဂျံ" မှာ
"အရှုးလွယ်အိတ်" ကဏ္ဍကနေ ကျွန်တော် ရေးပေးထားတာတွေရော ပေါင်း၍
သည် "သမီးသို့..." ကို ထုတ်ဝေလိုက်တာပါ။ လူငယ်တွေ၊ အထူးသဖြင့် မိန်းကလေးတွေနှင့်
မိဘတွေ၊ သမီးရှင်တွေအတွက် အကျိုးရှိလိမ့်မည်ဟု ထင်ပါသည်။

## သမီးသို့ . . . နှင့်
## လူငယ်တွေ ဖတ်စေချင်သော ကျွန်တော့်ဆောင်းပါးများ

## ၂

လူငယ်တွေ ဖတ်စေချင်သော ကျွန်တော့်ဆောင်းပါးများဆိုတာက ကလေးဆရာဝန်ဘဝ၊ တက္ကသိုလ်ကျောင်းဆရာဘဝ၊ လူငယ်စာပေတွေ ရေးသော စာရေးဆရာဘဝတွေမှာ ကျွန်တော် ကျင်လည်ရင်း၊ လူငယ်တွေနှင့် ထိတွေ့ဆက်ဆံရင်း လူငယ်တွေကို ရင်ထဲမှာ စကားတွေ ပြောချင်လာတိုင်း မဂ္ဂဇင်းပေါင်းစုံမှာ ကျွန်တော် နာမည်ပေါင်းစုံနှင့် ရေးထားသည့် ဆောင်းပါးတွေကို စုပြီး ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ဆေးပညာပေးစာအုပ်တွေလောက် ပရိသတ် စိတ်ဝင်စားမည် မထင်မိခဲ့သော်လည်း တကယ် ဖြန့်ချိတော့ နှစ်ပေါင်း တော်တော်ကြာသည့်တိုင် ပြန်ရိုက်ခဲ့ရသည်။ ပေါက်စေတီ ဆရာတော်ဘုရားကြီးဆိုလျှင် အဲသည့် စာအုပ်တွေကိုဝယ်၍ နယ်က လူငယ်တွေ ဖတ်ဖြစ်အောင် ပေးပို့ လှူဒါန်းခိုင်းလေ့ရှိသည်ဟု ဆိုသည်။

တကယ်တော့ ရသစာပေတစ်ဖက်၊ ဆေးပညာပေး စာပေတစ်ဖက်၊ ဓမ္မဆောင်းပါးတွေ တစ်ဖက် ရေးနေရင်းကလည်း အဲသည့် လူငယ်ဆောင်းပါးတွေက ဆက်ရေးဖြစ်နေတာပါပဲ။

သည်ကြားထဲမှာ မှတ်မှတ်ရရ ဖြစ်စရာကလေး တစ်ခုရှိလာသည်။ အဲဒါကတော့ ပရဟိတ လူငယ်သူရဲကောင်းမကလေး ခင်နှင်းကြည်သာ၏ လုပ်ရပ်တွေကို အခြေခံ၍ 'ပန်းဒေါင်း' ဝတ္ထုကို ရေးခဲ့ရင်းက အဲသည်သမီးနှင့် ခင်မင်သွားခဲ့ရာ နောက်ဆုံး ကိုယ့်သမီးလို ဖြစ်လာခဲ့သည်အထိပါပဲ။ ထိုသမီးငယ်က အဲသည်အချိန်မှာ 'ရွှေမြစ်မခ' မဂ္ဂဇင်း၏ တာဝန်ခံ အယ်ဒီတာ လုပ်နေတော့ သူ့မဂ္ဂဇင်းမှာ မိန်းကလေးငယ်တွေအတွက် အကျိုးရှိမည့် အခန်းဆက် ဆောင်းပါးတစ်ခုခု ရေးပေးပါဟု ပူဆာလာသည်။

ဒါနှင့်ပဲ ကျွန်တော်က 'သမီး . . . သို့' ဟု ခေါင်းစဉ်တပ်ပြီး အပျိုအရွယ် သမီးငယ်တို့ကို ကျွန်တော် ပြောချင်သမျှ ကိစ္စတွေ ရေးပေးခဲ့သည်။

အလှအပ အကြောင်း

သကြံန်လည်သည့် အကြောင်း

အသားဖြူတာ၊ ညိုတာ အကြောင်း

အရက်သောက်တတ်သည့် ကောင်ကလေးတွေအကြောင်း

အချစ်အကြောင်း

လက်မထပ်ခင် ကျူးလွန်မိခြင်း အကြောင်း

အမျိုးစောင့်သည့် အကြောင်း

နိုင်ငံရေး လုပ်ချင်သည့် ကိစ္စအကြောင်း

စုံလို့ စုံလို့ပါပဲ။

အဲသည် ဆောင်းပါးတွေက ရွှေမြစ်မခမှာတော့ ပေါက်မပေါက်မသိ။ Facebook ပေါ်မှာ ကျွန်တော် တင်ပေးတော့ တော်တော်ပေါက်ခဲ့သည်။ စုထား သိမ်းထားချင်၍ လုံးချင်း မြန်မြန်ထုတ်ပေးဖို့ တောင်းဆိုတာတွေ ရှိခဲ့သည်။

အဲသည်အချိန်မှာ သမီး ခင်နှင်းကြည်သာကလည်း ရွှေမြစ်မခက ထွက်လိုက်တော့ ကျွန်တော်လည်း ဆက်မရေးပေးဖြစ်တော့။

ဒါနှင့်ပဲ စာပေခရီးသွားများ လူငယ်စာစဉ်တွေအတွက် ကျွန်တော် ရေးပေးထားသည့် အထဲက မိန်းကလေးတွေနှင့် ပိုပတ်သက်မည်ထင်တာတွေရော၊ အာရောဂျံမှာ အရှုံးလွယ်အိတ် ကဏ္ဍကနေ ကျွန်တော် ရေးပေးထားတာတွေရော ပေါင်း၍ သည်'သမီးသို့. . .'ကို ထုတ်ဝေလိုက်တာပါ။ လူငယ်တွေ အထူးသဖြင့် မိန်းကလေးတွေနှင့် မိဘတွေ အထူးသဖြင့် သမီးရှင်တွေအတွက် အကျိုးရှိလိမ့်မည်ဟု ထင်ပါသည်။

သမီးခင်နှင်းကြည်သာကို အကြောင်းပြု၍ ထုတ်ဝေဖြစ်ခဲ့သော စာအုပ်ဖြစ်၍ အမှတ်တရအနေနှင့် သမီးပုံကိုပင် မျက်နှာဖုံးအဖြစ် သုံးချင်ပါသည်ဟု ခွင့်တောင်းတော့ သမီးက သဘောတူခဲ့ပါသည်။ ထို့ကြောင့် သမီးခင်နှင်းကြည်သာကိုရော၊ သူ့ကို ဓာတ်ပုံ ရိုက်ပေးနေကျ လူငယ်ပရဟိတသမား ဓာတ်ပုံ ဆရာကလေးများ ဖြစ်ကြသည့် လှဲလှဲအေး၊ ရဲဝင်း၊ မျိုးမင်းတို့ကိုလည်း ကျေးဇူးစကား ဆိုပါရစေ။

**ဆန္ဒမွန်ဖြင့်**
**လက်ာရည်ကျော်**

○

## လှစေချင်လို့

**သမီး**

ဒီစာဟာ သမီးအတွက် ရေးလိုက်တာပါ။

ဘယ်သမီးလဲလို့ ဘေးဘယ်ညာ လှည့်ကြည့်မနေပါနဲ့။ အခု ဒီစာကို ဖတ်မိနေတဲ့ သမီးအတွက်ပဲ ရေးလိုက်တာပါ။

ကျောင်းဆရာတစ်ယောက်မို့ ကိုယ့်ကိုယ်ကိုယ် ဆရာလို့ပဲ သုံးပါရစေ။ ဆရာ့ကိုယ် ဆရာ မိတ်ဆက်ပါ့မယ်။ ဆရာက အသက် ၂၀ ကျော်အရွယ် သမီးတစ်ယောက်နဲ့ အသက် ၂၀ ကျော်အရွယ် သားတစ်ယောက်ရဲ့ ဖခင်တစ်ဦး၊ ပြီးတော့ အသက် ၂၀ကျော် အရွယ် တပည့်တွေ ရာနဲ့ထောင်နဲ့ချီပြီး စာသင်နေတဲ့ တက္ကသိုလ်ဆရာတစ်ဦး၊ ပြီးတော့ အသက် ၂၀ ကျော် လူငယ်တွေဖတ်ဖို့ အဓိကဖြစ်တဲ့ စာမျိုးတွေ ရေးနေတဲ့ စာရေးဆရာတစ်ဦးဆိုရင် လုံလောက်ပြီ ထင်ပါရဲ့နော်။

ဒီပထမဦးဆုံးစာမှာ ဆရာပြောချင်တာကတော့ မိန်းကလေးတွေ လှချင်ကြတဲ့ကိစ္စ ဖြစ်တယ်ကွယ့်။

မိန်းကလေး လှချင်တာများအပြစ်လားလို့ စောဒက မတက်လေနဲ့။ ဆရာက သဘောတူပြီးသား။ မိန်းကလေးတွေမှ မလှချင်ရင် ဆရာတို့ နေနေရတဲ့ လောကကြီး ယဉ်ကျေးမှု တော်လှန်ရေးခေတ်က တရုတ်ပြည်ကြီးနဲ့ တူသွားမှာများ မတွေးရဲပါဘူး။

ဟော ခုကျတော့ ယောကျ်ားလေးတွေကပါ လှချင်လာတာ တော်တော် တွေ့နေရပြန်သကွယ့်။ ယောကျ်ားကလေးလည်း မိန်းကလေးတွေက ရုပ်ချောတယ်လို့ အပြောခံချင်ကြတာ သဘာဝကျပေမယ့် ယောကျ်ားလေးတန်မဲ့နဲ့ ကိုယ့်ရုပ်အသွင်အပြင်အတွက် အချိန်တွေ၊ ငွေတွေ အာရုံစိုက်မှုတွေ အများကြီး ထည့်နေကြတာမျိုး ကျတော့လည်း ဒီလိုသာ လူငယ်တိုင်း ဖြစ်နေကြရင် ဒီနိုင်ငံကြီး နေပျော်စရာမရှိတော့ဘူး ထင်မိတာ အမှန်ပဲကွယ့်။ သမီးပဲ မိန်းကလေးတစ်ယောက် အမြင်နဲ့ ဖြေကြည့်ပါဦး။ သမီးတို့ အိမ်ထောင်ကျတဲ့အခါကျရင် သမီးရဲ့ အိမ်ထောင်ဦးစီးဖြစ်လာမယ့် သမီးချစ်သူဟာ မှန်ရှေ့မှာ သူဝင်နေလို့ သမီးတောင် ထိုင်စောင့်နေရတဲ့လူမျိုးဖြစ်ရင် သမီး အထင်ကြီး အားကိုးပါ့မလားလို့။ ထားတော့။

ဒါက ဒီစာရဲ့ အဓိကအကြောင်းရင်း မဟုတ်လေတော့ သမီးကို့ မိန်းကလေးတွေ လှချင်ကြတဲ့ ကိစ္စပဲ ဆရာ ဆက်ရေးပါဦးမယ်။

## မိန်းကလေးတွေ လှချင်တာ အမှန်ကွယ့်

ယောကျ်ားကလေးတွေလည်း မိန်းကလေးတွေကို လှစေချင်ကြတာ အမှန်ပါပဲ။

အံ့သြဖို့ကောင်းတာက မိန်းကလေးတစ်ယောက် လှဖို့ဆိုတာ အင်မတန်လွယ်တဲ့ကိစ္စ ဖြစ်လျက်နဲ့ မိန်းကလေး အများစု ဘယ်လိုလုပ်ရမယ် မသိ ဖြစ်နေကြတာပါပဲ။

ဆရာ့ အသက်အရွယ်နဲ့ ဒီကိစ္စတွေ ဘယ်လိုလုပ်သိပါ့မလဲလို့ သံသယ မဖြစ်နဲ့နော်။ ဆရာက အခု အသက် ၅၀ ကျော်ပေမယ့် ဆယ်ကျော်သက် ဘဝရော၊ နှစ်ဆယ်ကျော် ဘဝရော၊ သုံးဆယ်ကျော် ဘဝရော၊ လေးဆယ်ကျော် ဘဝပါ ဖြတ်သန်းပြီးခဲ့ဖူးသား ဖြစ်တဲ့အပြင် နေ့ရှိသရွေ့ နှစ်ဆယ်ကျော်ကလေးတွေနဲ့ နေနေရတာဆိုတာ မမေ့ပါနဲ့ဦး။

## လှဖို့အတွက် ငွေနဲ့ အချိန် ဘယ်လောက်လိုသလဲ

ဒီမေးခွန်းကို ဖြေကြည့်ပါ သမီး။

ဒီခေတ် ဒီအခါမှာ ယောကျ်ားကလေးတွေက အလုပ်လုပ်ပြီး မိန်းကလေးတွေက အိမ်ထဲမှာ နေရတဲ့ အယူအဆမျိုးတွေ ခေတ်နောက်ကျနေပြီဆိုတာ သမီးတို့အသိ။ ယှဉ်ပြောကြကြေးဆိုရင် အရည်အချင်းတူရင်



မိန်းကလေးတွေကတောင် ယောကျ်ားကလေးတွေထက်ပိုပြီး အလုပ်တစ်ခုရဖို့ လွယ်နေတဲ့ ခေတ်မျိုးပါ။

သည်ခေတ် မိန်းကလေးတွေအတွက် အချိန်ဆိုတာ ငွေပါပဲ။ ငွေသုံးရင် အလုပ်ချိန် ပိုလုပ်ရပြီး အချိန်သုံးရင် ဝင်ငွေနည်းသွားမှာပါ။

သည်ခေတ်မိန်းကလေးတွေထဲမှာ အလှဆိုတာအတွက် အချိန်ရော၊ ငွေရော အများကြီး သုံးနေတဲ့ မိန်းကလေးတွေ ရှိနေတာ အမှန်ပဲ သမီး။ ဥပမာ - ဆံပင်အရောင် တစ်ခါဆိုးရင် နှစ်နာရီ ကနေ သုံးနာရီကြာတယ်။ ငွေနှစ်သောင်း၊ သုံးသောင်း ကုန်တယ်။ ဟုတ်တယ် မဟုတ်လား။ ဘာအလုပ်မှ လုပ်စရာမလိုဘဲ မုန့်ဖိုး သိန်းချီရနေတဲ့ သူဌေးသမီးတစ်ယောက်အတွက်တော့ ဒါငွေနဲ့ အချိန်ဖြုန်းတီးတာ သက်သက်လောက်ပဲဖြစ်ပေမယ့် တစ်လ ခုနစ်သောင်းနဲ့ တစ်သိန်းကြားထဲ လစာရတဲ့ ဘွဲ့ရကုမ္ပဏီဝန်ထမ်း အမျိုးသမီးကလေးတစ်ယောက်အတွက်တော့ တခြားဘက်ကနေ ချွေတာလိုက်ရတဲ့ အချိန်နဲ့ငွေ မများလွန်းဘူးလားလို့ တွေးကြည့်မိစရာပါ။

ဒီထက်ပိုတစ်ဆင့်တက် တွေးမိရင် ရှာနိုင်တာထက် သုံးချင်တာကများ၊ ရှာဖို့ကလည်း အချိန်မလောက်လာရင် အချိန်တိုတိုနဲ့ ငွေတွေအများကြီးရဖို့ လိုလာရော။ အဲဒီအခါမျိုးကျရင် အလှနဲ့ လှချင်စိတ်ဟာ စာရိတ္တရဲ့ ရန်သူအထိတောင် ဖြစ်တတ်တယ် သမီး။

ယောကျ်ားကြီးတစ်ယောက်အနေနဲ့ ဆရာ့အမြင်ကို ပြောရရင်တော့ မြန်မာလူမျိုးရဲ့ အသွင်အပြင် ဆံပင်အနက်ရောင်ကလေးကို သန့်သန့်ရှင်းရှင်းနဲ့ သပ်သပ်ရပ်ရပ်ထားတဲ့ သမီးတစ်ယောက်ဟာ မြန်မာလူမျိုးမှာ လုံးဝမရှိတဲ့ (ဆေးဆိုးထားတယ် ဆိုတာ လူတိုင်းသိတဲ့)၊ သဘာဝမကျတဲ့ ဆံပင်အရောင်၊ ပုံစံဆန်းဆန်း လုပ်ထားတဲ့ မိန်းကလေးတစ်ယောက်ထက်တော့ အများကြီး ပိုကျက်သရေရှိတာ အမှန်ပဲ။

LV အိတ်ပဲ ကိုင်တယ်ပြောတဲ့ မော်ဒယ်လ်မကလေးတစ်ယောက် အကြောင်းကို လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်လောက်က ဂျာနယ်တစ်စောင်မှာ ဖတ်ရဖူးသေးတယ် သမီး။ ပါရီမြို့ကို ဆရာရောက်တုန်းက အဲဒီ LV ဆိုင်ကို သွားကြည့်ခဲ့တာပေါ့။ တန်းစီပြီးမှ လူဦးရေ ကန့်သတ်ချက်နဲ့ ဝင်ဝယ်ရတဲ့ ဆိုင်မျိုး။ အိတ်တစ်လုံးကို မော်တော်ကားတစ်စီးစာလောက် တန်ချင် တန် သွားတတ်တဲ့ ဆိုင်မျိုး။ တိုင်းပြည်မှာရှိတဲ့ ကလေးတွေရဲ့

၄၀ ရာခိုင်နှုန်း အာဟာရချို့တဲ့နေတဲ့ နိုင်ငံမှာ ကိုယ်ဝယ်ကိုင်နိုင်ရင်တောင် လူကြားထဲ ထုတ်ပြရမှာ အားနာစရာမဟုတ်လား သမီး။ အဲသလို ဈေးကြီးနေတဲ့ အကြောင်းကလည်း တကယ့် သားရဲတိရစ္ဆာန်ကလေးတွေ အများကြီး သေပေးမှ ဖြစ်လာရတဲ့ အိတ်မို့လို့ မဟုတ်လားသမီး။

ဆရာ့မျက်စိထဲတော့ ရှုံးသွားမယ့် အိတ်ရိုးရိုးလေး တစ်လုံး ပခုံးလွယ်ထားတဲ့ မိန်းကလေးတစ်ယောက်ကို ကြည့်ရတာ ပိုမျက်စိအေးပါတယ်။ နုပျိုလန်းဆန်းမှုကို ပိုထင်ဟပ်နိုင်ပါတယ်။ တန်ဖိုးကြီး အဝတ်အစားတွေလည်း ဒီသဘောပါပဲကွယ်။

## လှတာနဲ့ တပ်မက်ဖွယ်ရာကို ခွဲသိဖို့

လှတာဟာ ဂုဏ်ယူစရာပါ သမီး။

တပ်မက်ဖွယ်ရာကောင်းအောင် လုပ်ဖို့ကတော့ ဘယ်သူမဆို လုပ်လို့ရပါတယ်။ ခေတ်နဲ့အညီ ရေစီးကြောင်းတွေက ပြောင်းနေတာတော့ အမှန်ပဲ။ ဒီခေတ်မှာ ရင်ဖုံးအင်္ကျီပွပွကြီးတွေ ဘယ်ဝတ်နေတော့မှာလဲ။ မိန်းကလေးတစ်ယောက် ဘောင်းဘီရှည်ဝတ်တာလည်း နှာခေါင်းရှုံ့ရမယ့် ကိစ္စတော့ မဟုတ်တော့ဘူး။

ဒါပေမဲ့ မြင်တဲ့သူကို တပ်မက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ခန္ဓာကိုယ်အသားအရေကို လှစ်ပြီးပဲဖြစ်ဖြစ်၊ ကိုယ်နေဟန်ထားကို ပဲဖြစ်ဖြစ်ဖော်ပြပြီး ဝတ်စားထားတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ် ယောကျ်ားကလေးမှ လှတယ်လို့ မထင်ကြဘူး ဆိုတာကိုတော့ ယုံကြည်စေချင်တယ်။

တပ်မက်တာက တပ်မက်တာ သက်သက်။ ချစ်စရာလို့ မြင်တာမှ အလှကို ခံစားတာ မတူပါဘူး သမီး။

အဝေးကနေမြင်ပြီး အသက်ရှူမြန်ချင် မြန်တတ်ပေမယ့် အနီးကပ်ပြီး လူကြားထဲ ခေါ်သွားရမှာကိုတော့ ကိုယ့်ချစ်သူကိုယ်တိုင်ကတောင် မလုံမလဲ ခံစားကြရတတ်ပါတယ်။

အန္တရာယ်ကိုလည်း ဖိတ်ခေါ်၊ ကိုယ့်ကိုလည်း သူများ တန်ဖိုးမထားစေတတ်တဲ့ အဆင်အပြင်နဲ့ အလှကိုတော့ ခွဲမြင်ကြစေချင်တယ်။



## လှတိုင်းလှတဲ့ အရွယ်ပါ

မိုးရေဆမ်းထားတဲ့ ပန်းကလေးတစ်ပွင့်ကို ကြည့်ရတာ မလှဘူးလားလို့မေးရင် ဘာပန်းလဲ၊ ဘာအရောင်လဲ ဘယ်သူမှ မေးနေမှာ မဟုတ်ပါဘူး။ လှတယ်လို့ တညီတညွတ်တည်း သဘောတူကြမှာပါ။

သမီးတို့ အရွယ်ဆိုတာ အဲဒီ မိုးရေဆမ်းထားတဲ့ ပန်းကလေးတွေလိုပါပဲ။ နှင်းဆီလည်း လှတာပါပဲ၊ စံပယ်လည်း လှတာပါပဲ၊ ကံ့ကော်လည်း လှတာပါပဲ။

သန့်ရှင်းကြည်လင်မှုက အလှတရားပါ။ ဆံပင်ထဲမှာလည်း အဖြူအညို မစွက်သေးဘူး။ မျက်နှာမှာလည်း အရေးကြောင်း တွဲမကျသေးဘူး။ နှလုံးသွေးကြောလည်း အဆီပြင် မဖုံးသေးဘူး။

အရေးအကြီးဆုံးကတော့ မျက်လုံးကလေးတွေလည်း ကြည်လင်နေကြတုန်းပဲ။ သမီးတို့အရွယ်ကလေးတွေ ဘယ်လောက်လှတယ်ဆိုတာ ဆရာတို့အရွယ်ရောက်ပြီး ပြန်လှည့်ကြည့်တော့မှ သဘောပေါက်မှာ။

လှတိုင်း လှတဲ့ အရွယ်ပါ သမီး။

ကြည်လင်တဲ့ မျက်လုံးကလေးတွေ အရောင်အစွန်းအထင်း ကင်းဖို့ကိုတော့ ပညာနဲ့ ဆင်ခြင်တုံတရား လိုသေးတယ်နော်။

## အဝတ်အစားတွေ အများကြီး လိုသလား

စနိုးပို့က်နဲ့ လူပုလေး ခုနစ်ယောက် ပုံပြင်ထဲက စနိုးပို့က်ကလေး ကိုတော့ သမီးတို့ သိမှာပါနော်။

စနိုးပို့က်ကလေးဟာ ကာတွန်းဖြစ်လိုက်၊ ရုပ်ရှင် ဖြစ်လိုက်နဲ့ အများမျက်စိထဲမှာ လှနေတာ ရာစုနှစ် တစ်နှစ်တောင် ပြည့်တော့မယ် သမီး။ အဝတ်အစားတစ်မျိုးတည်းပဲ ဝတ်သွားခဲ့တာ သတိထားမိသလား။

အဲသည် အဝတ်အစား တစ်မျိုးတည်းနဲ့ပဲ လူမျိုးပေါင်းစုံ၊ ခေတ်ပေါင်းစုံ၊ အရွယ်ပေါင်းစုံရဲ့ မျက်စိထဲမှာ လှနေခဲ့တာ ဘာကြောင့်လို့ထင်လဲ သမီး။

ပထမဦးဆုံးတစ်ခုက လိုက်လျောညီထွေရှိမှုပါ။ စနိုးပို့က်ကလေးရဲ့ အဝတ်အစားဟာ သူ့ပတ်ဝန်းကျင်ထက်ကို စူးစူးရဲရဲကြီး ထူးခြားမနေဘူး။ သင့်တင့်လျောက်ပတ်နေတယ်။ အမြင်မရိုင်းဘူး ဆိုပါတော့ကွယ်။ သူ့ကိုယ်ဟန် အမူအရာနဲ့လည်း လိုက်ဖက်နေပြန်တယ်။ ဒါကတော့ ရွေးချယ်တတ်မှုပေါ့။

ဆရာ ဆိုလိုတာက မိန်းကလေးတစ်ယောက်မှာ အဝတ်အစား အလဲအလှယ်များများရှိဖို့ မလိုဘူးကွယ့်။ ဝတ်ထားစားထားတဲ့ ပုံစံက ကိုယ် ကိုယ်တိုင်နဲ့ရော၊ ပတ်ဝန်းကျင်နဲ့ရော (ပတ်ဝန်းကျင်ဆိုတာ ယဉ်ကျေးမှု အရရော၊ ရာသီဥတုအရရော ကိုယ်ဝတ်စား သွားရမယ့်နေရာ၊ ကာလ ဒေသ်ပေါ့ကွယ်) အဆင်ပြေပြေ ညီညီညွတ်ညွတ်ရှိဖို့က အဓိကလို့ ဆိုလို ချင်တာပါပဲ။

ဆရာ တစ်ခါတွေ့ဖူးတယ်၊ အဆိုတော်မလေး တစ်ယောက်။ ရုပ် ကလေးကလည်း ချောပါရဲ့။ အသံကလေးကလည်း ကောင်း၊ မင်္ဂလာ ဆောင်မှာ ဘိသိက်သီချင်း ဆိုတာ။ မြန်မာဝတ်စုံဝတ်ပြီး ပဝါလည်း စုံချ ထားပါရဲ့ အင်္ကျီလက်က လက်တိုဖြစ်နေတယ်။ အရေးတကြီးကြီး မဟုတ် ပေမယ့် ကြည့်ရတာ မျက်စိထဲမှာ တစ်ခုခုလွဲနေသလို ဖြစ်တာပေါ့ကွယ်။

ဆရာ ဆိုလိုတဲ့ ကာလဒေသ ဆိုတာ အဲဒါမျိုးကို ပြောတာပါ။ အဲဒီထက် ဆိုးတာလည်း ရှိတာပေါ့။

ဥပမာ အဲဒီ မင်္ဂလာဆောင်မှာတောင် တိုလွန်းတဲ့ စကတ်နဲ့လာတဲ့ မိန်းကလေးတွေ ရှိနေတာပဲ။

ဒုတိယ အရေးအကြီးဆုံး အချက်က သန့်ရှင်းသပ်ရပ်မှုပါ။ အခု ပုဂ္ဂလိက ဘဏ်တွေပေါ်လာတော့ ဆရာသတိထားမိတာ ရှိတယ်။ ဘဏ် ဝန်ထမ်း မိန်းကလေးတွေရဲ့ ဝတ်စုံက များသောအားဖြင့် ခေတ်မမီလွန်း ရှေးမကျလွန်းတဲ့ မြန်မာဝတ်စုံမျိုးပဲ။ အရောင်ရော၊ ပုံစံရော အတူတူ ဝတ် ထားကြပေမယ့် များသောအားဖြင့် သူတို့ကြည့်ရတာ လှတယ်။ ဘာဖြစ် လို့လဲဆိုတော့ သန့်ရှင်းပြီး သပ်ရပ်နေတာကိုး။

တတိယအချက်ကတော့ အရေးကြီးဆုံးအချက်ပါ သမီး။

ကြည်လင်နေဖို့ပါ။ ကြည်လင်နေမှ လှတာပါ။

စန်းပိုက်ကလေးကို ကြည့်လိုက်ရင် အမြဲ ကြည်လင်နေတာပဲ။ ဒါကြောင့် လှတာပေါ့။ စုန်းမကြီးက ဘုရင်မကြီးလို လှလှပပ ဝတ်စားထား တုန်းကလည်း မလှပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မကြည်လင်လို့ပါပဲ။

ကြည်လင်တယ်ဆိုတဲ့ မျက်နှာမျိုးကလေးက မေတ္တာနဲ့ နေမှ ရှိ တတ်တာပါ။ ဘယ်သူ့အပေါ်မှာမဆို ချမ်းသာမှုပဲ ဖြစ်စေချင်ပြီး ဒုက္ခတွေ ကင်းဝေးစေချင်နေတဲ့ မျက်နှာကလေးမျိုးပေါ့။

ခက်သလား သမီး။

စန်းပိုက်ကလေးက ပုံပြင်ထဲမှာပဲ ရှိတယ်လို့ တွေးနေတာလား။



**မေတ္တာရဲ့ အလှ**

လွန်ခဲ့တဲ့ လေးနှစ်လောက်က ဆရာ ဝတ္ထုတိုကလေး တစ်ပုဒ် ရေး ခဲ့ဖူးတယ်။

အိပ်မက်ထဲက နတ်သမီးတဲ့။

လှတာကို သိပ်မက်တဲ့ ကောင်လေးတစ်ယောက်အကြောင်းပေါ့။ သူ့မှာ သူငယ်ချင်းမလေး သုံးယောက်ရှိတယ်။ နှစ်ယောက်က လှတယ်။ တစ်ယောက်က ရွက်ကြမ်းရေကျို ပေါ့လေ။ သူက လှတဲ့ နှစ်ယောက်စလုံး နဲ့ တစ်လှည့်စီ ရည်းစားဖြစ်တယ်။ နောက်ကွဲသွားတယ်။ နှစ်ပေါင်းများစွာ ကြာလို့ ပြန်တွေ့ကြတော့ အဲဒီနှစ်ယောက်စလုံးက မလှတော့ဘူး။ သူ မချစ်ခဲ့မိတဲ့ တစ်ယောက်က လှနေလို့ သူ အံ့ဩရတယ်။ အိပ်မက်ထဲက နတ်သမီး ပေါ့။ အကြောင်းရင်းကတော့ အဲဒီ သူငယ်ချင်းမလေးက မိဘ မဲ့ကလေးတွေကို ပြုစုစောင့်ရှောက်တဲ့ အလုပ်ပဲ တစ်သက်လုံး လုပ်နေခဲ့ တော့ မေတ္တာနဲ့နေနေတော့ မျက်နှာကလေးက ကြည်လင်နေတာတဲ့။

ဆရာ့ဘဝ အတွေ့အကြုံတွေထဲက တွေ့ကြုံဖူးတာကလေးတွေကို ပြန်ပေါင်းစပ်ပြီး ရေးခဲ့တဲ့ ဇာတ်လမ်းမျိုးပါ။

မေတ္တာနဲ့နေရင် လှတယ်ဆိုတာ ယုံပြီလား သမီး။

မယုံမရှိပါနဲ့ကွယ်။

အခုလည်း သမီး သတိထား ကြည့်မယ်ဆိုရင် သမီးတို့အရွယ် မိန်း ကလေးတွေထဲမှာ စန်းပိုက်ကလေးတွေ ရှိနေတာ သတိထားမိမှာပဲ။

အလှပြင်ဖို့ ပိုက်ဆံတွေလည်း အများကြီးရှိစရာ မလိုဘူး။ အချိန် တွေလည်း အများကြီးပေးစရာ မလိုဘူး။

သူများစွဲမက်အောင် ဆွဲဆောင်နေဖို့ မလိုဘူး။

အဝတ်အစား ဖက်ရှင်အမျိုးမျိုး လဲလှယ်ဝတ်နိုင်ဖို့လည်း မလိုဘူး။

သန့်ရှင်းကြည်လင်တဲ့ မေတ္တာနဲ့ လှနေလို့ ရပါတယ်။

အဲသလို လှနေတဲ့ မိန်းကလေးတွေကမှသာ ကိုယ်တိုင်လှရုံသာမက ပတ်ဝန်းကျင်ကိုပါ အလှဆင်နိုင်ကြပါတယ် သမီး။

နည်းနည်းလေး သတိထားပြီး လေ့လာကြည့်လိုက်ပါ။ တွေ့မှာပါ။ သမီးလေး သန့်ရှင်းကြည်လင်စွာ လှနိုင်ပါစေကွယ်။

၀

# ပိတောက်စည်း

**သမီးရေ...**

စာရေးမပျင်းပေမယ့် စာရေးချိန်မရှိတဲ့ ဆရာဟာ ရွှေမြစ်မခက သမီး ခင်နှင်းကြည်သာရဲ့ ကောင်းမှုနဲ့ တစ်ခါမှ လူချင်းမဆုံဖူးသေးတဲ့ သမီးဆီကို တစ်လတစ်ခါ စာမှန်မှန်ရေးဖြစ်နေပြီနော်။

ဒီစာရေးနေတဲ့ မတ်လက တကယ်တော့ ကံ့ကော်တွေ ပွင့်တဲ့လ။

ဆရာ့မှာလည်း ဒီလမှာမွေးလို့ ကံ့ကော်ပါတဲ့ နာမည်ပေးထားတဲ့ ချစ်စရာသမီးကလေး တစ်ယောက်ရှိတယ်။ ချစ်စရာဆိုတာ ဆရာက ချစ်တာကိုးကွယ့်။ အသက် ၂၀ ကျော် ဆိုတော့ သမီးတို့ အရွယ်ပေါ့။ သူ့ထက်နည်းနည်းပဲကြီးတဲ့ သားတစ်ယောက်လည်း ရှိတယ်။ နှစ်ယောက်စလုံး အဝေးရောက်နေကြတဲ့အချိန်က များတော့ ဆရာလည်း အမြဲ လွမ်းနေရတာပေါ့ကွယ်။

သူတို့နှစ်ယောက်စလုံးမှာ တကယ်ကို ချစ်စရာကောင်းတဲ့ ကိစ္စကလေးတစ်ခုတော့ ရှိတယ်။ အဲဒါက ဒီမဂ္ဂဇင်းထွက်မယ့်အချိန် ဧပြီလမှာ ကျရောက်မယ့် မြန်မာ့သင်္ကြန်နဲ့ ဆိုင်နေတယ်။

သင်္ကြန်မှာ သူတို့ဘာလုပ်ကြလို့လဲလို့ တွေးနေမိတယ် မဟုတ်လား။ တကယ်တော့ ဘာမှမလုပ်ကြတာကို ပြောတာပါကွယ်။



**သင်္ကြန်ဆိုတာ**

တို့ မြန်မာတွေမှာ ၁၂ လရာသီစလုံး ပွဲလမ်းသဘင် တစ်မျိုးမဟုတ်တစ်မျိုး ရှိပေမယ့် သင်္ကြန်ကိုတော့ မြန်မာလူမျိုးတွေ တခုတ်တရ တန်ဖိုးအထားဆုံး ဆိုတာ သမီးတို့ သိမှာပါ။ ၁၂ လရာသီ ပွဲတော်တွေကို စုံအောင် မရွတ်တတ်တဲ့ လူငယ်တွေရှိပေမယ့် သင်္ကြန်ကိုတော့ အားလုံးသိကြတာပဲ မဟုတ်လား။

ဒါလည်း သိပ်တော့ မဆန်းလှဘူး။

မြန်မာနှစ်သစ်ကူးအချိန်ကိုး။

သူများနိုင်ငံတွေမှာလည်း သူတို့ နှစ်သစ်ကူးကို သူတို့ တော်တော် တန်ဖိုးထားတတ်ကြတာ တွေ့ရတယ်။

ဥပမာ ဆရာ ရောက်ဖူးတဲ့ အနောက်နိုင်ငံတွေမှာ လူအများစုက ခရစ်ယာန် ဘာသာဝင်တွေဆိုတော့ ခရစ္စမတ် မတိုင်ခင် တစ်ည Christmas Eve ဖြစ်တဲ့ ဒီဇင်ဘာလ ၂၄ ရက်ကနေ နှစ်သစ်မကူးခင်ည New Year Eve ဖြစ်တဲ့ ၃၁ ရက်နေ့အထိကို ရုံးပိတ်ပေးလေ့ရှိတယ်။ ဆရာတို့ ငယ်ငယ်ကတော့ သင်္ကြန်က အကျကနေ နှစ်ဆန်းတစ်ရက်နေ့အထိ လေးရက်ပဲ ပိတ်တယ်။ အခုတော့ ၁၀ ရက် ပိတ်ပေးနေပြီပေါ့လေ။

ခရစ္စမတ်နဲ့ နှစ်ကူးညတွေမှာလည်း အနောက်နိုင်ငံတွေမှာ အရက်မူးပြီး ကားမောင်းရာကနေ ထိခိုက်ဒဏ်ရာရတာတွေ၊ လူသေတာတွေ နှစ်စဉ်ရှိတယ်။ သို့သော် နှစ်ကူးကိုတော့ မပျက်မကွက် ကျင်းပကြတာချည်းပဲ။ တို့ဆီမှာလည်း သင်္ကြန်ဆိုရင် ပြည်သူ့ဆေးရုံတွေက ထိခိုက်ဒဏ်ရာရ ကုသဌာနတွေ တိုးမပေါက်အောင်ပါပဲကွယ်။

သင်္ကြန်က တို့ချည်းရှိတာတော့ မဟုတ်ဘူးကွယ့်။ ဆရာ ရောက်ဖူးသလောက်ဆို ထိုင်းမှာလည်း ရှိတယ်။ ကမ္ဘောဒီးယားမှာလည်း ရှိတယ်။ တခြား ဆရာမရောက်ဖူးတဲ့နိုင်ငံတွေလည်း ရှိကောင်း ရှိမယ်ထင်တယ်။ အဲဒီနိုင်ငံတွေမှာလည်း မူးတာ၊ ရူးတာ၊ ကဲတာ၊ ထိခိုက်ဒဏ်ရာရတာ၊ လူသေတာတွေ ရှိတာပဲတဲ့။

ဒီတော့ ဘာဖြစ်လဲ။ ဖြစ်ရိုးဖြစ်စဉ်လို့ သဘောထားလိုက်ရုံပေါ့လို့ တွေးတဲ့လူက တွေးတယ်။ ဒါပေမဲ့ ဆရာစစ်စစ်ပေါက်ပေါက် တွေးပြီး ရေးထားတဲ့ ဝတ္ထုတိုကလေး တစ်ပုဒ်ရှိဖူးတယ်။

'အိမ်ပြန်ချိန် ခရစ္စမတ်' တဲ့။

ခရစ္စမတ်ဆိုတာ အိမ်ပြန်ချိန်ပါကွယ်။ ကွဲကွာနေကြတဲ့ မိသားစုဝင်တွေ ဘယ်လောက်ဝေးတဲ့နေရာကပဲဖြစ်ဖြစ် အိမ်ပြန်လာပြီး ရအောင် ဆုံစည်းတတ်ကြတယ်။

'Coming Home for Christmas' ဆိုတဲ့ စကားလုံးလေးတောင်တွင်လို့။ မိသားစုအနက်အဓိပ္ပာယ်တွေ ပါနေတယ်။

သကြန်ဆိုတာကတော့ အိမ်က ထွက်သွားကြတဲ့ ပွဲမျိုးပါကွယ်။

## ဗုဒ္ဓဘာသာနဲ့ သကြန်

အဲဒီလိုပြောတော့ သမီးက ဆရာ့ကို ခရစ်ယာန် ဘာသာဝင်လို့ ထင်နေဦးမယ်။ တကယ်တော့ ဆရာက ထေရဝါဒ ဗုဒ္ဓဘာသာဝင် စစ်စစ်တစ်ယောက်ပါ။

သကြန်ရဲ့ ထူးခြားချက် နောက်တစ်ခုကတော့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ အထိမ်းအမှတ် လုံးဝ မဟုတ်တာဘဲ ဖြစ်တယ်ကွယ့်။

သကြန်တွင်းမှာ ဥပုသ်စောင့်ကြတာတွေ၊ တရားစခန်း ဝင်ကြတာတွေ၊ နှစ်ဆန်းတစ်ရက်နေ့မှာ သက်ကြီးရွယ်အိုတွေကို ခေါင်းလျှော်ပေး၊ ခြေသည်း၊ လက်သည်း ညှပ်ပေးတာတွေက ဗုဒ္ဓဘာသာ အမြင်အရ နှစ်လိုဖွယ်ရာ ကိစ္စတွေ ဖြစ်ပေမယ့်လို့ ဗုဒ္ဓဘာသာကျမ်းဂန်တွေမှာ သကြန်ဆိုတာ မပါတာတော့ အမှန်ပဲကွယ့်။

ရှေးရှင်ဘုရင်တွေ ခေတ်ကတည်းက သကြန်ဆိုတာ တစ်နှစ်လုံး သီးခြားနေနေရတဲ့ နန်းတွင်း လူပျိုတော်တွေ၊ အပျိုတော်တွေ အချင်းချင်း ရေပက်ခွင့်ရတဲ့ ပွဲလမ်းမျိုးပဲ မဟုတ်ဘူးလား။ မိသားစု စုဝေးတဲ့ အဓိပ္ပာယ်ထက် လူပျိုတွေနဲ့ အပျိုတွေကို အမူအရာနဲ့ တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားအောင် ဆွဲဆောင်ခွင့်ပြုလိုက်တဲ့ အနက်အဓိပ္ပာယ်က ပိုများနေတယ်လို့ ဆရာထင်တယ်။

ချစ်ရေးငင်ကြတဲ့ ပွဲပေါ့။

အဲဒါကို 'ပိတောက်စည်း' ဆိုတဲ့ နာမည်နဲ့ ဝတ္ထုတိုကလေး တစ်ပုဒ်လည်း ဆရာ ရေးခဲ့ဖူးတယ်။



## ပိတောက်စည်း

**ပိတောက်စည်း** ဆိုတဲ့ အမည်ကလေးဟာ ဘယ်လောက်လှလိုက်သလဲနော်။ **စည်း**မျဉ်းစည်းကမ်းချတာတောင်မှ ပိတောက်ခက်ကလေးတွေနဲ့တဲ့။

ဒါပေမဲ့ ဆရာ့ဝတ္ထုကလေးက မလှပါဘူးကွယ်။ ပိတောက်စည်း**ဆိုတာ** လူပျိုတွေနဲ့ အပျိုတွေကြားထဲက တားထားတဲ့စည်းကို သကြန်**တွင်း**မှာ ခဏနည်းနည်း ဖြေလျှော့ပေးထားတဲ့ စည်းလို့ အဓိပ္ပာယ်ရတယ်**ကွယ့်**။

ပုံမှန်အချိန်မှာဆိုရင် ကောင်မလေးတစ်ယောက်က ကောင်လေးတစ်ယောက်ကို မသိဘဲ လမ်းမှာတွေ့တဲ့အခါ 'လှလိုက်တာ' လို့တောင် ပြောခွင့်မရှိတဲ့ လူမျိုးလေကွယ်။ သကြန်မှာတော့ ရတယ်။ ခွင့်လွှတ်တယ်။ ရယ်သွားမယ်။ ဒီအထိကတော့ သကြန်က လှနေတုန်းပဲ။

မြန်မာ့ရုပ်မြင်သံကြားက သကြန်နားနီးတိုင်း ပြပြနေတဲ့ ဦးဝင်းဦးရဲ့ 'မောင်တို့ ချယ်ရီမြေ' ဆိုတာ ဆရာ့ဖေဖေတို့ ခေတ်သကြန်ပေါ့။ 'သကြန်မိုး' က ဆရာတို့ခေတ်၊ အဲသည်ခေတ်နှစ်ခေတ်ကြားထဲမှာ သကြန်မှာ အနိဋ္ဌာရုံတချို့ရှိပေမယ့် သိပ်မများသေးဘူး။ သမီးတို့လို မိကောင်းဖခင် သမီးပျိုကလေးတွေ မိန်းကလေးတွေချည်းပဲ အပြင်ထွက်ရင်တောင် တော်တော်လုံခြုံနေသေးတယ်။ နောက်ပိုင်း သကြန်တွေ ဘာဖြစ်လာသလဲတော့ သမီးတို့အသိပဲ။

'ပိတောက်စည်း' ဝတ္ထုထဲမှာလည်း မိဘက သမီးကို စိတ်မချလို့ အိမ်မှာထိုးပေးထားတဲ့ မဏ္ဍပ်မှာပဲ ပေးကထားတဲ့ ဆယ်ကျော်သက်မလေး တစ်ယောက်ဟာ ယဉ်ယဉ်ကျေးကျေး မိတ်လာဖွဲ့တဲ့ ဆရာဝန်ပေါက်စ လူငယ်ကလေးတစ်ယောက်နဲ့ ပိတောက်စည်းကလေး လျှော့အပေးမှာ ခင်သွားသတဲ့။ ဆရာဝန်ကလေးကလည်း မဏ္ဍပ်ကို နေ့တိုင်းလာသတဲ့။ ဆယ်ကျော်သက်မလေးရဲ့ မြန်မာအကကို မြတ်နိုးစွာ အားပေးသတဲ့။ ဒါပေမဲ့ သကြန်အတက်နေ့မှာတော့ သူချစ်နေမိတဲ့ ဆယ်ကျော်သက်မလေး ဆီ အလာ လမ်းမှာ သကြန်ရေပက်ခံကားချင်း အရက်မူး ရန်ဖြစ်ကြရာကနေ သူပါ ဒဏ်ရာရသွားပြီး ရောက်မလာနိုင်တော့ဘူးတဲ့ကွယ်။

ဇာတ်နာအောင် ရေးလိုက်တယ်လို့ ထင်သလားသမီး။ ခုနောက်ပိုင်း သကြန်တွေမှာ မြန်မာအကနဲ့ မဏ္ဍပ်တောင် ရှာလို့ မရတော့တာ သမီးတို့ သတိထားမိမှာပါ။

## အရက်သင်္ကြန်၊ Sex သင်္ကြန်

ဒီလိုပြောရင် သင်္ကြန်ချစ်သူတွေကတော့ ဆရာ့ကို စိတ်ဆိုးပေလိမ့်မယ်။ ဒါပေမဲ့ ဒီမကောင်းတဲ့ လှိုင်းတံပိုးကြီးက သင်္ကြန်ကို ဝါးမျိုသွားပြီဆိုတာ ဘယ်သူငြင်းနိုင်တော့လို့လဲ။

ကြေးစားအဖော်အချွတ်အကမယ်တွေကိုတောင် နေ့ခင်းကြောင်တောင် မဏ္ဍပ်ပေါ်မှာ Sexy အကတွေ ငွေပေးပြီး ကခိုင်းထားတဲ့သင်္ကြန်။

အပျော်မယ်တွေကိုပါ ရေပိုက်ကိုင်ရင်း ရေပက်ရင်းက ရေပက်ခံကားပေါ်က ယောကျ်ားတွေကို မဖွယ်မရာ အမူအရာတွေ လုပ်ပြနေပြီဖြစ်တဲ့ သင်္ကြန်။

အချိုရည်ထဲမှာ အရက် ခိုးစပ်ပြီး မိန်းကလေးတွေကို တိုက်တာလည်း ရှိရဲ့။ မိန်းကလေးတွေကိုယ်တိုင်က အရက်ကို တကယ်သောက်ပြီး မူးနေတာတွေလည်း ရှိရဲ့။

မဖွယ်မရာဆေးတွေ မိန်းကလေးတွေကို နည်းမျိုးစုံနဲ့ ရအောင် တိုက်တာတွေလည်း ရှိရဲ့။

မူးပြီး ကားမောင်းကြ၊ ရမ်းကားကြ၊ ရန်ဖြစ်ကြတာတွေက မမြင်ချင်မှ အဆုံး။ မဏ္ဍပ်ပြိုကျတာလည်းရှိ၊ ဗုံးပေါက်တာလည်း ရှိ။

ဆရာတို့ ဇနီးမောင်နှံကတော့ သင်္ကြန်ဆိုရင် ကလေးနှစ်ယောက်ကို အိမ်မှာပဲ ပျော်ပျော် အနားယူတတ်အောင် သူတို့ သူငယ်ချင်းကလေးတွေပါ ခေါ်လို့ လိုတာလေးတွေ ပံ့ပိုးပေးရင်း ကလေးတွေနဲ့ ကိုယ်ပါ သူငယ်ချင်းပေါင်း ဝင်ပေါင်းပြီး နေတတ်နေလေရဲ့။

အရက်သင်္ကြန် sex သင်္ကြန်ထဲမှာ ပေးထွက်မလည်တာ ဆရာတို့ကို ရှေးဆန်တယ်လို့ ဆိုချင်မလား သမီး။

## ပိတောက်စည်းကလေး ချလိုက်ပါ

၁၉၈၉ သင်္ကြန်မှာ လူတွေထွက်ပျော်ရွှင်ကြတော့ အခု ခွဲစိတ်အထူးကုပါမောက္ခကြီး ဖြစ်နေပြီ ဖြစ်တဲ့ ဆရာ့သူငယ်ချင်း (အဲဒီတုန်းက ၂၈ နှစ်ပဲ ရှိပါသေးတယ်) တစ်ယောက်က 'တို့ မြန်မာတွေဟာ စိတ်မှ မှန်သေးရဲ့လား မသိဘူး။ တိုင်းပြည်ပျော်ပွဲရွှင်ပွဲခံပြီး ပျော်ရမယ့် အချိန်မျိုး မဟုတ်



ဘူး ဆိုတာလေးကိုတောင် ဘာလို့ မသိကြရတာလဲ' လို့ စိတ်ပျက်လက်ပျက် ညည်းဖူးတယ်။

တိုင်းပြည်မှာ စိတ်ညစ်စရာ များတာတွေက ရာစုနှစ်တောင်ကူးခဲ့ပြီဆိုတော့ တစ်ချိန်လုံး စိတ်ညစ်နေရမယ်လို့တော့ မဆိုလိုဘူးပေါ့ သမီးရယ်။ ဒါပေမဲ့ ကိုယ့်နိုင်ငံဟာ ကမ္ဘာပေါ်မှာ အာဟာရအချို့တဲ့ဆုံးကလေးတွေရှိတဲ့ နိုင်ငံတွေထဲမှာ ပါနေတာ၊ လယ်သမားတွေ ဒုက္ခရောက်နေတာ၊ ပြည်တွင်းစစ်မီးကြီး မငြိမ်းသေးတာ၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျသူတွေ အများကြီးရှိနေတာ အဲဒီလို စိတ်ညစ်နေရတဲ့လူတွေ အများကြီးရှိနေတဲ့ နိုင်ငံမှာနေပြီးမှ သင်္ကြန်မှာ ခြေလွတ်လက်လွတ် မူးရူးပျော်ပါးဖို့ကလည်း လိပ်ပြာမလုံစရာ မဟုတ်လား။ ယောကျ်ားကလေးတွေအတွက်ပြောတာပါ။

မိန်းကလေးတွေအတွက်ကတော့ ပိုဆိုးတယ်။ တစ်ချက် သတိလစ်လိုက်တာနဲ့ တစ်သက်လုံး အမာရွတ်ထင်မယ့်၊ ဒဏ်ရာတွေရမယ့် ကိစ္စတွေက တစ်ပုံချည်း စောင့်နေတာ။

ဘုရားမှာ ပိတောက်ပန်းကလေးကပ်၊ ပျော်ချင်စိတ်ကို ပိတောက်စည်းကလေးထားပြီး မိဘနားမှာပဲ ပျော်ပျော်အနားယူတာ ကောင်းပါတယ်ကွယ်။

ဆရာကတော့ သင်္ကြန်မှာတောင် မနားတတ်တဲ့ ပရဟိတ သူရဲကောင်းမကလေး ခင်နှင်းကြည်သာတို့ အဖွဲ့နဲ့ တောင်တန်းဒေသမှာ ရှင်သွားပြုပေးရင်းက တောင်တန်း တစ်လျှောက် ကလေးလေးတွေကို ဆေးကုသဖို့ စီစဉ်ထားလေရဲ့။

မင်္ဂလာမြန်မာနှစ်သစ် ဖြစ်ပါစေ သမီး။

၀

# မြန်မာမလေးတွေညိုတာ ဂုဏ်မငယ်ပါဘူး

**သမီးရေ....**

ယောက်ျားလေးတွေချည်းပဲရှိတဲ့ မိသားစုကနေ ကြီးပြင်းလာခဲ့တဲ့ ဆရာက မိန်းကလေးတွေအတွက် သိသင့်တယ် ထင်တာလေးတွေ ရေးရေးပေးနေရတာ ရယ်စရာတော့ အကောင်းသား။ သမီးတစ်ယောက် မွေးထားတဲ့ ဖခင်မို့သာ တော်တော့တယ်။

သမီးကို ဆရာ မေးခွန်းတစ်ခု မေးကြည့်မယ်။ ဖြေကြည့်နော်။ ထူးတော့ နည်းနည်း ထူးဆန်းနေမလား မသိဘူး။

**ဆင်ဆိုရင် ဘာအရောင် ရှိသင့်သလဲ**

ဆင်တွေဟာ အများစု မည်းတာ သမီးအသိပဲ။ ဆင်ဆိုရင် ဖြူတာကောင်းသလား၊ မည်းတာကောင်းသလား။ ဘယ်ဟာ သမီးမျက်စိထဲမှာ ကြည့်ရတာ ဆင်ကြန်အင်နဲ့ ပြည့်စုံတယ် ထင်သလဲ။

ဆင်ဖြူများ တွေ့ရင် သေနေပြီးသား ဆင်ကို တွေ့တာတောင် အတင်းချပ်ဝတ်တန်ဆာတွေတပ်၊ ဘုရင်ကတကက် ဘိသိက်ခံပြီး ဆင်ဖြူရှင်ဘွဲ့ ခံတတ်တဲ့နိုင်ငံမှာ ဆင်ဖြူနဲ့ ဆင်မည်း ဘယ်ဟာလှသလဲ မေးတော့ ဆရာ့ကို လှူခွစာလို့ သမီးတို့ ထင်မယ်။

တကယ်တော့ ဆင်မည်းက လှတာပါကွယ်။



**ဆင်ဖြူ** ဆိုတဲ့ ဆင်တွေကို သေသေချာချာကြည့်ရင် အရေပြားက **အဖြူအစစ်**လည်း မဟုတ်။ နီကြောင်ကြောင်၊ အမွေးကျဲကျဲနှင့် မကျန်းမာတဲ့ **အ**ရေပြားပုံစံမျိုးပဲရှိတာ သမီးတွေ့လိမ့်မယ်။

ကျန်းမာတဲ့ ဆင်ရဲ့ အရောင်က အမည်းရောင်ပဲကွယ့်။

တစ်နည်းအားဖြင့်တော့ အမည်းရောင်ဆိုတာ ဆင်အတွက်တော့ **ကျန်းမာတဲ့** အရောင်ဖြစ်တယ်။

မြင်းကျတော့ တစ်မျိုးကွယ့်။ အညိုရောင်ဟာ မြင်းအတွက် ကျန်းမာတဲ့ အရောင်ဖြစ်တယ်။ ဒါပေမဲ့ အဖြူရောင် မြင်းလည်း ရှိတာပဲ၊ သူလည်း ကျန်းမာတာပဲ။ ဒါတောင် ဆရာ့မျက်စိထဲမှာတော့ အညိုရောင်မြင်းက ပိုပြေပြစ်တယ်။ သဘာဝပိုကျတာကိုး။

**မြန်မာ့အရောင်**

မြန်မာ့အရာင်က လတ်တယ် ပြောရမှာပဲ။

အိန္ဒိယနွယ်ဖွားတွေကို ASIAN လို့ အခေါ်များကြတယ်။ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်လို လူမျိုးတွေပေါ့။ BLACK လို့ခေါ်တဲ့ အာဖရိက လူမျိုးတွေထက်တော့ နည်းနည်းပိုလတ်တယ်။ မဖြူဘူး။ ဆရာတို့ မြန်မာတွေကျတော့ သူတို့ထက် ပိုလတ်တာပေါ့။ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား အဲဒီလူမျိုးတွေက တော်တော် အရောင်တူတယ်။ ORIENTAL လို့ခေါ်သကွယ့်။

အခုတလော အဲဒီနိုင်ငံက မိန်းကလေးတွေ အတူတူ ဖြစ်လာတဲ့ ကိစ္စကတော့ အသားဖြူချင်ကြတာပါပဲ။ ဘို (Caucasian) တွေလောက်တော့ ဘယ်ဖြူနိုင်မလဲ။ တရုတ်၊ ကိုရီးယား၊ ဂျပန်တွေကတော့ ORIENTAL အုပ်စုထဲမှာ ပါနေတာမို့ ဆရာတို့ လူမျိုး မိန်းကလေးတွေ အသားဖြူရင် အဲဒီလူမျိုးတွေနဲ့ သွားဆင်တာများတယ်။

ရှမ်းမလေး ဆိုတော့ ဖြူဖွေးနေတာပေါ့။

ကိုရီးယားမလေး ကျနေတာပဲ ဖြူလိုက်တာ စသည်ဖြင့် ပြောလေ့ရှိကြတယ်။

အဲသလို ဖြူချင်လို့ဆိုပြီး လိမ်းလိုက်ကြတဲ့ အရေပြား ခရင်မ်တွေကလည်း မျိုးစုံပါပဲ။ ဆရာတို့လို နိုင်ငံတွေမှာ အသားဖြူအောင် သုံးတဲ့

အလှကုန်ရဲ့ တန်ဖိုးက တခြား အလှကုန်တွေ အားလုံးရဲ့ တန်ဖိုးထက် တောင် များသတဲ့။

နေရောင်ခြည်ရတာများတဲ့ နိုင်ငံတွေမှာ အဲဒီအလှကုန်တွေ သုံးလို့ အသားအရေပေါ်မှာ Melanin လို့ခေါ်တဲ့ ရောင်ခြယ်ပစ္စည်း လျော့နည်းသွားရင် အသားဖြူလာပေမယ့် အရေပြား မကျန်းမာတော့ဘူးလို့ ဆရာဝန်တွေက ယူဆကြတယ်။ အရေပြားကင်ဆာ အထိတောင် ဖြစ်နိုင်သတဲ့။ ငွေကုန် အန္တရာယ်များပေါ့ကွယ်။

မြန်မာ့အရောင်ကရော မလှဘူးလားလို့ တွေးကြည့်ရအောင်ပါ။

**အသားဖြူတာ လှသလား**

ဆရာဝန်စာရေးဆရာ ဆိုပေမယ့် စပ်စပ်စုစုကလည်းနိုင်၊ ရုပ်ရှင်ကြမ်းပိုးကလည်း ဖြစ်တော့ ဆရာ သိထားတာ တချို့ ရှိသေးသကွယ့်။

ကမ္ဘာ့အလှဆုံး ဆိုတဲ့ မိန်းကလေးတွေထဲမှာ မကြာခဏ ပါတတ်တဲ့ ဂျက်စီကာအယ်လ်ဘာ။ မြန်မာပရိသတ်ကတော့ သူ့ကို Fantastic 4 ဆိုတဲ့ ကလေးကြိုက် သိပ္ပံစွန့်စားခန်း ဇာတ်လမ်းတွဲတွေနဲ့ အသိများတယ်။ တကယ်ကို လှတဲ့ မင်းသမီးကလေးပါ။ သူ့အရေပြားအရောင်က ဆရာတို့ မြန်မာအရောင်ပဲ။ သူကတော့ လူဖြူနဲ့ လူမည်း မိဘတွေက ကပြားဆင်းသက်လာလို့ ဖြစ်နေတာတဲ့။ မိန်းကလေးတစ်ယောက် ဘယ်လောက်လှလှ၊ ဖြူလွန်းတော့လည်း မျက်နှာအသွင်အပြင်၊ ကိုယ်အသွင်အပြင်က မထင်ရှားနိုင်တော့ဘူး ပေါ့ကွယ်။ လတ်လတ်ကလေးကျတော့ လှချင်သလောက် ပေါ်တာပေါ့။ အားလုံးသိကြတဲ့ အဆိုတော် ဂျနီဖာလိုပက်ဇ်ကတော့ သူ့ထက် နည်းနည်း ပိုညိုတယ်။ လူမည်းသွေး ပိုများဟန်တူရဲ့။ သူလည်း ကြိုက်ကြတာပဲ။ ရှာကီရာတို့၊ ဘီယွန်းစေးတို့ အလှကြောင့် ထင်ရှားတဲ့ အညိုမလေးတွေမှ ရေတွက်လို့ မကုန်ပါဘူး။

ဒဏ္ဍာရီကားတစ်ကားမှာတော့ လူမျိုးပေါင်းစုံပါတဲ့ အထဲမှာ ကမ္ဘာ့အလှဆုံး မိန်းကလေးအဖြစ် ဖရီးဒါပင်တို ဆိုတဲ့ အိန္ဒိယမင်းသမီး အညိုမလေးကို သုံးထားတာ တွေ့ရပြန်တယ်။

သိပ်လှပါတယ်လို့ ဆရာတို့ ငယ်ငယ်က နာမည်ကြီးခဲ့တဲ့ ဖီဘီကိတ်ဟာလည်း ထိုင်းမင်းသမီး အညိုမလေးပါပဲ။



အဖြူစစ်စစ် မင်းသမီးတွေထဲက ဒီဘက်ခေတ်မှာ လှလို့နာမည်ကြီးတဲ့အထဲမှာတော့ ကီရာနိုက်တလေကို သတိထားမိတယ်။ ဗြိတိန်ရဲ့ နှင်းဆီပန်းလို့တောင် တင်စားခေါ်ကြတယ်။ အင်္ဂလိပ်မင်းသမီး စစ်စစ်မို့ သူတို့ အရောင်ကို သူတို့ တန်ဖိုးထားတဲ့ သဘောပဲ။

ကဲ မြန်မာမလေးတွေ ညိုတာ ဂုဏ်မငယ်ဘူး ဆိုတာ သမီး လက်ခံပြီလား။

ကိုရီးယားနဲ့ တူစရာ မလိုဘူးနော်။

**ဆံပင်အရောင်**

ဆရာအင်္ဂလန်မှာနေတုန်းက တက္ကသိုလ်ကျောင်းသမား တစ်ယောက်နဲ့ စကားလက်ဆုံကျတော့ ဆရာ့ကို Far East လို့ သူတို့ခေါ်တဲ့ အာရှတိုက် အရှေ့စွန်းပိုင်းက လူမှန်းသိတော့ (ဆရာ့အသက်ကလည်း အဲဒီအချိန်က ၃၀ ကျော်ပဲ ရှိသေးတော့ မိန်းကလေးတွေအကြောင်း စကားလက်ဆုံကျလို့ရတဲ့လူလို့လည်း သတ်မှတ်ချင်ဟန်တူရဲ့) အရှေ့တိုင်းက မိန်းကလေးတွေရဲ့အလှကို ချီးမွမ်းခန်း ဖွင့်ပါလေရော။ သူ အဓိက အံ့ဩတဲ့အချက်က လူတိုင်း ဆံပင်အနက်ရောင် ရှိကြတာကိုပါပဲ။ သူတို့ဆီမှာက ဖြူ နီ၊ ညို၊ ပြာတွေကိုး။

'သိပ် ရင်အေးတာပဲ'

အနောက်တိုင်းသားရဲ့ စကားအတိုင်းပါ။

မြန်မာ၊ ထိုင်း၊ ဂျပန် စတဲ့ မိန်းကလေးတွေကို ကြည့်ရတာ လူတိုင်း ဆံပင်အနက်ရောင်တွေနဲ့မို့ ရင်အေးလှသတဲ့။

အနက်ရောင်က ဘာရင်အေးတာလဲလို့ စောဒကတက်ချင်နေပြီလား သမီး။

အဓိကကတော့ ညီညာတာကွယ့်။

တခြား အရောင်ဆံပင်တွေက အနုအရင့် ညီညာဖို့ ခက်တယ်။ အနက်ရောင်ကတော့ တစ်သွေးတည်း တစ်ရောင်တည်း နက်မှောင်နေတာပဲ။ အရှည်ကြီးများ ထားလိုက်ရင် အဲသလို တစ်သွေးတည်း ညီနေတာ ပိုသိသာတယ်။

သိပ် ကျက်သရေရှိတဲ့ အရောင်ပါကွယ်။

နိုင်ငံခြားသား ယောကျ်ားကြီးတွေတောင် ရင်အေးရင် မြန်မာယောကျ်ားကလေးတွေက ပိုလို့တောင် ရင်အေးကြတော့ပေမပေါ့။

အဲသလောက် ရှားပါးတဲ့ ဆံပင်အလှကို ပိုင်ဆိုင်ထားတဲ့ တို့လူမျိုး မိန်းကလေးတွေက ပိုက်ဆံတွေ အကုန်ခံ၊ ဓာတ်မတည့်တာတွေ အဖြစ်ခံ၊ ဆယ်နှစ်လောက်သုံးရင် ဆံပင်လည်းပြုန်း၊ ကင်ဆာဘေးအန္တရာယ်ရှိမှာလည်း မကြောက်ကြတော့ဘဲ ဆံပင်တွေ အပြိုင်အဆိုင် ဆိုးကြတာ ဆရာကတော့ တကယ့်ကို နားမလည်နိုင်တာပါ။

ကိုရီးယား၊ ဂျပန်မလေးတွေလည်း တော်တော် ဆိုးကြတာအမှန်ပဲ။ သူတို့အသားက တော်တော်ဖြူတော့ ကြည့်ရတာ (အနက်လောက်လှတယ်လို့ ဆရာ မထင်ပေမယ့်) နည်းနည်း အဆင်ပြေသေးတယ်။ အသားညိုတဲ့၊ လတ်တဲ့ တို့မြန်မာတွေနဲ့တော့ လုံးဝ မလိုက်ဖက်တာ အမှန်ပဲ။ အသားက တစ်ရောင်၊ ဆံပင်က တစ်ရောင် ဝိရောဓိ ဖြစ်နေတော့တာပေါ့။

ထိုင်းကို ရောက်တော့ သတိထားမိတာက ကမ္ဘာပေါ်မှာ အလှပြုပြင်တဲ့နေရာမှာ ငွေကြေးအသုံးစွဲဆုံးလို့ နာမည်ကြီးတဲ့ ထိုင်းမိန်းကလေးထဲမှာ အလယ်အလတ်တန်း အဆင့်နဲ့ အထက်တန်းလွှာအဆင့်၊ အထူးသဖြင့် ပညာတတ် အလုပ်လုပ်နေတဲ့ မိန်းကလေးတွေအားလုံး ဆံပင်အနက်ရောင် ဖြစ်နေတာပဲ။ ဆရာတွေ့ခဲ့ရတဲ့သူ အများစုကတော့ ဆေးကျောင်းသူတွေနဲ့ ဆရာဝန်မလေးတွေပေါ့။

သူတို့ အသားအရောင်က တို့နဲ့တူလေတော့ ဒီအသားအရောင်နဲ့ ဆံပင်အရောင်ဆိုးတာ မလိုက်ဖက်မှန်း သူတို့က ရိပ်မိကြလေဟန်တူတယ်။

**တက်တူး**

ဓာတ်ပုံပညာ၊ ပန်းချီပညာမှာ Noise ဆိုတဲ့ စကားလုံး ရှိသကွဲ့။ တည့်တည့်ဘာသာပြန်ရင် 'ဆူညံသံ' လို့ ပြန်ရမှာ ဖြစ်ပေမယ့် ဓာတ်ပုံ၊ ပန်းချီမှာတော့ 'မျက်စိပသာဒကို ဖျက်ဆီးနေသော အနှောင့်အယှက်' လို့ ယူရမယ်။

ဓာတ်ပုံဆုတွေ ခဏခဏရတတ်တဲ့ ကိုထင်အောင်ရဲ့ ဓာတ်ပုံပြပွဲကို ဆရာသွားကြည့်ဖူးတယ်။ စိမ်းမှောင်ပြီး ထည်ဝါနေတဲ့ တောအုပ်ရဲ့



အလှကို အဝေးကလှမ်းရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံမှာ အဆောက်အအုံဖြူဖြူကလေးတစ်ခု ပြူထွက်နေတာကို ဆရာကပြပြီး 'ဒါ Noise ပဲ' လို့ ပြောဖြစ်တော့ ကိုထင်အောင်က 'ဆရာက ဆရာဝန်ဆိုပေမယ့် အိုင်ဒီယာရှိသားပဲ၊ ဟုတ်ပါတယ် ဆရာ၊ ဒါ Noise ပါပဲ၊ ဖျက်လို့ရရင် ကျွန်တော် ဖျက်ပစ်ချင်ပါတယ်၊ ခက်တာက ဒါဖလင် ဖြစ်နေတယ်ဆရာ၊ ဒစ်ဂျစ်တယ် မဟုတ်လို့၊ ဖျက်လို့မရဘူး၊ ဒါကြောင့် ဒီ Noise ကို မကြိုက်ဘဲ ကျွန်တော် လက်ခံထားရတာပါ' လို့ ရှင်းပြတယ်။

တက်တူး (Tattoo) ဆိုတာ Noise ပါ သမီး။ ကြည်လင်လှပနေတဲ့ အရေပြားကို အရုပ်ဆိုးစေတဲ့ Noise ပါ။ ဖျက်ဖို့လည်း ခက်ပါတယ်။ လေဆာနဲ့ ဖျက်လို့ရတဲ့ နိုင်ငံတွေမှာတောင် တစ်နှစ်တစ်နှစ်ကို တက်တူး ပြန်ဖျက်တာအတွက် သုံးနေရတဲ့ငွေတွေဟာ တက်တူးထိုးတာထက်ကို အဆပေါင်းများစွာ ပိုပါသတဲ့။

ပြီးတော့ မကြာသေးခင်က မြို့တော်ခန်းမရှေ့မှာ ဆန္ဒပြနေတဲ့ ကျောင်းသူကလေးတစ်ဦးကို အဆင့်အတန်းမရှိတဲ့ပုံစံ သိသာလှတဲ့ တာဝန်ဆိုတဲ့ လက်ပတ်ပတ်ထားတဲ့ လူငယ်တစ်ဦးက ချုပ်ခေါ်သွားတဲ့ နာမည်ကြီး ဓာတ်ပုံကို သမီးမြင်ဖူးမှာပေါ့။ လူတိုင်း မေတ္တာပို့ကြတဲ့ပုံလေ။

အဲဒီလူငယ်မှာ ဆံပင်အနီရောင် ဆိုးထားတာရော၊ တက်တူးထိုးထားတာရော တွေ့မှာပဲ။

ဆံပင်ဆိုးလို့၊ တက်တူးထိုးလို့ လူတစ်ယောက်ရဲ့ အတွေးအခေါ် နိမ့်ကျတယ်လို့ သတ်မှတ်လို့ မရပေမယ့် အတွေးအခေါ် အဆင့်အတန်း နိမ့်ကျသူ အများစု ဆံပင်ဆိုးတဲ့၊ တက်တူးထိုးတဲ့ ခေတ် ဖြစ်နေတယ်ဆိုတာလည်း သမီးတို့ သတိရကြစေချင်တယ်။

ဖျက်မရလို့ အရှက်ကွဲတဲ့ တက်တူးတွေလည်း ရှိသေးသကွယ့်။ ဆရာတွေ့ဖူးတဲ့ သူနာပြု ဆရာမကလေးတစ်ယောက်ဆိုရင် သူ့ဟာသူ ဘယ်သူ့ကို စွဲလမ်းပြီး လက်မှာ တက်တူး ထိုးထားတယ် မသိပါဘူး။ ထိုးထားတဲ့ နာမည်အတိုကောက်က ဆရာ့နာမည် အတိုကောက်နဲ့ လာတူနေတော့ ဆရာ့အကူလည်း လုပ်ရရော ဆရာကတွေ့ရော၊ မေးရော။ သူ့ခမျာ မျက်စိမျက်နှာပျက်ပြီး နောက်တစ်နေ့ အဲဒီတက်တူးကို အပေါ်ကထပ်ပြီး အရုပ်ထိုးရပြန်တယ်။ လက်ကြီးကို မည်းလို့။

**ဆင်ဆိုရင်လည်း မညီးတာပဲ ကောင်းပါတယ်**

ဘာမဆို သဘာဝအတိုင်းက အလှဆုံးပါသမီး။ သမီးတို့အရွယ် ဆိုတာ အားလုံး လှပြီးသားတွေပါ။ မြန်မာမလေးတွေဖြစ်တော့ ပိုလို့တောင် လှပါသေးတယ်။ အစစအရာရာ သင့်တင့်လျောက်ပတ်တဲ့ အရောင်တွေပါ။ ဆံပင်ရော၊ အသားအရေရော။

အညို၊ အလတ်ကလေးပဲ လှပါတယ်။
ဆံပင် အနက်ကလေးပဲ လှပါတယ်။
တက်တူးမပါတာဘဲ လှပါတယ်။

ငွေလည်း သက်သာတယ်။ အချိန်လည်း သက်သာတယ်။ ဝန်လည်း ကျဉ်းပါတယ်။

အတွေးအခေါ်ပါပါလေး လှနိုင်ကြပါစေကွယ်။

○

# အချစ်စစ်ဆိုတာ

**သမီးရေ**

**ဒီ**တစ်ခေါက်ပေးဖြစ်တဲ့ ခေါင်းစဉ်ကလေးကိုကြည့်ပြီး သမီး ကတော့ ကြိုးကြာသံကတည်းက (ကို)ခင်မောင်တိုး သီချင်းတွေကြိုက်မှန်း သိသာခဲ့တဲ့ ဆရာ (ကို)ခင်မောင်တိုး သီချင်းအကြောင်း ရေးတော့မယ်လို့ ထင်မှာပဲ။

တကယ်တော့ ဆရာပြောချင်တာက အချစ်စစ် အချစ်မှန်ဆိုတာ တကယ်ရှိ၊ မရှိ ဆိုတဲ့အကြောင်းပါပဲ။ သမီးတို့အရွယ် ကလေးတွေ သိပ်သိချင်နေမှာပဲလို့ ထင်လို့ပါ။

**အချစ်စစ် အချစ်မှန်ဆိုတာ**

**ဆရာ** ရေးသက်နုစဉ်အချိန်တုန်းကတော့ ဝတ္ထုတိုတွေနဲ့ တော်တော်အောင်မြင်ခဲ့ဖူးသကွယ့်။ အခု ရေးသက်ရင့်လာတော့ အချိန်မပေးနိုင်တော့တာနဲ့ ဝတ္ထုရှည်ကိုပဲ တစ်နှစ် တစ်အုပ်ထွက်အောင် ကြိုးစားရင်းက ဝတ္ထုတိုတွေ မထွက်နိုင်တော့ဘူးပေါ့ကွယ်။

အဲဒီတုန်းက ဝတ္ထုတိုတွေထဲမှာလည်း အချစ်ဇာတ်လမ်းလေးတွေ တော်တော် ပါဖြစ်ခဲ့တယ်။ 'သိင်္ဂါရအလှည့်' ဆိုပြီး ဝတ္ထုတိုပေါင်းချုပ်

တစ်အုပ်တောင် ထုတ်ခဲ့ဖူးသေးတယ်။ အဲဒါကို ဆရာ့ပရိသတ်တစ်ယောက်က ပြောတာကြည့် 'အချစ်ဝတ္ထုတွေ ရေးနေတဲ့ စာရေးဆရာက 'အချစ်စစ်' ဆိုတာ အယုံအကြည်မရှိဘူးလို့ရေးတာ ဆရာမလွန်ဘူးလား' သူပြောတာလည်း လွန်တော့ မလွန်ဘူးကွယ့်။ တကယ်တော့ ဆရာရေးတာက အချစ်စစ်ဆိုတာသာ တကယ်ရှိရင် ဘုရားက ဟောမှာပေါ့။ ဘုရားမဟောတဲ့နောက်တော့ မရှိလို့ဘဲ ဖြစ်ရမယ်လို့ ရေးတာပါ။ ဘုရားက အချစ်ဆိုတာ တဏှာအကြီးစားတစ်မျိုးလို့သာ ဟောတော်မူခဲ့တာလေ။ မေတ္တာကိုသာ တန်ဖိုးဖွင့်ပြခဲ့တာပဲ။

နောက် ဝတ္ထုတစ်ပုဒ်မှာလည်း 'မြန်မာမလေး တစ်ယောက်က သကြီန်မှာ ပိတောက် မပွင့်ရင် ဟာတာတာ ဖြစ်သလို၊ ဘိုမကလေး တစ်ယောက်က ခရစ္စမတ်မှာ နှင်းမကျရင် ဟာတာတာဖြစ်မှာပဲ၊ ရှိနေကျ မရှိတော့ရင် ခံစားရမှာပဲ။ အစကတည်းက မရှိရင် ခံစားစရာလည်း အကြောင်းမရှိဘူး။ အရက်သမားဟာ မသောက်တတ်ခင်တုန်းက အရက်မသောက်ရလို့ ဘာမှမဖြစ်ဘူး။ သောက်ပါများလို့ စွဲတာ စွဲလို့မသောက်ရရင် မနေနိုင်တာ။ အဲဒီမနေနိုင်တဲ့ စွဲလမ်းမှုကို အချစ်လို့ သတ်မှတ်ရင် အရက်သမားအားလုံးဟာ အရက်ကို အချစ်စစ် အချစ်မှန်နဲ့ ချစ်တဲ့လူတွေ ဖြစ်နေမှာပေါ့' လို့ ရေးခဲ့သေးတယ်။

ဒီတော့ ဆရာ့ကို အချစ်စစ်အချစ်မှန်ဆိုတာ ယုံကြည်သလားလို့ မေးရင် ဆရာအားနာနာနဲ့ မယုံပါဘူးလို့ ဖြေရမှာပဲ။ မေတ္တာကိုတော့ ဆရာယုံတယ်နော်။

## အချစ်ကို စွဲလမ်းလွန်းရင်

မကြာသေးခင်က ကိုယ့်ခင်ပွန်းဖောက်ပြန်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့တဲ့ ဆရာဝန်မ အဖြစ်အပျက်ကို သမီးတို့လည်း ကြားလိုက်မှာပဲ။ ဒီဇာတ်လမ်းမှာ ဘယ်သူမှားလဲ ငြင်းခုံနေကြတာတွေလည်း ကြားမှာပဲ။ အမှန်ကတော့ အားလုံးမှားတာပဲကွယ့်။ ဘာအမှားမှ မကျူးလွန်ခဲ့ပါဘဲ လောကကို အရှုံးပေးသွားသူရဲ့ အမှားကတော့ အချစ်ကို စွဲလမ်းယုံကြည်မိတာပေါ့ကွယ်။ အချစ်ဆိုတာ ကြုံသွားတတ်တဲ့ ခံစားချက်လေးတစ်မျိုးပါပဲလို့ နှလုံးသွင်းနိုင်ရင် သစ္စာမဲ့တဲ့ သူ့ခင်ပွန်းကို သူ လျစ်လျူရှုနိုင်ရမှာပေါ့။ သူ့ခင်ပွန်းကလည်း သစ္စာမဲ့ချင်စိတ်ကို ချိုးနှိမ်နိုင်ရမှာပေါ့။



တတိယလူ မိန်းကလေးကလည်း လူကျင့်ဝတ်က လက်မခံနိုင်တဲ့ ကိစ္စကို ချုန်းအုပ်နိုင်ရမှာပေါ့။ ဒီကိစ္စတွေအားလုံးဟာ အချစ်စစ်ဆိုတာ ရှိတယ်လို့ ယုံကြည်မိရာကနေ ဖြစ်ခဲ့ကြတာ မဟုတ်ဘူးလား။

ဒါက အနီးဆုံးကိစ္စကို ဥပမာပေးလိုက်တာပါ။ ဒီကိစ္စမျိုးတွေက အမြတမ်းရှိနေတတ်တာမို့ အချစ်ကို စွဲလမ်းလွန်းရင် ဘာဖြစ်တတ်တယ်ဆိုတဲ့ ဥပမာတွေ သမီး ဝန်းကျင်မှာလည်း တွေ့ဖူးနေမှာပဲလေ။

## ၅၂၈ မေတ္တာ

၅၂၈ မေတ္တာဆိုတာ မိဘ၊ သားသမီး၊ မောင်နှမသားချင်းတွေအပေါ် ထားတဲ့ မေတ္တာလို့ လူတွေက ထင်တတ်ကြတယ်။ တကယ်တော့ ၅၂၈ ဆိုတာ ဘာအစွဲမှမပါတဲ့ မေတ္တာပါ။ မရည်ညွှန်းအပ်တဲ့ပုဂ္ဂိုလ် (အနောဓိသ) က ငါးမျိုး။ ရည်ညွှန်းအပ်တဲ့ပုဂ္ဂိုလ် (ဩဓိသ)က ခုနစ်မျိုး၊ ပေါင်းတော့ ၁၂ မျိုး၊ မေတ္တာက လေးမျိုးနဲ့ မြှောက်တော့ ၄၈၊ အရပ် ဆယ်ပါးနဲ့မြှောက်တော့ ၄၈၀၊ အရပ်မသတ်မှတ်ဘဲပို့တဲ့ ၄၈ ခုနဲ့ ထပ်ပေါင်းတော့ ၅၂၈။ လွယ်အောင်ပြောရရင်တော့ သတ္တဝါတိုင်း သတ္တဝါတိုင်းကို ဘေးရန်ကင်းစေချင်တာ စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာစေချင်တာဟာ ၅၂၈ မေတ္တာ ပါပဲ။ မောင်နှမစွဲ၊ သားသမီးစွဲ မပါဘူးနော်။ ၁၅၀၀ မေတ္တာဆိုတာကိုတော့ ဆရာ လေ့လာမိသလောက် ဘယ်မှာမှ မတွေ့သေးဘူးနော်။ ဆိုလိုတာက မေတ္တာစစ်၊ မေတ္တာမှန်ဆိုတာ ရှိတယ်။ လူတိုင်း၊ သတ္တဝါတိုင်းကို ချမ်းသာစေချင်တဲ့ သောကကင်းဝေးစေချင်တဲ့ စိတ်ပေါ့။ မြတ်စွာဘုရားရှင် ကိုယ်တော်ကြီးတောင်မှ နိဗ္ဗာန်ကို ဘုရားလောင်း သုမေဓာ ဘဝကတည်းက မျက်မှောက်ပြုနိုင်ပါလျက်နဲ့ ဒီမေတ္တာစိတ်ကြောင့် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တာ မဟုတ်ဘူးလား။ ဘယ်လောက်မြတ်သလဲ၊ ဘယ်လောက်စစ်သလဲ။ အချစ်စစ်နဲ့ပတ်သက်လို့ ဘယ်နေရာမှာမှ အဲသလို ထင်ထင်ရှားရှား ပြဆိုနိုင်တာ မရှိဘူးကွယ့်။

## အချစ်မပါတဲ့ အိမ်ထောင်ရေး

အဲသလို ဆရာကပြောတော့ သမီးတို့က ဆရာက အချစ်မပါတဲ့ အိမ်ထောင်ရေးကို သက်ဝင်ယုံကြည်သူလို့ သမုတ်တော့မယ်။ အိမ်ထောင်တစ်ခုကို တည်ထောင်ဖို့အတွက် ရည်ရွယ်ချက်နဲ့သာ ချစ်သူထားသင့်တယ်

လို့ ယုံကြည်တဲ့ လူငယ်တစ်ယောက်ဘဝကနေ လူကြီး ဖြစ်လာခဲ့တာပါကွယ်။ အချစ်မပါတဲ့ အိမ်ထောင်ရေးကို အားမပေးပါဘူး။ ချစ်မှချစ်သူ ဖြစ်သင့်ပြီး၊ ချစ်မှ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်သင့်သကွယ့်။ နို့ ဆရာပဲ အချစ်စစ်ဆိုတာ အယုံအကြည်မရှိဘူး ဆိုလို့ မေးချင်နေပြီ မဟုတ်ပါလား။ ဒီနေရာမှာ ဆရာပြောချင်တဲ့ အချစ်ဆိုတာကို Love လို့ ဘာသာမပြန်ချင်ဘူး။ Love ဆိုတာကို မေတ္တာအတွက် ချန်ထားချင်တယ်။ Obsession လည်း မဟုတ်ပြန်ဘူး။ Obsession က စွဲလမ်းမှုကွယ့်။ ဆရာ သုံးချင်တာက Attachment လို့လေ။ တွဲဖက်မှုလို့ ဘာသာပြန်ရမလား။ ဒါမှမဟုတ် Companionship ပေါ့။ လိုက်လျောညီထွေမှုလို့ပဲ ပြောရမလား။ အချစ်လို့ သုံးလိုက်ရင်တော့ အများ ပိုလက်ခံမှာပဲ။

## လိုက်လျောညီထွေရှိမှု

အချစ်ကို လိုက်လျောညီထွေရှိမှုလို့ ပြန်ဆိုလိုက်တာနဲ့ သမီးတို့ လူငယ်တွေက ဆရာ့ကို နှလုံးသားခံစားမှု Passion ထက် ရုပ်ဝတ္ထုပစ္စည်း Material ကို ဦးစားပေးလွန်းသူ၊ ဘယ်လိုလုပ် ရသစာရေးဆရာ ဖြစ်လာခဲ့ပါလိမ့်လို့ ထင်ကြတော့မယ်။ သမီးတို့ ထင်သလို မဟုတ်ပါဘူးကွယ်။ လိုက်လျောညီထွေရှိမှု ဆိုတာ ဥစ္စာဓနချင်း၊ မျိုးရိုးဂုဏ်သိမ်ချင်း၊ ရာထူးအဆောင်အယောင်ချင်း၊ ပညာဘွဲ့ဒီဂရီချင်း အဲဒါတွေကို ပြောတာ မဟုတ်ပါဘူး။ အဲသလို အိမ်ထောင်ရေးမျိုးကို ကိုယ်လည်း မထူထောင်ခဲ့သလို၊ ကိုယ့်သားသမီးကိုလည်း ထူထောင်ပေးမှာ မဟုတ်၊ သမီးတို့ကိုလည်း လမ်းပြမှာ မဟုတ်ပါဘူး။

အဲသလို တွက်ချက်ထူထောင်ခဲ့တဲ့ အိမ်ထောင်ရေးတွေ ဆယ်စုနှစ်တွေ ကြာလာရင် ဘာဖြစ်ဖြစ်သွားတတ်သလဲ ဆိုတာ အသက် ၅၀ အရွယ် ဆရာဝန်၊ ကျောင်းဆရာ၊ စာရေးဆရာတစ်ယောက်က ကောင်းကောင်း သိတာပေါ့။

ဆရာပြောလိုက်တဲ့ လိုက်လျောညီထွေဖြစ်မှု ဆိုတာက



### (၁) ယုံကြည်ရာချင်း လိုက်လျောညီထွေ ဖြစ်ရမယ်

လင်ဖြစ်သူက ရာထူးစည်းစိမ် တိုးတက်ရေးအတွက် ဘယ်သူ့ကိုမဆို အနားပျာလုပ်သင့်တယ်လို့ ယုံကြည်နေပြီး မယားဖြစ်သူက ကိုယ်ကျင့်တရားကောင်းဖို့က အဓိကလို့ ယုံကြည်နေတဲ့ သူမျိုးဖြစ်နေရင် မခက်ဘူးလားသမီး။

### (၂) အကျင့်ချင်းတူရမယ်

ယောက်ျားက သူတစ်ပါးနစ်နာမယ့်အလုပ်ကို ကိုယ်ကျိုးအတွက်ဆို လုပ်သင့်ရင် လုပ်ရမှာပဲလို့ ကျင့်ကြံတတ်ပြီး မိန်းမက ကိုယ့်အတွက် သူတစ်ပါးနစ်နာမယ့်အလုပ်ကို ဘယ်တော့မှ မလုပ်တတ် တဲ့လူ ဖြစ်ရင်လည်း အခက်။

### (၃) စေတနာ တူရမယ်

ဆရာငယ်ငယ်က ဖတ်ဖူးတဲ့ ဆရာနွမ်ဂျာသိုင်း ရဲ့ ဝတ္ထုရှည်ကလေးတစ်ပုဒ် ရှိတယ်ကွယ့်။ နာမည်တော့ မေ့သွားပြီ။ မောင့်ဒေဝစ္စရာဆိုလား၊ ရုပ်ရှင်ကြီးဖြစ်လာတော့ ရုပ်ရှင်လည်း ဆရာကြည့်ဖြစ်တယ်။ မေသန်းနုက မင်းဦးနဲ့ ကြိုက်တယ်။ ဖခင် ဦးမောင်မောင်မြင့်က သဘောမတူဘဲ နေအောင်နဲ့ စေ့စပ်ပေးတယ်။ နေအောင်က မေသန်းနုကို ချစ်သွားပေမယ့် လူကြီးတွေ ဆန္ဒအတိုင်း ဇွတ်မလုပ်စေဘဲ လေ့လာခွင့်ပေးတယ်။ အဲဒီအထဲမှာ မေသန်းနုက မင်းဦး ဆိုင်ကယ်နောက်က လိုက်သွားရင်း ဆိုင်ကယ် ရေအိုင်ထဲ ဖြတ်မောင်းတော့ ဘေးလူ စင်သွားတဲ့ အခန်းရယ်၊ နေအောင်နဲ့ မေသန်းနု ကားမောင်းလာရင်းက သက်ကြီးရွယ်အိုတွေ လမ်းဖြတ်ကူးတော့ နေအောင် ကားရပ်ပေးတာရယ်ကို ယှဉ်ပြတဲ့အခန်းကလေးကို ဆရာ မျက်စိထဲ စွဲနေတယ်။ ဇာတ်သိမ်းတော့ ထင်တဲ့အတိုင်း နေအောင် အနိုင်ရသွားတာပေါ့ကွယ်။ စေတနာတူမှ ကြည်ဖြူလို့ရတဲ့ သဘောလေ။

### (၄) အသိဉာဏ်တူရမယ်

အသိဉာဏ်မတူတဲ့လူများ အိမ်ထောင်ဖက်ပြုဖို့ မပြောနဲ့။ ကြာကြာထိုင်စကားပြောဖို့တောင် ခက်တယ်ကွယ့်။ အသိဉာဏ်ဆိုတာ ဘွဲ့တွေ၊ ဒီဂရီတွေနဲ့လည်း ဆိုင်ချင်မှ ဆိုင်တတ်တာမျိုး။ မိဘချမ်းသာ သူလည်း

အတန်းပညာ တတ်ပါလျက်နဲ့ သူနဲ့ စကားထိုင်ပြောရတာကို စိတ်ထဲမှာ ခိုးလိုးခုလုဖြစ်နေပြီး သူမြန်မြန် ထပြန်ပါတော့လို့ စိတ်ထဲက ကြိတ်ဆုတောင်းနေရတဲ့လူမျိုး မတွေ့ဖူးဘူးလားသမီး။ ကိုယ့်ကို လာပိုးတဲ့ပန်းတဲ့ အထဲမှာလည်း တွေ့ဖူးမှာပဲ။ ကိုယ့်သူငယ်ချင်းတွေထဲမှာလည်း တွေ့ဖူးမှာပဲ။ ယောကျ်ားလေး တစ်ယောက်ယောက်ကို ရုပ်ကြောင့်ပဲဖြစ်ဖြစ်၊ ကျော်စောမှုကြောင့်ပဲ ဖြစ်ဖြစ် နှစ်သက်ပြီး ချစ်သူတော်စပ်လိုက်ပြီးကာမှ အဲသလိုမျိုး ဖြစ်နေရင် တကယ့်ကို ဒုက္ခနော်သမီး။ ဒါကြောင့်လည်း ရှေးလူကြီးတွေ သုံးနှစ်သုံးမိုး လေ့လာခိုင်းတာ ထင်ပါရဲ့။ ဒီခေတ်မှာတော့ သုံးနှစ်ပဲဖြစ်ဖြစ်၊ သုံးလပဲ ဖြစ်ဖြစ်၊ သုံးရက်ပဲ ဖြစ်ဖြစ် ကန့်သတ်စရာ မလိုပေမယ့် အသိဉာဏ်တူမတူတော့ သိအောင်လေ့လာပြီးမှ ချစ်ပါ သမီး။

## ဆရာ့အာဘော် မဟုတ်ပါ

အရွယ်ရောက်ပြီးသား သမီးပျိုရှိနေလို့ ကိုယ်ဖြစ်ချင်တာတွေ ကိုယ်ထွင်ပြီး လျှောက်ပြောနေတယ် မထင်နဲ့နော်သမီး။ နှစ်ပေါင်း ၂၅၀၀ ကျော် ဘယ်သူမှ အမှားရှာလို့ မတွေ့နိုင်တဲ့ အမြတ်ဆုံးသော ပညာရှိကြီးရဲ့ စကားကို ကိုးကားပြီး ပြောနေတာပါ။

ဗုဒ္ဓပေါ့။

မြတ်စွာဘုရားက ဟောခဲ့တဲ့

၁။ သမ သဒ္ဒါ

၂။ သမ သီလ

၃။ သမ စာဂ

၄။ သမ ပညာ ဆိုတဲ့ ယုံကြည်မှုတူခြင်း၊ အကျင့်သီလတူခြင်း၊ စွန့်ကြဲလှူဒါန်းမှုတူခြင်းနဲ့ အသိဉာဏ်တူခြင်း တရားလေးပါးတို့ကို ခေတ်လူငယ်တွေ နားလည်လွယ်အောင် ပြန်ရေးပြတာပါ။

ဒီလေးချက်သာ တူရင် ဒီဘဝမပြောနဲ့ ဘဝ ဆက်တိုင်းတောင် လက်တွဲလို့ရပါသတဲ့။

ဒါမှ အချစ်စစ် အချစ်မှန်ပါ သမီး။



## မေတ္တာသာ အဓိက

ဆရာ့အိမ်ထောင်ရေးကို အားကျတဲ့ တပည့်တွေလည်း ရှိသကွယ့်။ ဘာတွေ ထူးထူးခြားခြား အောင်မြင်နေလို့လဲလို့ မေးရင်တော့ ဘာမှ ထူးထူးခြားခြား ပြဿနာမရှိတာပါ။ ဘာလို့ မရှိရလဲလို့ မေးရင်တော့ စောစောက ပြောတဲ့လေးချက် ရာနှုန်းပြည့် မဟုတ်တောင် တူသင့်သလောက် တူကြလို့ပဲ ဖြစ်တယ်ကွဲ့။

ဘာလို့ တူနိုင်ရလဲလို့ မေးရင်တော့ မေတ္တာတူလို့လို့ပဲ ပြောရမယ်။ ကိုယ့်ကြောင့် ကိုယ့်အိမ်ထောင်ဖက်၊ ကိုယ့်သားသမီး အပါအဝင် ဘယ်သူမဆို စိတ်ချမ်းသာမှုသာ ရစေချင်ပြီး သောကမရစေချင်တဲ့ မေတ္တာပေါ့။

သည်မေတ္တာသာ တူလို့ကတော့ အချစ်စစ်ဆိုတာ တွေ့ပြီပေါ့ကွယ်။ မေတ္တာတူပြိုင်ဆိုတဲ့ စကားက အလကားမှမဟုတ်တာ။

○

# ယမကာလုလင်တို့အကြောင်း

**သမီးရေ…**

ယမကာ လုလင်ဆိုတာကတော့ မကြာသေးခင်က ကွယ်လွန်သွားတဲ့ ဆရာ အင်မတန် ခင်မင်လေးစားရတဲ့ သရော်စာရေး၊ ကဗျာရေး၊ ရသစာပေမှာရေး တစ်ဖက်ကမ်းခပ်လှတဲ့ ဆရာမင်းလူရဲ့ စကားလုံးပဲကွယ့်။

**စာပေမိသားစု**

မိသားစု တစ်စုလုံး လေးစားမိရတဲ့ စာရေးဆရာတွေပေါ့ကွယ်။ သူတို့ မိသားစုနဲ့ အရက်နဲ့ ဆက်နွှယ်နေပုံကလေးက ထူးလည်းထူးဆန်းလှသလို စိတ်ထိခိုက်ဖို့လည်း ကောင်းလှတယ်။

ဆရာမင်းလူတို့ရဲ့ ဖခင်ကွယ်လွန်သူ စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာကြီး ဆရာသာခုဟာ တကယ့်ကို တစ်ခေတ်မှာ တစ်ယောက် ထွန်းတောက်ကျော်ကြားလှတဲ့ ပါရမီရှင်ပါပဲ။ ဆရာကြီးရဲ့ ထူးခြားချက်ကတော့ စာရေးဆရာ အများစု အရက်သောက်တတ်တဲ့ခေတ်မှာ စာရေးဆရာ ဖြစ်လာခဲ့ပေမယ့် အရက်မသောက်တတ်တဲ့အပြင် အရက်ကို ခါးခါးသီးသီး မုန်းသူဖြစ်သတဲ့။ အိမ်မှာတောင် 'အရက်သမား မလာရ' လို့ စာကပ်တဲ့ ဆရာကြီးပေါ့ကွယ်။



အဲဒါကလည်း အကြောင်းမဲ့တော့ မဟုတ်ဘူး။ သူ့အမေ ငယ်ငယ်က နတ်ဝင်ပူးပူးပြီး အရက်သောက်တာကို မကျေနပ်ရာက စခဲ့တာပဲ။ ဟုတ်တယ်။ အမေကွယ့်။ အရက်သောက်တာ အဖေမဟုတ်ဘူး။ အမေ။

မိန်းမအရက်သောက်တယ်ဆိုတာ အဲသည့်ခေတ်ကတော့ မြန်မာ့လူမှု အသိုင်းအဝိုင်းမှာ ဘယ်သူမှ လက်မခံတဲ့ကိစ္စတစ်ခုပါ။ ဒီခေတ်ရော လက်ခံ နေကြပြီလားဆိုတော့ လက်မခံသေးတာတော့ အမှန်ပါကွယ်။ ဒါပေမဲ့ အနောက်တိုင်း ယဉ်ကျေးမှုသာမက အရှေ့တိုင်းယဉ်ကျေးမှုထဲမှာပါ မိန်းကလေးတွေ အရက်သောက်ကြတဲ့ ကိုရီးယားလိုနိုင်ငံမျိုးက ယဉ်ကျေးမှုတွေ လွှင့်စဉ်လာလေတော့ ခေတ်မိန်းကလေး တချို့ ယောကျ်ားလေးတွေနဲ့ အတူ ပုလင်းထောင်နေကြတာ အထူးသဖြင့် သင်္ကြန်မှာဆို မမြင်ချင်မှ အဆုံးပါ။

မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာ၊ အရှက်တရားနဲ့ လုံခြုံမှုကို အရင်းက နဲ့လှဲတဲ့ကိစ္စ သက်သက်ပါကွယ်။

ဆရာကတော့ သမီးကို 'အရက်ကိုရှောင်ပါ' လို့ ပြောလို့ သမီးက စိတ်ဆိုးမာန်ဆိုး 'မိန်းကလေးနဲ့ အရက်၊ အဲသလို ပြောစရာလား၊ သောက်ပါ့မလား' လို့ ပြန်ရန်ဖြစ်ခဲ့ရင် သိပ်ပျော်မှာပါသမီး။ ဟုတ်ပါတယ်။ မိန်းကလေးနဲ့ အရက် ဘာမှဘယ်ဆိုင်ပါ့မလဲ။ ဒီနေ့ ဆရာရှင်းပြမယ့် ပြဿနာက အရက်ကို ရှောင်ဖို့မှမဟုတ်တာ။ အရက်သမားတွေအကြောင်း ရှင်းပြမလို့ဥစ္စာ။ ဒါကြောင့် 'ယမကာလုလင်များအကြောင်း'လို့ နာမည်တပ်ထားတာပေါ့။

ကဲ. . . စောစောက ဆရာကြီး သာခုအကြောင်းပဲ ဆက်ကြပါဦးစို့။ ဆရာကြီးဟာ သူကိုယ်တိုင် အရက်ကို ဆန့်ကျင်တဲ့နေရာမှာ အောင်မြင်ခဲ့ပေမယ့် မိသားစုပြဿနာ တချို့ကြောင့် သူ့သားတွေကို အရက်မသောက်အောင် မတားနိုင်ခဲ့ရှာဘူး။

ဆရာကြီးရဲ့ သားကြီး ဒါရိုက်တာ မောင်ဝဏ္ဏဆိုတာလည်း ဆရာ အလွန်လေးစားကြည်ညိုရတဲ့ စာရေးဆရာ ဒါရိုက်တာပါပဲ။ ဆရာ့ဝတ္ထု၊ ဆရာကိုယ်တိုင် ရုပ်ရှင်ရိုက်ခဲ့တဲ့ 'ပန်းတွေနဲ့ဝေ'ဟာ တက္ကသိုလ်နောက်ခံ အချစ်ဇာတ်လမ်းတွေထဲမှာ အထင်ရှားဆုံး သမိုင်းဝင်ခဲ့တယ်ဆိုရင် ဘယ်သူမှ ငြင်းနိုင်မှာ မဟုတ်ဘူး။

နောက်သားတစ်ယောက်က ဗလတဲ့။ သူ့ကို 'သုမောင်' လို့ အများသိကြတယ်။ 'အချစ်' ဆိုတဲ့ဝတ္ထုနဲ့ အောင်မြင်ခဲ့တဲ့ စာရေးဆရာတစ်ယောက်ဖြစ်ခဲ့သလို၊ ရုပ်ရှင်မင်းသားကြီး ကောလိပ်ဂျင်(ဦး)နေဝင်းရဲ့ နောက်မှာ တစ်ခေတ်မှာတစ်ယောက်ဆိုသလို ထွန်းတောက်ခဲ့တဲ့ သဘာဝရုပ်ရှင်မင်းသားစစ်စစ်လည်း ဖြစ်ခဲ့သကွယ့်။ ဒါရိုက်တာအနေနဲ့လည်း 'သူငယ်ချင်း သုံးယောက် ရှိလေသည်' ရုပ်ရှင်ဟာ ဒီဘက်ခေတ်မှာ ပြန်ရိုက်ရတဲ့အထိ အောင်မြင်ခဲ့တယ်။

အဲသည့် အဖိုးတန် အနုပညာရှင်တွေအားလုံးဟာ အသက်သိပ်မကြီးခင် အချိန်ထိ လျှမ်းလျှမ်းတောက် အောင်မြင်နေကြတုန်း အချိန်မှာပဲ ဘဝတွေ နေဝင်သွားခဲ့ရတယ်။

ကာယကံရှင် မိသားစုတွေ မပြောနဲ့။ ဆရာသုမောင်နဲ့ စာပေပွဲတွေမှာ မိတ်ဆက်ဖူး၊ ခင်ဖူးရုံပဲ ရှိခဲ့တဲ့ ဆရာတောင် ယူကျုံးမရ ဖြစ်ခဲ့ရပါတယ်။

## တစ်နေ့ရာတည်း တိုးတက်ခဲ့တဲ့ တို့တိုင်းပြည်

ဆရာ့အသက်က ၅၄နှစ်။ ၅၄နှစ်ဆိုတဲ့ အချိန်က မြန်မာနိုင်ငံရဲ့ သမိုင်းမှာ အမှောင်ဖုံးခဲ့တဲ့ခေတ်ဆိုတာ နှစ်ငါးဆယ်လုံးလုံး ပြောခွင့်မရှိခဲ့ကြပေမယ့် ခုနောက်ပိုင်းလေးနှစ်အတွင်းမှာတော့ လူတိုင်းပွင့်ပွင့်လင်းလင်း၊ စိတ်တူကိုယ်တူ ထုတ်ဖော်ပြောဆိုလာကြတဲ့ ကိစ္စဖြစ်တယ်ကွယ့်။

ပညာရေးကအစ ဆုတ်ယုတ်လိုက်တာ နောက်ကနေ စီးပွားရေး၊ ကျန်းမာရေးနဲ့ စာရိတ္တတွေပါ အကုန်ပါသွားခဲ့တာကိုး။

တိုးတက်တာဆိုလို့ ပြစရာတစ်ခုတည်း။ 'အရက်'ပါ။

မြန်မာ့အရက်ဟာ ကမ္ဘာမှာတောင် ဆုတံဆိပ်တွေရသတဲ့။ ထုတ်လုပ်မှု တိုးတက်လာတာလည်း အံ့မခန်း။

ကြော်ငြာတဲ့ နည်းစနစ်ကလည်း အကွက်ကိုစေ့လို့။ ရုပ်မြင်သံကြားမှာ အရက်မကြော်ငြာရဘူး ကန့်သတ်တာတောင် အရက်တံဆိပ်နဲ့ ရေသန့်တွေ တီရှပ်တွေ ကြော်ငြာလိုက်သေး။

ကျေးရွာနဲ့အောင် ခရီးဆန့်နိုင်တာလည်း သီချင်းထဲကလို ကြက်ခြေနီ မဟုတ်တော့ဘူး။ ထဘီရင်လျား မော်ဒယ်လ်မလေးတွေနဲ့ ကြော်ငြာထားတဲ့ အရက်တွေဖြစ်နေပြီ။



ဘယ်လောက်သေးတဲ့ ရွာပဲဖြစ်ဖြစ် ဆေးပေးခန်းသာ မရှိရင်နေမယ် အရက်ဆိုင်တော့ ရှိသကွယ့်။

ဘယ်လောက်ပဲ ဝင်ငွေနည်းပြီး ဆင်းရဲတဲ့ အရပ်ဖြစ်ပါစေ။ သောက်သောက်စားစား လူရမ်းကား ကလေးတွေက တွေ့ရတတ်သကွယ့်။

နိုင်ငံခြားတိုင်းပြည် တော်တော်များများမှာ ကျန်းမာရေး ဘတ်ဂျက်အတွက် လိုငွေကို ကျန်းမာရေးထိခိုက်စေတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ အရက်တို့၊ ဆေးလိပ်တို့ကနေ SIN TAX ဆိုတာ ကောက်သကွယ့်။ ဒီမှာလည်း၊ ဆရာအပါအဝင် ဆေးပညာရှင် ၁၅၀ ပါတဲ့ အစည်းအဝေးကနေ အဲသလို ကောက်ဖို့ ၂၀၁၀ တုန်းက အဆိုပြုဖူးတယ်။ လက်မခံပါဘူးကွယ့်။ သူတို့က တန်ခိုးကြီးနေကြပြီလေ။

## အရက်ကို ဘယ်သူ၊ ဘယ်တော့၊ ဘယ်လောက် ရှောင်သင့်သလဲ

ဟောသမျှတရား၊ ပြောသမျှစကားတစ်ခွန်းမှ မမှားဖူးတာ 'ဗုဒ္ဓ' ဆရာ ခဏခဏ ရေးပြဖူးတယ်။ ဒါအနောက်တိုင်း ဒဿနိက ပညာရှင်ကြီးတွေတောင် လက်ခံထားရတဲ့ကိစ္စပါ။

ဗုဒ္ဓမြတ်စွာဘုရားက ဘယ်သူ့မဆို အနိမ့်ဆုံးစောင့်ထိန်းရမယ့် သီလကို ငါးပါးပြဋ္ဌာန်းခဲ့တာ 'အရက်' မသောက်ဖို့ပါသကွယ့်။

ဘယ်သူ ဘယ်ဝါတော့ ရှောင်၊ ဘယ်သူတွေကတော့ သောက်နိုင်တယ်လို့ မဟောခဲ့ပါဘူး။ အားလုံးကို ရှောင်ခိုင်းတာပါ။

ဘယ်အချိန်မှာ မသောက်နဲ့လို့ ပြောခဲ့တာမဟုတ်ပါဘူး။ ဘယ်တော့မှ မသောက်နဲ့လို့ ပြောခဲ့တာပါ။

ဘယ်လောက်ထက် ပိုမသောက်နဲ့လို့ ပြောခဲ့တာ မဟုတ်ပါဘူး။ လုံးဝမသောက်ဖို့ ပြောခဲ့တာပါ။

ဗုဒ္ဓမြတ်စွာ ဘုရားကတောင် ဒီလောက် ပြတ်ပြတ်သားသား ဆန့်ကျင်နေမှတော့ အရက်သောက်ချင်သူတွေ ဘာအကြောင်းပြချက်မှ အားကိုးစရာ မရှိတာ သိပ်သေချာပါတယ်။

## ယမကာလုလင်

အရက်မကောင်းကြောင်းတွေက ဘာသာရေးဆောင်းပါးတွေမှာ ဆရာတော်တော်များများ ရေးခဲ့ပြီး ဖြစ်လေတော့ သမီးကို ထပ်မပြောပြတော့

ဘူး။ မြန်မာမိန်းမပျိုလေးဖြစ်တဲ့ သမီးဟာလည်း အရက်ကို စမ်းသပ်ရုံကလေးတောင် တို့ထိကြည့်မှာ မဟုတ်ဘူး။ ရှောင်မှာပဲလို့ ဆရာယုံလိုက်မယ်နော်။

ရှောင်ရခက်တာက ယမကာလုလင်တွေကွယ့်။

တို့နိုင်ငံမှာ တစ်ခုတည်းသော တိုးတက်မှုဖြစ်တဲ့ အရက်ထုတ်လုပ်ဖြန့်ချိမှုကြီး ကျေးဇူးကြောင့် တို့နိုင်ငံမှာလည်း ယမကာလုလင်တွေ တိုးပွားနေမှာတော့ အမှန်ပဲ။

သမီးတို့လို မိန်းကလေးတွေလည်း ကိုယ့်ချစ်သူဟာ ယမကာလုလင်ဖြစ်နေဖို့ အခွင့်အလမ်း များလာတော့တာပေါ့။

'အရက်သောက်တတ်ရုံနဲ့ လူတစ်ယောက်ကို လူဆိုးလို့ သတ်မှတ်တော့မှာလား၊ စိတ်ရင်းက ပိုအရေးမကြီးဘူးလား'

ဒီလို စောဒက တက်ချင်တဲ့သူတွေလည်း ရှိမှာပဲ။

အမှန်ပဲ။ ဆရာ ကိုယ်တိုင်လည်း အင်မတန် ကြည်ညိုလေးစားတဲ့ ယမကာလုလင်ကြီးတွေ ရှိခဲ့ဖူးတာပါပဲ။ ဆရာရေးခဲ့ဖူးတဲ့ 'တိမ်ညိုမှာငွေဇာကွပ်ကယ်နှင့်' ကို ဖတ်ကြည့်ရင် သိမှာပေါ့။

ဒါပေမဲ့ အဲသည့်လူတွေမှာလည်း ကြီးမားတဲ့ အားနည်းချက်တွေ ရှိကြတာတော့ အမှန်ပဲ သမီး။

အရက်ဟာ နဂိုကတည်းကမှ ဖြေရှင်းရခက်တဲ့ ပုစ္ဆာတွေ အများကြီးရှိနေတဲ့ 'ဘဝ' ဆိုတဲ့ဟာကြီးကို ရင်ဆိုင်ရမှာ အရေးအကြီးဆုံး အင်အားဖြစ်တဲ့ 'ဆင်ခြင်တုံတရား'ကို တအိအိနဲ့ အနည်းနဲ့ အများဆိုသလို ချည့်နဲ့စေတတ်ပါတယ်။

ယမကာ လုလင်တစ်ယောက်ကို ဖရက်သောက်ပေမယ့် တော်ပါတယ်လို့ ထင်ရင် သေချာတာတစ်ခုက အဲဒီသူသာ အရက် မသောက်တတ်ရင် အဲဒီထက် အများကြီး ပိုတော်မယ်ဆိုတဲ့ အချက်ပါပဲ။

ဆေးခန်းမှာ ကလေးလာပြရင်း လိုက်လာတဲ့ အဖေ တချို့ အရက်မမူးပေမယ့်လည်း အရက်နံ့ကလေး ထွက်နေပြီး စကားပြောရင် အတင်းကြီး သတိထားပြောနေရတာ ဆရာခဏခဏ တွေ့ဖူးတယ်သမီး။ ဆေးခန်းချိန်တွေကလည်း ညနေပိုင်းတွေချည်းပဲဆိုတော့ ညနေတိုင်း နည်းနည်းပါးပါးပဲဖြစ်ဖြစ် မသောက်ဘဲ မနေနိုင်တဲ့သူတွေက ရှိနေတာကိုး။



အဲသည့်လူနဲ့အတူ ပါလာတဲ့ ကလေးအမေနေရာမှာ ကိုယ့်ကိုယ်ကိုယ် မှန်းကြည့်ကြည့်လိုက်ပါ သမီး။ ဘယ်လောက်များ နေရခက်လိုက်လိမ့်မလဲလို့နော်။ စိတ်ထဲမှာလည်း အားနာနေ၊ သိမ်ငယ်နေမှာပဲ။ ဆရာ့နေရာမှာလည်း အမျိုးသမီး ဆရာဝန်တစ်ယောက်ကို မြင်ယောင်ကြည့်။ (ကလေးဆရာဝန် အများစုက အမျိုးသမီးတွေကွယ့်။)

ဒီဥပမာမှာပါတဲ့ လူက လူကြီးလူကောင်းပီပီ သောက်ထားတဲ့လူနော်။ အဲသည်ထက် ဆိုးတဲ့လူတွေအကြောင်းကို ပြောပြဖို့ လိုသေးလားသမီး။

ပြီးတော့ ဆရာဝန်က ဒီအရက်နံ့ကို ခဏပဲရမှာနော်။ အဲသည့်အနံ့က အဲသည့်မိန်းကလေးနဲ့အတူ အိမ်ပြန်ပါသွားမှာ။ အဲသည့်လူကလည်း အိမ်ကျရင် အဲသလို အတင်းကြီး သတိထားနေမှာ မဟုတ်တော့ဘူးနော်။

**အချစ်နဲ့ အရာရာကို အကောင်းအတိုင်း**

သိပ်လှတဲ့စကားနော်။

ကိုယ်က မချစ်လို့ အရက်သောက်ရတာပါဆိုတဲ့ ယောကျ်ားကလေး။

ကိုယ့်ကို ချစ်လို့ အရက်ဖြတ်ပါမယ်ဆိုတဲ့ ယောကျ်ားကလေး။

စိတ်ကူးယဉ်လို့တော့ တယ်ကောင်းပဲ။ လက်တွေ့မှာ သိပ်အဓိပ္ပာယ်မရှိလှပါဘူးကွယ်။ မိန်းကလေးတစ်ယောက်အတွက် အရက်သောက်ပါတယ်ဆိုတဲ့ ယောကျ်ားလေး၊ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကိုရဖို့ အရက်ဖြတ်မယ့် ယောကျ်ားလေး။

ကိုယ်ပိုင်ဆင်ခြင်တုံတရား ဘယ်လောက်များ အားကောင်းမယ်ထင်သလဲ။

'မင်း မချစ်လို့ အရက် သောက်ရတာပါ'

အဲသည့်စကား အစား. . .

'မင်း မချစ်လို့ ဘိန်းရှူရတာပါ'

အဲသလိုများ ပြောခဲ့ရင် သမီးကြည်နူးနိုင်ပါ့မလား။ ဒီစကားနှစ်ခုရဲ့ နောက်ကွယ်က ဆင်ခြင်တုံတရားဟာ အတိမ်အနက်သာ ကွာချင်ကွာမယ်။ အမျိုးအစားကတော့ အတူတူပဲ သမီး။

ဆရာက အရက်သမားဘယ်တော့မှ လူကောင်းပြန် မဖြစ်နိုင်တော့ဘူးလို့ ထင်တာလားလို့ မေးရင်တော့ ခေါင်းခါပါမယ် သမီး။

ဆရာကိုယ်တိုင်လည်း အသက် ၂၀ ကျော်အရွယ် စာရေးဆရာရှူးဘဝမှာ စာရေးဆရာနဲ့ တူချင်လို့ဆိုပြီး အရက် ရံဖန်ရံခါသောက်ခဲ့တာ မှတ်မှတ်ရရ ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်အထိပါ သမီး။ အဲသည့်နောက်မှာတော့ ဘုရားမှာ သစ္စာပြုပြီး အရက်ကို ရာသက်ပန် ရှောင်ခဲ့ပါတယ်။

ဆရာ့ထက်ပိုသောက်ခဲ့ပြီး အဲသလို တိခနဲ ဖြတ်ချလိုက်တဲ့ ဆရာ အင်မတန်ကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်တွေလည်းတွေ့ခဲ့တယ်။ တွေ့နေတုန်းပါပဲ။

ဘယ်သူမှ အချစ်အတွက် သောက်ခဲ့ကြတာ မဟုတ်သလို၊ အချစ်အတွက် ဖြတ်ခဲ့ကြတာလည်း မဟုတ်ပါဘူး။

ဆင်ခြင်တုံတရား အားကောင်းလာလို့ ကိုယ့်ဟာကိုယ် မလုပ်သင့်တော့ဘူးထင်လို့ ဖြတ်ခဲ့တဲ့လူတွေချည်းပါပဲ။

သမီးရှေ့မှာတွေ့နေတဲ့ အသက် ၂၀ ကျော် လူငယ်ကလေးတွေဟာ တစ်နေ့ အဲသလို ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်မလာဘူးလို့ မပြောနိုင်တာ မှန်ပေမယ့် မဖြစ်ဖို့က ရာခိုင်နှုန်း ပိုများပါတယ် သမီး။ မစွန့်စားပါနဲ့။

အထူးသဖြင့် အချစ်အတွက် သောက်တဲ့၊ အချစ်အတွက် ဖြတ်တဲ့ သူတွေကို ယုံကြည်စိတ်ချလို့ မနေပါနဲ့။

သမီးငယ် ယမကာလုလင် တစ်ဦးဦးကြောင့် ဘဝမှာ စိတ်သောကရောက်နေရမယ့် အဖြစ်က ကင်းဝေးနိုင်ပါစေ။

○

# ဟိုတယ်လိုက်မှမောင်ကြိုက်မယ်ဆို

**သမီးရေ**

ဆရာပေးထားတဲ့ ခေါင်းစဉ်ကို ကြည့်ပြီး ဒီစာသားရဲ့ အငြိမ့်သီချင်း မကြားဖူးပါဘူးလို့များ တွေးများတွေးနေမလားပဲ။

ဘာအငြိမ့်သီချင်းမှ မဟုတ်ပါဘူးကွယ်။

မဖွစ်ဘုတ်ပေါ်မှာ ဆရာတို့ရဲ့ စာပေမိဘတစ်ဦးဖြစ်တဲ့ ဆရာကြီး တစ်ဦး၊ တင်ထားတဲ့ စာသားကလေးပါ။ ခုတလော နာမည်ကြီးနေတဲ့ ဆရာ့စာပေညီမ ပုညခင်ရဲ့ 'ကျွန်မက နှင်းဆီပါမောင်' စာသားကို လူတွေ နှစ်သက်ကြလွန်းလို့ ရယ်စရာအမျိုးမျိုး လုပ်တင်တာကို ဆရာကြီးကလည်း သမီးကလေးတွေ၊ မြေးကလေးတွေကို ဆုံးမချင်လွန်းလို့ ယူသုံးလိုက်ဟန်တူတယ်။ ရိုင်းတယ်လို့ မထင်ပါနဲ့လို့လည်း ရေးထားတယ်။ စာလုံးက ရိုင်းသလို ရှိပေမယ့် စေတနာကတော့ ယဉ်ကျေးလှပါပေတယ်။

'ဟိုတယ်လိုက်မှ မောင်ကြိုက်မယ်ဆို. . . . မ ပြောင်းကြိုက်ပါမောင်' . . . တဲ့။

ပြတ်ကရော. . .

## အချစ်နဲ့ သွေးသား

အချစ်ဆိုတာကို ဆရာဘယ်လို လက်ခံထားသလဲဆိုတာ အရင်လက ဆရာ ဆွေးနွေးပြခဲ့ပြီးပြီနော်။ အချစ်ဆိုတာ မေတ္တာလောက်တော့ မမြင့်မြတ်ဘူး ဆိုပေမယ့် သွေးသားတပ်မက်မှုထက်တော့ အဆင့်မြင့်သကွယ့်။ မေတ္တာ ဆိုတာ ပုဂ္ဂိုလ်မရွေး၊ အရပ်မရွေး၊ အချိန်မရွေး ဘေးရန်ကင်းကွာ၊ ဘဝ အေးချမ်း သာယာစေချင်တဲ့ အလွန်မြင့်မြတ်တဲ့ဆန္ဒ။ အချစ်ကတော့ ပုဂ္ဂိုလ်စွဲပါလာပြီ။ ဒါပေမဲ့ နွေးထွေးလုံခြုံမှု သဘောကလေးက ကဲတယ်။ Compainonship လို့ ဆရာသုံးခဲ့တယ်။

သွေးသားတပ်မက်မှုဆိုတာက အလွန်အဆင့်နိမ့်တဲ့ စွဲလမ်းမှု တစ်ခုဖြစ်တယ်ကွယ့်။ တိရစ္ဆာန်များတောင် အဖို၊ အမတွေ့ကြတာနဲ့ ရှိတာပဲ။ အချို့ တိရစ္ဆာန်တွေဆိုရင်တောင် ရာသီရွေးသေးတယ်။ လူမှာက ရာသီမရှိဘူး။

ကိုယ်အင်မတန် မုန်းတီးပါတယ်ဆိုတဲ့ မိန်းမတစ်ယောက်ကိုတောင် ဆိတ်ကွယ်ရာမှာ စွဲမက်ဖွယ် အနေအထားနဲ့တွေ့ရင် ယောကျ်ား တစ်ယောက် သွေးသားဆူစေတတ်တာပဲလေ။

ဒီအကြောင်းကို ဆရာ 'ဟော်မုန်းမပါတဲ့ သံစဉ်' ဆိုတဲ့ နာမည်နဲ့ ဝတ္ထုတိုတစ်ပုဒ် ရေးခဲ့ဖူးတယ်။ ဟော်မုန်းတွေကြောင့် သွေးသားလှုပ်ရှား ကြတာဆိုတာ 'နေညိုကမ်းနဖူး' ဝတ္ထုတိုပေါင်းချုပ်မှာ ပါသွားတယ်။ သေချာတာကတော့ ချစ်တာနဲ့ သွေးသားတပ်မက်တာနဲ့ ဘာမှ မဆိုင် တာပဲ။ စောစောက ဆရာကြီးစာမှာ ရုပ်ရှင်မင်းသမီးကလေး တစ်ယောက် ဆိုင်းဘုတ်ကလေးတစ်ခု ကိုင်ပြပြီး လုပ်အားပေးထားတာ တွေ့ရပြန်တယ်။

'ခန္ဓာကိုယ်ကို ပေးဆပ်ခိုင်းပြီးတော့ ကျွန်မရဲ့ အချစ်တွေကို သက်သေမပြခိုင်းပါနဲ့' တဲ့။

ကိုင်း မရှင်းဘူးလား။

အဲသလို သက်သေပြခိုင်းနေပြီဆိုရင်လည်း အဲဒီလူကို ဝေးဝေးက သာ ရှောင်ပေတော့။ သူ့မှာ သမီးအတွက် အချစ်စစ်၊ အချစ်မှန်ဆိုတာ မရှိဘူး။ တပ်မက်မှုသာ ရှိတယ်ဆိုတာ သေချာနေပြီ။



## ကမ္ဘာနဲ့ တစ်ဝန်းတဲ့လား

လက်မထပ်ခင် ကျူးလွန်ကြတယ်ဆိုတာဟာ အနောက်နိုင်ငံတွေမှာတော့ မီးရှူးမလာ ဖြစ်နေပြီဆိုတာတော့ အမှန်ပါပဲ။ အရှေ့ပိုင်းနိုင်ငံ အတော် များများကို ကူးစက်နေပြီဆိုတာလည်း အမှန်ပဲ။

မြန်မာနိုင်ငံမှာတောင် အင်တာနက်မှာ ဓာတ်ပုံတွေ၊ ရုပ်ရှင်တွေ ပလူကိုပျံလို့။ ဒါတွေကြည့်ရင် ဒီဘက်ခေတ် မြန်မာမိန်းကလေးတွေလည်း သည်ကိစ္စတွေမှာ သည်လိုပဲ ရက်ရောနေကြပြီလို့ ထင်စရာ။

မြန်မာပြည်က လူဦးရေ သန်းငါးဆယ်ကျော်မှာ မိန်းမက သန်းသုံး ဆယ်လောက်ရှိတယ်။ အဲသည်ထဲက အရွယ်ကောင်းမိန်းကလေးက ဆယ်သန်းပဲ ရှိတယ်ထား။ လက်မထပ်ရသေးတဲ့ မိန်းကလေးက တစ်သန်းပဲ ရှိတယ်ထား။ အဲသလို ကြားဖူးနားဝပုံပြင်၊ ဇာတ်လမ်း၊ ရုပ်ရှင်၊ ဓာတ်ပုံတွေက ရာဂဏန်းထက် မပိုဘူး သမီး။ ဒါတွေကြည့်ပြီး ကမ္ဘာနဲ့ တစ်ဝန်း ယဉ်ကျေးမှု ပြောင်းလဲကြတဲ့အထဲမှာ မြန်မာမိန်းကလေးတွေ လည်း ပါနေပြီလို့ လွယ်လွယ်နဲ့တော့ ဈေးမချလိုက်လေနဲ့။

လက်ရှိ လူမှုအသိုက်အဝန်းမှာတင် လိုက်လာမယ့် ပြဿနာတွေ က တစ်ပုံကြီးပဲ။

## နှမရင်းချာလို စောင့်ရှောက်ချင်ရမယ့် ချစ်သူ

ချစ်တယ်ဆိုတာ ဘာလဲဆိုတာ သိပ်သေသေချာချာ မသိဘူးဘဲထား။ မြန်မာ ယောကျ်ားကလေးတွေရဲ့ ချစ်စရာ အကောင်းဆုံး စိတ်ဓာတ်က မြန်မာမိန်းကလေးတွေ အပေါ်မှာ ကိုယ့်နှမရင်းချာကလေးတွေလို စောင့်ရှောက်တတ်တဲ့ စိတ်ဓာတ်ပါပဲ။ ကိုယ်တကယ် မြတ်မြတ်နိုးနိုး ချစ်ရ တဲ့ ချစ်သူအပေါ်မှာဆို ပိုလို့၊ တိုးလို့သာ စောင့်ရှောက်ချင်တတ်ကြသေး တယ်။

ကိုယ့်ချစ်သူ ဖြစ်လာတာနဲ့ အသွေးအသားကို ရပိုင်ခွင့်တစ်ခုလို တောင်းတတ်တဲ့ ယောကျ်ားကလေးမှာ ကိုယ့်အပေါ် နှမရင်းချာလို စောင့်ရှောက်ချင်တဲ့စိတ် ရှိမနေတာတော့ အမှန်ပဲ သမီး။ ဒီလိုလူမျိုးက ကိုယ့်ကို တကယ်ချစ်ပါတယ်ဆိုတာ ယုံချင်စရာရော ရှိပါ့မလား။ အတည် တကျ လက်ထပ်ယူတယ်ပဲထား။ အဲသလိုလူမျိုးနဲ့ နေရတဲ့ဘဝဟာ နွေးထွေးလုံခြုံပါ့မလား။ ပျော်စရာရော ကောင်းပါ့မလား။

'ချစ်လွန်းလို့ စိတ်မထိန်းနိုင်တော့တာပါ' တဲ့။

ရယ်စရာ ကောင်းလှသကွယ်။

'Play by heart' ဆိုတဲ့ ရုပ်ရှင်ထဲမှာ ဂျိန်းစဘွန်း ရုပ်ရှင်မင်းသားကြီး ရှောင်ကွန်နရီက သူချစ်တဲ့မိန်းကလေးတစ်ယောက်ကို သူအတူအိပ်ချင်ပေမယ့် (မနီးစပ်နိုင်တာကို သိနေလို့) ချစ်လွန်းတဲ့ စိတ်ကြောင့် သူရှောင်ထွက်ခဲ့ကြောင်းပြောတော့ ဆရာ သဘောကျလိုက်တာ။ ဒါ အနောက်နိုင်ငံနော် သမီး။

ချစ်လွန်းလို့ စိတ်မထိန်းနိုင်တဲ့ကောင်က ဘာဖြစ်လို့ ချစ်လွန်းလို့ မစောင့်စည်းနိုင်ရတာလဲ။ ပြီးတော့ ဒီကောင်တွေပဲ သူငယ်ချင်းတွေကို မြိန်ရေရှက်ရေ သွားကြွားတတ်ကြတာ မကြားချင်မှအဆုံး။ ကံမကောင်းရင် ဓာတ်ပုံ၊ ဗီဒီယို ခိုးရိုက်ထားပြီး ကွဲကြပြဲကြတဲ့အခါ အင်တာနက်တင်တာတွေတောင် တွေ့နေရသေး။ မယုံပါနဲ့ သမီး။

## ပြီးတော့ မတူ

တည်းခိုခန်းထဲမှာ နှစ်ယောက်ချင်း တွေ့ပါရစေလို့ ခွင့်တောင်းတုန်းက သူနဲ့ ကိုယ့်ရဲ့ တန်ဖိုးက အတူတူ။

ကတိတွေ အထပ်ထပ်ပေးပြီး အထပ်ထပ်တောင်းပန်နေတော့ ကိုယ်ကတောင် တန်ဖိုးက မြင့်ချင်နေသေး။

ဆိတ်ကွယ်ရာမှာ ကြုံကြိုက်တဲ့အခါကျတော့ ယောကျ်ားကလေးကလည်း သွေးနဲ့သားနဲ့ ယောကျ်ားဟော်မုန်းနဲ့၊ မိန်းကလေးကလည်း သွေးနဲ့ သားနဲ့ မိန်းကလေး ဟော်မုန်းနဲ့။

'ချစ်လို့ပါ ချစ်လို့ပါ' လို့ဆိုပြီး မိန်းကလေးက ရေတိမ်နစ်ရော။

ခံစားကြ၊ စံစားကြတုန်းက အတူတူဆိုပေမယ့် အဲဒီအခန်းထဲက ပြန်ထွက်လာတော့ ယောကျ်ားကလေးက ဝင်မသွားခင်ကအတိုင်းပဲ ဘာမှ လျော့လည်း မသွား၊ တိုးလည်း မသွား။

ဘဝပြောင်းသွားတာက မိန်းကလေးပဲ မဟုတ်ဘူးလား သမီး။

တခြားမကြည့်နဲ့ အဲဒီ ယောကျ်ားကလေးကိုယ်တိုင် ကိုယ်က ကိုယ့်ကို နောက်တစ်နေ့မှာ နောက်တစ်ကြိမ် ထပ်ကြိုးစားတဲ့အခါ ပထမတစ်ခေါက်လောက် ခခယယ တောင်းပန်နေရမှာ မဟုတ်တော့ဘူး။ ဘာကတိမှလည်း ပေးနေမှာ မဟုတ်တော့ဘူး။



ဈေးက ကျနေပြီလေ။

တွေးကြည့်တတ်ရင် ကြောက်စရာပါ သမီး။

## လက်ယဉ်တွေ သတိထား

လူတစ်ယောက် လူသတ်ဖူးရင် 'လက်ယဉ်တယ်' လို့ သုံးတတ်ကြတယ်။ နောက်တစ်ယောက် သတ်ရမှာ လက်မတွန့်တော့ဘူးဆိုတဲ့ သဘောပေ့ါ။

အတွေ့အကြုံ မရှိသေးတဲ့ အပျိုကလေး တစ်ယောက်ဟာ ယောကျ်ားကလေးတစ်ယောက်ကို နောက်ဆုံးအဆင့်အထိ အလျှော့ပေးလိုက်လျောဖို့ဆိုတာ စိတ်ကကြည်ဖြူရင်တောင် ကိုယ်ကာယက ခက်တတ်ပါတယ်။ လက်ထပ်ပြီးသား အပျိုစင်ကလေးတွေတောင် မင်္ဂလာဦးညမှာ အခက်အခဲပေါင်းများစွာနဲ့ပါ။ ဒါတွေအားလုံး ကြားဖူးသိဖူးနေကြတာပါပဲ။

သမီးအရွယ်ကို ရှေ့မျက်နှာ နောက်ထားပြီး စေတနာအရင်းခံနဲ့ ပြောရရင် အဲသလို ခက်တာ အပျိုကလေးတွေမှ မဟုတ်ပါဘူးကွယ်။ လူပျိုကလေးတွေလည်း အတူတူပါပဲ။ အတွေ့အကြုံမရှိတဲ့ လူပျိုကလေးတစ်ယောက်ဟာ အပျိုကလေးတစ်ယောက်ဆီက ကာမကို ရအောင်ယူဖို့ဆိုတာ အထူးသဖြင့် ငိုမလို တောင်းပန်တိုးလျှိုး ပြင်းဆန်နေတဲ့အချိန်မှာ ဘယ်လိုမှ လွယ်ကူတဲ့ကိစ္စ မဟုတ်ပါဘူး။

အဲဒါ လွယ်ကူနေသယောင်ရှိရင် အကြောင်းရင်းက ရှင်းပါတယ်။

သူ လက်ယဉ်နေပါပြီ။

အဲသလို လူမျိုးက 'ချစ်လွန်းလို့' ဆိုတာ ယုံဦးမလို့လား သမီး။

## အဝေးကြီးက ကြိုရှောင်ပါ

ရှေ့ပိုင်းမှာ ဆရာရေးခဲ့သလိုပဲ မိန်းကလေးလည်း သူ့သွေးနဲ့ သူ့သားနဲ့ သူ့ ဟော်မုန်းနဲ့ပါ။

သတ်ကွင်းအလယ်ကျမှ ရုန်းထွက်ရင် ပဟာဒီကျားလက်မှာ ပူးထောက်အရှုံးပေးရဖို့ တော်တော်နီးစပ်ပါတယ်။ အဝေးကြီးက ကြိုရှောင်ကြပါကွယ်။ အဲဒီအထိတော့ ဖြစ်သွားလိမ့်မယ် မထင်ပါဘူးလို့များ တွေးကို မတွေးကြပါနဲ့။

ဟိုတလောက ဒီမြစ်မခ မဂ္ဂဇင်းမှာ ဆရာရေးခဲ့ဖူးတဲ့ 'ယမကာလုလင်' ဆောင်းပါးကို သဘောကျလို့ ဆိုပြီး ရုပ်မြင်သတင်းထောက်လေးတစ်ယောက် ဆရာ့ကို လာအင်တာဗျူးတယ်။

သူ့မှာပါလာတဲ့ ကင်မရာထဲက ဗီဒီယို ကလစ်အချို့ကိုလည်း ပြတယ်။ ရည်းစားနဲ့ကွဲလို့ စိတ်ညစ်နေတဲ့ မိန်းကလေးကို အဲဒီရည်းစားရဲ့ သူငယ်ချင်းယောကျ်ားလေးက ထန်းရည်ဆိုင်ကို ခေါ်သွားပြီး ထန်းရည်တိုက်ပြီး ဖျောင်းဖျနေတဲ့ ကလစ်လည်း ပါတယ်။

ကြောက်စရာကောင်းလိုက်တာကွယ်။

ဆရာတို့ သိပ်ဂုဏ်ယူခဲ့တဲ့ မြန်မာ ယောကျ်ားကလေးတွေရဲ့ မြန်မာ မိန်းကလေးတို့အပေါ် နှမရင်းချာလို စောင့်ရှောက်တတ်တဲ့ အကျင့်ကလေး ဘယ်ရောက်ကုန်ပြီလဲ။

ဆရာလွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ရေးဖူးတဲ့ 'နုတ်ပန်းနွယ်' ဝတ္ထုထဲက စာသားကလေးလိုပါပဲ သမီး။

ဘီလူးကုမ္ဘာန်တွေကတော့ စောင့်ရှောက်နိုင်မှာ မဟုတ်တော့ဘူး။ သမီးကလေးတို့ရဲ့ဘဝ၊ အရှက်နဲ့ သိက္ခာဆိုတဲ့ အာသာဝတီ နွယ်နီနုတ်ပန်းကလေးတွေကို သမီးတို့ ကိုယ်တိုင်ရဲ့ ဆင်ခြင်တုံတရားနဲ့ စောင့်ရှောက်ရမယ့်အချိန် ဖြစ်နေပါပြီ။

စောင့်ရှောက်နိုင်ကြပါစေလို့လည်း ဆုတောင်းပေးပါတယ်ကွယ်။

○

## အမျိုးကို ဘာနဲ့စောင့်ကြမလဲ

**သမီးရေ**

'ဟိုတယ်လိုက်မှ မောင်ကြိုက်မယ်ဆို' ဆောင်းပါးကို ရေးပေးပြီး စက်တင်ဂ့်နိုဝ်နေတုန်းမှာပဲ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ ဘာသာခြားနဲ့ လက်ထပ်တာနဲ့ ပတ်သက်ပြီး ဥပဒေတစ်ရပ်ကို ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသကွယ်။ အဲဒီ ဥပဒေနဲ့ တွဲဖက်ပြီး လက်မထပ်ဘဲ အတူနေတာကို ထောင်ချဖို့အထိ ဆိုတာတွေလည်း ဖြစ်လာပြန်တယ်။

ဆရာက မြန်မာအမျိုးသမီးကလေးတွေ လက်မထပ်ခင် ကိုယ့်ချစ်သူကို အသွေးအသားတွေ မကြည်ဖြူမိဖို့ ဆောင်းပါးရေးခဲ့တဲ့သူဆိုတော့ အဲဒီဥပဒေတွေ ထွက်လာတာ ကြိုဆိုမှာပဲလို့ သမီးတော့ ထင်မလား မသိဘူး။ တကယ်တော့ ဆရာက ဘာပြောရမှန်းကို မသိတော့တာပါကွယ်။

**ဥပဒေနှင့် ကိုယ်ကျင့်တရား**

လူတစ်ပါးအသက်ကို သတ်တာက ရှောင်ရန်ကိစ္စဖြစ်တယ်ကွယ့်။ သတ်တဲ့ အသက်က လူဆိုရင်တော့ ဥပဒေနဲ့ပါ ဖမ်းဆီးအရေးယူလို့ရတယ်။ တိရစ္ဆာန်လည်း မသတ်တာ အကောင်းဆုံးပဲပေါ့။ ဥပဒေနဲ့တော့ အရေးယူလို့ မရပြန်ဘူး။ အဲဒါက ဥပဒေကလိုနေတာ မဟုတ်ဘူးလေ။ ဥပဒေလည်း

သူနဲ့ဆိုင်တဲ့ အထွာအထိပဲ သူဝင်ပါရမပေါ့။ နေရာတကာ ဝင်ပါနေလို့တော့ ဘယ်ရမလဲ။

ဆရာ 'မင်္ဂလာရှိသော အောင်မြင်မှု' မှာ ရေးဖူးသလိုပဲ မကျူးလွန်အပ်သော မိန်းမက အမျိုး ၂၀ တောင် ရှိသကွယ့်။ အဲဒါတွေသာ ဖယ်လိုက်ရင် ကိုယ့်ဇနီးကလွဲလို့ ဘယ်သူမှ မကျူးလွန်ရဘူးလို့ အဓိပ္ပာယ်ထွက်တာပါပဲ။ ဒါက ဆင်ခြင်တုံတရားနဲ့ ရှောင်ရမယ့်ကိစ္စပါ။ သံသရာမှာလည်း အကုသိုလ်ကံရဲ့ အကျိုးပေးကို ခံရမှာပါ။ အဲဒါကို လက်မထပ်ရသေးခင်မှာ ကျူးလွန်ရင် အရေးယူဖို့ ဥပဒေပြဋ္ဌာန်းတော့ လက်မထပ်ခင်ကျူးလွန်ခြင်း ရှိ၊ မရှိကို စစ်ဆေးဖို့ ဘယ်သူ့မှာ တာဝန်ရှိသလဲ မေးရမလိုဖြစ်လာပြန်ရော။

တစ်ချိန်တုန်းက တူရကီနိုင်ငံမှာ ခိုးသူတွေကို လူမြင်ကွင်းမှာတင် လက်ဖြတ်ပစ်ရတဲ့ ဥပဒေရှိခဲ့ဖူးသကွယ့်။ သူ့ပြစ်မှုနဲ့ သူ့ဘာသာသူ့ပြစ်ဒဏ်နဲ့တော့ မှန်နေသလိုရှိပေမယ့် အဲဒီကိစ္စကြောင့်ပဲ သူတို့နိုင်ငံကို ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ တစ်တန်းတည်း ကူးလူးဆက်ဆံရမှာ ရွံ့ခဲ့ကြဖူးတာ အမှန်ပါပဲ။

ကိုယ့်လူမျိုးရဲ့ ယဉ်ကျေးမှုဝိသေသ လက္ခဏာတွေကို ထိန်းသိမ်းရမှာ အမှန်ပဲဖြစ်ပေမယ့် ကမ္ဘာ့ယဉ်ကျေးမှုနဲ့ ကွာလွန်းတဲ့ကိစ္စတွေကို ဆက်ထိန်းသိမ်းထားရင် တစ်ခါက မွတ်စလင်နိုင်ငံတွေမှာ ဖောက်ပြန်တဲ့ မိန်းမတွေကို ခဲနဲ့ပေါက်သတ်တဲ့ အဆင့်မျိုး ပြန်ရောက်သွားနိုင်တယ်။

ဆရာ သိပ်လေးစားတဲ့ ကွယ်လွန်သူ စာရေးဆရာကြီး ငြိမ်းကျော်ကတော့ ဆရာတို့ငယ်ငယ်က ဆေးတက္ကသိုလ် (၁)ရန်ကုန်မှာလာပြီး စာပေဟောပြောရင်းနဲ့ ပြောဖူးတယ်။

'ဥပဒေနဲ့ ထိန်းသိမ်းပေးဖို့ မဖြစ်နိုင်တဲ့ ကိုယ်ကျင့်တရားတွေကို ဆင်ခြင်တုံတရားနဲ့ ထိန်းရပါတယ်။ အဲဒီဆင်ခြင်တုံတရားတွေကို ပြဋ္ဌာန်းပေးချင်လို့ ကျွန်တော် ရသစာရေးဆရာ လုပ်ပါတယ်' တဲ့။

ကောင်းလိုက်တဲ့ စကား။

ဆရာ့လမ်းကြောင်းနောက်ကလိုက်ပြီး ရသစာရေးဆရာ လုပ်ခဲ့မိတာ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိတဲ့အထိပဲ။

ဆရာ ဥပမာပေးသွားတာက သူရေးခဲ့တဲ့ 'အပြာရောင်သစ်ခွပွင့်ရဲ့ သမိုင်းအစ' ဝတ္ထုရှည်ပါ။



ကောင်လေးက လက်မထပ်ခင် လွန်ကျူးသွားတယ်။ ကောင်မလေးက ကိုယ်ဝန်နဲ့ ကျန်ခဲ့တယ်။ ကောင်လေးက တာဝန်မယူဘူး။ အိမ်က နှင်လိုက်တယ်။

ကောင်မလေးက သတ်လည်း မသေဘူး။ ဖျက်လည်း မချဘူး။ တောလည်း သွားမမွေးဘူး။ သူ့မိသားစုကလည်း သူ့ဘက်က ရဲရဲဝံ့ဝံ့ ရပ်တည်တယ်။

'သမီးနဲ့ သူနဲ့ ရည်ငံနေတာ တစ်ရပ်ကွက်လုံးအသိ၊ ရှက်ချင်းရှက်ရင် တာဝန်မယူတဲ့ သူတို့ဘက်က ရှက်ရမှာ၊ ဖေဖေတို့ ရှက်စရာမလိုဘူး သမီး'

ကောင်မလေးအဖေရဲ့ ပြတ်သားလှတဲ့ စကား။

နောက်ဆုံး ကလေးမွေးတယ်။ ကောင်လေးက ပြန်လာတောင်းပန်တယ်။ လက်ထပ်ခွင့်တောင်းတယ်။ ကောင်မလေးက ငြင်းလိုက်တယ်။

'ကျွန်မဘဝမှာ အိမ်ထောင်ပြုတာ ရှိချင်ရှိဦးမှာ ဖြစ်ပေမယ့် ရှိခဲ့ရင်တောင် ကျွန်မရဲ့ အိမ်ထောင်ဖက်ဟာ ရှင်တော့ မဖြစ်နိုင်တော့ဘူး' တဲ့။

မမှုက အမမှုကို အနိုင်ယူလိုက်တဲ့ စကား။ ဆရာတို့ သိပ်သဘောကျခဲ့ရဖူးတယ်။

အခုတော့ ဥပဒေအသစ်အရဆိုရင် နှစ်ယောက်စလုံး ထောင်နန်းစံရမလို ဖြစ်နေပြီ။

လူသတ်မှုတွေတောင် ပေါ်အောင် မဖော်နိုင်တဲ့ ဥပဒေ ထိန်းသိမ်းရေးတုပ်စုတွေကို ဒီကိစ္စတွေထဲကို ဝင်မပါစေချင်သေးပါဘူး သမီးရယ်။

ဒါ ကိုယ်ကျင့်တရားနဲ့ ထိန်းရမယ့် ကိစ္စတွေပါ။

## ဘာသာခြားနဲ့ လက်ထပ်ရင်

ဘာသာခြားဆိုတာလည်း တကယ်တမ်းကျတော့ မွတ်စလင်ကိုပဲ ဆိုလိုတာပါ။

ခရစ်ယာန်၊ ဟိန္ဒူ၊ ဂျိမ်း၊ ဗုဒ္ဓဘာသာ အစရှိတဲ့ ဘာသာတွေမှာ ဘာသာမတူဘဲ လက်ထပ်တာကို ပြင်းပြင်းထန်ထန် တားမြစ်ထားတဲ့ ထုံးတမ်းစဉ်လာတွေ မရှိဘူးကွယ့်။ ဝိသာခါရဲ့ ခင်ပွန်းတောင် ဗုဒ္ဓဘာသာ

မဟုတ်ဘဲ ဝိသာခါ ဘယ်လောက် သာသနာ့အကျိုးကို ဆောင်ခဲ့သလဲ အားလုံးအသိပဲ။

အခုကကတော့ မွတ်စလင် ဘာသာဝင်တွေနဲ့ လက်ထပ်တဲ့အခါ ဗုဒ္ဓဘာသာ အမျိုးသမီးကလေးတွေ နစ်နာဆုံးရှုံးရတာတွေ များလွန်းလို့ ကာကွယ်ဖို့ ဒီဥပဒေပေါ် လာရတာဖြစ်တယ်။

ဥပဒေကို ဖတ်ကြည့်တော့ မွတ်စလင် (ဘာသာခြား) အမျိုးသမီး ဗုဒ္ဓဘာသာဝင်ယောကျာ်းနဲ့ လက်ထပ်ရင်ဆိုတာမျိုး ပါမလာဘူး။ တခြား ဘာသာဝင် မိန်းကလေးတွေရဲ့ အကျိုးကို ကာကွယ်စောင့်ရှောက်တဲ့ ပြဋ္ဌာန်းချက်တွေ တိတိကျကျ ရေးမထားဘူး။

လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားတဲ့ နိုင်ငံတစ်နိုင်ငံမှာ ဘာသာ တစ်ခုတည်းက အမျိုးသမီးကလေးတွေအတွက် ရွေးပြီး ဥပဒေထုတ်ပေးတာ တော့ နိုင်ငံတကာစံနဲ့ ညှိရခက်မယ် သမီး။

သိပ်နက်နဲ သိမ်မွေ့တဲ့ ကိစ္စတွေပါကွယ်။

ပညာရှင်ပေါင်းစုံ ဝိုင်းစဉ်းစားရင်တောင် အဖြေမျိုးစုံ ထွက်ပြီး ငြင်းခုံနေရတာနဲ့ ဥပဒေတစ်ခု ထွက်လာဖို့ အလွန်ခက်မယ့်ကိစ္စမျိုးပါ။ အခုက ပညာရှင်တစ်မျိုးတစ်စားတည်း နီးနီးဖြစ်နေတဲ့ လွှတ်တော်မှ အတည်ပြုလို့ ရတာပါ။

**ဆရာ့သဘော**

ဆရာ့သဘော ရင်ထဲရှိတဲ့အတိုင်း ပြောပြရမယ်ဆိုရင် ဆရာဟာ ထေရဝါဒ စစ်စစ် ဗုဒ္ဓဘာသာကို အလွန်ယုံကြည်စွာ ကိုးကွယ်တဲ့ လူကြီးတစ်ယောက် ဆိုတာ အရင် ပြောပြဖို့လိုမယ်ကွယ်။ ဖတ်နေတဲ့ သမီးကလေးတွေထဲမှာ လည်း ဘာသာခြားတွေက ပါနေနိုင်သေးတာကိုး။

အခုကိစ္စက နှစ်ခု။

၁။ ဘာသာခြားနဲ့ လက်ထပ်တာ၊

၂။ လက်မထပ်ခင် ကျူးလွန်တာ

၂ နဲ့ ပတ်သက်လို့ကတော့ အရင် ဆောင်းပါးထဲမှာ ဆရာ အသေးစိတ် ရေးထားပြီးသားမို့ ထပ်မရေးပြတော့ဘူး။ ဒီကိစ္စဟာ ဥပဒေနဲ့ လိုက်တားရမယ့်ကိစ္စ မဟုတ်ဘူး။ ဆင်ခြင်တုံတရား အားကောင်းအောင် ပညာပေးရမယ့် ကိစ္စလို့ ဆရာခံယူထားကြောင်းလေးပဲ ဖြည့်ပြောချင်တယ်။



**ဘာသာခြားနဲ့ လက်ထပ်တဲ့ကိစ္စ**

အခုနာမည်ကြီးနေတဲ့ PK ဆိုတဲ့ အိန္ဒိယ ရုပ်ရှင်ကလေးကို ကြည့်ဖူးကြမှာပါ။ အဲဒီမှာ အိန္ဒိယက ဟိန္ဒူမကလေးနဲ့ ပါကစ္စတန်က မွတ်စလင် အမျိုးသားကလေးနဲ့ ဘာသာမတူလို့ ကွဲကြရတာကနေ စထားတယ်။ (လက်မထပ်ခင်လည်း အတူနေကြသေးတာကွယ့်။ ဒီမှာဆို ထောင်ကျလောက်တယ်။)

နောက်တော့ ဇာတ်လိုက်ဂြိုဟ်သားရောက်လာပြီး ဘာသာပေါင်းစုံကို လိုက်လေ့လာတော့မှ ပွဲက ဆူတော့တယ်။

'ကမ္ဘာပေါ်မှာ ဘုရားသခင်နှစ်မျိုးပဲ ရှိတယ်။ လူတွေကို ဖန်ဆင်းတဲ့ ဘုရားသခင်ရယ်၊ လူတွေက စိတ်ကြိုက်ဖန်ဆင်းထားတဲ့ ဘုရားသခင်ရယ်' တဲ့။

သူပြောတာက ဘုရားသခင်အစစ်က သူ့ဘာသာပဲ သူနေတယ်တဲ့။ လူတွေ ဖန်ဆင်းထားတဲ့ ဘုရားသခင်တွေ အမျိုးမျိုး ကွဲပြားပြီး အဲဒါတွေနဲ့ လူတွေ ပဋိပက္ခဖြစ်နေတာ ဘာမှ အဓိပ္ပာယ်မရှိဘူးတဲ့။

ဆရာ သတိထားမိတာ တစ်ခုရှိတယ်။

ဘုရားသခင်ကို စိတ်ကြိုက်ဖန်တီးထားတဲ့ ဘာသာတွေဆိုပြီး သူပြသွားတာ ဗုဒ္ဓဘာသာမပါဘူး။ ဘယ်ပါမလဲ။ ဆရာတို့ဘာသာက ထာဝရဘုရားသခင်ဆိုတာကို လက်ကိုမခံတာလေ။

အတ္တာဟိအတ္တနော၊ နာထော. . . တဲ့။

မိမိပြုသောကံအတိုင်းသာ မိမိကို စီမံရာ ခံကြရသတဲ့။ ဒီတော့ ကိုယ်နဲ့ ကိုးကွယ်ရာ မတူတဲ့သူတွေကို မကြည်ဖြူစရာ ဆရာတို့မှာ ဘာ အနှောင်အတားမှ မရှိပါဘူး။ သူတို့ကို မုန်းစရာ၊ ရှောင်စရာလည်း အကြောင်းမရှိပါဘူး။ ဆန့်ကျင်စရာလည်း အကြောင်းမရှိပါဘူး။

ဆန့်ကျင်ချင်း ဆန့်ကျင်ရင် ဗုဒ္ဓဘာသာအယောင်ဆောင်ပြီး ထေရဝါဒကို ပူးသတ်နေတဲ့ ဘုရားမဟောတဲ့ အယူအဆအမှားတွေကိုသာ ဆန့်ကျင်ရမှာ မဟုတ်ဘူးလား။

တခြားဘုရား ကိုးကွယ်နေသူတွေကိုတော့ သူ့ဘုရားကို ကိုယ်က မယုံရင် သူ့ကို ကရုဏာထားစရာသာ ရှိတော့မပေါ့။ ဒေါသပွားစရာ ရှိလို့လား။

ဒါဆို ဆရာက ဗုဒ္ဓဘာသာဝင် သမီးပျိုကလေးတွေ ဘာသာခြား နဲ့ အိမ်ထောင်ပြုတာ ကြိုက်လို့လားလို့မေးရင်တော့ မကြိုက်တာ အမှန်ပါပဲ လို့ ဖြေရမှာပဲ။

အကြောင်းရင်းက အရင် ဆရာရေးခဲ့တဲ့ 'အချစ်စစ်ဆိုတာ' ဆောင်းပါးမှာ ပါပြီးပြီလေ။

သာယာတဲ့ အိမ်ထောင်ရေး ဖြစ်ဖို့ဆိုတာက လေးချက်လိုတယ်။ ဘုရားအဟောပါ။

၁။ သမ သဒ္ဓ = ယုံကြည်မှု တူမျှခြင်း

၂။ သမ သီလ = အကျင့်သီလတူမျှခြင်း

၃။ သမ စာဂ = စွန့်ကြဲလှူဒါန်းမှု တူမျှခြင်း

၄။ သမပညာ = ကမ္မသကတ ပညာ = အသိဉာဏ်တူမျှခြင်း

ဘာသာခြားနဲ့ သမီးတို့ ဘယ်လိုလုပ် သမပညာဖြစ်နိုင်မှာတဲ့လဲ သမီး။

ဒါတောင် ရှေးဘဝ အထုံပါရမီပါလာတဲ့ ဘာသာခြားတွေ ဗုဒ္ဓ ဘာသာဝင်တွေနဲ့ယူပြီး ကိုယ့်အိမ်ထောင်ဖက်ထက်တောင် ဘာသာရေး ကိုင်းရှိုင်းတဲ့ ထေရဝါဒီ စစ်စစ်တွေ ဖြစ်သွားတတ်တာ၊ ခရစ်ယာန် ဘာသာ ကနေ ဗုဒ္ဓဘာသာပြောင်းလာတဲ့ ဆရာ့ယောက္ခမကြီး၊ ဆရာ့ မယားညီ အစ်ကို တစ်ဦး အစရှိသူတွေ တွေ့ဖူးရဲ့။

ဘာသာပြောင်းမလာတဲ့အပြင် သူ့ဘာသာ မဝင်ရကောင်းလားလို့ နှိပ်စက်တဲ့လူတွေအကြောင်းလည်း ကြားဖူးတာပါပဲ။ ဒါပေမဲ့ လူတွေရဲ့ ယုံကြည်ကိုးကွယ်ရာနဲ့ အိမ်ထောင်ဖက် ရွေးချယ်မှုက ကာယကံရှင်ရဲ့ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်လို့ပဲ ဆရာထင်တယ်။ အဲဒီလွတ်လပ်စွာ ဆုံးဖြတ်မယ့် လူငယ်တွေရဲ့ ဆုံးဖြတ်ချက် မမှားရအောင်သာ ကိုယ်က အသိပညာပေးဖို့ အဓိကပဲ မဟုတ်လား။

ဆရာတို့ အလုပ်ပါသမီး။

ဆရာတို့ ရသ စာပေပညာရှင်တွေရဲ့ အလုပ်ပါ။

ဥပဒေနဲ့ ကွပ်ညှပ်မှ ဥပဒေကို အစာမကြေတာနဲ့ အရွဲ့တိုက်မှာတွေ၊ ပဋိပက္ခ ဖြစ်မှာတွေ စိုးရိမ်မိပါရဲ့။

အမျိုးစောင့်ရမှာ အမှန်ပါ သမီး။



အမျိုးကို ဘာနဲ့စောင့်ကြမလဲလို့မေးရင်တော့ ဆင်ခြင်တုံတရားနဲ့ စောင့်ရမှာပါ။

ပညာနဲ့ စောင့်ရမှာပါ။

၀

## နိုင်ငံရေးလုပ်မယ့်သမီးတွေအတွက်

လူငယ်တွေနိုင်ငံရေး လုပ်တာကို ရာဇဝတ်မှုကြီး ကျူးလွန်သလို ပြောတတ်ဆိုတတ်ကြတဲ့ခေတ်မှာ လူငယ်လုပ်ခဲ့ရတဲ့ ဆရာက အခု လူငယ်တွေ ပွင့်ပွင့်လင်းလင်း နိုင်ငံရေးလုပ်လာကြတဲ့အချိန်မှာ လူကြီးတစ်ယောက် အနေနဲ့ ပြောပြချင်တာလေးတွေ ရှိလားသကွယ့်။

ဒီဆောင်းပါးမျိုးဆိုတာကလည်း 'နိုင်ငံရေး ကင်းရှင်းရမည်' လို့ အံကြိတ်ကြိမ်းမောင်းချင်နေတဲ့ လူကြီးတစ်ယောက်ယောက်က ရေးလို့ မကောင်းသလို 'နိုင်ငံရေးလုပ်ကြ၊ အစိုးရကို ဆန့်ကျင်ကြ' လို့ တိုင်ပေးနေတဲ့ လူကြီးတစ်ယောက်က ရေးလို့လည်း မကောင်းပြန်တာမို့ ဆရာပဲ ရေးလိုက်ရတာပါကွယ်။

**လူငယ်တွေ နိုင်ငံရေး ကင်းရှင်းဖို့လိုသလား**

ဖတ်မိပြီး သဘောကျလွန်းလို့ စွဲနေတဲ့ ကာတွန်းကလေးတစ်ကွက် ရှိသကွယ့်။

အဖေက သားကို ဆုံးမနေတာ။ နိုင်ငံရေးဆိုတာ လူတိုင်းနဲ့ဆိုင်ကြောင်း၊ နိုင်ငံနဲ့ဆိုင်တဲ့ ကိစ္စအဝဝ ဆောင်ရွက်တာဟာ လူတိုင်းရဲ့ နေထိုင်မှုဘဝနဲ့ ဆိုင်ပြီးသားဖြစ်ကြောင်း၊ နိုင်ငံရေးကို လေ့လာသင့်ကြောင်း စသဖြင့်ပေါ့လေ။ သူ့စကားဆုံးတော့ သားက 'ဟုတ်ကဲ့ အဖေ၊



ခုတော့ သား ရဲစခန်းမှာ နိုင်ငံရေး ကင်းရှင်းကြောင်း ထောက်ခံစာ သွားယူလိုက်ဦးမယ်' ဆိုပြီး ထွက်သွားတဲ့ပုံပေါ့။

တို့လွတ်လပ်ရေး ဖခင်ကြီး ဦးအောင်ဆန်းဟာ အသက် ၂၀ ကျော် အရွယ်မှာ နိုင်ငံရေးစလုပ်ခဲ့တာပဲလေ။ သူ့ရဲဘော်ရဲဘက်တွေဟာ အားလုံး သူ့အရွယ်တွေပဲ။ သူတို့ခေတ်နဲ့ သူတို့တော့ သူတို့လူငယ်တွေ သာ နိုင်ငံရေး မလုပ်ခဲ့လို့ရှိရင် တို့နိုင်ငံတော့ လွတ်လပ်ရေး ရစရာ အကြောင်းမရှိခဲ့ဘူး။

ဒါကြောင့် လူငယ်တွေ နိုင်ငံရေးမလုပ်ရဘူးဆိုတဲ့ စကားကို ယေဘုယျအားဖြင့်တော့ ဆရာ သဘောမတူဘူးလို့ပဲ ပြောရမှာပဲ။ အခု ဆရာ သရဖူမဂ္ဂဇင်းမှာ အခန်းဆက်ရေးနေတဲ့ ဝတ္ထုရှည် 'နှင်းဆွတ်ရေ' ရဲ့ အဓိက ဇာတ်ဆောင်တွေကလည်း နိုင်ငံရေး လုပ်တဲ့ လူငယ်တွေပဲ။

ဒါပေမဲ့ နည်းနည်းလေး ချဲ့တွေးကြည့်ကြရအောင်။

၁၉၈၈ ခုနှစ်မှာ မြန်မာနိုင်ငံရေး လောကထဲကို ဝင်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ လူငယ်နိုင်ငံရေးသမား စစ်စစ်ကြီး ဦးအောင်ဆန်းရဲ့ တစ်ဦးတည်းသော နိုင်ငံရေး မျိုးဆက်ဖြစ်သကွယ့်။ အဲဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ အသက် ၄၃ နှစ်လောက် ရှိနေပြီ။

တကယ်တော့ သူရင်ဆိုင်ရတဲ့ အခင်းအကျင်းဟာ သူ့ဖခင်ရင်ဆိုင်ရတဲ့ အခင်းအကျင်းထက် အများကြီး ပိုပြီး ရှုပ်ထွေးပွေလီပါတယ်။ ဦးအောင်ဆန်း ရင်ဆိုင်ခဲ့ရတဲ့ အင်္ဂလိပ်အစိုးရဆိုတာ သိက္ခာအရာမှာ ဦးအောင်ဆန်းကိုယ်တိုင်က လေးစားခဲ့ရတဲ့လူမျိုးပါ။ ဒေါ်အောင်ဆန်းစုကြည် ရင်ဆိုင်ရတဲ့ အခင်းအကျင်းဆိုတာကတော့ သမီးတို့ သိကြတဲ့ အတိုင်းပဲ။ ဦးအောင်ဆန်းရဲ့ နိုင်ငံရေး လှုပ်ရှားမှုဟာ ၁၀ နှစ် မပြည့်ခင်မှာပဲ သူ အလုပ်ကြုံခံခဲ့ရတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေး လှုပ်ရှားမှုကတော့ ၂၇ နှစ် ရှိနေပြီ သမီး။ ဘယ်သူ ပိုအောင်မြင်တယ်လို့ ထင်သလဲ။

ပိုခက်ခဲတဲ့ အခင်းအကျင်းတွေမှာ ပိုနှစ်ပေါင်းကြာကြာ ဦးဆောင်ရင်ဆိုင်နိုင်ရုံသာမက ကမ္ဘာကျော်ခဲ့ရတဲ့ သမီးဟာ သူ့အဖေသွေးပါရုံသက်သက်နဲ့တော့ အဲသလို ဦးဆောင်နိုင်ခဲ့မှာ မဟုတ်ဘူး။ သူ့မှာ ဘာလက်နက်ကောင်း ရှိသလဲလို့ စဉ်းစားကြည့်လိုက်တော့ သူဟာ လူငယ်ဘဝ၊ လူရွယ်ဘဝတစ်လျှောက်လုံးမှာ ပညာနဲ့ နိုင်ငံရေးဝမ်းစာကို ဖူလုံသည်ထက် ဖူလုံ

အောင် စုဆောင်းပြီး ဒီအခင်းအကျင်းထဲကို ဝင်ခဲ့တာဖြစ်တယ်ဆိုတာ သွားတွေ့မှာ ဖြစ်တယ်ကွယ့်။

လူငယ်နိုင်ငံရေး မလုပ်သင့်ဘူးလို့ ဆရာမပြောပေမယ့် လူငယ်ဘဝမှာ လေ့လာပြင်ဆင်ချိန်ခဲ့ရခြင်း၊ မရခဲ့ခြင်းက သိပ် အရေးပါတယ်ဆိုတာ ထင်ရှားတယ်နော်။

## နိုင်ငံရေးလောကထဲက လူငယ်တွေ

အခု ဒီလလုပ်မယ့် ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ တစ်ကမ္ဘာလုံး ဟာခနဲ ဟင်ခနဲ ဖြစ်သွားလောက်တဲ့အကွက်တစ်ကွက်ကို လှုလှုပပကလေး ရွှေ့သွားတယ်။ အဲဒါကတော့ အရွေးချယ်ခံမယ့် သူ့ ပါတီက ကိုယ်စားလှယ်တွေကို ပညာတတ် လူငယ်ကလေးတွေအများကြီး ထည့်ပြီး ဖွဲ့သွားတာပဲကွယ့်။

ရုပ်ကလေးတွေကလည်း ချောလိုက်ကြတာ။ မင်းသား၊ မင်းသမီးကလေးတွေလား အောက်မေ့ရတယ်။ သူတို့ သမိုင်းကို ပြန်ကြည့်ရင်လည်း စက္ကူဖြူတစ်ရွက်လို စင်ကြယ်နေတယ်။

ရည်ရွယ်ချက် သုံးခု ဆရာ စဉ်းစားမိပါတယ်။

တစ်ခုက တရားမျှတမှု မရှိမယ့် ပွဲခွင် တစ်ခုကိုဝင်တဲ့နေရာမှာ ကိုယ့်လူတွေကို ဘာနဲ့မှ ထောက်စရာမရှိအောင် ရှင်းထားလိုက်တာပဲ။

နောက်တစ်ခုကတော့ အချင်းချင်း အပြန်အလှန် ပုဂ္ဂိုလ်ရေး တိုက်ခိုက်ဖို့ ပြင်ဆင်နေတဲ့ ပါးစပ်တွေဘာပြောရမှန်း မသိတော့အောင် လုပ်ပစ်လိုက်တာပဲ။

နောက်ဆုံး တစ်ခုက လူငယ်တွေကို နိုင်ငံရေးအတွေ့အကြုံ ဝမ်းစာစုဆောင်းဖို့ လက်တွဲခေါ်လာပြီး သူတို့နောက်က ဆက်ခံမယ့် မျိုးဆက်ကို နိုင်ငံအပေါ်လည်း စေတနာရှိတယ်၊ ဘယ်အချိန်မှာ ဘာလုပ်ရမယ်ဆိုတဲ့ အကွက်ကိုလည်း မြင်တဲ့လူတွေမြင်အောင် ကြိုတင်လေ့ကျင့် သင်ကြားပေးထားခြင်းအားဖြင့် နိုင်ငံရေးသမားမျိုးဆက် မပြတ်အောင် ပြင်ဆင်တာပဲ။

ဒါ သိပ်လှတဲ့ အကွက်နော်။

၁၉၉၀ တုန်းက သူအဲသလို မလုပ်ခဲ့ဘူး။ အခြေအနေတွေက တစ်မျိုး ဖြစ်နေခဲ့တာကိုး။



၁၉၈၈ ထဲမှာ တချို့ နိုင်ငံရေးသမားကြီးတွေ လူငယ်တွေကို ခေါ်ပြီး ရှေ့က ချီတက်သွားတာတွေ ရှိတယ်။ တော်တော်ကို ငယ်တဲ့ လူငယ် ကလေးတွေပါ။ တစ်ခုခုလုပ်ပြီး ဖြိုခွဲမယ့်သူက လူငယ်ကလေးတွေဆိုရင် ပြင်းပြင်းထန်ထန် လုပ်မှာ မဟုတ်ဘူးလို့ တွက်ခဲ့ကြတယ်။ လက်တွေ့ဘာဖြစ်သွားသလဲတော့ သမီးတို့လည်း သိကြတဲ့အတိုင်းပဲ။

လူငယ်ဆိုတာ တိုင်းပြည်ရဲ့ အညွန့်အဖူးကလေးတွေပါ သမီး။ ဘယ်ဘက်က မှန်တယ်ပဲပြောပြော အဲသည် အညွန့်အဖူးကလေးတွေ ထိခိုက်ပွန်းပဲ့တိုင်း ဆရာတို့ မျက်ရည်ကျရပါတယ်။ မကြာသေးခင်က ကျခဲ့ရတဲ့ မျက်ရည်တောင် ခုထက်ထိ မခြောက်သေးပါဘူး။

## ဆရာ့လူငယ်ဘဝက နိုင်ငံရေး

ဆရာက ၁၉၈၅ ခုနှစ်မှာ ဆရာဝန်ဖြစ်တာကွယ့်။ ၁၉၈၈ လူထုအုံကြွမှုကြီး ဖြစ်တော့ ရှေ့တန်းမှာ။

၁၉၉၁ ခုနှစ်မှာ ဝန်ထမ်းတွေအားလုံးကို စစ်အစိုးရက သူတို့အပေါ် သစ္စာရှိ၊ မရှိ နာမည်ကျော် ၃၃ ချက် ဆန်းစစ်မှုတွေ ဖြည့်ခိုင်းတော့ ဆရာက ဘွဲ့လွန်ကျောင်းသား။ အဲဒီမှာ စိတ်ထဲရှိတဲ့ အတိုင်းသာ ဖြည့်လိုက်ရင် အဲဒီတုန်းက အရေးယူခံရတဲ့ ဆရာ့ သူငယ်ချင်းတော်တော်များများနဲ့အတူ လွင့်စဉ်ထွက်သွားမှာပဲ။ အခု အသက် ၅၀ ကျော် အရွယ်မှာ အခုလက်ရှိ လုပ်နေတာလောက် အများကို ကူညီနိုင်ဖို့ဆိုတာလည်း မဖြစ်နိုင်သလောက်ပဲ။

ဝမ်းစာ မပြည့်သေးခင်မှာ၊ စင်ပေါ်မတက်နိုင်သေးခင်မှာ စင်အောက်ကနေ ဆွဲထုတ်ခံရရုံ လျှောက်အော်နေလို့တော့ အကျိုးမရှိလောက်ဘူးလို့ ဆရာ ဆုံးဖြတ်ခဲ့တယ်။ ၃၃ ချက်ကို သူတို့အလိုကျ ဖြည့်ခဲ့တယ်။

အဲဒီကိစ္စကို 'ကျောက်စရစ်ခဲကလေးများမှ တစ်ဆင့်' ဝတ္ထုရှည်မှာ ဆရာ ထည့်ရေးတော့ 'အဲဒီလို ဖြည့်ခဲ့ရတာ ဆရာ ရှက်စိတ်မဝင်ဘူးလား' လို့ အင်တာဗျူး ဆရာမကလေး တစ်ယောက် မေးသေးတယ်။ ဆရာက 'ရှက်ချင်းရှက်ရင် ၃၃ ချက်ကို မေးသူက ရှက်ရမှာပါ' လို့ ဖြေခဲ့တယ် သမီး။

## လူကြီးဘဝမှာ

အခု လူကြီးဖြစ်လာပြီးတော့လည်း ဆရာနိုင်ငံရေး မလုပ်ပါဘူး။ နိုင်ငံရေး စိတ်မဝင်စားလို့တော့ မဟုတ်ဘူး။ ဆရာ နိုင်ငံရေးလုပ်တာနဲ့စာရင် ဆရာဝန်ဘဝ၊ ကျောင်းဆရာဘဝ၊ စာရေးဆရာဘဝမှာ ဆက်နေတာအများ အတွက် ပို အကျိုးပြုနိုင်လိမ့်မယ်လို့ ယုံကြည်လို့ပဲ။

မကြာသေးခင်က ကျန်းမာရေးဝန်ကြီးဌာနကို သူတို့အခေါ် 'မိုးကျ ရွှေကိုယ်' ဆိုတဲ့ စစ်ဗိုလ်တွေ စပြောင်းလာတဲ့ကိစ္စကို ဆရာဝန်တော်တော် များများက 'ဖဲကြိုးနက်' လှုပ်ရှားမှုဆိုပြီး ဆန့်ကျင်တဲ့ကိစ္စပေါ်လာတယ်။ နှစ်ပေါင်းများစွာ အတွေ့အကြုံရှိခဲ့တဲ့ ဆရာဝန်တွေအပေါ်ကနေ လုပ်ငန်း သဘောဘာမှ မသိဘဲ မနေ့တစ်နေ့ကမှ တပ်ကထွက်လာတဲ့ အရာရှိတွေ က အုပ်ချုပ်အမိန့်ပေးတာကို ကျန်းမာရေးလောကလိုမျိုး Highly specialized Area ပညာရပ်ဆိုင်ရာ ဆုံးဖြတ်ချက်တွေ ခက်ခဲနက်နဲတဲ့နေရာမျိုးမှာ မလုပ်သင့်ဘူးလို့ ဆရာလည်း ခံယူပါတယ်။ ဒါပေမဲ့ ကိုယ့်အဆင့်က အဲသည်ကိစ္စ ဆုံးဖြတ်တဲ့လူကြီးတွေ အဆင့်နဲ့ သိပ်ကြီးမဝေးတော့တာမို့ ဝင်ပြောလို့ မကောင်းဘူးဆိုပြီး မပြောဘဲ နေခဲ့ပါတယ်။ သူများတွေ ရင်ဘတ်မှာ ဖဲကြိုးနက်ကလေးတွေ တပ်ကြတော့လည်း ဆရာမတပ်ခဲ့ပါ ဘူး။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ အဲသည်ကိစ္စက ကျယ်ပြန့်လာပြီး ဆရာ့ လက်အောက်က တွဲဖက်ပါမောက္ခအဆင့်အထိလောက် အဲသည်ကိစ္စမှာ ပါလာတဲ့အခါကျတော့ ဆရာက ဖဲကြိုးနက်လှုပ်ရှားမှုကို ဆရာလည်း ထောက်ခံကြောင်း ကြေညာခဲ့ပါတယ်။ ကြေညာမိလို့ Wikipedia ထဲအထိ ကိုယ့်နာမည်ပါသွားပြီး လန်ဒန်ကနေ တယ်လီဖုန်းနဲ့ အင်တာဗျူးတာ တောင်ခံခဲ့ရပါတယ်။ တကယ်တော့ ဆရာက လူကြီးတွေကို ဆန့်ကျင် ချင်တာ မဟုတ်ဘဲ လူငယ်တွေကို ကာကွယ်ချင်ခဲ့တာပါ။ ဆရာပါ လိုက် တဲ့အတွက် နောက်ပိုင်း ပါမောက္ခတွေ၊ ပါမောက္ခချုပ်တွေ တစ်ယောက်ပြီး တစ်ယောက် ပါလာတဲ့အတွက် အဲသည်ကိစ္စဟာ နောက်ဆုံးဘယ်သူမှ ခလုတ်မထိ ဆူးမငြိဘဲ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြီးသွားခဲ့ပါတယ်။ တကယ်လို့ ဆရာ့နေရာမှာ လူငယ်တစ်ယောက်သာ ဆိုလျှင် အဲသည်ကိစ္စ အဲသလောက် အဆင်ချောမှာ မဟုတ်တာ သေချာတယ်။ အဲသလိုပဲ ဆရာက ၁၉၉၁ ခုနှစ်ကတည်းက ၃၃ ချက်နဲ့ လွင့်ထွက်သွားပြီးသား သူ တစ်ယောက်သာဆိုရင်လည်း အခုလို ကိုယ့်လူတွေကို ကိုယ်ကာကွယ်နိုင် လိုက်မှာ မဟုတ်ဘူး။



## နိုင်ငံရေးလုပ်မယ့် သမီးတွေအတွက်

ကျား၊ မ ခွဲခြားဆက်ဆံတာ၊ လူမျိုး ကိုးကွယ်ရာဘာသာ ခွဲခြားဆက်ဆံ တာကို ဆရာဟာ အလွန် ရွံတ်ချတတ်သူတစ်ယောက်ဆိုတာ အရင် ဆောင်းပါးမှာ ဆရာရေးပြီးသားနော်။

ဒါပေမဲ့ ကိုယ့်ရင်သွေးတွေ ရပ်ဝေးမြေခြား ခရီးသွားတာမျိုး ကျတော့ မြန်မာဖခင်ပီပီ သားထက်သမီးကို ပိုပြီး ပူပင်တတ်တဲ့ စိတ်က ပြင်လို့ မရပြန်ဘူးကွယ်။

လူငယ်တွေ နိုင်ငံရေး လုပ်ရင်လည်း သူတို့မိသားစုတွေက သားတွေထက် သမီးတွေကို ပိုပြီး စိတ်ပူကြမှာ အမှန်ပါပဲ။

အဲဒါနဲ့ပဲ သမီးတို့ နိုင်ငံရေးမလုပ်သင့်ဘူးလို့ ပြောရအောင်က လည်း တစ်ဖက်မှာ ဆရာတို့ နိုင်ငံတကယ်ပဲ ပြောင်းလဲလာပြီး ပွင့်လင်း လွတ်လပ်တိုးတက်လာခဲ့ရင် နိုင်ငံရေးနယ်ပယ်ထဲမှာ လူကြီးတွေချည်းရှိနေ ရင် နိုင်ငံရေးလုပ်နိုင်တဲ့သူ မျိုးဆက်ပြတ်သွားမှာလည်း စိုးရိမ်ပြန်ရော။

သမီးတို့ တစ်ယောက်ချင်း ကြုံတွေ့နေရတဲ့ ရှေ့က အခြေအနေ ကလေးတွေနဲ့ပဲ ချိန်ထိုးစဉ်းစားရမယ် ထင်ပါရဲ့။

ဆရာကတော့ နိုင်ငံရေး လုပ်ရာမှာမှ မဟုတ်ဘဲ ဘဝအောင်မြင် ရေးအတွက် ဘယ်ကိစ္စမှာမဆို အသုံးတည့်တဲ့ ဆရာဟောပြောပွဲတွေမှာ ပါနေကျ John Maxwell ရဲ့ ဘဝအောင်မြင်ရေး ကျင့်စဉ်သုံးချက်နဲ့ပဲ နိဂုံးချုပ်မှာချင်တယ်။

၁။ Knowing your purpose in life.
၂။ Growing your potential to maximum capacity.
၃။ Sowing seeds that benefit others.

၁။ ဘဝမှာ ကိုယ့်ရဲ့ ရည်မှန်းချက်က ဘာလဲ ကိုယ် သိပါစေ။
၂။ ရည်မှန်းချက်အတွက် လိုအပ်မယ့် အရည်အချင်းအားလုံး စုနိုင်သမျှ အကုန်စုဆောင်းပါ။
၃။ အဲသည် အရည်အချင်းတွေနဲ့ အများအကျိုးဆောင်ပါတဲ့။
သမီးတို့ အစစအောင်မြင်ကြပါစေကွယ်။

○

# အလွတ်ကျက်၊ အမှတ်ပြိုင်စနစ်

သည်တစ်ခေါက် အရှုံးလွယ်အိတ်ကို နှိုက်လိုက်တော့ လောကနီတိကျမ်း ထွက်လာသည်။

**လောကနီတိဆိုသည်မှာ**

လောကနီတိဆိုသည်မှာ ပင်းယခေတ်က စတုရင်္ဂဗလအမည်ရှိ ပညာရှိကြီး ရေးဖွဲ့ခဲ့သော ကျမ်းဖြစ်သည်။ ပါဠိဘာသာစကားဖြစ်၍ အနက်က လူ့ဘောင်လောက၏ ရှေ့ဆောင်လမ်းပြဟု ဆိုနိုင်သည်။ ဗုဒ္ဓဘာသာနှင့် နီးနွှယ်မှု ရှိနေသော်လည်း ဘာသာရေးကျမ်းမဟုတ်။

ဘုန်းတော်ကြီးသင် ပညာရေးကို အဓိကမှီခဲ့ကြရစဉ်က မြန်မာ ယောက်ျားလေး၊ မိန်းကလေးအားလုံး လောကနီတိကို သင်ခဲ့ကြဖူးသည်။ အစိုးရကျောင်းများ သက်သက်ဖြင့်သာ ပညာရေးကို အဓိက မောင်းနှင်ခဲ့ကြသော ခေတ်တွင်လည်း မြန်မာကလေးတို့ လောကနီတိနှင့် မစိမ်းကြ။ အချို့အချက်အလက်တွေမှာ ခေတ်နှင့် မလျော်ညီတော့တာတွေကို ဖြုတ်ဖယ်ခဲ့ကြသော်လည်း အဖိုးတန်တာတွေ အများကြီးကိုဆက်၍ ထိန်းသိမ်းခဲ့ကြသည်။ ဥပမာ ထကြွ နိုးကြား၊ သနားသည်းခံ၊ ဝေဖန်ယောက်ရှု ဤခြောက်ခု ကြီးသူ ကျင့်ဝတ်သာဆိုသော နာယကဂုဏ်ခြောက်ပါးကို ကျွန်တော်တို့ ငယ်ငယ်က ရေးရသော ဗလာစာအုပ်အားလုံး၏



ကျောဘက်မှာ ဖော်ပြထားသည်။ အဲဒါလည်း လောကနီတိကပါပဲ။ ဆိုလိုချင်တာက ဆိုရှယ်လစ်ခေတ်လိုမျိုး လူငယ်တွေကို စိတ်ကြိုက်ပုံသွင်းဖို့ ကလွဲ၍ စိတ်မဝင်စားတတ်သော ခေတ်မျိုးတွင် ပညာသင်သည်ဆိုတာ စာမေးပွဲအောင်ရုံ၊ အမှတ်ကောင်းရုံ၊ ဆင်ခြင်တုံတရား ထက်သန်ဖို့နှင့် အသိအလိမ္မာပြည့်ဝဖို့လည်း လိုသည်ဆိုသည့် အချက်ကို ဆရာတို့ မျက်ခြည်မပြတ်ခဲ့ပါ။

**အနောက်နိုင်ငံများက လောကနီတိ**

အနောက်နိုင်ငံတွေမှာတော့ လူငယ်တွေမှာ Right ခေါ် ပြိုင်ခွင့်တွေများ လွန်းသည်။ ဆုံးမရခက်ခဲသည်ဟု ကျွန်တော်တို့ ထင်တတ်ကြသည်။ သို့သော် သူတို့လည်း သူတို့နည်းသူတို့ဟန်နှင့် လောကနီတိကို သင်နေတာပါပဲ။ ကလေးတွေ လူပျိုဖော်၊ အပျိုဖော်ဝင်စပြုလာတဲ့အခါ ယောက်ျားလေးက မိန်းကလေးကို စိတ်ဝင်စားတာ၊ မိန်းကလေးက ယောက်ျားလေးကို စိတ်ဝင်စားတာ အများစုဖြစ်သော်လည်း ယောက်ျားလေးချင်း စိတ်ဝင်စားသူ၊ မိန်းကလေးချင်း စိတ်ဝင်စားသူတို့ကို နားလည်ပေးဖို့လိုကြောင်း၊ မကဲ့ရဲ့သင့်ကြောင်း၊ မနှိမ်သင့်ကြောင်းပါ သင်ပေးတတ်သည့် သူတို့ကို လူမှုဆက်ဆံရေး ဘာမှမသင်သူတွေဟုတော့ မထင်သင့်ပေ။

ယူကေနိုင်ငံတွင် လုပ်နေစဉ်အချိန်က ဆေးကျောင်းသူလေးတစ်ဦး ကျွန်တော့်အခန်းသို့ ဝင်လာ၍ စာမေးဖူးရာ စကတ်ကတိုတိုနှင့် စားပွဲပေါ် ခြေထောက်တင်ထားသဖြင့် ကျွန်တော့်ခမျာမှာ မျက်နှာလွှဲရမလို၊ မလွှဲရမလို နေရခက်ဖူးသည်။ သို့သော် တစ်ဖက်က စဉ်းစားကြည့်တော့လည်း သူတို့ ယဉ်ကျေးမှုမှာ ခြေထောက်တင်တာက မရိုင်း။ အခန်းထဲတွင် ဦးထုပ်ဆောင်းတာက ရိုင်းလေသည်။ ဘွဲ့ယူလျှင်တောင် ဦးထုပ်ဆောင်းကြသူတွေ မဟုတ်။

သေချာတာကတော့ ဆေးကျောင်းသား၊ ဆေးကျောင်းသူတွေ စာသွားသင်လျှင် စိတ်မဝင်စားသည့် အမူအရာ ဘယ်သူမှ လုပ်မပြ။ အားတက်သရော ဆွေးနွေးကြတာချည်းသာ။

တစ်ခါက အမေရိကန်ပြည်ထောင်စုမှာ ကင်ဆာရောဂါဖြစ်၍ ခေါင်းတုံးရိတ်ထားရသော အလယ်တန်း ကျောင်းသားကလေးတစ်ဦး စိတ်အားငယ်၍ ကျောင်းမတက်သောအခါ တစ်တန်းလုံး ကလေးတွေ

လိုက်ခေါင်းတုံးရိတ်ကြဖူးသည်။ အဲသည့်ကလေးတွေ၏ ဆင်ခြင်တုံတရားကို ပြဟ္မစိုရ်တရားထွန်းကားပါသည်ဟု အော်နေသော ကျွန်တော်တို့ လိုက်မီနိုင်ဖို့ မလွယ်သေး။

## အလွတ်ကျက်၊ အမှတ်ပြိုင် ပညာရေး

သည်နေ့ခေတ်ကလေးတွေ၏ ပညာရေးကတော့ အလွတ်ကျက်၊ အမှတ်ပြိုင် ပညာရေးသက်သက်ပါပဲဟု ကျွန်တော်ပြောလျှင် စိတ်ဆိုးသူတွေက အများကြီး ရှိမည်။

သူလည်း သေသေချာချာ မသိဘဲနှင့် ရမ်းသန်းအပြစ်တင်နေသည်ဟု ပြောသူတွေလည်း ရှိသည်။ ခြွင်းချက်တွေ အမြဲရှိတာ ကျွန်တော်သိပါသည်။

မကြာသေးမီက Facebook တွင် နာမည်ကျော်ကြားခဲ့သော ချောင်းဦးမြို့နယ်၊ ဆူးလေကုန်းကျေးရွာ အမှတ် (၅၉) အခြေခံပညာ အလယ်တန်း လက်ထောက်ကျောင်းအုပ် ဦးသန်းလှိုင်နှင့် သူ့တပည့် ကလေးတွေ၊ ကျောင်းသားမိဘတွေ ဖက်ငိုနေသောပုံကို ကြည့်ရင်း မျက်ရည်ဝဲရသူတွေထဲတွင် ကျွန်တော်ပါပါသည်။

မထင်မရှားကျေးရွာလေးတွေမှာ ကျူရှင်မပြ၊ ဘာမပြ ကလေးတွေ ပညာ၊ မျက်စိ၊ နားပွင့်ဖို့အတွက် ကိုယ့်ဘဝကိုယ်မြှုပ်နှံထားကြသည့် ဦးသန်းလှိုင်လို ကျောင်းဆရာမျိုးတွေ အများကြီးရှိနေတာ အမှန်ပါ။

ကျွန်တော်ပြောသည့် 'အလွတ်ကျက်၊ အမှတ်ပြိုင်' ပညာရေးစနစ်ဆိုတာက မြို့ကြီးတွေပေါ်က နာမည်ကြီးကျောင်းတွေမှာ ရှိနေတာပါ။

'ခင်ဗျားက ဘယ်လိုလုပ်သိသလဲ' ဟု မေးငြားအံ့။

အဲသည့်ကလေးတွေ နေမကောင်းဖြစ်တိုင်း အဲသည့်ကလေးတွေ၊ သူတို့ မိဘတွေနှင့် စကားပြောဖြစ်နေတာက ကလေး ဆရာဝန်တွေပါဆိုတာ သတိရစေချင်ပါသည်။

သွေးလွန်တုပ်ကွေး ဖြစ်နေသည့် ကလေးကို စာမေးပွဲနားနီးနေပြီဖြစ်၍ ကျောင်းပျက်လို့ မဖြစ်ဘူးလို့ ပြောသည့် မိဘ။

ရေကျောက်ဖြစ်၍ တခြားကလေးတွေ ကူးမှာစိုးသောကြောင့် ကျောင်းမသွားဖို့ မှာတာကို ဆရာဝန်ထောက်ခံချက်တောင်းသည့် ဆရာမ။



ကလေးက အဆင့်တစ်နေရာက ၁၀ ဖြစ်သွား၍ ဉာဏ်ကောင်းသည့် အားဆေးတိုက်ချင်သည့်မိဘ။

မနက် ၇ နာရီကနေ ည ၈ နာရီအထိ ကျူရှင်ပြီး ကျောင်း၊ ကျောင်းပြီး ကျူရှင်ဖြစ်နေ၍ ခေါင်းကိုက်သည်၊ ဗိုက်နာသည် တစ်ချိန်လုံး ပြောနေသည့်ကလေး။

ဒါတွေနှင့် နေ့တိုင်း ဆက်ဆံနေရတာ ကျွန်တော်တို့ပါ။

၁၀ တန်းကျောင်းသား အမှတ်မကောင်းလျှင် နှစ်သက်ရာလိုင်း မရမှာ စိုး၍ မိဘတွေ၊ ဆရာတွေ၊ ဖိအားပေးတတ်တာ ကျွန်တော်တို့ ခေတ်ကတည်းပါ။ သို့သော် ယခု ကျွန်တော်တွေ့နေသည့် ကလေးတွေက မူကြိုကတည်းက ကျူရှင်ပို့နေရသည့် ကလေးတွေပါ။ မတော်ဘူးလား ဆိုတော့ တော်ကြတာပဲ။

အဆင့်တစ်ကနေ ၁၀ ရောက်၊ နှစ်ကနေ ၁၀ ရောက်၊ နောက်ဆုံး အဆင့် ၃၀ ဖြစ်သွား၍ ဆေးစစ်ပေးပါဟု ခေါ်လာသည့် ကလေးကို အမှတ်တွေ မေးကြည့်လည်း ဘာသာစုံ ဂုဏ်ထူးထွက်နေတာပါပဲ။ အဲသည့် ကလေးတွေ တကယ်စဉ်းစားဆင်ခြင်တုံတရား ပြည့်ဝကြရဲ့လားဆိုတာတော့ သံသယဖြစ်စရာ။

လောကနီတိလိုဟာမျိုးကို ဘယ်အချိန်မှာ လေ့လာနိုင်မှာမို့လို့လဲ။

ပုဂ္ဂလိကကျောင်းတွေ ခွင့်ပြုလိုက်တော့ ဘက်စုံပညာရေးဆိုတာများ ဖြစ်လာမလားဟု ကျွန်ကော် နည်းနည်းမျှော်လင့်ခဲ့ဖူးသည်။ မှန်းချက်နှင့် နှမ်းထွက် မကိုက်ပါ။

သူငယ်တန်းစအပ်ပြီး တစ်လအကြာမှာ ကလေးက သူများလောက် စာမလိုက်နိုင်၍ ကျူရှင်ထားပါဟု မိဘကို ခေါ်ပြောသတဲ့။ မိဘကလည်း ကျွန်တော့်အမာခံပရိသတ်ဆိုတော့ အခုမှ ကျောင်းစထားတာ စာမလိုက်နိုင်လို့ဆိုတော့ 'ဒါ ဆရာမတို့ သင်ပေးရမှာ မဟုတ်ဘူးလား' ဟု ဘုချရော။ နောက်နှစ်နှစ်လောက်ကြာတော့ အဲသည့်ကလေးက တကယ်ထူးချွန်သည့် ကလေးဖြစ်လာတာပါပဲ။

ကျူရှင်ကလည်း အဲသည့်ဆရာမတွေပဲ ပြလို့ပြ။

ပိုဆိုးတာက အဆော့သန်သည့်ကလေးကို Hyperactive Child ဟုဆိုကာ ကျောင်းထွက်ခိုင်းတာပါပဲ။ ကျွန်တော်က ကလေးမှာ အဲသည့် ရောဂါ မရှိကြောင်း၊ အလိုလိုက်ခံထား၍ နည်းနည်းကဲတာဖြစ်ကြောင်း၊

အမျှားနှင့် နေရတာကြာလျှင် စည်းကမ်းကို နားလည်သွားမည်ဖြစ်ကြောင်း ရှင်းပြသော်လည်း လက်မခံပါ။ သူတို့ကျောင်းက လိမ္မာ၍ ပညာကြိုးစားသည့် ကလေးပဲ လက်ခံသတဲ့။ အဲသလိုမှတော့ သူတို့အလုပ် ဘာရှိသေးတုံး။

စာစိတ်မဝင်စားဘူး ဆိုကာ ဆေးကုခိုင်းတာလည်း ရှိရဲ့။ အဲဒါသည့် အရွယ်တုန်းက ကျွန်တော်လည်း စာစိတ်မဝင်စားပါ။ အဲသည့်ကလေး၏ ဆရာမလိုစိတ်မျိုး ကျွန်တော့်ဆရာမတွေမှာသာရှိခဲ့လျှင် ကျွန်တော်လည်း ကျွန်တော်ဖြစ်လာစရာ အကြောင်းမရှိ။

အဲသည့်ဆရာမတွေနှင့် အဲသည့်မိဘတွေကို အပြစ်တင်ရတာလည်း ခပ်ခက်ခက်။

သူတို့ပျမ်းမျှခြင်း ကျွန်တော့်ထက် ၁၀ နှစ်လောက်ငယ်သည်။

ကျွန်တော့်အထင်တော့ အဲသည့်အလွတ်ကျက် အမှတ်ပြိုင်ပညာရေး စနစ်ကြီးကို သူတို့လည်း ကျောင်းသားဘဝနှင့် ကျော်ဖြတ်ခဲ့ကြရဟန်တူသည်။

## ရလဒ်ဆိုးများအကြောင်း

'ကြိုးကြာတောင်ပံခတ်သံ'က စေတနာဆရာဝန် နာဂဦးသိန်းလှိုင်အကြောင်းကို အခြေခံ၍ ကျွန်တော်ရေးခဲ့တာဖြစ်သည်။ အဲသလို ပုဂ္ဂိုလ်မျိုးတွေ နောက်မပေါ်တော့မှာ ကျွန်တော် စိုးရိမ်နေချိန်မှာ ဆရာဦးသန်းလှိုင်၏ ဓာတ်ပုံတွေ တွေ့ရတာ ကျွန်တော် ကြက်သီးထ၊ မျက်ရည်ဝဲအောင် ပီတိဖြစ်ရသည်။ နာမည်ချင်းဆင်နေတာတောင် အံ့သြမိပါရဲ့။

တကယ်တော့ အဲသည့်အချိန်မှာ ကျွန်တော့်ဆရာ စိတ်နှလုံးကြေကွဲနေချိန်လည်း ဖြစ်သည်။ ဒီလိုပါပဲ။

ကြွားသည်မထင်ဘူးဆိုလျှင်တော့ ပြောပါရစေ။ ကျွန်တော်က ဆေးတက္ကသိုလ်မှာ ဆရာပေါက်စဖြစ်စဉ် လွန်ခဲ့သည့်နှစ် ၂၀ ကတည်းက စာသင်ကောင်းတာ နာမည်ကြီးခဲ့သော ဆရာတစ်ယောက်ဖြစ်ပါသည်။

ကျွန်တော့်စာသင်ခန်းတိုင်း ရုံပြည့်ရုံလျှံပါ။ ၂၀၀၆ ခုနှစ်မှာ မကွေးကို ရောက်ပြီးနောက် မိသားစုနေထိုင်ရေး အဆင်မပြေ ဖြစ်ခဲ့တာ ငါးနှစ်ကျော်ကြာခဲ့သော ကာလမှာပင်လျှင် စာသင်သည့် နေရာမှာတော့ အင်တိုက်အားတိုက် သင်တတ်စမြဲပါ။



သည်နေ့ပင် အဲသည်တုန်းက ကျွန်တော်နှင့် စာသင်ခဲ့သော ဆရာဝန်ကလေး တစ်ဦးဆီက စာမေးလာ၍ သူက ကျွန်တော်စာသင်တုန်း ကျွန်တော် ပြောသည့်အတိုင်း မလုပ်နိုင်လျှင် 'လဲသေလိုက်'ဟု လေသံပြတ်နှင့် ပြောတာကို ယခုအထိ ကြားယောင်ဆဲပါဟု ဆိုသည်။ နားဝင်မချိုတာတောင် ကြည်ညိုကြသည်မှာ ကြည်နူးစရာပါ။

၂၀၁၃ ခုနှစ်ကစပြီး ဆေးတက္ကသိုလ်(၁)ရန်ကုန်ကို ကျွန်တော် ပြန်ရောက်လာသည်။ အကြီးဆုံးကျောင်း၊ ဝါအရင့်ဆုံး ဆရာတွေရှိသည့် အရပ်ပါ။ ကျွန်တော်လည်း မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကလေးကျန်းမာပညာအဖွဲ့၏ ဥက္ကဋ္ဌဖြစ်နေပါပြီ။

ကိုယ့်ကိုယ်ကိုယ်တော့ စာသင်တာ လက်မကျသေးဟု ယုံကြည်နေဆဲ။ ဆရာသင်လိုက်မှ ရှင်းသွားတယ်ဟု လာလာမြှောက်ပြောသည့် တပည့်တွေကလည်း ရှိနေဆဲကိုး။

သို့သော် တကယ်တမ်းကျတော့ စာမသင်အားတော့ပါ။

အုပ်ချုပ်ရေးကိစ္စ၊ အစည်းအဝေးများ၊ နေပြည်တော်ခရီး၊ ပြည်ပခရီး၊ နိုင်ငံခြားဧည့်သည်ရောက်. . .။

တစ်လနှစ်ကြိမ်တောင် အနိုင်နိုင်။

တစ်ခါတော့ အစည်းအဝေးတစ်ခုကို တက်သင့်လျက်သားနှင့် မတက်ဘဲ ဇွတ်ဖျက်၍ ကျွန်တော် စာသွားသင်သည်။ ကျွန်တော် စာသင်တာနည်းလျှင် ကလေးတွေ စိတ်ကောင်းကြမည်ထင်၍ပါ။ လက်ထောက်ကထိကတွေကိုလည်း ကျွန်တော် အစည်းအဝေးမတက်၊ စာသင်ဖြစ်သည်ဟု ကြိုပြောခိုင်းထားသည်။ ကျွန်တော် မသင်ဘူးထင်၍ ကျောင်းပြေးကြမှာစိုး၍ပါ။

တကယ်သွားတော့ စာသင်ခန်းတစ်ဝက်ပဲ လူရှိသည်။ တစ်ဝက်က ဘာအကြောင်းပြချက်မှမရှိဘဲ ပျောက်နေသည်။

အဲသည့် ကျောင်းပြေးသည့် အုပ်စုကို ကျွန်တော် နောက်တစ်နေ့ခေါ်တွေ့သည်။ ဘာလို့ မတက်ကြတာလဲ၊ ဆရာတွေ သင်ကြားတဲ့ပုံစံဘာလိုနေသလဲ၊ ဘာတွေ ပြုပြင်စေချင်သလဲ၊ မေးခွန်းတွေ ဆက်တိုက်မေးသည်။ သူတို့ မဖြေနိုင်ပါ။

ကလေးကျန်းမာ ဘာသာရပ်မှာ ကျောင်းက ဆရာ ကျူရှင်ပြနေတာ မရှိပါ။ မရှိအောင်လည်း ကျွန်တော် ကြိုးကြိုးစားစား တားမြစ်ထားပါသည်။

ကျောင်းမှာပဲ သင်လို့ရသည့်ပညာ ကျောင်းမတက်တော့ ဘယ်သွားသင်မှာ တဲ့တုံး။

ကျွန်တော်စိတ်ဆိုးနေတာ သူတို့ ရိပ်မိပါသည်။ ကျွန်တော့်ကို စိတ်ပြေအောင် တစ်ခုခုပြန်ပြောချင်သည့် ဆန္ဒလည်း သူတို့မျက်နှာပေါ်မှာ မြင်နေရပါသည်။ သို့သော် သူတို့မှာ စကားလုံးမရှိပါ။

စာသိပ်တော်ခဲ့သည့် ကလေးတွေပဲ ဆေးကျောင်းရောက်တာပါ။ သို့သော် အဲသည့်ကလေးတွေအားလုံး 'အလွတ်ကျက် အမှတ်ပြိုင်' စနစ်၏ လက်ထွက်တွေချည်းပါပဲ။ အဲသလို အခြေအနေမျိုးအတွက် သူတို့ မပြင်ဆင် ဖြစ်ခဲ့ပါ။

လောကနီတိလိုဟာမျိုး လေ့လာဖြစ်ခဲ့ဟန်မတူပါ။

ဒါနှင့်ပဲ သူတို့အတန်းကို ကျွန်တော် စာမသင်ဘူးဟု ပြောလိုက်ပါသည်။ သို့သော် မနေနိုင်ပါ။ ဆိုးသည့် ကျောင်းသားတစ်ဝက်ရှိလျှင် ပညာလိုလားသည့် ကျောင်းသားလည်း တစ်ဝက်ရှိမှာပါပဲ။ အဲသည့်ကလေးတွေ မျက်နှာကို မြင်ယောင်ပြီး ကျွန်တော် အိပ်မပျော်ပါ။ ဒါနှင့်ပဲ နောက်တစ်ပတ်ကျတော့ ပြန်သင်မည်ဟု ပြောခိုင်းလိုက်ပါသည်။ ကလေးတွေက 'ဟေး' ခနဲ အော်ကြသည်ပြောတော့ စိတ်ကောင်းဖြစ်ရပါသေးသည်။

တကယ်သွားသင်သည့်နေ့ကျတော့ လူနာစမ်းဖို့ အလှည့်ကျသည့်ကျောင်းသား ရှေ့ထွက်လာပါသည်။ အင်္ကျီရင်ဘတ်ကို ရင်ညွှန့်အောက်အထိ ခွဲထားပါသည်။ ကျွန်တော် မသင်ဖြစ်တော့ပါ။

အဲသည့်အပတ်ထဲမှာပဲ ကျောင်းခေါ်ချိန်မပြည့်သည့် ကျောင်းသားတွေကို စာမေးပွဲဖြေခွင့် မပြုရန်ဆုံးဖြတ်သည့် 'ဒီဘား' ဘုတ် ကျွန်တော် တက်ပါသည်။ အဲသည့်အစည်းအဝေးမှာ ဆရာတစ်ယောက်ဆီက အလွန်ချောက်ချား စရာကောင်းသော ကိစ္စတစ်ခုကြားရပါသည်။

အတန်းအစမှာ ကျောင်းခေါ်ချိန်ရသတဲ့။ သင်နေရင်းထွက်သွားသူတွေ ရှိသတဲ့။ တချို့က မထွက်သော်လည်း ရှေ့ကပြောတာ နားမထောင်ဘဲ ဆူညံနေအောင် စကားပြောသတဲ့။

ဘုရား. . . ဘုရား။

ဘုရားတ၍ ဌာနပြန်ခဲ့ရသည်။ ဌာနမှာ ကျောင်းသူတစ်ဦးနှင့် အသက် ၂၀ ကျော် လူငယ်တစ်ဦးစောင့်နေသည်။



ကျောင်းခေါ်ချိန်မပြည့်၍ မိဘတွေ့ဖို့ ခေါ်ထား၍လာတာတဲ့။ ကျွန်တော် အူကြောင်ကြောင် ဖြစ်သွားသည်။ နို့. . . မင်းက ဘယ်သူတုံးဟု မေးရသည်။ အစ်ကိုပါတဲ့။

ပါမောက္ခဌာနမှူးက ကိုယ့်သားသမီးကိစ္စ သတိပေးဖို့ ခေါ်တာကို ရပ်ကွက်ကောင်စီမှာ ဧည့်စာရင်းတိုင်သလို သားအကြီးလွှတ်လိုက်သော မိဘလည်း လောကနီတိလေ့လာဖြစ်ခဲ့မည်ဟု ကျွန်တော် မထင်ပါ။

နောက် ခုနစ်နှစ်ကြာလျှင် ကျွန်တော်နားပါမည်။ အခြေအနေအရ သည့်ထက်စောချင်လည်း စောပါမည်။

ကျွန်တော့် သက်တူရွယ်တူ နယ်ပယ်အသီးသီးမှာ ဦးဆောင်ဦးရွက် ပြုနေကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်တွေ အားလုံးလည်း နားကြပါမည်။

ကျွန်တော်တို့ နားသည့်အခါတွင်တော့ ကျွန်တော်တို့လက်ထဲက ပခုံးပြောင်း တာဝန်လွှဲယူမည့် လူငယ်လူရွယ်တွေကို ဘက်စုံပညာထူးချွန်ပြီး လောကစောင့်တရားနှင့် အကျွမ်းတဝင်ရှိသူတွေ ဖြစ်စေချင်မိသည်ကို လွန်သည်ဟုများ ဆိုချင်ပါသေးလား။

၀

## သမီးတို့အရေးကျွန်တော်ရေးခဲ့သမျှ

စာပေခရီးသွားများ စာအုပ်တိုက်က 'သမီးတို့ အရေး' ခေါင်းစဉ်ဖြင့် ခေတ်လူငယ်မိန်းကလေးတို့ သိမှတ်ဖွယ်ရာကလေးတွေကို ရေးပေးပါဟု ပြောတော့ ကျွန်တော် ဝမ်းသာဝမ်းနည်း ဖြစ်ရသည်။

ဝမ်းသာတာကတော့ ခေတ်ရေစီးကြောင်း လှိုင်းတံပိုးပြင်းပြင်းနှင့် ပြောင်းချိန်မှာ ထိပ်ဆုံးက အန္တရာယ်ရှိနေတာက မြန်မာမိန်းကလေး၊ မိန်းမပျိုကလေးတွေ ဖြစ်နေတာကို ကျွန်တော် စိတ်ပူသလို စိတ်ပူသူတွေ ရှိနေကြောင်း သိလိုက်ရ၍ပါ။ ဝမ်းနည်းတာကတော့ အဲသည်ကိစ္စကို သည်လောက် ကျွန်တော် ကြိမ်ဖန်များစွာ ရေးခဲ့တာကို သိသူလည်း ရှိပေမယ့် မသိသူက များနေသေးတာကို သတိထားလိုက်မိ၍ပါ။

တကယ်တော့ ကျွန်တော် ရေးခဲ့တာက ဝတ္ထုတွေထဲမှာပါ။ ဇာတ်လမ်းဖွဲ့၍ တစ်မျိုး၊ သူ့ဟာသူ ရှိနေပြီးသားတွေကို သည်အတိုင်း ဇာတ်လမ်းချွတ်စွပ် ကူးယူ၍ တစ်မျိုး ရေးခဲ့တာပါ။ သမီးပျိုတစ်ယောက်၏ ဖခင်၊ အပျိုအရွယ် ကျောင်းသူတွေအများကြီး၏ ဆရာအဖြစ် ကျွန်တော် ပြောချင်သော စကားတွေကို ဝတ္ထုတိုတစ်ရာကျော်ထဲက တော်တော်များများမှာ ထည့်ပြောခဲ့ပြီးဖြစ်လေရာ သည်ဆောင်းပါးတစ်ပုဒ်နှင့် အနှစ်ချုပ်၍တော့ မဖြစ်နိုင်ဟု ထင်ပါသည်။ ထို့ကြောင့်လည်း ရေးခဲ့ဖူးသမျှထဲက ပြန်အပြောပြချင်ဆုံး ဝတ္ထုတိုတွေကို အနှစ်ချုပ်၍ ရေးပြပါမည်။



ပြောချင်သည့် စကားတို့ စုံဖို့ကို အဓိကထားရ၍ တစ်ချက်ချင်း ရှင်းပြတာ အားနည်းလျှင်တော့ ခွင့်လွှတ်ဖို့ တောင်းပန်ရင်း မူရင်းဝတ္ထုကို ညွှန်းပါရစေ။

### မြတ်နိုးတတ်တယ်

ကျွန်တော်၏ 'ပထမအိပ်မက်' အမည်ရှိ ပထမဦးဆုံးသော ဝတ္ထုတို ပေါင်းချုပ်ထဲမှာ ပါခဲ့သည့် 'မြတ်နိုးတတ်တယ်' ဝတ္ထုတိုကလေးမှာ Family တွင် ပါကတည်းက မိန်းမပျိုကလေးတွေဆီက ကျေးဇူးတင်ကြောင်းစာတွေ ရခဲ့သည့် ဝတ္ထုတိုကလေးဖြစ်သည်။ Multi-media group ကလည်း မင်းဦး၊ နိုဘယ်ကျော်ကျော်တို့နှင့် ဇာတ်လမ်းတို ရိုက်၍ MRTV-4 နှင့် မြဝတီမှာ ပြခဲ့သည်။ အဲသည်ထဲက အရွယ်တင် ရုပ်ချောသလောက် တည်ကြည်သော ရှေ့နေကြီး ဦးဝေဦးက တပည့်မလေးမြတ်ကို ပြော သည့် အနေနှင့် ကျွန်တော် ရေးခဲ့သော စကားတွေကို သည်အတိုင်း ပြန်ရေးခွင့်ပြုပါ။

> 'ယောကျ်ားအများစုကို မယုံပါနဲ့။ အသက်ကြီးလည်း မယုံပါနဲ့။
> အိမ်ထောင်ရှိလည်း မယုံပါနဲ့။ ပညာတတ်လည်း မယုံပါနဲ့။
> အထူးသဖြင့် အသက်ကြီး၊ ပညာတတ်၊ အိမ်ထောင်ရှိပြီး
> အိမ်ထောင်ဖက်နဲ့ တစ်နေရာစီ နေနေတဲ့ ယောကျ်ားကို
> မယုံပါနဲ့'

> 'လူပျိုကလေးတစ်ယောက်အတွက် မိန်းမပျိုကလေးတစ်ယောက်က ကိုယ့်ကို လေးစားတွယ်တာလာအောင် စည်းရုံးသိမ်းသွင်းဖို့ ပညာဆိုတာ သူမတတ်ရသေးတဲ့ ကျောင်းတစ်ကျောင်းလိုပါပဲ။ မိန်းမတစ်ယောက်နဲ့ ဆယ်နှစ်ဆယ်မိုး ပေါင်းသင်းပြီးသား ယောကျ်ားတစ်ယောက်အတွက်တော့ ဒါဟာ သိပ်ခက်ခဲလှတဲ့ ကိစ္စတစ်ခု ဟုတ်ချင်မှ ဟုတ်မယ်။ ဒါပေမဲ့ ရိုးသားမှုကတော့ သူက ဟိုလူပျိုလေးကို မီမယ်မထင်ဘူး။ တစ်ဖက်က မိန်းကလေးကလည်း အိမ်ထောင်သည်ပဲလေဆိုပြီး လျှော့တွက်ပြီး ရင်းရင်းနှီးနှီး ဆက်ဆံလိုက်ရင် သူ့အတွက် ပိုလွယ်သွားတတ်တယ်' အဲသည့် စကားတွေကို ကျေးဇူးတင်ကြောင်း ရေးခဲ့ကြတာပါ။

## ညီမလေးရဲ့ မီးအိမ်

ကျွန်တော့် ဒုတိယမြောက် ဝတ္ထုတိုပေါင်းချုပ် 'သမားလည်ပြန်' ထဲက 'ညီမလေး၏ မီးအိမ်' ထဲမှာတော့ မောင်နှမနှစ်ယောက် မိဘကွယ်လွန်သောအခါ အမျိုးနှစ်ဖက်က ခွဲစောင့်ရှောက်ခံရသဖြင့် မတူသော ပတ်ဝန်းကျင်မှာ ကြီးပြင်းလာရပုံကို ရေးခဲ့သည်။ အစ်ကိုက စာပေဗဟုသုတရှိတာကို အားပေးသော ကျောင်းဆရာ ဦးလေးနှင့် ကြီးပြင်းရ၍ ညီမက စာဖတ်တာကို စိတ်လေသည်ဟုဆိုကာ တားမြစ်သော ကြီးတော်ကြီးနှင့် ကြီးပြင်းရရှာသည်။ စာဖတ်တာကို စိတ်လေသည်ဟု ဆိုကာထားသော ကြီးတော်ကြီးက ဗီဒီယိုတော့ မှန်မှန်ပေးကြည့်သည်။

'သိုင်းကား၊ သရဲကား၊ လူသတ်ကား အဲဒါတွေများတယ်။ မြန်မာကားကတော့ အငိုကားတွေ ကြိုက်ကြတာ'

ထိုသို့ အစ်ကိုကို ရှင်းပြခဲ့သော ညီမလေး ဘွဲ့ရပြီးချိန်တွင် သူ့ကို အရှုးအမူးစွဲလမ်းနေသော ပညာရေးဆုံးခန်းမတိုင်ခဲ့သည့် သူဌေးသားကလေးတစ်ယောက်က လာတောင်းတော့ ကြီးတော်ကြီးက သဘောတူသည်။ အစ်ကိုက ဘဝင်မကျ။

'အရှုးအမူး ဖြစ်တာက ချစ်တတ်လွန်းလို့ပဲဆိုပြီး အရမ်းအမှတ်မပေးရဘူး ညီမလေးရဲ့၊ ဒါ ဆင်ခြင်တုံတရားနည်းတဲ့ သဘောလည်းပါတယ်' ဟု ဆိုခဲ့သည်။

နောက်ဆုံးတော့ သူ့လို စာမဖတ်သဖြင့် သူမြင်သလို ရှေ့ကို ကြိုမမြင်တတ်သော ညီမလေးဘဝမှာ ဆုံးရှုံးမှုများစွာ ကြုံခဲ့ရသည်။

'စိတ်လေမှာ စိုးလို့ဆိုပြီး စာမဖတ်ဘဲနေရင် ညီမလေးက တဲထောင့်ထဲမှာ မီးအိမ်ကလေးနဲ့ ထိုင်နေတာနဲ့ တူတော့မှာပေါ့၊ အမှန်က အဲဒီမီးအိမ်ကို ကိုင်ပြီး အမှောင်ထဲကို ဝင်၊ လင်းအောင်လုပ်ပြီး စူးစမ်းရမှာ' ဆိုသည့် အစ်ကိုစကား မအောင်ခဲ့ရှာပါ။

## နတ်ပန်းနွယ်

ကျွန်တော့် တတိယမြောက် ဝတ္ထုတိုပေါင်းချုပ် 'သိင်္ဂါရအလှည့်' ထဲက 'နတ်ပန်းနွယ်' လည်း Perfect မဂ္ဂဇင်းမှာ စပါကတည်းက ကျောင်းသူကလေးတွေကို လိမ္မာအောင်သင်ကြားပေးနေရသည့် တက္ကသိုလ် ဆရာမတစ်ဦးထံက ချီးကျူးစာ ရခဲ့ဖူးသည်။



အဲသည်ထဲက အဓိက ဇာတ်ဆောင်မိန်းကလေး ဘရဏီမျိုးက တက္ကသိုလ် ကျောင်းသူဘဝကတည်းက ကျောင်းဖယ်ရီပေါ်မှာ သူ့ချစ်သူယောကျ်ားကလေး၏ ပေါင်ပေါ်တွင် ထိုင်သည်။ အမြင်မတော်၍ တားသော ဆရာမကို မချေမငံ ပြန်ပြောသည်။ နောက်ပိုင်းတော့ အဲသည်ချစ်သူက တခြားမိန်းကလေးနှင့် လက်ထပ်သွားသည်။ ဘရဏီမျိုးက လုပ်ငန်းခွင်ထဲ ရောက်လာသည်။ ရုပ်ချော၍ သွက်လက်သော ဘရဏီမျိုးကို သူဌေးလူပျိုကြီးက စိတ်ဝင်စားသည်။ သို့သော် ယောကျ်ားကလေးတွေ ကြားထဲမှာ ကာယိန္ဒြေကို ထိန်းသင့်သလောက် မထိန်းဟု အမှတ်လျှော့ပေးနေမိသည်။ ရှယ်ယာဝင် အပျိုကြီး ငယ်သူငယ်ချင်းက ကြားထဲက ကိုယ်စားဝင်ဆုံးမပေးရသည်။

'အာသာဝတီ နတ်ပန်းက ဘာလို့တန်ဖိုးကြီးတာလဲ။ ဘီလူး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ ဝန်းရံခလို့ ဆိုတာလေ၊ အစောင့်အကြပ် ထူပြောလို့၊ ရရန်ခက်ခဲလို့ တန်ဖိုးကြီးတာပေါ့၊ မိဘမောင်ဖွား၊ အစ်ကိုတွေများကဆိုတဲ့ သီချင်းတောင်ရှိတယ်လေ၊ ဒီသိပ္ပံခေတ်ကြီးမှာတော့ မိဘမောင်ဖွား၊ အစ်ကိုတွေများကလည်း ကိုယ့်ဘဝနဲ့ ကိုယ်ရုန်းကန်နေကြရလို့ ရှေးကလို နှမလေးတွေကို ဘီလူး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခလို မစောင့်ကြပ်အားကြတော့ဘူး၊ ကိုယ့်အရှက်နဲ့ သိက္ခာကို ကိုယ်ပိုင်ဣန္ဒြေ၊ ကိုယ်ပိုင်သိက္ခာ၊ ကိုယ်ပိုင်ဟိရိဩတ္တပ္ပတရားနဲ့ ဘီလူး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခလို စောင့်ကြပ်နိုင်မှ အများအထင်သေးစရာ မဖြစ်ဘဲ အာသာဝတီနတ်ပန်းလို အများတန်ဖိုးထားတဲ့ ပန်းကလေးတစ်ပွင့်ဖြစ်မှာ'

ဘရဏီမျိုးက သူ့စကားနားမထောင်ပါ။ ဇာတ်သိမ်းလည်း မလှခဲ့ပါ။

## အနှမ်းခက်ဆစ်

အဲသည်စာအုပ်ထဲမှာပဲ 'အနမ်းခက်ဆစ်' ဆိုသည့် ဝတ္ထုတစ်ပုဒ် ကျွန်တော်ထည့်ပေးထားသေးသည်။ ၂၀၀၈ ခုနှစ်က ရတီမဂ္ဂဇင်းတွင် ရေးခဲ့တာပါ။

'လက်မထပ်ရသေးသော ချစ်သူယောကျ်ားကလေးအပေါ်မှာ မိမိတန်ဖိုးထား စောင့်စည်းရသည့် မည်သည့်အရာကို မည်မျှလောက်အတိမ်အနက်အထိ ကြိုတင်ကြည်ဖြူနိုင်ပါမည်နည်း။'

'မိမိချစ်သူအပေါ် အဆုံးစွန် ကြည်ဖြူမိခဲ့ရာမှာ အရှက်တကွဲ၊ အကျိုးနည်း အသက်အန္တရာယ်နှင့် နီးကပ်လှသော အခြေအနေတွင် ဆေးရုံရောက်လာကြသည့် အပျိုအရွယ်၊ မပျိုတော့သော အပျိုမကလေးများကို မကြာခဏ တွေ့နေရသည်မို့ အဆုံးစွန်သော ကြည်ဖြူမှုအတွက် အဖြေကား ဟင့်အင်းဟု အပြတ်ငြင်းရန်သာရှိသည်ဟု နားလည်ထားပါသည်။'

'ကြားထဲက အဆင့်တွေကိုရော'

'သူကောင်းသားများက ဘယ်အဆင့်တွင် ဘရိတ်အုပ်၍ ရမည်ဟု အာမခံ၍ ရမှာမို့လဲ။ ဒီတစ်ကြိမ် ဒီအဆင့်ဆိုလျှင် နောက်တစ်ကြိမ်ပဲဖြစ်ဖြစ်၊ ဒီတစ်ကြိမ်မှာပဲ ဖြစ်ဖြစ်၊ နောက်တစ်ဆင့်တိုး၍ တောင်းလာမှာ သေချာလှစွာ၏။ ကိုယ်ကရော ဘယ်လောက် ပြတ်ပြတ်သားသား ငြင်းဆိုနိုင်မှာမို့လို့လဲ'

ကျွန်တော့်စေတနာကို ဝက်ဝှတ္တိမန္တော စကားလုံးရှင်းရှင်းကလေးတွေနှင့် ကျွန်တော် ရေးခဲ့ဖူးပါ၏။

## အချိန်သည်သာလျှင် တိုင်ပင်ရာမိတ်ဆွေစစ်ဟု

အဲသည့်စာအုပ်ထဲတွင်ပင် ပါသော 'အချိန်သည်သာလျှင်' ဝတ္ထုတွင်တော့ မိဘက သဘောမတူသူနှင့် ချစ်ကြိုက်မိရာက ချစ်သူနောက်လိုက်ဖို့ ပြင်သော အသက် ၁၈ နှစ်အရွယ် သူဌေးသမီးကလေးကို စာဖတ်၍ အမြင်ကျယ်သော ခြံစောင့်လူငယ်ကလေးက တားသည့်အခန်း ကျွန်တော် ထည့်ရေးထားသည်။

'အခုလို ထွက်ပြေးတာနဲ့စာရင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ချပိုင်ခွင့်လည်းရှိ၊ ချလည်း ချနိုင်တဲ့ အရွယ်အထိ စောင့်လိုက်ရင် ကောင်းမယ်ထင်တာပဲ၊ ၂၄၊ ၂၅ ဖြစ်သွားလည်း သိပ်ကြီးသွားသေးတာမှ မဟုတ်တာ၊ ပြီးတော့ ကိုယ့်အမြင်တွေကလည်း အဲဒီအရွယ်ကျတော့ ပြောင်းချင် ပြောင်းသွားတတ်တာမျိုးလေ၊ အခုလို လုပ်လိုက်တော့ ပြောင်းချင်ရင်တောင် ပြောင်းခွင့် မရှိတော့ဘူးပေါ့'

ဇာတ်လမ်းထဲမှာ သူဌေးသမီးကလေးက ဘုန်းကြီးကျောင်းသားကလေး၏ စကားကို နားထောင်ခဲ့သည်။ အချိန်တွေစောင့်၊ ဘဝတွေ



ပြောင်းလာတော့ မိဘတွေက တားခဲ့တာ မှန်ပါလားဆိုတာ သူ့ဟာသူ သိမြင်သွားသည်။ အလွန်ပျော်စရာကောင်းသော ဇာတ်သိမ်းကလေးနှင့်လည်း ကြုံခဲ့ရသည်။

## နွေမိုးစက်

'သိင်္ဂါရအလှည့်' စာအုပ်မှာ မိန်းကလေး အဓိကဇာတ်ဆောင် ဇာတ်လမ်းတွေ ကျွန်တော် တော်တော်စုထည့်ပေးခဲ့ရာ 'နွေမိုးစက်' ကိုလည်း ပရိသတ်အားပေးခဲ့ကြသည်။ ဘဝတူ ရုန်းကန်နေရသည့် လူပျိုယောကျ်ားကလေးတစ်ဦးနှင့် ပြည့်စုံပြီးဖြစ်နေသော်လည်း အသက်ကြီး၍ အိမ်ထောင်ပျက်ဖြစ်နေသူ တစ်ဦးတို့၏ ပြိုင်တူ စိတ်ဝင်စားခြင်းကို ခံရသော 'မြသွေးရည်' ဆိုသည့် စာရင်းကိုင်မကလေးကို သူ့အလုပ်ရှင်၏ ချစ်ဇနီး မမအေးက သည်သို့ဆိုသည်။

'မမ အမေက ကိုခိုင်မြင့်ကိုပြောတဲ့ စကားကလေးတစ်ခွန်း ရှိတယ်ကွယ့်'

'ချမ်းသာပြည့်စုံပြီးမှ လက်ထပ်ကြတဲ့ စုံတွဲတွေထက် ဆင်းရဲနွမ်းပါးစဉ်ကတည်းက လက်ထပ်ကြတဲ့ စုံတွဲတွေ ကောင်းတူဆိုးတူ ရုန်းကန်ခဲ့ရတဲ့သူတွေက ပိုပြီး သစ္စာခိုင်မြဲကြတယ်။ တစ်ဦးကိုတစ်ဦး မကျေနပ်ချက်ကလေးတွေ ဖြစ်လာကြရင်လည်း ပြန်စဉ်းစားလိုက်တိုင်း တစ်ဦးကိုတစ်ဦး ကျေးဇူးတင်စရာတွေ၊ ငဲ့ညှာစရာတွေ၊ ပိုချစ်စရာတွေ ရှိရှိနေကြတာကိုး. . . တဲ့'

'အန်တီကတော့ လူဆင်းရဲချင် ဆင်းရဲပါစေ၊ သင့်တင့်တဲ့ ပညာအရည်အချင်းလည်း ရှိမယ်၊ အကျင့်စာရိတ္တနဲ့ ဆင်ခြင်တုံတရားလည်းအားကောင်းမယ်၊ တိုးတက်ကြီးပွားအောင် ကြိုးစားချင်တဲ့ စိတ်မျိုးလည်း ရှိမယ်ဆိုတဲ့သူမျိုးလက်ကို သမီးကို အပ်ချင်ပါတယ်၊ အတူတူ ရုန်းကန်ကြပေါ့'တဲ့။

'ပြည့်စုံပေမယ့် တစ်ယောက်ယောက် ငဲ့ညှာစရာ၊ သံယောဇဉ်တွယ်စရာ၊ ခွင့်လွှတ်စရာ ဘာမှမရှိတဲ့သူတွေ၊ အထူးသဖြင့် ငယ်လင်၊ ငယ်မယား မဟုတ်ကြဘူးဆိုတဲ့ သူဌေးတွေအကြောင်း သမီးကို တောင် တစ်ခါမှ ပြောမပြဖြစ်ပါဘူး. . . 'တဲ့။

အဲသည့် ဝတ္ထုကိုလည်း ကျွန်တော် ဇာတ်သိမ်းလှလှကလေး သိမ်းပေးထားခဲ့ပါသည်။

**အမြုတေ ရတနာ**

အဲသည့်နောက် ကျွန်တော် ထုတ်ဝေခဲ့သော 'အမြုတေရတနာ'မှာပါသည့် ဝတ္ထုတွေအားလုံးက ကျွန်တော့်သမီးကလေးကို ကျွန်တော်ချစ်သည့် စိတ်နှင့် ရေးထားဖူးသည့် ဝတ္ထုတွေကို စု၍ ထုတ်ဝေခဲ့တာဆိုတော့ ပြောရလျှင် အားလုံးအကြောင်း ပြောရတော့မှာပါပဲ။

> 'ဒါလောက်နဲ့တင် မိဘတွေရင်ထဲမှာ ဘယ်လောက် ခံစားကြရတယ်ဆိုတာ သူတို့ကလေးတွေ သိကြပြီး မိဘတွေကို ဒီထက်မက ခံစားကြရအောင် ဘဝမှာ အမှားတွေ လုပ်မပြကြဘူးဆိုရင်ပဲ မိဘတွေအားလုံးကိုယ်စား သူတို့ကလေးတွေကို ကျေးဇူးတင်လိုက်ချင်တာပါ' ဟု 'အမြုတေရတနာ' တွင် ကျွန်တော် ရေးခဲ့သည်။

'အခွံပြပွဲ' ဝတ္ထုတွင် မိန်းကလေးတို့၏ တန်ဖိုးသည်လည်း အဆင်းထက် အချင်းက ပိုအဓိကကျကြောင်း ကျွန်တော် ပြင်းချက်ထုတ်ထားခဲ့သည်။

> 'ကိုယ့်ထက် အသက်အများကြီးကြီးတဲ့လူတွေပဲ ကိုယ့်တော့ မကြိုက်စည်လောက်ပါဘူးဆိုပြီး ရဲရဲတင်းတင်း၊ ရင်းရင်းနှီးနှီး ဆက်ဆံ၊ ကိုယ့်အဖေတွေ၊ အစ်ကိုတွေက နယ်မှာဆိုတော့ ကိုယ်က အဖေငတ်၊ အစ်ကိုငတ်နေတဲ့အချိန်၊ သူတို့ကလည်း ထူးချွန်လို့ လေးစားမိချင်စရာကြီးတွေ။ ဒီကြားထဲ အိမ်ထောင်ရှင်တွေကလည်း ဖြစ်နေသေးတယ်။ သူတို့မိန်းမတွေ၊ ကလေးတွေအကြောင်းလည်း တဖွဖွ ပြောတတ်သေးတယ်၊ ဒီတော့ တည်ကြည်မှာပဲလို့ ထင်ပြီး. . . .'

ဒါက 'အပြာရောင်သွားနှင့် အပြုံး' ထဲက စကား။ 'မြတ်နိုးတတ်တယ်' ထဲက ရွှေနေကြီး ဦးဝေဦးနှင့် ဆန့်ကျင်ဘက် ယောကျ်ားကြီး တစ်ဦးကို အဓိက ရေးထားသော ထိုဇာတ်လမ်းက ဇာတ်သိမ်းမလှပါ။



'ခဲတစ်ပစ်ဘဝ' တွင်တော့ ယောကျ်ားတစ်ယောက်သာမက ထိုယောကျ်ား၏ မိဘဆွေမျိုး အသိုက်အဝန်းတစ်ခုလုံးပါ သူတစ်ပါး သမီးပျိုတစ်ယောက်၏ ဘဝကို သူတို့အတ္တအတွက် ဖျက်ဆီးပစ်ရန် ဝန်မလေးသူများ ရှိတတ်ကြောင်းကို ကျွန်တော် သတိပေးထားခဲ့ပါသည်။

> 'ပင်လယ်ကြီးလောက်တော့ ကျယ်မှာပေါ့၊ သမုဒ္ဒရာကြီးလောက်တော့ နက်ရှိုင်းမှာပေါ့၊ ဒါပေမဲ့ အနားသတ်ကမ်းစပ်မှာတော့ ရပ်ရမည်၊ ကျော်ပိုင်ခွင့် မရှိ၊ ပင်လယ်က ကမ်းစပ်ကို ကျော်လိုက်တုန်းကများ အသက်အိုးအိမ်စည်းစိမ်များလှစွာ ဘဝများစွာ နှမြောတသဖွယ်ရာ ဆုံးရှုံးခဲ့ရသည်၊ ဆူနာမီလေ'

ဟု 'ဆူနာမီ အချက်ပြ' ဝတ္ထုတွင် ကျွန်တော် ရေးခဲ့သည်။ 'အချစ်'မှာ 'စည်းဘောင်' ထားစရာမလိုဆိုသည့် ခံစားမှုဦးစားပေး လှိုင်းတံပိုးတွေကို ကျွန်တော် ပြင်းချက်ထုတ်ထားခဲ့သည်။ အထူးသဖြင့် သူများအိမ်ရာကို မချစ်ရ။ ဘာဖြစ်လို့လဲမမေးနှင့်။ ကမ်းစပ်က ကမ်းစပ်ပဲ။ ကျော်လိုက်လျှင် ဆူနာမီ ဖြစ်မည်။

'မလန်းခင်နွမ်း' ဝတ္ထုထဲမှာတော့ ယုံစားအားကိုးရန် မသင့်သူကို ပုံချစ်လိုက်မိသဖြင့် အဖိုးတန်ပန်းကလေးတစ်ပွင့် မလန်းခင်နွမ်းသွားတာ ကျွန်တော် ရေးခဲ့သည်။ ရက်စက်လွန်းသည်ဟုပင် ပရိသတ်တချို့ ဝေဖန်ခဲ့သည်။ စိတ်ပူလွန်း၍ ရေးမိတာဆိုတော့ ရက်စက်ရတော့တာပေါ့။ ပြီးတော့ တကယ့်အဖြစ်အပျက်ကို အခြေခံ ရေးခဲ့တာပါ။ 'မိန်းကလေးဘက်က နာပြီးသားဆိုပေမယ့် ဒီလိုကောင်မျိုးလက်ထဲ ကိုယ့်သမီးတစ်ဘဝလုံး ထိုးအပ်ဖို့ကျတော့ ပိုနာတာပေါ့၊ ရေဆေးသင့် ဆေးရမှာပဲ' ဆိုသည့် စကားလုံးတွေတောင် ကျွန်တော် သုံးခဲ့သည်။

'မေတ္တာအစူး' တွင်လည်း 'တကယ်ချစ်တာ ဖြစ်တော့ရော ဒီလိုဆင်ခြင်တုံတရားမျိုးနဲ့ ယောကျ်ားလေးတစ်ယောက်ကို သမီးက လက်တွဲဖော်အဖြစ် ရွေးသင့်လို့လား၊ မှားမှန်းသိပြီး ပြုပြင်သွားတဲ့ ယောကျ်ားလေးတွေ အများကြီးပါပဲ၊ ခက်တာက မိန်းကလေးတွေဆိုတာ အဲသလိုလူမျိုးရဲ့ဘေးမှာ နေပြီး သူပြင်ပြင်လာပါစေလို့ နေ့တိုင်း ဘုရားရှိခိုးဆုတောင်းနေမယ့် ဘဝမျိုးနဲ့ ကိုယ့်ဘဝကို စတေးပစ်လို့ မဖြစ်သေးဘူးလေ၊ သူတကယ် ပြောင်းလဲသွားတာကို မျက်ဝါးထင်ထင် မြင်ရပြီးတာတောင် ပြန်

မဖောက်ပါဘူးဆိုတဲ့ အထောက်အထားမရမချင်း စောင့်ရမယ့်အမျိုး မဟုတ်ဘူးလား' ဟု ကျွန်တော် သတိပေးခဲ့သည်။

**ဆရာ့နှလုံးသား**

'ဆရာ့နှလုံးသား' စာအုပ်မှာလည်း တပည့်မကလေးတွေအတွက် မှာချင်တာတွေ ပြည့်နှက်နေခဲ့သည်။

'တွက်ကြည့်လို့ ကိုယ့်ဘက်က ရှုံးဖို့ ရာခိုင်နှုန်းများနေရင် လျှောက်ပြီးသား ခရီး ဘယ်လောက် ပြီးခဲ့၊ ပြီးခဲ့၊ စိန်ခေါ်တာကို လက်မခံဘဲ ဘွာခတ်ပြီး ထွက်သွားရဲတဲ့ သတ္တိ ရှိရမယ်'

ဟု 'ဘွာမခတ်မိခြင်း' ဝတ္ထုတွင် ကျွန်တော် ရေးခဲ့သည်။

'အရက်စွဲတာ ဖြတ်ရသလိုပေါ့၊ ဖြတ်ခါစမှာတော့ ဖျပ်ဖျပ်လူး ခံစားရတာပေါ့၊ ကြာတော့လည်း မေ့သွားတာပါပဲ၊ တကယ်လို့ အဲသလို ခံစားချက်မျိုးကို 'အချစ်စစ် အချစ်မှန်' လို့ သတ်မှတ်ရင် အရက်သမားတွေ အားလုံးဟာ အရက်ကို အချစ်စစ်အချစ်မှန်နဲ့ ချစ်နေကြတာလို့ ပြောရမလို ဖြစ်နေတော့မှာပေါ့'

ဒါက 'မရှိမဖြစ် ရင်ခုန်သံ' ဝတ္ထုထဲတွင် အိမ်ထောင်သည် ယောကျ်ားကြီးတစ်ဦးကို ချစ်မိပြီးမှ အိမ်ထောင်သည်မှန်း သိသဖြင့် စိတ်ထိခိုက်ကြေကွဲကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ဖို့ ကြိုးစားသည့် 'ခင်နှောင်း' ၏ အသက်ကို ကယ်လိုက်သော ဒေါက်တာမင်းသိုက်၏ ဆုံးမစကား။

'မြန်မာမိန်းကလေးတွေရဲ့ အလှအပဟာ အရက်နဲ့ မြည်းရမယ့် ဟင်းတစ်ခွက် ဘယ်တုန်းက ဖြစ်သွားလိုက်တာလဲ။ မြန်မာ ယောကျ်ားကြီးတွေရဲ့ နှမအရင်းကလေးလို စောင့်ရှောက်တတ်တဲ့ စိတ်ဓာတ်၊ ဘယ်တုန်းက ပြောင်းလဲသွားလိုက်တာလဲ။ စိတ်ပူတယ် သမီးလေး ရယ်၊ သမီးလေးက အရွယ်ရောက်တော့မှာ'

'လူကောင်းနဲ့ လူဆိုးကို သမီး ခွဲမြင်တတ်ရဲ့လားဟင်၊ အပေါင်းအသင်း လုပ်သင့်တဲ့လူနဲ့ ဝေးဝေးက ရှောင်ရမယ့်သူရော သမီး ခွဲခြားတတ်ရဲ့လား၊ ဆင်ခြင်တုံတရားအားကြီးတဲ့လူနဲ့ ဆင်ခြင်တုံတရား ဆင်းရဲတဲ့ လူရော၊ စိတ်ပူတယ် သမီးလေးရယ်၊ သမီးလေးက အရွယ်ရောက်တော့မှာ'



သည်လို ကျွန်တော် ရေးထားခဲ့သော 'စိတ်ပူတယ် သမီးလေးရယ်' ဝတ္ထုကိုတော့ ဆေးရုံအုပ်ကြီးတစ်ယောက်က သူ့ဆီရောက်လာသော မိန်းကလေး အလုပ်သင်ဆရာဝန်တွေကိုပင် ဖတ်ပြခဲ့သေးသည်ဟု ကြားရ၏။

'သိင်္ဂါရ မီးအိမ်' ဝတ္ထုမှာလည်း အဲသည် ဆင်ခြင်တုံတရား အားကြီးသူနှင့် ဆင်ခြင်တုံတရား ဆင်းရဲသူအကြောင်း တကယ့်အဖြစ်အပျက်ကလေးတစ်ခုကို ကျွန်တော် ထပ်ရေးခဲ့သေး၏။

**မမြဝေ၏ ပြောရေးဆိုခွင့်**

အဲသည်နောက် ထွက်သည့် 'နေညိုကမ်းနဖူး' က သဒ္ဒါရတရားအကြောင်း ရေးသည့် ဝတ္ထုတိုကလေးတွေ စုထုတ်တာပါ။ ဒါတောင် 'မမြမေ၏ ပြောရေးဆိုခွင့်' ဝတ္ထုမှာတော့ သမီးကလေးတို့ ဖတ်စေချင်တာတွေ ကျွန်တော် ရေးခဲ့သေးသည်။

'လက်ဖက်ရည်ခွက်နှင့် နှုတ်ခမ်းကြားမှာပင် တော့လွဲပေါင်းများစွာရှိသည်တဲ့၊ အင်္ဂလိပ်စကားပုံရှိသည်၊ လွဲခဲ့လျှင် နစ်နာကျန်ခဲ့မည်က မိန်းကလေး၊ မကြာခင် လက်ထပ်ကြမည့် သူတွေပဲ ဟု အရဲအားကိုး၍ သဒ္ဓါလွန်ကြမည်စိုးသည်'

'မိဘကလည်း ရင်းရင်းနှီးနှီး ပြောဆိုတိုင်ပင် ဆွေးနွေးတာမျိုး မရှိခဲ့သည့် မိန်းကလေးမျိုးက နိုင်ငံခြားမှာ ရည်းစားထားရင် ကိုယ့်ကိုယ်ကိုယ် သတိမလပ် စောင့်ကြပ်ကာကွယ်နိုင်သည့် ဆင်ခြင်တုံတရားရှိနေမည်ဆိုတာက တော်တော် ဆုတောင်းယူရမည့် ကိစ္စ ဖြစ်နေသည်' စသဖြင့်ပေါ့။

**အာသာဝတီပန်းခင်း**

ကျွန်တော် နောက်ဆုံးထုတ်ဝေခဲ့သည့် 'ပိုးတဝါး အတွေးစများ' ထဲမှာတော့ ရှေ့ပိုင်းမှာ ကျွန်တော် အသိပေးရေးခဲ့တာမျိုးတွေကို မဆင်မခြင်မိ၍ ဘဝတွေ ပိုးစိုးပက်စက် ဖြစ်ကြရသည့် တကယ့်အဖြစ်အပျက်တွေကို 'အာသာဝတီ ပန်းခင်း' အမည်ဖြင့် အများကြီး ထည့်ရေးခဲ့သည်။

'အာသာဝတီနွယ်နီ နတ်ပန်းတို့ မရှုမလှ ညှိုးနွမ်းနေကြတာ မြင်ရတာ စိတ်မသက်သာလှ၊ ကဲ. . . ဂလိုဘယ်ကြဦးလေဟုလည်း အော်မိချင်လာသည်' ဟု ထည့်ရေးခဲ့သည်။

မြစ်ကြီးနားက ဥတ္တရလမင်းစာပေအဖွဲ့ကတော့ အဲသည့်ဝတ္ထုကို ကျွန်တော့်ဆီက တောင်း၍ သူတို့လက်ရွေးစင် ဝတ္ထုတိုပေါင်းချုပ် စာအုပ်တွင် ထပ်ထည့်ခဲ့ကြသည်။

သမီးကလေးတို့အရေး၊ ဆွေးနွေးစရာတွေက မကုန်တတ်သေး။ ကျွန်တော်လည်း စဉ်ဆက်မပြတ် ရေးလည်းရေးခဲ့၊ ရေးလည်းရေးနေတုန်း ပါပဲ။

ဖတ်မိသူတွေ ရှိသော်လည်း မဖတ်မိသူက များနေသေးသည်။

သည်ဆောင်းပါးကလေး ဖတ်မိလျှင်တော့ ကျွန်တော့် စေတနာ နည်းနည်း ပိုအရာထင်ကောင်းပါရဲ့ဟု တွေးမိသည်။

သမီးကလေးတို့ ဘဝကလေးတွေ တင့်တယ်လှပ၍ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

○

# ဒေါက်တာဟာယ်လင်တောဆစ်အကြောင်း

စာပေခရီးသွားများ စာစဉ်က 'ယောက်ျားတံခွန် လူရည်ချွန်' ခေါင်းစဉ်ဖြင့် ရေးခိုင်းတုန်းက ကျွန်တော့်မှာ ရေးစရာအပြည့်။

'မိန်းမတံခွန် လူရည်မွန်' ရေးခိုင်းတော့ ရုတ်တရက် ရေးစရာ စဉ်းစား၍ မရ။ မိန်းမသူရဲကောင်းတွေ ရာဇဝင်မှာ မရှိခဲ့လို့ မဟုတ်။ 'Joan of Arc' အာဇာနည်ဂျုံးကစ၍ ဒေါ်အောင်ဆန်းစုကြည်အဆုံး ရေးမကုန်အောင် များပြားလှသည်။ မိန်းမသားတန်မဲ့နှင့် ယောက်ျားကြီးတွေ ပါးစပ်အဟောင်းသား ဖြစ်လောက်အောင် စွန့်လွှတ်အနစ်နာခံပြခဲ့သူတွေမှ ဒုနှင့်ဒေး။

သို့သော် အမျိုးသမီး စာရေးဆရာတစ်ဦးဦးက ရေးဖွဲ့ပြတာက အမျိုးသမီးတွေ ဘဝကို ပိုကိုယ်ချင်းစာ ရေးဖွဲ့နိုင်မည်ဟု တွေးမိတာပါ။ လက်ာရည်ကျော်ဆိုသည့် ကလောင်အမည်ကလည်း မြန်အောင်စာပေ ဟောပြောပွဲတုန်းက မမ 'သန်းမြင့်အောင်' ပြောသလိုပင် 'ခုတော့ လက်ာရည်ကျော်ဆိုတာ ယောက်ျား၊ သန်းမြင့်အောင်ဆိုတာ မိန်းမဆိုတာ သိကြပြီ မဟုတ်လား' ဟု မေးယူရသော နာမည်မို့ ပိုအထင်လွဲခံရမှာက လည်း ကြောက်ရသေး။

အဲသည်အချိန်မှာ ကျွန်တော် ဒေါက်တာ ဟာယ်လင်တောဆစ်ကို သတိရမိသည်။ ဘဝမှာ အခက်အခဲနှင့် တွေ့ရတိုင်း လွယ်လွယ်အားလျှော့

ချင်တတ်သော လူငယ်တချို့၊ ရုန်းကန်ကြိုးစားဖို့ အားမထုတ်ချင်သော လူငယ်တချို့အတွက် ကျွန်တော် ဆုံးမစကားပြောတိုင်း 'ဟယ်လင်' အကြောင်းကို ပြောပြဖြစ်သည်။

ဟယ်လင်က ကလေးနှလုံးအထူးကုဆရာဝန်တစ်ဦး ဖြစ်သည်။ သူ့အကြောင်းကို လွန်ခဲ့သော ငါးနှစ်ခန့်က ဇီဝိတမဂ္ဂဇင်းမှာ ကျွန်တော် ဆောင်းပါးရေးဖူးသည်။ စာပေခရီးသွားများ၏ 'ကိုယ့်ကိုယ်ကိုယ် ပြုဌာန်းပါ' မှာလည်း အနည်းအကျဉ်း ထည့်ရေးဖူးသည်။ တခြား စာရေးဆရာတွေ သူ့အကြောင်း ရေးတာတစ်ခါမှ မတွေ့ဖူးခဲ့။

'ဟယ်လင်' အကြောင်းကိုပင် ထပ်ရေးပြတာ အသင့်တော်ဆုံးဟု ကျွန်တော်ထင်မိသည်။

## ဟယ်လင်တောဆစ်ဆိုတာ ဘယ်သူလဲ

နောက်ဆုံးနှစ် အပိုင်း (က) ဆေးကျောင်းသူ၊ ကျောင်းသားများမှ အစပြု၍ ဆရာဝန်အားလုံး မွေးရာပါ ပြာနှမ်းသော နှလုံးရောဂါတွင် ပြုလုပ်ရသော ခွဲစိတ်မှု Blalock-Taussig (ဘလားလော့-တောဆစ် ခွဲစိတ်မှု) အကြောင်း ကောင်းကောင်းကြီး ကြားဖူးကြသည်။ ဘလားလော့ ဆိုသည်က ဒေါက်တာ အဲလ်ဖရက်ဘလားလော့ဆိုသည့် နှလုံးခွဲစိတ်ဆရာဝန်ကြီး ဖြစ်ပြီး တောဆစ်ဆိုသည်က ဒေါက်တာ ဘလားလော့ထက် အသက် ဆယ်နှစ်နီးပါးငယ်သော ဒေါက်တာ ဟယ်လင် ဘရွတ်ခ်တောဆစ် ဖြစ်ပါသည်။

ဆရာကြီး ပါမောက္ခ ဦးခင်မောင်အေး (နှလုံးခွဲစိတ်ကု ဆရာဝန်ကြီး - အငြိမ်းစား) ကတော့ စာသင်တိုင်း ဒေါက်တာ ဘလားလော့အကြောင်း ထည့်ထည့်ပြောသည်ကို လူငယ်ဆရာဝန်လေးများနှင့်အတူ လိုက်လိုက်နားထောင်ရင်း ကျွန်တော် မကြာခဏ ကြားဖူးပါသည်။ ကျွန်တော်ကတော့ 'ဟယ်လင်တောဆစ်' အကြောင်းကို ပိုစိတ်ဝင်စားနေမိသည်။

အကြောင်းကတော့ 'ဟယ်လင်တောဆစ်' က ကျွန်တော့်လိုပင် ကလေးအထူးကု ဆရာဝန်တစ်ဦး ဖြစ်နေ၍ ဖြစ်ပါသည်။ ပြီးတော့ ကျွန်တော့်ကိုယ် ကျွန်တော် 'ကလေးနှလုံးအထူးကုဆရာဝန်' ဟု မခံယူတော့သော်လည်း ကလေးနှလုံးအထူးကု ဘာသာရပ်နှင့် ရင်းနှီးစွာ နွယ်ပတ်နေဆဲ လူတစ်ဦး ဖြစ်လေရာ အမျိုးသမီးတစ်ဦးလည်း ဖြစ်ပါလျက်



ဆေးပညာတွင် အမျိုးသမီးများကို နေရာပေးလေ့မရှိသော ခေတ်တွင် မွေးဖွားကြီးပြင်းခဲ့ရသူလည်း ဖြစ်ပါလျက် ငယ်စဉ်က အဆုတ်တီဘီရောဂါကြောင့် နာတာရှည် လူမမာ ဖြစ်ခဲ့ဖူးသူ၊ အသက်ကြီးလာသည်နှင့် အမျှ အကြားအာရုံ တဖြည်းဖြည်း ချို့တဲ့လာခဲ့သူ၊ ငယ်စဉ်ကပင် Dyslexia ခေါ် စာဖတ်ရာတွင် ဝေါဟာရများကို နားလည်ရန် ခက်ခဲသည့် ဦးနှောက်အာရုံကြောဆိုင်ရာ ရောဂါ ရှိဖူးသူလည်း ဖြစ်ပါလျက်နှင့် 'ကလေးအထူးကု ဘာသာရပ်' ၏ မိခင်ကြီးအဖြစ် အသိအမှတ်ပြုခံရသည် အထိ ကြိုးပမ်းအားထုတ်ခဲ့သော ဒေါက်တာ ဟယ်လင်တောဆစ်၏ စေတနာနှင့် အားမာန်တို့မှာ ကျွန်တော့်အတွက် ကြက်သီးမွေးညင်းထရမလောက် လေးစားအားကျဖွယ်ရာတွေပါ။

## ကြမ်းတမ်းသည့် ငယ်ဘဝ

'ဟယ်လင်' လေးကို အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်၊ ကင်းဘရစ်မြို့ (အမေရိကန် ပြည်ထောင်စုနှင့် ဩစတြေးလျနိုင်ငံရှိ မြို့တော်တော်များများမှာ ယူကေနိုင်ငံမှ မြို့အမည်များကို ပွားယူထားတတ်ပါတယ်။ ရန်ကုန်မြို့တွင် မြောင်းမြလမ်းတို့၊ ပုသိမ်လမ်းတို့ ရှိသလိုပါပေ) ၌ ၁၈၉၈- ခုနှစ်၊ မေလ ၄ ရက်နေ့တွင် မွေးဖွားခဲ့သည်။

'ဟယ်လင်' အသက် ရှစ်နှစ်အရွယ်တွင် မိခင်ဆုံးပါးခဲ့သည်။ ဖော်ပြပြီးခဲ့သည့်အတိုင်း ငယ်ရွယ်စဉ်ကတည်းက မကျန်းမာသူဖြစ်သော်လည်း စိတ်ဓာတ်စေတနာ ထက်သန်စွာ ကြိုးစားအားထုတ်ခဲ့မှုကြောင့် ကင်တပ်ကီ ပြည်နယ်၊ ရက်ကလစ်ဖ်ကောလိပ်သို့ တက်ရောက်ခွင့် ရရှိခဲ့သည်။ ၁၉၂၁ ခုနှစ်၊ ဟယ်လင် အသက် ၂၃ နှစ်တွင် ဘာကလေမြို့၊ ကယ်လီဖိုးနီးယား တက္ကသိုလ်မှာ 'အေတီ' ဘွဲ့ရရှိခဲ့သည်။ ဖခင်မှာ နာမည်ကျော် ဟားဗတ်တက္ကသိုလ်မှ နာမည်ကြီး စီးပွားရေး ပညာ ပါမောက္ခကြီး တစ်ဦး ဖြစ်သော်လည်း 'မိန်းကလေးတစ်ဦး ဖြစ်နေသည့်အပြစ်ကြောင့်' ဟယ်လင် ဟားဗတ်သို့ ဝင်ခွင့်မရရှာပါ။

ထို့ကြောင့် ဘော်စတွန်မြို့ရှိ ဘော့စတွန်တက္ကသိုလ်တွင် ခန္ဓာဗေဒ ဘာသာရပ်ကို သင်ကြားလေ့လာခဲ့ရသည်။ ၁၉၂၃ ခုနှစ် ဟယ်လင် အသက် ၂၅ နှစ်တွင်မှ ဘော်လ်တီမိုးမြို့ရှိ ကမ္ဘာကျော် ဂျွန်ဟော့ပ်ကင်း

ဆေးတက္ကသိုလ်သို့ စတင်ဝင်ရောက်ခွင့် ရခဲ့ပြီး ၁၉၂၇ ခုနှစ်၊ အသက် ၂၉ နှစ်တွင်မှ ဆရာဝန်ဘွဲ့ရခဲ့သည်။

ထိုအချိန်မှစ၍ ကလေးကျန်းမာရေး ပညာဌာန၊ ပါမောက္ခ ဒေါက်တာ အက်ဒဝတ်အေပတ်ခ်၏ နွေးထွေးရင်းနှီးသော သွန်သင်ညွှန်ကြားမှုအောက်တွင် ကလေးအထူးကု ဆရာဝန်လောင်းတစ်ဦး၏ ဘဝကို လျှောက်လှမ်းခဲ့သည်။

## ကလေးအထူးကု ဆရာဝန်တစ်ယောက် ပေါ်ထွန်းလာခြင်း

၁၉၃၀ ခုနှစ်တွင် ဒေါက်တာပတ်ခ်က ဒေါက်တာ ဟယ်လင်တောဆစ်ကို ဟယ်ရီယက်လမ်း ဆေးကုခန်း၏ ကလေးနှလုံးကုသခန်းကို အုပ်ချုပ်ရန် တာဝန်ပေးခဲ့သည်။

ဟယ်လင်၏ အသက်က ၃၂ နှစ်၊ နားအကြားအာရုံက တော်တော်ချို့တဲ့လာနေပြီ။ ဒါကို ထေမိစေရန် လူနာကလေးကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်း၊ ကျွမ်းကျင်စွာ ကိုင်တွယ်စမ်းသပ်ခြင်း၊ စနစ်တကျ ဆေးမှတ်တမ်းများ ထားရှိလေ့လာခြင်း၊ မှတ်ဉာဏ်အလွန် ကောင်းမွန်ခြင်းတို့အပြင် ပြင်းထန်သော ဖွဲ၊ လုံ့လ၊ စေတနာတို့ဖြင့် လေ့လာခဲ့ရသည်။

၁၉၂၆ မှ ၁၉၈၈ ခုနှစ်အတွင်း ဒေါက်တာ ဟယ်လင်တောဆစ်၏ ကလေးနှလုံးရောဂါ ဆိုင်ရာ ကျမ်းများ များစွာ ထွက်ရှိလာခဲ့လေသည်။ Dyslexia ခေါ် ဝေါဟာရပိုင်းဆိုင်ရာ နားလည်နိုင်စွမ်း အားနည်းမှု ဝေဒနာရှင်တစ်ယောက် ကျမ်းစာများ ပြုစုရေးသားနိုင်ခဲ့သည်မှာ အံ့မခန်းဖွယ်ရာ ကြိုးစားအားထုတ်မှုပါ။ ၁၉၄၇ ခုနှစ်၊ ဒေါက်တာ ဟယ်လင်တောဆစ် အသက် ၄၉ နှစ်အရွယ်တွင် ရေးသားခဲ့သော 'မွေးရာပါ ကလေးနှလုံး အားနည်းရောဂါများအကြောင်း' စာအုပ်မှာ သူ ၁၀ နှစ်တိုင်တိုင် ကြိုးစားရေးသားခဲ့ရခြင်းဖြစ်ပြီး ကမ္ဘာကျော်ခဲ့သည်။ ၁၉၆၀ မှ ၁၉၆၂ ခုနှစ်အတွင်းတွင် ဒုတိယအကြိမ် ဖြည့်စွက်ရေးသားခဲ့သေးသည်။

သူကိုယ်တိုင် ခံစားနေရသော နားထိုင်းသည့် ဝေဒနာအကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်း ရိုးသားစွာ ဟာသစွက်၍ စာနှစ်ပုဒ် ရေးသားခဲ့ဖူးသေးသည်။ နောက်ပိုင်း ဆေးပညာတိုးတက်လာချိန်တွင်တော့ သူ၏ နားအကြားအာရုံမှာ ခွဲစိတ်ကုသ၍ တိုးတက်ကောင်းမွန်သွားခဲ့သည်။



## ကမ္ဘာကျော်လေပြီ

၁၉၄၀၊ ဒေါက်တာ ဟယ်လင်တောဆစ် အသက် ၄၂ နှစ်အရွယ်တွင် မွေးရာပါ ပြာနှမ်းသော ကလေးနှလုံးရောဂါများ (Tetralogy Fallot) အတွက် ကုထုံးမပေါ်သေးပါ။ ထိုအချိန်တွင် ဒေါက်တာ ဟယ်လင်တောဆစ်က ထိုကလေးများထဲမှ မွေးရာပါ အဆုတ်သွေးလွှတ်ကြောနှင့် သွေးမကြီးကြားတွင် အပိုပြွန်ငယ် (Patent ductus arteriousus) ပါလာသော ကလေးများကို စောင့်ကြည့်ခဲ့သည်။ ထိုသို့သော ကလေးများတွင် ထိုပြွန်ငယ်လေးများ ပိတ်သွားချိန်တွင် ကလေးများ ပိုမို ပြာနှမ်းလာပြီး ကွယ်လွန်သွားကြကြောင်း သတိထားမိသည်။ ထို့ကြောင့် အလားတူ ပြွန်ငယ်မျိုးကို ခွဲစိတ်၍ ထည့်ပေးလိုက်ပါက မူလက ပြာနှမ်းနေသော ကလေးများ သက်သာလာဖွယ် ရှိကြောင်း တွက်ဆမိလာသည်။ ယင်းကို ထိုနှစ်တွင် ဗင်ဒါဘစ်လ်တ် တက္ကသိုလ်မှ ဂျွန်ဟော့ပ်ကင်းစ် တက္ကသိုလ်သို့ ခွဲစိတ်ကုပညာဌာနမှူးအဖြစ် ပြောင်းရွှေ့လာသော ဒေါက်တာ အယ်ဖရက်ဘလားလော့နှင့် ဆွေးနွေးသည်။

ဒေါက်တာ ဘလားလော့က သူ၏ အဆိုပြုချက်ကို လက်ခံစမ်းသပ်ကြည့်ခဲ့ပြီး ၁၉၄၄ ခုနှစ်တွင် နိုဝင်ဘာလတွင် 'အယ်လင်းဆာက်ဆွန်' အမည်ရှိ ကလေးငယ်ကို ပြာနှမ်းနေရာမှ နီမြန်းလာအောင် အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့သည်။

'ဘလားလော့-တောဆစ်' ခွဲစိတ်မှု၏ အစီရင်ခံစာကိုတော့ နောက်ထပ် အောင်မြင်သော ခွဲစိတ်မှုနှစ်ခုအပြီး ၁၉၄၅ တွင် ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာက ကမ္ဘာကျော်ခဲ့လေသည်။

၁၉၇၇ ခုနှစ်က ထုတ်ဝေခဲ့သော ဂျွန်ဟော့ကင်းစ် ဆေးပညာဂျာနယ်တွင် ပါမောက္ခ အင်းဂဲလ်က 'ဒေါက်တာ ဘလားလော့ကို နှလုံးခွဲစိတ်ကုပညာ၏ ဖခင်ဟု သတ်မှတ်မည်ဆိုပါက ဒေါက်တာတောဆစ်ကိုလည်း ကလေးနှလုံးအထူးကုပညာ၏ မိခင်ဖြစ်ကြောင်း အငြင်းပွားဖွယ်မရှိချေ' ဟု ရေးသားခဲ့ဖူးလေသည်။

## ဘဝတစ်လျှောက်လုံး အနားမယူသည့် ဆရာဝန်

ထို ၁၉၄၅ ခုနှစ်တွင် ဒေါက်တာ ဟယ်လင်တောဆစ်၏ အသက်မှာ ၄၇ နှစ် ရှိနေပြီ။ ထိုအချိန်မှစ၍ တစ်ကမ္ဘာလုံးမှ လူနာများနှင့် ဆရာဝန်များ ဘော်လ်တီမိုးသို့ လာရောက်လေ့လာကြသည်။ ဒေါက်တာ ဘလားလော့ ရော၊ ဒေါက်တာ ဟယ်လင်တောဆစ်ပါ ကမ္ဘာ့နိုင်ငံ အနှံ့အပြားသို့ သွားရောက်ဟောပြောကြရသည်။

၁၉၆၂ ခုနှစ်တွင်တော့ ဒေါက်တာ ဟယ်လင်တောဆစ်က ၆၄ နှစ် ရှိနေပြီ။ သူတို့ ခွဲစိတ်ကုသပေးခဲ့သော ကလေးငယ်ပေါင်း တစ်ထောင်၏ ရလဒ်ကို စာတမ်းပြုစုထုတ်ဝေခဲ့သည်။ ၁၉၇၁ ခုနှစ် သူ့ အသက် ၇၃ နှစ်၌ပင် ထိုစာတမ်းကို ဖြည့်စွက်ထုတ်ဝေခဲ့သေးသည်။

၁၉၅၉ ခုနှစ် သူ့အသက် ၆၁ နှစ်တွင်မှ ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ ကလေးကျန်းမာရေး ပညာဌာန ပါမောက္ခရာထူးကို ရခဲ့သည်။ အသက် ၆၅ နှစ်တွင် အမေရိကန်ပြည်ထောင်စု၏ လုပ်ထုံးလုပ်နည်းအတိုင်း အလုပ်မှ အငြိမ်းစားယူခဲ့သော်လည်း သူ တကယ်အနားမယူပါ။

အမေရိကန် ကလေးအထူးကုအဖွဲ့၏ လက်အောက်တွင် ကလေးနှလုံးအထူးကု ပညာအဖွဲ့ငယ် ပေါ်ပေါက်လာစေရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်ခဲ့သည်။ ၁၉၆၅ ခုနှစ်၊ အသက် ၆၇ နှစ်အရောက်တွင် ဒေါက်တာ ဟယ်လင်တောဆစ်သည် အမေရိကန်နှလုံးရောဂါအသင်း (AHA American Heart Association) ဥက္ကဋ္ဌ ဖြစ်လာသည်။ သည်အသင်းတွင် အမျိုးသမီးများထဲမှ ဥက္ကဋ္ဌဖြစ်တာ သူ အရင်ဆုံး ဖြစ်သလို ကလေးအထူးကု ဆရာဝန်များထဲမှ ဥက္ကဋ္ဌ ဖြစ်လာခြင်းမှာလည်း သူ အရင်ဆုံး ဖြစ်လေသည်။

## အခြားသော မှတ်တိုင်များ

၁၉၆၂ ခုနှစ်၊ သူ ပင်စင်ယူခါနီးဆဲဆဲတွင် ဒေါက်တာ ဟယ်လင်တောဆစ် ဥရောပသို့ လေ့လာရေးခရီး ထွက်ခဲ့သည်။ ကိုယ်ဝန်ဆောင်မိခင်များ 'သာလီဒိုမိုက်' ခေါ် အိပ်ဆေးကို သောက်သုံးမိပါက မွေးကင်းစ ကလေးများ ခြေလက်အင်္ဂါချို့တဲ့နိုင်တဲ့အကြောင်းကို ပထမဦးဆုံးအကြိမ် ဂျာမနီနိုင်ငံတွင် စတင်ဖြစ်ပွားစဉ်ကတည်းက ဒေါက်တာ ဟယ်လင်တောဆစ် လေ့လာသိရှိခဲ့သည်။ သူ၏ တွေ့ရှိချက်များကို သူပြန်ရောက်ချိန်တွင်



'အမေရိကန်ဆရာဝန်များ ကောလိပ်' အဖွဲ့ကြီးနှင့် လွှတ်တော်တို့သို့ အစီရင်ခံစာ တင်ပြခဲ့သဖြင့် ထိုဆေးကို အမေရိကန်ပြည်ထောင်စု၌ ခွင့်မပြုတော့ရုံသာမက ဆေးဝါးဥပဒေများကို ပိုမိုတင်းကျပ်ခဲ့သဖြင့် ကမ္ဘာကျော် 'သာလီဒိုမိုက်' ကပ်ဆိုးကြီးကို အမေရိကန်ပြည်ထောင်စုက ရှောင်လွှဲနိုင်ခဲ့သည်။

ဒေါက်တာ ဟယ်လင်တောဆစ်သည် အမေရိကန်ပြည်ထောင်စု သာမက ပြင်သစ်၊ အီတလီ အစရှိသည့်နိုင်ငံရပ်ခြားမှလည်း ဂုဏ်ပြုဆုများစွာ ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ၁၉၆၄ ခုနှစ်တွင် အမေရိကန်သမ္မတ ဂျွန်ဆင်က သူမကို အရပ်သားများအတွက် ချီးမြှင့်သည့်ဆုထဲတွင် အမြင့်ဆုံးဆုဖြစ်သော Medal of Freedom (လွတ်လပ်ရေး ဆုတံဆိပ်) ကို ချီးမြှင့်ခဲ့သည်။

၁၉၇၆ နှင့် ၁၉၈၃ ခုနှစ်တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ ကလေးနှလုံးရောဂါ ညီလာခံများကို သူ့အမည်သုံး၍ ဂုဏ်ပြုကျင်းပခဲ့ကြသည်။ ဂျွန်ဟော့ပ်ကင်းစ် တက္ကသိုလ်ရှိ ကလေးနှလုံးအထူးကုဌာနကိုလည်း သူ့ကို ဂုဏ်ပြု၍ 'ဟယ်လင်၊ ဘီ၊ တောဆစ်' ဌာနဟု အမည်ပေးခဲ့သည်။

'ဘဝတစ်လျှောက်လုံးမှာ ကြိုးစားသလောက် အသိအမှတ်ပြုခံရတာတွေ ရှိသလို အသိအမှတ်ပြုမခံရတာတွေလည်း ရှိတာပေါ့၊ အဲဒါတွေနဲ့ ကြုံလာရင်လည်း နည်းနည်းတော့ ခံစားရတာပေါ့၊ ဒေါက်တာဘလားလော့ကို အမျိုးသား သိပ္ပံနဲ့ ဝိဇ္ဇာတက္ကသိုလ်ကြီးတစ်ခုလုံးရဲ့ အဖွဲ့ဝင်အဖြစ် အရွေးခံခဲ့ရတဲ့အချိန်မှာ ကျွန်မကိုတော့ လက်ထောက်ဆရာဝန်ဘဝကနေ တွဲဖက်ပါမောက္ခ ရာထူးလေးတောင် တိုးမပေးခဲ့တာတွေလည်း ကြုံဖူးပါရဲ့'

ဒေါက်တာ ဟယ်လင် တောဆစ်က အပြုံးမပျက် သံဝေဂစကားလေး ဆိုဖူးပါသည်။ အသိပညာရှင်၊ အတတ်ပညာရှင်ကောင်းတို့မည်သည် မိမိကြိုးစားအားထုတ်မှုကို မည်မျှ အသိအမှတ်ပြုခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ စေတနာနှင့် လုံ့လ၊ ဝီရိယကို မလျှော့တတ်ကြသည်မှာ လေးစားအားကျဖွယ်ရာပါပေ။

ရုပ်ရည်ချောမောသလောက် စာသင်ပြရာတွင် ဆွဲဆောင်အားကောင်းကောင်းနှင့် စေတနာပြည့်ဝစွာ သင်ကြားတတ်သော ဒေါက်တာ ဟယ်လင် တောဆစ်ကို ကမ္ဘာ့ဒေသအသီးသီးမှလာသော သူ၏ တပည့်

ဆရာဝန်များကလည်း ချစ်ခင်တွယ်တာကြသည်။ နှစ်နှစ်၊ သုံးနှစ် တစ်ခါ ဆိုသလို တပည့်ဟောင်းများနှင့် သူ့အိမ် မြက်ခင်းပြင်လေးတွင် မိတ်ဆုံစားပွဲ လုပ်လေ့ရှိသည်။

၁၉၇၀ တွင်တော့ သူနှင့် သူ့ဖခင်ကိုယ်တိုင် ၁၉၃၀ ပြည့်လွန်နှစ်များတွင် တည်ဆောက်ခဲ့ပြီး ပန်းပင်စိုက်၊ ထင်းခုတ်၊ ရေကူး၊ စာရေးအနားယူခဲ့သော မက်ဆာချူးဆက်ပြည်နယ်၊ ကွန်တုတ်မြို့လေးရှိ နွေရာသီစံအိမ်လေးမှ ပင်ဆာဗေးနီးယားပြည်နယ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

၁၉၇၁ ခုနှစ်မှစ၍ ဒယ်လ်ဝဲယား တက္ကသိုလ်၊ ဝီလ်မင်တန်သဘာဝ သမိုင်းပြတိုက်တို့နှင့် တွဲဖက်၍ ငှက်များ၏ မွေးရာပါ နှလုံးရောဂါများကို လေ့လာရင်း နှလုံးရောဂါများ ဖြစ်ပေါ်လာပုံသမိုင်းကို ရေးသားခဲ့သည်။

၁၉၈၆ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင်တော့ ရွေးကောက်ပွဲအတွက် မဲဆန္ဒပေးရန် သူကိုယ်တိုင် ကားမောင်းလာရင်း 'ကင်နက်စကွဲယား' တွင် ယာဉ်တိုက်မှုဖြစ်၍ ကွယ်လွန်ခဲ့ရှာပါသည်။ ထိုနေ့သည်ကား သူ အသက် ၈၈ နှစ်ပြည့်ပြီးခါစ အချိန်ပါပေ။

**မိန်းမတစ်ခွန် လူရည်မွန်ဖြစ်ဖို့လိုသော အရည်အချင်း**

လူချွန်လူကောင်းဟူသည် ယောကျ်ား၊ မိန်းမ မရွေး ကြိုးစားလျှင် ဖြစ်နိုင်လောက်သည်ဆိုတာက လူတိုင်း လက်ခံထားပြီး အချက်ပါ။

ကြိုးစားတိုင်း ဖြစ်နိုင်သလားဆိုသည့် မေးခွန်းက လူတိုင်း သိချင်သည့် မေးခွန်း။

ရေခံမြေခံကောင်းသူ၊ မိဘဆွေမျိုး အသိုက်အဝန်းက ပံ့ပိုးနိုင်သူတွေမှ ခေါင်းဆောင်ကောင်းတွေ ဖြစ်လာကြကြေးဆိုလျှင် မာတင်လူသာကင်းကို ဘယ်နားမှာ သွားထားရပါမည်နည်း။ အာဗာနည်ဂျုန်းကို ဘယ်နားမှာ သွားထားရပါမည်နည်း။ ဘီသိုဗင်ကို ဘယ်နားသွားထားရပါမည်နည်း။

ထိုနည်းတူစွာ. . .

ဒေါက်တာ ဟယ်လင်တောဆစ်ကို ဘယ်နားသွားထားရပါမည်နည်း။

ကြိုးစားတိုင်း ဖြစ်နိုင်ပါသည်။



လုံလောက်သော ဆည်းပူးလေ့လာတတ်မှု၊ အလျှော့မပေးတတ်သော ဇွဲနှင့် စိတ်ရှည်ရှည် စောင့်တတ်သော သည်းခံတတ်မှုတို့သာ လိုပါသည်။

# ရုပ်ပိုင်ခွင့်နှင့်တာဝန်ဝတ္တရား

အရှုးလွယ်အိတ်ကို နှိုက်ကြည့်လိုက်တော့ စီဒီအချပ်လေး တစ်ချပ် ထွက်လာသည်။ အပေါ်မှာက ညီညာသော လက်ရေးနှင့် Multi-media ဟု ရေးထားသည်။

မှတ်မိပြီ။

ဒေါ်တင်တင်တို့ Multi-Media ဇာတ်လမ်းတို ထုတ်လုပ်ရေးမှာ လုပ်စဉ်က 'ဘဝကြေးမုံ' အစရှိသည်ဖြင့် MRTV -4 နှင့် မြဝတီတို့တွင် ကျွန်တော့်ဝတ္ထုတို ၁၂ ပုဒ်ခန့် ဇာတ်လမ်းတိုတွေအဖြစ် ရိုက်ခဲ့ကြဖူးသည်။ ကျွန်တော် စောင့်မကြည့်ဖြစ်တာ သိတော့ အဲသလို စီဒီအခွေကလေးတွေ နှင့် မကွေးကို ပို့ပေး၍ ဝေဖန်ချက်တောင်းသည်။ သရုပ်ဆောင်သစ် မော်ဒယ် ကလေးတွေက လှလှပပ ဝတ်စားဖို့ကို ဦးစားပေးလွန်းသည်ဟု ကျွန်တော် ထင်မိသော်လည်း ဝတ္ထု၏ မူရင်းစေတနာကို အလေးထားကာ 'မိုးမိုးစေဝင်း' က ဇာတ်ညွှန်းခဲ့လေ့ရှိသည်ဟု ယုံကြည်သဖြင့် ကျွန်တော် အမြတ်မ်း ခွင့်ပြုခဲ့သည်။ နောက်ပိုင်းတော့ ခွင့်မှန်မှန် တောင်းသော်လည်း အခွေပို့မပေးကြတော့သဖြင့် ဘယ်လိုနေသည် ကျွန်တော် မသိ။

အဲသည်အခွေကလေးကို ထည့်ဖွင့်ကြည့်တော့ 'စံပယ်တစ်ရုံ' ထွက်လာသည်။ သူတို့ ရိုက်ချင်လိမ့်မည်၊ ရိုက်နိုင်လိမ့်မည်ဟု ကျွန်တော် ထင်မထားဘဲ သူတို့ ရိုက်ခဲ့သော ဇာတ်လမ်း။ မော်ဒယ်ကလေးတွေကို



ကျော်၍ ဖခင်နေရာက သရုပ်ဆောင်သော ဦးအောင်မြိုင်ကိုပင် ကျွန်တော် ချီးကျူးစကား ဆိုခဲ့ဖူးသေးသည်။ ကျွန်တော် ပြောချင်သော စကားတွေကို ပြောပေးရတာက သူကိုး။

**စံပယ်တစ်ရုံ**

ဇာတ်လမ်းက သည်လို

ခြံချင်းကပ်လျက် အိမ်နှစ်အိမ်ရှိသည်။ သမီးပျိုရှိသည့်အိမ်နှင့် သားပျိုရှိသည့်အိမ်၊ သားပျိုက သမီးပျိုကို နှစ်သက်သည်။ ကိုယ်တိုင် ချဉ်းကပ်သော်လည်း မအောင်မြင်သဖြင့် မိဘတွေကတစ်ဆင့် ကြိုးစား သည်။ သမီးပျိုက မိဘလက်ငုတ်ကြောင့် ချမ်းသာသော်လည်း ကိုယ်တိုင် စွမ်းဆောင်နိုင်ရည် ဘာမှမရှိသော သားပျိုကို အထင်မကြီး၊ သမီးပျို၏ ဖခင် (ဦးအောင်မြိုင်) က 'ကျွန်တော့်သမီး ဆန္ဒမပါဘဲ ဘာမှ မစီစဉ်ပါဘူး' ဟု ငြင်းလိုက်သဖြင့် မိတ်ပျက်ကြရသည်။

သားပျိုက မိဘတွေဆုံး၍ တစ်ယောက်တည်း အဲဒီအိမ်မှာ ဆက် နေသည်။ ချမ်းသာသော်လည်း ဘာဆက်လုပ်ရမည် မသိ။ ယောင်ချာချာ။ သမီးပျိုက လုပ်ငန်းတစ်ခု အိမ်မှာပဲ လုပ်ချင်၍ အိမ်ကို တိုးချဲ့ဆောင် ထပ်ဆောက်ဖို့ ပြင်ဆင်သည်။ ဗိသုကာကလေးတစ်ဦးနှင့် ခင်နေ၍ အကူအညီတောင်းသည်။ ဗိသုကာကလေးက သမီးပျိုကို ချစ်ခင်နေသော် လည်း ဖွင့်မပြောသေး။ ဒီဇိုင်းခကို လျှော့ပေါ့ယူ၍ ဆွဲပေးသည်။ သူလျှော့ ယူကြောင်းကို ပြောမပြ။ ထုံးစံအရ အိမ်နီးချင်းတို့၏ သဘောတူညီချက် လိုသဖြင့် ဖခင်ကြီးက တစ်ဖက်ခြံက သားပျိုကို သွားလက်မှတ်ထိုးခိုင်း သည်။ သားပျိုက သမီးပျိုနှင့် စကားပြောမည်ဟု ပြောသဖြင့် ဖခင်ကြီး ဒေါပွပြီး ပြန်လာသည်။ သို့သော် သမီးပျိုက သွားတွေ့သည်။ ဗိသုကာ ကလေးဆွဲထားသော လက်ရာမှန်း သိသောအခါ သားပျိုက အမျိုးမျိုး အပြစ်ရှာ၍ လက်မှတ်မထိုးပေးဘဲ ငြင်းလိုက်သည်။ သူ့ခြံထဲက စပယ်ရုံပေါ် တိုးချဲ့ဆောင် ဝရန်တာက ရေကျမှာစိုးသည်တဲ့။ ဗိသုကာ ကလေးက အမျိုးမျိုး ပြင်ဆွဲပေးပြီး သမီးပျိုက အခေါက်ခေါက် သွားဆွေး နွေးသော်လည်း သားပျိုက အမျိုးမျိုး အကြောင်းပြ ထစ်ထားသည်။ ဗိသုကာ ပြောင်းရန် တိုက်တွန်းသည်။ နောက်ဆုံး ဗိသုကာကလေးက သူ့ ဆရာနှင့် ပြင်ဆွဲပေးတော့မှ လက်ခံလိုက်သည်။

'ပေါ်တင်ကြီး ဖေဖေရယ်၊ နှစ်ယောက်စလုံးပဲ'

'ဘာဖြစ်လို့လဲ သမီး'

'ဗိသုကာပြောင်းပေမယ့် ဒီဇိုင်းက ဒီအတိုင်းနီးနီးပဲဟာ၊ ဟိုလူကလည်း လူပြောင်းတာနဲ့ လက်မှတ်ထိုးပေးလိုက်တယ်၊ တမင်ညစ်နေခဲ့တာ အသိသာကြီး၊ ဆွဲပေးတဲ့လူကလည်း မတန်တဆ လျှော့ယူထားတာ၊ သူ့ဆရာအပ်မှ ဈေးမှန် သိရတော့တယ်'

ဖခင်ကြီး (ဦးအောင်မြိုင်) က ပြုံး၍ ပြောသည်။

'လူနှစ်မျိုးရှိတယ် သမီး၊ အရည်အချင်း ရှိတယ်၊ သူများကို ကူညီနိုင်စွမ်းရှိတယ်၊ ကူလည်း ကူညီတယ်၊ ကျေးဇူးတင်ခံရမှာတော့ အားနာတယ်၊ ဗိသုကာလေးလိုလူမျိုးပေါ့၊ နောက်တစ်မျိုးက ဟိုဘက်ခြံက သူငယ်လိုပေါ့၊ သူများကို ကူညီဖို့ လူစွမ်းလူစ အရည်အချင်းကို မရှိဘူး၊ ကျေးဇူးတင်တော့ ခံချင်တယ်၊ အဲဒီတော့ သူများကိစ္စ လွယ်တာကို ခက်အောင်ထစ်ထားလိုက်တယ်၊ နည်းနည်း အိုက်တင်ခံပြီးမှ ပြန်လျှော့ပေးတယ်၊ အဲဒီလျှော့ပေးတာကိုပဲ ကူညီလိုက်တာလိုလို လျှောက်ပြောပြီး ကျေးဇူးတင်ခိုင်းတယ်၊ ဘယ်လိုလူက လူကောင်းလဲ'

သမီးပျိုက ဗိသုကာလေးနှင့် လက်ထပ်လိုက်သည်။ စပယ်ရုံထိခိုက်မှာစိုး၍ဟု အကြောင်းပြသဖြင့် ဝရန်တာမပါဘဲ ဆောက်လိုက်သော အခန်းကလေးမှာပင် နေကြသည်။ ဆုံးရှုံးသွားရသော မိန်းကလေးနှင့် သူ့ခင်ပွန်းလောင်းနေမည့် အိပ်ခန်းဆောင်တည့်တည့်မှ သားပျိုမှာ စိတ်ထိခိုက်ရသည်။

မိန်းကလေးနာမည်ကလည်း 'စံပယ်' ပါပဲ။

ဒီဝတ္ထုက Perfect မှာ ဖော်ပြခဲ့တာ သုံးနှစ်ကျော်ပြီး မကြာမီက ထွက်သည့် 'လက်ာရည်ကျော်' ၏ 'အမြဲတေ ရတနာ' ဝတ္ထုတိုပေါင်းချုပ်မှာတောင် ပြန်ပါခဲ့ပြီးပြီ။

ပြောပြချင်တာက တာဝန် (Responsibility) နှင့် လုပ်ပိုင်ခွင့် (Authority) အကြောင်းပါ။

## တာဝန်နှင့် လုပ်ပိုင်ခွင့်

ဒါတွေက ဆရာဝန်နှင့် ဘာဆိုင်လို့လဲဟု ထင်ကြပေလိမ့်မည်။



ဆရာဝန်က လုပ်ငန်းခွင်ထဲ ဝင်လိုက်သောအခါ ဝင်ဝင်ချင်းထဲက ပြန်တမ်းဝင်အရာရှိ (Gazetted Officer) အဖြစ် ခန့်အပ်ခံရသူတွေပါ။

ကျွန်တော်တို့ ၁၉၈၇ ခုနှစ်က လက်ထောက်ဆရာဝန်ဖြစ်ဖြစ်ချင်း ဆရာသမားများက ပြန်တမ်းဝင်အရာရှိ တစ်ယောက်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သင်တန်းပို့ချ၍ သင်ပေးခဲ့ကြတာပါ။

တကယ်တာဝန်ယူရပြီဆိုသောအခါမှာ ကိုယ့်အသက်၊ ကိုယ့်အတွေ့အကြုံနှင့် ဒီကြီးလေးသော တာဝန်တွေကိုနိုင်မှ နိုင်ပါ့မလားဟု စိတ်ပူစွာဖြင့် ကျွန်တော်တို့ တော်တော် ကြိုးစားခဲ့ကြရပါသည်။ Responsibility Conscious ဖြစ်သည်ဟု ပြောရမလား၊ Duty Conscious ဖြစ်သည်ဟု ပြောရမလား။ စိတ်ပူရင်း၊ ကြိုးစားရင်းက နောက်ဆုံး ကျွန်တော်တို့ နိုင်နိုင်နင်းနင်း ဖြစ်လာကြပါသည်။ နိုင်လာပြီဆိုတော့ နောက်တစ်ဆင့် တက်၊ ပြန်စိတ်ပူ၊ ပြန်ကြိုးစား၊ ပြန်နိုင်၊ ဒီလိုနှင့် ရာထူးအဆင့်တွေ တက်လာလိုက်တာ နောက်ဆယ်နှစ်ဆို ပြီးပြီ၊ ပင်စင်ယူရတော့မည်။ ဆိုလိုတာက တာဝန်တစ်ခု အပေးခံရတိုင်း ခံရတိုင်း Responsibility အကြောင်းသာ စဉ်းစားမိခဲ့သည်။ ကိုယ့်လုပ်ပိုင်ခွင့် (Authority) ကို အသုံးချဖို့ တစ်ခါမှ တွေးမကြည့်ခဲ့ဖူးပါ။ လိုမှ ယူသုံးရသည့် အသုံးအဆောင်ပစ္စည်း (Tool) သာ ဖြစ်ခဲ့သည်။ လိုလို၊ မလိုလို ပျော်ပျော်ကြီး သုံးရသည့် ပစ္စည်း (LUXURY) ဟု တစ်ခါမှ မတွေးမိခဲ့ဖူးပါ။

အဲဒါကိုပဲ ရွှေစိတ်ဝင်စားသူတွေနှင့် မဆုံခဲ့ဖူးဘူးလားဟု မေးလျှင်တော့ ဆုံခဲ့ဖူးသည်။ အံ့သြလည်း အံ့သြခဲ့ရသည်ဟု ဆိုရမည်။

ဆရာဝန်ပေါက်စ ဘဝမှာတင် မှုခင်းဆေးထွက်ချက်များ တင်ပြရသဖြင့် ရွှေနေနှင့် အမှုသည်က အိမ်လာညှိချင်သည် ခွင့်တောင်းတာကြုံဖူးသည်။ ယောက္ခထီးက ထိုစဉ်က ထိုမြို့ ရွှေနေအသင်းက ဥက္ကဋ္ဌ ရွှေနေကြီးဖြစ်သည်။ ထိုအဖေကြီးက ငါ့သမက်အကြောင်း ငါသိတယ်. . . မလာနဲ့ဟု ပိတ်ရသည်။

ယခု ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးဘဝမှာလည်း အပ်ချင်လို့ပါဆိုသည့် လူနာရှင်တွေက ကျွန်တော်တာဝန်ယူတဲ့ အဆောင်မှာ တက်နေတဲ့ လူနာတွေအားလုံး ကျွန်တော့်လူနာချည်းပဲ။ ကျွန်တော့်လူနာကို ပိုဂရုစိုက်ပေးပါဆိုတာ တခြားလူနာတွေကို လျှော့ဂရုစိုက်ပါ ပြောတာနဲ့ အတူတူပဲဟုဆိုကာ အတွေ့မခံတတ်တာ အားလုံး အသိ။

တာဝန်ဝတ္တရားကို မကျေပွန်မိမှာကိုတော့ စိုးရိမ်ပါသည်။ လူပဲ အားနည်းချက်တွေ ရှိရမှာပေါ့။ သို့သော် လုပ်ပိုင်ခွင့်ကို 'လွှာသုံး' ဖို့တော့ တစ်ခါမှ မတွေးမိ။ အထူးသဖြင့် ကျောင်းဆရာတစ်ဦးကလည်း ဖြစ်နေတော့ ကိုယ့်ဆီက လူငယ်တွေ အတုယူမှားမှာ ကြောက်သည်။

တစ်ခါတလေတော့လည်း တချို့ လူငယ်တွေက ဘယ်က အတုတွေ ယူလာကြသည်မသိ။

## ဝမ်းရေစပ်သည့် တပည့်

သကောင့်သားကို တပည့်ဟုပင် မသုံးချင်။ အဲသလောက် စိတ်နာသည်။ သို့သော် ကျွန်တော် အထူးကုဆရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသော အဆောင်မှာ အလုပ်သင်ဆရာဝန် လုပ်ခဲ့သူဆိုတော့ တပည့်စာရင်းထဲတော့ ဝင်နေသည်။

သကောင့်သားက နိုင်ငံခြား သွားချင်သည်။ သွားဖို့လည်း စရိတ်ရှာနေသည်။ ဆေးရုံနားမှာ ဆေးစာအုပ်နှင့် ဆေးပစ္စည်းအရောင်းဆိုင်ကလေး လာဖွင့်တော့ ထိုစဉ်က ဌာနမှူး ကျွန်တော့်ဆရာက ကိုယ့်တပည့်ဆိုင်အားပေးရမည်ဟုဆိုကာ စာအုပ်တွေပင် သွားဝယ်ခဲ့သေးသည်။ သကောင့်သားက ဆရာကြီးနဲ့ ငါခင်တယ်၊ တွေ့လား၊ ညှိပေးမယ်၊ ဘယ်လောက်တော့ ပေးရမယ်. . . ဟု ညာတောင်းနေတာ ဆရာကြီးက မသိ။

နောက် ဆရာလင်မယား တစ်စုံက သူ့ကို ကူညီသော အနေနှင့် အိမ်မှာပင် ခေါ်ထားလိုက်သေးသည်။ သူ့ကွယ်ရာမှာ သူတို့နာမည်အလွဲသုံးစားလုပ်၍ ငွေရှာနေတာ မသိ။ နောက်ဆုံး အားလုံးပေါ်တော့ မောင်းချလိုက်ရသည်။

ကျွန်တော် ဌာနမှူး ဖြစ်လာတော့ သကောင့်သားက တော်တော်နာမည်ကြီး၊ နာမည်ပျက်နေပြီ။ စပ်စပ်စပ်စပ် သိတတ်လွန်းသော ကျွန်တော်ကလည်း သကောင့်သားအကြောင်း အကုန် သိနေပြီ။ အတန်းထိပ်ကလည်း အဲသည့်ကိစ္စကို ကျွန်တော်ပြောင် ကြေညာသည်။ လူနာဆောင်ထဲမှာလည်း အမိန့်ထုတ်သည်။ သကောင့်သား ကျွန်တော့်လူနာဆောင်နှင့် ဌာနကို အရိပ်တောင် မနင်းစေရဟု။ မုန်း၍၊ ဒေါသထွက်၍



မဟုတ်။ ကွယ်ရာမှာ သကောင့်သား လုပ်စားမှာ ကြောက်လွန်း၍ဖြစ်သည်။

ဒါလည်း မလွတ်ပါ။

'ဒီလိုပဲ ဟန်ကိုယ့်ဖို့ ပြောတာပေါ့ကွာ၊ အမှန်ကတော့ ငါတို့က ညှိထားပြီးသားပါ'

ကျောင်းသားဆိုးတွေကို အဲသလို ပြောလိုက်သေးသည်။

ယခုတော့ အဲသည် မသမှာ အာဇီဝတွေနှင့် နိုင်ငံခြားရောက်နေပြီ ကြားသည်။ အမိနိုင်ငံတော့ တော်တော်ပေါ့ပါးသွားမည်။

အဲသလို လူစားမျိုးတွေသာ တစ်နေ့မှာ ကျွန်တော်တို့ ယခု ထမ်းဆောင်နေသော တာဝန်ထမ်းဆောင်ရဖို့ဖြစ်လာခဲ့လျှင် တွေးရဲဖွယ်ရာ မရှိ။

## ဝမ်းရေ မစပ်တစပ် တပည့် မပဲ့တပဲ့

အဲသလောက်မဆိုးလျှင်တောင်မှ လူငယ်တွေကို သင်ခန်းစာ ယူစေချင်သည်။ ဘဝမှာ တာဝန်သိမှုကို လုပ်ပိုင်ခွင့်ရှေ့က အမြဲတန်ဖိုးထား၍ စဉ်းစားတတ်ကြစေချင်သည်။ နေရာတစ်နေရာ၊ တာဝန်တစ်ရပ်ရပ်ပက်ပင်းကြုံရလျှင် ကိုယ်ရစရာ ဘာရှိသလဲထက် ကိုယ်ဘာလုပ်ပေးရမှာလဲ တွေးကြစေချင်သည်။ ငါဘာကြီး ဖြစ်နေပြီဆိုတာထက် ငါဘာတွေ လုပ်ပေးရမည်ဆိုတာကို အရေးပေးသူတွေများလျှင် ဆေးပညာလောကမှမဟုတ် ဘယ်လောကမဆို လှမှာပါ။

မကြာသေးခင်က ကျွန်တော့်ထက် နည်းနည်းအသက်ကြီးသော်လည်း ရာထူးတူ၊ ပညာတူ အတူတူလည်း ပညာသင်ခဲ့ကြ၍ သူငယ်ချင်းလိုဖြစ်နေသော ဆရာဝန်ကြီးတစ်ယောက်နှင့် ကျွန်တော် ရုံးကိစ္စတချို့ အတူဆောင်ရွက်ဖို့ ဖြစ်လာသည်။ ကျွန်တော်က နယ်မှာ၊ သူကလည်း မအားမို့ တချို့ကိစ္စတွေကို ကျွန်တော့်ဇနီးက နှစ်ယောက်စလုံးအတွက် လိုက်လုပ်ပေးရသည်။ မိတ်ဆွေဆရာဝန်ကြီးက တော်တော် မအားဖြစ်နေ၍ အားနာစွာဖြင့် ကျွန်တော့်ဇနီးထံမှ စာရွက်စာတမ်းများ လာမယူနိုင်ကြောင်း၊ လာပို့ပေးနိုင်လျှင် ပို့ပေးစေလိုကြောင်း အကူအညီတောင်းသည်။ ဇနီးက သွားပို့ပေးသည်။

ဆရာဝန်ကြီး အခန်းတံခါးကို ခေါက်မည်လုပ်တော့ သူ့တပည့် အထူးကုဆရာဝန် (ကျွန်တော့် တပည့်လည်း ဖြစ်ခဲ့ဖူး) က လာတားသည်။

ဆရာဝန်ကြီး အထဲမှာ အနားယူနေသတဲ့။ ခေါက်လို့ မရဘူးတဲ့။ ကျွန်တော့်ဇနီးပါ. . . ဟု ပြောတော့ သိပါသည်တဲ့။ သူမှာထားတာတွေ လာပို့တာ၊ ဒါဆို ယူထားမလားဟု ပြောတော့ ယူမထားရဲတဲ့။ ဒါဆို ကျွန်မ ဘာလုပ်ရမလဲဟု မေးတော့ အပြင်က ထိုင်စောင့်ပါတဲ့။ ဆရာဝန်ကြီး သူ့ဟာသူ ထွက်လာမည့် အချိန်ကို စောင့်ပါတဲ့။ ဘယ်လောက်ကြာမလဲ ဆိုတော့ မသိပါတဲ့။

ဇနီးက ဒါဆိုလည်း မပေးတော့ဘူး။ ပြန်တော့မယ်။ ထွက်လာရင် သာ ပြောလိုက်ပါဟု ပြောပြီး လှည့်ပြန်တော့ ဘေးက နောက်ထပ် တပည့်တစ်ယောက်က အားနာပြီး တံခါးဝင်ခေါက်ပေးတော့မှ ဆရာဝန် ကြီးထွက်လာပြီး လာယူသတဲ့။ အဲသလို မခေါ်ရဘူးဟုလည်း သူမှာမထား ပါတဲ့။

အဲဒီ တပည့်မပဲ့တပဲ့ အဲဒီဆရာဝန်ကြီး နေရာရောက်မည့် အချိန်တွင် ကျွန်တော် သူ့ဆရာ လုပ်စရာ မလိုတော့ဆိုတာ တွေးမိမှ သက်ပြင်းချရပါတော့သည်။

○

# ကမ္ဘာကြီးဘယ်လိုလှည့်သလဲ

သည်တစ်ခေါက် အရှူးလွယ်အိတ်ကို နှိုက်လိုက်တော့ ကမ္ဘာကြီး နောက် တစ်ခါ ထွက်လာပြန်သည်။ ဟုတ်ကဲ့။ မပြားပါ။ အလုံးအတိုင်းပါပဲ။ ပြီးတော့ ချာချာလည်နေပါသည်။

**ကိုင်စာသီချင်းထဲက ကမ္ဘာကြီး**

'ကမ္ဘာကြီး ဘယ်လို လှည့်သလဲ'

ဆေးတက္ကသိုလ် မကွေးမှ တစ်လတစ်ခါ ကျင်းပဖြစ်သော Lunch time talk ဟု ခေါ်သည့် နေ့လယ်နေ့ခင်း ဆွေးနွေးပွဲတွင် သည်လ ဟောပြောဖို့ ကျွန်တော့် အလှည့်ကျသည်။ ကျောင်းရုံးက ဝန်ထမ်းတွေ က ခေါင်းစဉ်လာမေးတော့ ကျွန်တော်က အဲသည်အတိုင်း ပေးလိုက်သည်။

'ကမ္ဘာကြီး ဘယ်လိုလှည့်သလဲ'

တော်တော် စိတ်ဝင်စားသွားကြသည်။ နောက်ဆုံး အဲသည်အပတ် မှာ နေပြည်တော်မှာ အစည်းအဝေး သွားတက်ရမည့် ဌာနမှူးများ ကလည်း သူတို့လည်း တက်ချင်ပါသည်ဟု တောင်းဆိုသဖြင့် တစ်ပတ် ရွှေ့ပေးလိုက်ရသည်။

အဲသည် ဟောပြောပွဲအတွက် ပါဝါပွိုင့်ဆလိုက်လေးတွေ ပြင်ဆင် ရင်း ကျွန်တော် သွားသတိရနေမိသည်မှာ ဒေသကောလိပ်ကျောင်းသား

ဘဝက ကိုယ်နှင့် မတိမ်းမယိမ်း ဒေသကောလိပ်တက်ခဲ့ပြီး အဲဒီအချိန်မှာ အကြီးအကျယ် အောင်မြင်ခဲ့သည့်အဆိုတော် ကိုင်ဇာ၏ သီချင်းကလေး တစ်ပုဒ်ကိုပါ။

'၂၃ နဲ့ နှစ်ပိုင်းတစ်ပိုင်း စောင်းတဲ့ ကမ္ဘာကြီးအလယ် အသည်းကလေးများ မတိမ်းစောင်းဖို့ကွယ် လိုသေးတယ်၊ စိတ်ညစ်လို့ စိတ်ညစ်တတ်ရင် မလွယ်ဘူးကွယ်၊ လောလောဆယ်. . . ပျော်သလိုသာ နေ အချစ်ရယ်. . . ' တဲ့။

အဲသည်တုန်းက အဲသည့်စာသားများကို တော်တော် နှစ်ခြိုက်ခဲ့ဖူးသည်။ သာမန်အချစ်သီချင်း ရိုးရိုးတွေထက် သူ့စာသားတွေက ချစ်စရာကောင်းနေသည်။ နုပျိုလတ်ဆတ်မှုကို ပြနေသည်။ ဒီကြားထဲ အတွေးကလေးက မသိမသာ နက်ထားလိုက်သေးသည်။

'ယောနိသော မနသိကာယ'

အသင့်အတင့် နှလုံးသွင်းတတ်ခြင်း။

ဇွန်လက ကျွန်တော် ဆေးတက္ကသိုလ် မန္တလေးတွင် သွားဟောပြောစဉ်က 'လူငယ်နှင့် အောင်မြင်မှု' ဆိုသည့် ခေါင်းစဉ်အောက်တွင် ကျွန်တော် အောင်မြင်မှုကို

၁။ ဘဝမှာ မိမိ၏ ဦးတည်ရာကို ရှင်းရှင်းလင်းလင်း သိခြင်း

(Knowing your purpose in life)

၂။ မိမိ၏ အရည်အချင်းကို တတ်နိုင်သလောက် အထက်မြက်ဆုံး ဖြစ်စေရန် အသုံးချခြင်း

(Growing your potential to maximum capacity)

၃။ အဲသည် အရည်အချင်းကို အများအတွက် ပြန်အသုံးချနိုင်ခြင်း

(Sowing seeds that benefit others)

ဟု John Maxwell ၏ အာဘော်ကိုမှီး၍ ဟောပြောခဲ့ရာ လူကြီးပိုင်းကရော လူငယ်ပိုင်းကပါ နှစ်ခြိုက်ခဲ့ကြောင်း အင်တာနက် စာမျက်နှာများမှတစ်ဆင့် သိခွင့်ရခဲ့သည်။

ရောင်းရင်းကြီး ဒေါက်တာ စိုးလွင်ကလည်း လာရောက်အားပေးသဖြင့် အများစိတ်ဝင်စားသည့် စာရေးဆရာတစ်ဦးဖြစ်သူ သူ၏ 'အောင်မြင်မှု' အပေါ် အမြင်ကလေးကို ပြောပြပေးရန် ပရိသတ်ကိုယ်စား



အလံချူးလုပ်မိရာ ကိုစိုးလွင်က လှလှပပ၊ တိုတိုတုတ်တုတ်နှင့် ရှင်းရှင်းလင်းလင်းလေး ဖြေသွားသည်။

'လောကကြီးဟာ သူ့ဟာသူ ဖြစ်ချင်တာ ဖြစ်နေတာပါပဲ၊ ကိုယ့်အတွက် ကောင်းတာတွေလည်း ဖြစ်ချင်ဖြစ်မယ်၊ ဆိုးတာတွေလည်း ဖြစ်ချင်ဖြစ်မယ်၊ အမြဲတမ်းလည်း မကောင်းနိုင်သလို အမြဲတမ်းလည်း မဆိုးနိုင်ပါဘူး၊ ဒီတော့ ဖြစ်သမျှအပေါ်မှာ ဖြစ်နေကျတွေပါပဲလို့ ရိုးရိုးကလေး အသင့်အတင့် နှလုံးသွင်းတတ်တဲ့ 'ယောနိသောမနသိကာယ' ရှိရင် ဘဝဟာ အောင်မြင်နေတာပါပဲ' ကောင်းလိုက်တာ။

လောကီရော၊ လောကုတ္တရာပါ ငုံမိသည့် စကား။

အသက်ငါးဆယ်ပြည့်ခါနီး ကျွန်တော်တို့အတွက်တော့ ဘဝအမြင်အတွေးအခေါ်အားလုံးကို အဲသည်တစ်ခွန်းနှင့် ချုပ်၍ ရပြီ။

အဲသည်မှာ ကျွန်တော် ကိုင်ဇာ့သီချင်းကို သွားသတိရမိခြင်းဖြစ်သည်။ 'ယောနိသောမနသိကာယ' ကို ဆယ်ကျော်သက် လူငယ်ကလေးတစ်ဦးက ဆယ်ကျော်သက် လူငယ်ကလေးများအတွက် အလွန်ချစ်စရာကောင်းသည့် စာသားကလေးများနှင့် ပုံဖော်ထားတာပဲပေါ့။

လွန်ခဲ့သည့် နှစ်သုံးဆယ်ကတည်းက ရှိခဲ့တာပါ။

အဲဒီမှာ ကျွန်တော်ကပြောရမည့် အကြောင်းအရာလေးကို စိတ်ကူးရခဲ့တာပါ။

**ကမ္ဘာကြီးက ကိုယ့်ကို ဗဟိုပြု၍ လည်နေသလား**

လည်နေသော ကမ္ဘာကြီးပုံကို ကျွန်တော်ပြသည်။

'ကမ္ဘာကြီး ဘယ်လိုလည်သလဲ မေးတော့ ရှင်းပါတယ်၊ ၂၃ နဲ့ နှစ်ပိုင်းတစ်ပိုင်း ဒီဂရီစောင်းပြီး ဝင်ရိုးပေါ်မှာ လည်တယ်ပေါ့၊ အလယ်တန်းကျောင်းသားလေးတွေတောင် သိပါတယ်'

ထို့နောက် ကျွန်တော်က ကလေးသူငယ်များ၏ စိတ်ခံစားမှု ဖွံ့ဖြိုးရင့်ကျက်ပုံ ဇယားကို ပြသည်။

အဲသည် ဇယားမှာ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးတို့၏ စိတ်ခံစားမှုကို Egocentric ဟု ရေးသည်။

ငါ့ဖို့၊ ငါ့ဟာ၊ ငါတော့၊ ငါ. . . ငါ. . . ငါ

နိုင်ငံခြားစာအုပ်တွေမှာတော့ အဲဒီစိတ်ကို 'The World is Sprinning Around me' ဟု ညွှန်းပြသည်။ ကမ္ဘာကြီးက ကိုယ့်ကို ဗဟိုပြု၍ လှည့်နေသည်ဟု မြင်တာပေါ့။

ကမ္ဘာကြီးကို ကမ္ဘာကြီးဟု မမြင်။ ကိုယ့်ကိုယ်ကိုယ် ကမ္ဘာကြီးပေါ်က အစိတ်အပိုင်းတစ်ခုဟု မမြင်။ ကမ္ဘာကြီးက ကိုယ့်အတွက် ဖြစ်နေတာဟု မြင်သည်။ ကိုယ့်လိုဘတွေကို ဖြည့်ဆည်းပေးနိုင်နေလျှင် ကမ္ဘာကြီးကတရားသည် ကိုယ့်လိုဘတစ်ခုခုနှင့် ဆန့်ကျင်တာနှင့် အော်ဟစ် ပေါက်ကွဲမည်။

ဒါက သုံးနှစ်သားကလေး၏ ဘဝအမြင်ပါ။

လူကြီးဖြစ်လာတော့ ကျွန်တော်တို့ ကမ္ဘာကြီးကို အဲသလို မမြင်ကြတော့ပြီ။ အရာရာအားလုံးဟာ သူ့အသွင်ကို သူ ဆောင်သည်။ သူ့သဘောနှင့်သူ ဖြစ်၍ သူ့သဘာဝနှင့် သူပျက်နေကြတာ ဖြစ်သည်။ ကိုယ့်အကြိုက်ကို လိုက်၍ ဖြစ်နေကြတာမဟုတ်ဟု သိလာသည်။ 'ယောနိသောမနသိကာယ' နိုင်လာကြသည်။ ဒါကိုပဲ အင်္ဂလိပ်ဘာသာနှင့် Mature ဖြစ်လာသည်ဟု ခေါ်ပြီး မြန်မာဘာသာနှင့် 'ရင့်ကျက်တည်ငြိမ်လာသည်' ဟု ခေါ်ကြခြင်း ဖြစ်သည်။

## လူတိုင်း ရင့်ကျက်လာပါသလား

တော်တော် ဖြေရခက်မည့် မေးခွန်းပါပေ။

'ဒီကားမျိုးကြီးတော့ ငါမစီးနိုင်ပါဘူး'

'ဒီအိမ်သာမျိုးနဲ့မှ မသွားတတ်တာ'

'ငါ့အလုပ်တွေက သိပ်အရေးကြီးတာ၊ တခြားဟာတွေ လာမပြောနဲ့'

ကိုယ်နှင့် သက်တူရွယ်တူ အရည်အချင်း တူသူတွေ မလွဲမရှောင်သာ လုပ်နေရသည့် အလုပ်တွေကို တရှုံ့ရှုံ့တမဲ့မဲ့နှင့် မလုပ်နိုင်ကြောင်း ငြင်းနေကြသည့် အသက်ကြီးနေပြီဖြစ်သော Egocentric ပုဂ္ဂိုလ်တွေကို လူတိုင်း တွေ့ဖူးကြမှာပင်။ သူတို့ဘဝ နောက်ကြောင်းကို ပြန်တူးဖော်ကြည့်လျှင်လည်း 'အသာစံ' ခဲ့ရတာကသာများပြီး 'အနာခံ' ခဲ့ရတာမရှိသလောက် ဖြစ်နေကြောင်း မအံ့သြစွာ တွေ့ကြရမှာပင်။



ဒီသည်ပင် မေးခွန်းထုတ်စရာ ရှိလာသည်က အဲဒီလူတွေက တကယ် ကံကောင်းခဲ့ကြတာ ဟုတ်လို့လား ဆိုတာကိုပါ။

တစ်ဘဝလုံး သက်သက်သာသာ နေခဲ့ရသည်မှာ အားကျစရာကြီး ဖြစ်ချင်ဖြစ်နေမည် ဖြစ်သော်လည်း ထို့အတွက်ကြောင့် အသက်သုံးနှစ်သား၏ လောကအမြင်မှ နောက်တစ်လှမ်း ထပ်မတက်နိုင်တော့တာ ဆိုလျှင်တော့ 'အနာခံ'ခဲ့ရတာများသော ဘဝကို ရခဲ့တာကမှ တော်သေးဟု ပြောရမည်ပင်။

ကျွန်တော့်ဘဝက ကြမ်းခဲ့ပါသည်။

သို့သော် ထိုလမ်းခရီးကို ရုပ်ရှင်တွေထဲကလို Time Travelling ခေါ် အချိန်နောက်ပြန်သွားသည့် စက်နှင့် နောက်ပြန်သွားနိုင်၍ အစအဆုံး တစ်ခေါက် ပြန်လျှောက်ခွင့်ရမည်ဆိုလျှင်လည်း ပထမတစ်ခေါက်က ရွေးခဲ့ဖူးသည့်လမ်းကြောင်းကိုပဲ ပြန်ရွေးပြီး ပထမတစ်ခေါက်က ချခဲ့ဖူးသည့် ဆုံးဖြတ်ချက်တွေကိုပဲ ပြန်ချမှာပါ။ ဒါကလည်း ပထမတစ်ခေါက်က ရရှိခဲ့ဖူးသော ရလဒ်တွေကို ပြန်မျှော်ကိုး၍ မဟုတ်ပါ။ Egocentric ခေါ် ကမ္ဘာကြီးက ကိုယ့်ကို ဗဟိုပြု၍လည်နေသည်ဆိုသည့် သုံးနှစ်သား၏ ဘဝအမြင်ထဲမှ ရုန်းထွက်ချင်၍ပါ။

အဲသည်လမ်းကို မလျှောက်ရသေးသော လူငယ်ကလေးတွေကို အဲဒါ သိစေချင်ပါသည်။

## မိမိကိုယ်ကို အရေးပါလာစေရန်

ဘာမှ အရေးမပါသော လူငယ်ကလေးများဘဝနှင့် ကျွန်တော်တို့ ဘဝကို စခဲ့ကြပါသည်။

ယခု လူကြီးတွေဖြစ်လာသောအခါ လူကြီးဖြစ်လာတိုင်း အရေးပါသော လူကြီးဖြစ်မလာကြသလို အရေးပါသော လူကြီးတိုင်းလည်း လူငယ်တွေ၏ ဘဝကို လမ်းညွှန်ပဲ့ပြင်နိုင်သော 'တကယ်အရေးပါသည့် လူကြီး' တွေ ဖြစ်မလာကြတာ အားလုံး သိပါသည်။

အသက်ကြီးလာတိုင်း အရေးပါတတ်သလို ငွေကြေးချမ်းသာလာတိုင်း၊ ပညာတွေ၊ ဘွဲ့တွေ အများကြီးရလာတိုင်း ရာထူးဌာနန္တရတွေ တိုးတက်လာတိုင်း လူအများ၏ ဘဝကိုမလွှမ်းမိုးနိုင်ပါ။ လွှမ်းမိုးနိုင်သော

လူတိုင်းကလည်း Positive effect ခေါ် အကောင်းဘက်ကို ပိုသည့် သဘောကလေးနှင့် လွှမ်းမိုးနေသည် မဟုတ်ပါ။

လူငယ်အများစု၏ ဘဝလမ်းကြောင်းမှာ ကောင်းရာသင့်ရာကို ညွှန်ပြနိုင်စွမ်း ရှိသော လူကြီးတစ်ယောက်ဖြစ်ရတာ မကောင်းဘူးလားဟု မေးလျှင် ကောင်းသည်ဟု ဖြေကြမည်ချည်းသာ ဖြစ်ပါသည်။

ထိုကောင်းသော အရေးပါမှုအတွက် ကိုယ်ကိုယ်တိုင် လူငယ်ဘဝကို ဖြတ်သန်းရာမှာ ဘာတွေရခဲ့ဖို့လိုသလဲဟု မေးလျှင်တော့ ပညာ၊ ငွေကြေး၊ ရာထူး. . . အဲဒါတွေကိုပဲ ပြေးပြေးမြင်တတ်ပါသည်။ ရှားရှားပါးပါး တစ်ယောက်စ နှစ်ယောက်စက သိက္ခာတို့ ကိုယ်ကျင့်တရားတို့ ဖြေပါလိမ့်မည်။ ဒီလောက်ပါပဲ။

ကျွန်တော့်အမြင်ကတော့ လူငယ်တွေအများကြီးကို လမ်းညွှန်သူမျိုး ဖြစ်ချင်လျှင် လူငယ်တွေ အများကြီး ကြုံဖူးမည့် ဘဝစစ်မြေပြင် အများကြီးကို မြည်းစမ်းကြည့်ခဲ့ဖူးဖို့ လိုပါလိမ့်မည်။

ဆေးတက္ကသိုလ် တက်ခါစက ကျွန်တော် စာမလိုက်နိုင်ပါ။ (ဒါ ခဏခဏ ရေးပြခဲ့ဖူးပါသည်။) ယခု စာမလိုက်နိုင်သည့် ကလေးတွေကို စာလိုက်နိုင်သွားအောင် ဘယ်လိုလုပ်ရမည်ဆိုတာ ကျွန်တော် လမ်းညွှန်တတ်ပါသည်။ ဆရာဝန်ဖြစ်တာတွေက များပြီး အလုပ်ရဖို့က မသေချာသောခေတ်လည်း ကျွန်တော်ကြုံခဲ့ဖူးပါသည်။ အခု လာညည်းနေသော လူငယ်ဆရာဝန်ကလေးတွေကို ကျွန်တော် အကြံပေးတတ်ပါသည်။ စစ်မှုထမ်းဘဝနှင့် ရှေ့တန်းစစ်မျက်နှာတွေမှာ လပေါင်းများစွာ ကျွန်တော် နေခဲ့ဖူးပါသည်။ ဝေးလံခေါင်ဖျားဒေသတွေမှာ တာဝန်ထမ်းဆောင်မည့် ဆရာဝန်လေးတွေကို ပြောပြစရာ စကား ဘွဲ့ ကျွန်တော့်မှာ တစ်ပုံကြီး ရှိပါသည်။

ဆရာတွေရော၊ ကျောင်းသားတွေရော ရှောင်လွှဲဖို့ အမျိုးမျိုး ကြိုးစားတတ်ကြလွန်းသော အိမ်နှင့် ဝေးလံသည့် ဆေးတက္ကသိုလ်တစ်ခုမှာ ကျွန်တော်နှစ်နှစ်တစ်ခါ နှစ်နှစ်ခွဲ တစ်ခါ ကြားထဲမှာ ၁၀ လပဲ ခြားပြီး ကျွန်တော် တာဝန်ထမ်းဆောင်ဖူးပါသည်။ နောက်မှာ တာဝန်ထမ်းဆောင်ကြမည့်သူတွေအတွက် ပြောပြစရာကောင်း ကျွန်တော့်မှာ မရှားပါ။

'တကယ့်အရေးပါ' သည့် လူကြီးတစ်ယောက်ဖြစ်လာဖို့ လူငယ်ဘဝကို ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် ဖြတ်သန်းလာခဲ့လို့ မရပါ။



ဗိုလ်ချုပ်အောင်ဆန်း အသက် ၂၉ နှစ်ကတည်းက 'ဗိုလ်ချုပ်' ဖြစ်ခဲ့၊ အမျိုးသား ခေါင်းဆောင်ဖြစ်ခဲ့ရတာ ၃၂ နှစ်ကျော်သာ နေလိုက်ရသည့် သူ့ဘဝကို တစ်ခါမှ သက်သက်သာသာ နေမသွားခဲ့တာ အားလုံး သိပါသည်။

## ကမ္ဘာကြီး ဘယ်လိုလှည့်သလဲ

အခုတော့ ကျွန်တော် သိပါပြီ။

ကမ္ဘာကြီးဟာ သူ့ဟာသူပဲ လှည့်ပါသည်။ ကိုယ့်ကို လာပတ်၍ လှည့်မနေပါ။ ကိုယ်က ကမ္ဘာကြီးပေါ်မှာ သွားနေပြီး ကမ္ဘာကြီးနှင့်အတူ လှည့်ရတာပါ။ အဲသလိုလှည့်ပါမှ ကမ္ဘာကြီးပေါ်မှာ ရှိသည့် တခြားလူတွေ၏ ဘဝတွေ၊ ခံစားချက်တွေ၊ အမြင်တွေကို နားလည်လာတာပါ။ အဲဒီအခါကျမှ ကိုယ့်ကိုယ်ကိုယ်လည်း ပိုမိုတိုးတက်လာအောင် လုပ်နိုင်၊ ကိုယ်နှင့် အညမည ဆက်ဆံနေရသည့် ကိုယ့်ပတ်ဝန်းကျင်ကို ကောင်းသော အကျိုးပြုနိုင်ရှိလာတာပါ။

အဲဒီနေ့က ကျွန်တော် အဲဒါလေးပြောတော့ ပရိသတ်က အားပေးကြပါသည်။ ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာ ဝင်းမြတ်အေး၊ ပါမောက္ခ ဒေါက်တာ ဇော်လင်းအောင်၊ ပါမောက္ခ ဒေါက်တာအေးမွန်နှင့် ပါမောက္ခ ဒေါက်တာ မြင့်မြင့်ငြိမ်းတို့လည်း ဖြည့်စွက်ထောက်ခံဆွေးနွေးကြပါသည်။

ညီအစ်ကို မောင်နှမတွေလို မကွေးမှာ အတူတူနေကြရင်း တစ်ယောက်ကို တစ်ယောက် ပျော်ပျော်နေနိုင်အောင်၊ နေတတ်အောင် စောင့်ရှောက်ကူညီနေကြသော သူတို့ကိုလည်း ဒီဆောင်းပါးလေးနှင့် အမှတ်တရ နှုတ်ဆက်ချင်ပါသည်။

၀

# ဖြူစင်ငြိမ်းအေးသော နှလုံးသားနှင့် ဘဝအောင်မြင်မှုမှတ်ကျောက်

သည်တစ်ခေါက် အရှူးလွယ်အိတ်ကို နှိုက်လိုက်တော့ စာအုပ်တစ်အုပ် ထွက်လာသည်။ သီချင်းစာအုပ်ပါ။ 'စိုင်းခမ်းလိတ်၏ သီချင်းများ' တဲ့။ ဆရာဒေါက်တာ စိုင်းခမ်းလိတ် အသက် ၆၀ ပြည့်အမှတ်တရအဖြစ် ထုတ်ဝေပြီး ဆရာကိုယ်တိုင် ကျွန်တော့်ကို လက်ဆောင်ပေးထားခဲ့တာပါ။

'အောင်မြင်သော ဘဝ' ဆိုတာနှင့် ပတ်သက်၍ ကျွန်တော် မကြာခဏ ဟောပြောဖူးသည်။ ဟောပြောခဲ့သမျှ အခေါက်တိုင်းကတော့ တက္ကသိုလ်တွေမှာ လူငယ်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားတွေကို ဖြစ်သည်။

'အောင်မြင်သော ဘဝ' ဆိုတာကို လူတိုင်းလက်ခံနိုင်သည့် အဓိပ္ပာယ်ဖွင့်ဆိုဖို့ အတွက်တော့ ငြင်းခုံရမှာတွေက ရှိနေဆဲဖြစ်လိမ့်မည်။ သို့သော် အားလုံးလက်ခံမှာ သေချာတာက တစ်ခုကတော့ 'အောင်မြင်သော ဘဝ' ဆိုတာ 'မှတ်ကျောက်' ကလေးတွေတော့ တင်ပြထားနိုင်ခဲ့ဖို့ လိုပေလိမ့်မည်။



ထူးချွန်သူတွေက အများကြီး။ အချို့များ မွေးရာပါဟု ဆိုရလောက်အောင် အလိုလိုနေရင်း ထူးချွန်သဖြင့် ပါရမီရှင်ဟုပင် အသိအမှတ်ပြုရသည်။

ကြိုးစားသူတွေကလည်း အများကြီး။ ကြိုးစားရင်း အသက်သာ သေသွားပါစေ ဖွဲကိုတော့ မလျှော့တတ်သူတွေပင် တစ်ပုံတစ်ပင် ရှိသည်။

လူတိုင်းတော့လည်း ဘဝမှာ မှတ်ကျောက်တွေ မတင်နိုင်ကြ။ မှတ်ကျောက်တင်နိုင်ရေးအတွက် စိန်ခေါ်မှုအချို့ကို မကျော်လွှားနိုင်ခဲ့ကြဘဲ ရှိကြရှာသည်။ အဲသည် စိန်ခေါ်မှုတွေက အချို့သောသူတွေအတွက် နေ့စဉ် လုပ်နေကျ ကိုင်နေကျ သာမန်ဖြစ်စဉ်ကလေးတွေလို ရိုးရှင်းစွာ ရင်ဆိုင်နိုင်တတ်ကြသော်လည်း အချို့လူတွေအတွက်ကျတော့ ကျောက်ဆောင် ကျောက်သား တံတိုင်းကြီးများလို ကျော်လွှားရခက်တတ်ကြသည်။

ကံ. . . လိုတာလား။

ဉာဏ်. . . လိုတာလား။

ဝီရိယ ထပ်ထည့်ရဦးမှာလား။

ကံ၊ ဉာဏ်၊ ဝီရိယ ရှိရုံနှင့်ပြီးရောတဲ့လား။

အဲသည်မေးခွန်းတွေ၏အဖြေကို ကျွန်တော် ငယ်စဉ်ကတည်းက သိပ်သိချင်ခဲ့သည်။ စာပေနယ်မှာပဲဖြစ်ဖြစ်၊ အနုပညာနယ်ပယ်မှာပဲ ဖြစ်ဖြစ် အောင်မြင်နေသည့် ဖန်တီးသူ ပညာရှင်တွေ အဲဒါတွေ သိပ်မေးချင်ခဲ့သည်။

ဖန်တီးသူ ပညာရှင်ဆိုတာက သည်လိုပါ။

ဖန်တီးသူတွေကလည်း ဘဝကို ပြန်သုံးသပ်တတ်ကြသည်။ ဥပမာ (၁) စာရေးဆရာ၊ သီချင်းရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ . . . စသည်။

ပုံဖော်သူတွေကလည်း ဘဝကို သုံးသပ်တတ်ကြသူတွေပါပဲ။ ဥပမာ (၂) အဆိုတော်၊ သရုပ်ဆောင် စသည်။

သို့သော်ဖန်တီးသူတွေက ဘဝကို သုံးသပ်ပြီး ရလာသည့် ဘဝအမြင်တွေကို သူများကို ပြန်ပြောပြသည့်နေရာမှာ အားသာတတ်ကြသည်။ ထို့ကြောင့်လည်း အောင်မြင်ဖို့ဘာတွေလိုမည်ဆိုတာ ဖန်တီးသူ ပညာရှင်တွေ၏ အဆိုအမိန့်တွေကို ကျွန်တော် လေ့လာချင်တာပါ။ တွေ့ချင်၊ မေးချင်တာပါ။

## ဆရာ ဒေါက်တာ စိုင်းခမ်းလိတ်

အဲသည်လို တွေ့ချင်မေးချင်နေသည့် သူတွေထဲမှာ စာရေးဆရာကြီး တက္ကသိုလ် ဘုန်းနိုင်ပါသည်။ အနုပညာဖန်တီးသူချင်း အတူတူ ဆရာကြီးက ကိုယ့်လိုပင် တက္ကသိုလ်မှာ စာသင်ရသည်။ အလုပ်တစ်ဖက်နှင့် စာရေးသူမို့ သူ့ဘဝအမြင်တွေက ကိုယ့်အတွက် နားလည်လွယ်စရာ ဖြစ်လိမ့်မည်ဟု ကျွန်တော် ထင်သည်။ သို့သော် ဆရာကြီး သက်ရှိထင်ရှားရှိစဉ် ကျွန်တော် ဆုံခွင့်မရခဲ့ပါ။

နောက်တစ်ယောက်က ဒေါက်တာ စိုင်းခမ်းလိတ်။

'ကြွေနေတဲ့ ပန်းကလေးများ လိုက်ကောက်ခြင်းမှာ ကျေနပ်မှုအပြည့်အဝရတဲ့ ချစ်သမီးလေးရယ်၊ ဒီလိုသာ အမြဲရောင့်ရဲနိုင်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ. . . ကြွေနေတဲ့ ပန်းကလေးများ လိုက်ကောက်ခြင်းမှာ ပျော်တတ်တဲ့ ရိုးသားမှုကို. . . ချစ်သမီးလေးရယ် ဘယ်လို လူ့လောက စည်းစိမ်အတွက်မှ မစတေးနဲ့'

အသက်နှစ်ဆယ် မပြည့်တပြည့်အရွယ် ဆေးကျောင်းသားကလေး ကျွန်တော့်ရင်ကို အသက်သုံးဆယ်ကျော်အရွယ် ဆရာဝန်လူငယ်ရေးသည့် 'နမ်းခမ်းနွဲ့အတွက် သီချင်းတစ်ပုဒ်' ထဲက စာသားတွေက လာမှန်ဖူးသည်။

ကိုယ်ပိုင်သံစဉ်ဖြစ်သည့် သံစဉ်ကိုသာ စွဲတာမဟုတ်။ စိုင်းထီးဆိုင်၏ အသံချိုချိုကိုသာ စွဲတာမဟုတ်။ ပုလဲတစ်လုံး၊ ရွှေတစ်လုံးအဓိပ္ပာယ်လေးနက်လှသည့် စာသားကလေးတွေကို စွဲတာဖြစ်သည်။

ယခု အသက် ၅၀ နီးလာတော့ လူငယ်တွေကြိုက်သည့် သီချင်းအချို့ကို ကျွန်တော် လိုက်ကြိုက်သော်လည်း ဆရာစိုင်းခမ်းလိတ်၏ ပုလဲတစ်လုံး၊ ရွှေတစ်လုံး စာသားကလေးတွေလိုတော့ ရင်ထဲမှာမစွဲ။

အဲသည်ကတည်းက ကျွန်တော်ထင်သည်။ 'အောင်မြင်သော ဘဝ' ဆိုတာနှင့် ပတ်သက်သည့် အစွန်းမရောက်သောလမ်းညွှန်နိုင်မှုတွေ ဆရာ့မှာ ရှိကိုရှိနေရမည်။ တစ်နေ့နေ့မှာ ဆရာနှင့်များဆုံခွင့်၊ ရင်းနှီးခွင့်ရလျှင် အဲသည်မေးခွန်းကို ကျွန်တော်မေးမည်။

သည်လို တေးထားမိသော်လည်း ကျွန်တော်ဆရာဝန် ဖြစ်လာချိန် ဆရာခန္ဓာဗေဒ ဘွဲ့လွန်တက်နေချိန်မှာလည်း မဆုံခဲ့ရ။ နောက်ပိုင်း ဆရာ



လက်ထောက်ကထိကဘဝမှ အနားယူသွားပြီး ဂီတအလုပ်တွေကိုသာ ဇောက်ချလုပ်သွားပြီဟု ကြားချိန်မှာလည်း ကျွန်တော်က ဆရာနေထိုင်ရာ မန္တလေးသို့ အလည်အပတ်တောင် မရောက်ဖြစ်ခဲ့။ ဆရာ့သီချင်းတွေကို တရေးနိုးထဆိုခိုင်းတောင် စာသားမမှားအောင် ဆိုနိုင်သည်အထိ စွဲလမ်းနေခဲ့တာ နှစ်ပေါင်း ၃၀ လောက်ကြာမှပါ။

## ဆရာနှင့်အတူ အောင်မြင်ခဲ့ကြသူများ

၁၉၇၀ နှောင်းပိုင်းနှစ်တွေက ကိုယ်ပိုင်သံစဉ်တစ်ခေတ် ဖြစ်ခဲ့သည်ဟု ဆိုရမည်။ ကျွန်တော် သိပ်နှစ်သက်သည့် ကိုယ်ပိုင်သံစဉ်တေးရေးဆရာတွေ၊ အဆိုတော်တွေအတော်များများ ပေါ်ခဲ့သည်။ ကော်ပီလိုင်းမှာလည်း သူ့ပရိသတ်နှင့် သူလျှမ်းလျှမ်းတောက်ခဲ့ကြသူတွေ ရှိသည်။ ဝုန်းခနဲတက်လာလိုက်ကြ။ ပြန်မှေးမှိန်သွားလိုက်ကြ။ အချို့လည်းဘယ်ဆီဘယ်ဝယ်ရောက်နေသည်မသိ။ အချို့လည်း ကွယ်လွန်ကြပြီ။ ဘဝကို အရှုံးပေးသွားရသူတွေလည်း ရှိသည်။

ထူးခြားတာက အခြားလူတွေအားလုံးက အောင်မြင်မှု စင်မြင့်ထက်ကို တက်လာလိုက်၊ ပြန်ဆင်းသွားလိုက်လုပ်နေကြချိန်မှာ ကျွန်တော် လေးစားကြည်ညိုသော ဆရာက ပုံမှန် နေရာတစ်ခုမှာ ဆယ်စုနှစ်ပေါင်းများစွာ ငြိမ်ငြိမ်ကလေး ရပ်တည်နေတာပါပဲ။ ပရိသတ်ရှေ့ကိုလည်း ထွက်လာခဲလှသည်။ သူရေးသော သီချင်းတွေနှင့် သူများတွေ လျှမ်းလျှမ်းတောက်နေချိန်မှာ ဆရာက အများမမြင်သာသည့် ထောင့်နေရာကလေး တစ်နေရာမှာ ငြိမ်းအေးစွာနေထိုင်လျက်နှင့် ကိုယ့်ဆရာကိုယ် ကျွန်တော့်လိုပင် ကြည်ညိုလေးစားသူတွေ များလှသည်။

'ဘဝအောင်မြင်မှု' ဆိုတာကြီးကို ရဖို့ ဘယ်လိုနေ၊ ဘယ်လိုထိုင်ရမည်ဆိုသည့် မေးခွန်း၏ အဖြေသည် ဆရာ့မှာ ကိန်းသေပေါက်ရှိမည် ဆိုသည့် ယုံကြည်ချက်ကို ရင်ဝယ်သိမ်းဆည်းရင်းက ဆရာတင်ပြနေသော အောင်မြင်မှုမှတ်ကျောက်တွေကို အဝေးကနေ ငေးမောအားကျနေရင်းက လူငယ်အရွယ်ကိုရော၊ လူရွယ်အရွယ်ကိုပါ ကျွန်တော် ကျော်ဖြတ်ကုန်လွန်ခဲ့သည်။ လူငယ်ကလေးအတော်များများက 'အောင်မြင်သူ' ဟု အသိအမှတ်ပြု၍ အားကျတာခံရသော ဘဝကိုလည်း ရခဲ့သည်။

'ဆရာလို အောင်မြင်အောင် ဘယ်လိုလုပ်ရမလဲ'

ကျွန်တော်ဆရာ့ကို မေးဖို့ နှစ်ပေါင်းများစွာ ရည်းစူးထားခဲ့သော မေးခွန်းကို လူငယ်တွေက ကျွန်တော့်ကို စဉ်ဆက်မပြတ်မေးလာကြသည်။

အဲသည်အချိန်မှာ မမဒေါက်တာ ဒေါ်နွဲ့နွဲ့တင် ကျွန်တော်တာဝန်ထမ်းဆောင်နေရာ မကွေးဆေးတက္ကသိုလ် ကလေးကျန်းမာရေး ပညာဌာနသို့ ယာယီတာဝန်တစ်ခုနှင့် ရောက်လာသည်။

## ဆရာနှင့် ခင်ခွင့်ရပြီ

မမဒေါ်နွဲ့နွဲ့တင်က 'သိပ်သိပ်ချစ်ရတဲ့ နွဲ့တင်ရယ်' ဆိုသည့် ဆရာ့သီချင်းကြောင့် လူသိများသော်လည်း သူကလေးအထူးကု ဆရာဝန်ကြီးတစ်ဦးဖြစ်သည်ဆိုတာကို သိသူနည်းသည်။ မမနှင့် ကျွန်တော် မကွေးမှာ ခင်ခဲ့ပြီး များမကြာမီ မန္တလေးမှာ မမဘွဲ့လွန်ကထိကအဖြစ် တာဝန်ထမ်းဆောင်နေသော ဌာနကို တွဲဖက် ပါမောက္ခတာဝန်ဖြင့် ကျွန်တော် ရောက်သွားသည်။

ရောက်ပြီးမကြာခင်မှာ မမကို ကျွန်တော်ခွင့်တောင်း၍ မမအိမ်လိုက်သွားပြီး ဆရာ့ကို မိတ်ဆက်သည်။ ထိုင်ကန်တော့သည်။

ဆရာ့အမူအရာက အားတုံ့အားနာဟန်။

'ခင်ဗျားကို ကျွန်တော် စာသင်ပေးခဲ့ဖူးတာလည်း မဟုတ်၊ မကန်တော့ပါနဲ့ဗျာ'

'ဆရာ သီချင်းတွေထဲက ဒဿနတွေနဲ့ ကြီးပြင်းလာရတာပါ ဆရာ၊ စာရေးဆရာ ဖြစ်တော့လည်း ဆရာ့သီချင်းစာသားတွေကို မကြာခဏ ကိုးကားမိပါတယ်၊ ဆရာက ကျွန်တော့်ကြားဆရာပါ ဆရာ၊ ကန်တော့ပါရစေ'

တကယ်တော့ ဆရာပြောသလိုပင် ကျွန်တော်က ဂီတနှင့် ပတ်သက်လာလျှင် ဂီတာတောင် မတီးတတ်သည့်သူမို့ ဂီတပိုင်းမှာတော့ ဆရာ့တပည့် စာရင်း မဝင်နိုင်ပါ။ ဆရာဝန်အနုပညာသမားတစ်ဦးဟု ကျွန်တော့်ကို သတ်မှတ်မည်ဆိုလျှင်တော့ ဆရာက ကျွန်တော့် ဆရာသာမက လမ်းပြကြယ်တစ်ပွင့်ပင် ဖြစ်နေလေပြီ။



သို့သော် ကျွန်တော် ရည်ရွယ်ထားခဲ့သော 'ဘဝမှာ အောင်မြင်မှုမှတ်ကျောက်တွေ တင်နိုင်ဖို့ ဘာလိုအပ်သလဲ' ဆိုသည့် မေးခွန်းကိုတော့ ကျွန်တော် မမေးဖြစ်ခဲ့။

ဆရာ့ သီချင်းတွေက 'ဒဿန' ထုံလွှမ်းလှသလောက် ဆရာကတော့ စကားနည်း၍ မာန်မာနမရှိ။ ရိုးရိုးအေးအေးကြီးနေတတ်သူဖြစ်ကြောင်းကို ကျွန်တော် မျက်ဝါးထင်ထင် မြင်ခဲ့ရပြီမို့ ကျွန်တော့်မေးခွန်းကို သူဖြေမည် မထင်၍ပါ။

ဆရာတို့ မိသားစုနှင့် ခင်မင်ခွင့်ရပြီး များမကြာမီ ကျွန်တော် အမျိုးသား စာပေဆုရသည်။ ဆရာက Congratulation လှမ်းလုပ်သည်။

ပြီးတော့ ကျွန်တော်က မကွေးသို့ ပါမောက္ခ ဌာနမှူးအဖြစ် ပြန်ပြောင်းရသည်။ ဆရာ့ကို သွားကန်တော့တော့ ဆရာက 'အိပ်မက်လွန်နေရာ' (A place beyond dream) အစချီသော သူ့ကဗျာကို မြန်မာ၊ ရှမ်း၊ အင်္ဂလိပ်သုံးဘာသာနှင့် ပုံနှိပ် သရုပ်ဖော်ထားသည့် ဖဲစ၊ ပန်းချီကလေးကို လက်ဆောင်ပေးသည်။ ကျွန်တော်က မကွေးဧည့်ခန်းထဲမှာ အဲဒါကို အမြတ်တနိုး ချိတ်ထားသဖြင့် မကွေးကလူတွေက ကျွန်တော့်ကို ရှမ်းလူမျိုးလားဟူ၍ပင် မေးကြသည်။

မကွေးပြန်ရောက်ပြီးနောက် ကျွန်တော် အမျိုးသားစာပေဆု ထပ်ရပြန်သည်။ ဆရာက Congratulation ကတ်ပြားကလေး ပို့ပေးသည်။ အဲသည်ကတ်ပြားမှာ သူ့ကိုယ်သူ 'Your Friend turn admirer' ဟု ရေးထားတော့ ကျွန်တော် မနေတတ်။

မိတ်ဆွေဘဝကနေ ကျွန်တော့်အောင်မြင်မှုများကို လေးစားဂုဏ်ယူနေသူ ဖြစ်လာခဲ့သည်. . . ဟု သူ့ကိုယ်သူ ပြောတာလေ။

ကျွန်တော့်ရင်ထဲမှာတော့ ဆရာက မိတ်ဆွေနေရာမှာမှ မကပေပဲ။ 'ဆရာ'။ ဘဝရှေ့ဆောင်လမ်းပြကြယ်တစ်ပွင့်ပါ။ ကျွန်တော်နှစ်ခါ စိုက်ထူနိုင်ခဲ့သည့် အောင်မြင်မှု မှတ်ကျောက်တွေကို လေးစားဂုဏ်ယူနေသည်ဟု ပြောရအောင် ဆရာ့ဘဝမှာ ဆရာစဉ်ဆက်မပြတ် စိုက်ထူပြနေသည့် မှတ်ကျောက်တွေနှင့် ယှဉ်လိုက်လျှင် သာမညလေးတွေပဲ မဟုတ်ပါလား။

အဲသည်မှာ ကျွန်တော် လိုချင်သော အဖြေကို ရဖို့ လမ်းစကို ကျွန်တော် မြင်လိုက်ရသည်။

ဘဝမှာ အောင်မြင်မှု မှတ်ကျောက်တွေ စဉ်ဆက်မပြတ် စိုက်ထူနိုင်ဖို့က အောင်မြင်မှုအပေါ်မှာ မာန်မာန မတက်ဖို့၊ ဖြူစင်ငြိမ်းအေးသော စိတ်နှလုံးရှိဖို့က တော်တော်အရေးပါပေလိမ့်မည်. . . . ဟု။

လောကစံရှစ်ပါး၊ ကြုံချင်ပါသည်ဟု အတင်းလိုက်ရှာနေ၍လည်း မရ။ မကြုံချင်ဘူးဟုဆိုကာ အတင်းရှောင်လွှဲနေ၍ မရ။ တစ်ခါက ကျွန်တော့်မန္တလေးဟောပြောပွဲတွင် ပရိသတ်အဖြစ် ရောက်လာသော ရောင်းရင်းကြီး ဒေါက်တာစိုးလွင် (မီးယပ်နှင့် သားဖွားအထူးကု ဆရာဝန်ကြီး) ထဆွေးနွေးသလို ကြုံလာသမျှကို 'ယောနိသောမနသိကာယ' ဟု အသင့်အတင့်နှလုံးသွင်း၍ ကြုံသမျှထဲမှ ဘဝဒဿန ရအောင်ရှာနိုင်သူ သည်သာလျှင် ဘဝမှာ တကယ် အောင်မြင်သူ၊ အောင်မြင်လိုက်၊ ရှုံးနိမ့်လိုက်မဖြစ်ဘဲ တစ်စုံတစ်ခုသော နေရာမှာ တည်ငြိမ်စွာ ရပ်တည်နေနိုင်သူ ဖြစ်လိမ့်မည် မဟုတ်ပါလား။

တကယ်တော့ ကျွန်တော့်စိတ်ထဲက မေးချင်နေသော မေးခွန်း၏ အဖြေကို ဆရာက ပါးစပ်နှင့် မဖြေဘဲ 'နေပြ' သွားခဲ့ခြင်းသာ မဟုတ်ပါလား။

## အောင်မြင်သင့်သည့် သူတွေ

ဆရာကြီး တက္ကသိုလ် ဘုန်းနိုင်တို့လောက်၊ ဆရာ ဒေါက်တာစိုင်းခမ်းလိတ်တို့လောက် မဟုတ်သော်လည်း ဘဝမှာ လေးစားအားကျခဲ့ရသည့် အခြားသူအချို့ ရှိသေးသည်။ အဓိကအားဖြင့်တော့ ထိုသူတွေက ကျွန်တော့်ထက် အနည်းငယ်သာ အသက်ကြီးကြပြီး ကျွန်တော့်စိတ်ကူးယဉ် အိပ်မက်တို့ ကမ်းမမြင်လမ်းမမြင် ဖြစ်နေချိန်မှာ သူတို့က 'ကမ်းမြင်ရုံမက 'သောင်ဆိုက်' နေကြပြီဖြစ်၍ ဖြစ်သည်။

အဲသည် ကမ်းပေါ်ကျွန်တော် တက်ခွင့်ရချိန်မှာ လှည့်ကြည့်တော့ သူတို့သောင်ခြေနှင့် ပူးတုံ့ခွာတုံ့ လုပ်နေကြဆဲပါပဲ။

အဘယ်ကြောင့်နည်း။

အနည်းငယ်သော မှတ်ကျောက်တို့ဘဝမှာ စိုက်ထူနိုင်ပြီးသော အခါတွင် ထို ကျွန်တော် အားကျသူအချို့သည် အလွန်ခေါင်းမာသော သူများ ဖြစ်သွားကြပါသည်။ အယူအဆ၊ ခံယူချက်မတူသူတွေနှင့်လည်း



တကျက်ကျက်၊ သူတို့ရရှိခဲ့ပြီးသော 'ဘဝမှတ်ကျောက်' တွေကို ကောင်းကောင်း အသိအမှတ် မပြုသူတွေနှင့်လည်း တကျက်ကျက်၊ ကိုယ်ရှေ့ဆက်လျှောက်ရမည့် လမ်းခရီးမှာ အသွင်တူသူ အနည်းငယ်နှင့် အသွင်မတူသူ အများစုကို လက်တွဲရမည် ဆိုသည့် အလွန်ရိုးရှင်းလှသော မရှောင်လွှဲနိုင်သည့် ဘဝနိယာမကို လက်ခံနိုင်ဖို့အတွက် နှလုံးသားတို့က မညွတ်ပျောင်းလွယ်ဘဲ ရှိခဲ့ကြသည်။

ဒါတွေကြောင့်ပဲ ဘဝမှာ အောင်မြင်သင့်သည့် အဲသည်သူတွေ အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ကြဟု ကျွန်တော် ထင်သည်။

## ဆရာ စိုင်းခမ်းလိတ်ကို ဂုဏ်ပြုပွဲ

ဆရာ စိုင်းခမ်းလိတ်ကို လေးစားကြည်ညိုသူတစ်စုက အရင်အပတ်က ရန်ကုန်မှာ ဆရာ့ကို ဂုဏ်ပြုပွဲလုပ်သည်။ ကျွန်တော်က ရန်ကုန်သို့ ပြန်ပြောင်းရွှေ့လာခဲ့ပြီဖြစ်သော်လည်း မန္တလေးသို့ စာမေးပွဲစစ်ရန် သွားနေသည်။ ဆရာ့ကို သွားကန်တော့ရန် စုံစမ်းတော့ ထိုပွဲအတွက် ဆရာ ရန်ကုန်ရောက်နေသည်ဟု ကြားရသည်။

နောက် မမဒေါ်နွဲ့နွဲ့တင်က ဖုန်းဆက်၍ ဆက်ဆက်လာခဲ့ဖို့ ဖိတ်ကြားသည်။ နိုဝင်ဘာ ၂၈ ရက်နေ့တဲ့။ ရန်ကုန် ပြန်ရောက်တာ ၂၆ ရက်နေ့ည။ ကျွန်တော်ဦးစီး၍ ရန်ကုန်ဆေးတက္ကသိုလ် (၂) မှာစာမေးပွဲ စစစ်မှာက ၂၈ ရက်နေ့။

အခက်အခဲတွေ ရှိပေမယ့် ကျွန်တော့် သူရဲကောင်း ဆရာ့ကို ဂုဏ်ပြုလိုစိတ်ဖြင့် ကျွန်တော် မရောက်ရောက်အောင် သွားခဲ့သည်။

ဆရာ့ကို စင်မြင့်ထက်မှာ အမှာစကား ပြောဖို့ ဖိတ်ကြားတော့ ဆရာက တိုတိုတုတ်တုတ် ရိုးရိုးစင်းစင်းပဲ ပြောသည်။ အခမ်းအနားမှူးက ဆရာ့ပုံတူရုပ်တုကို ဖွင့်ပေးဖို့ ပန်ကြားပြီး စကားထပ်ပြောခိုင်းတော့ ဆရာက ပို၍ တိုတိုတုတ်တုတ်ပြောပြီး 'ဒီလောက်နဲ့ပဲ ကျေနပ်ကြပါတော့' ဟု ဆိုကာ ဆင်းသွားသည်။ လက်ခုပ်သံတို့က တစ်ခဲနက်။

ပရိသတ်ထဲကနေ ထိုင်ကြည့်ရင်း ကျွန်တော် ကျေနပ်နေသည်။

ကျွန်တော့်ဘဝမှာ သည်လောက်လှိုက်လှဲစွာ အများက ဝိုင်းဂုဏ်ပြုကြတာ ခံရဖူးဖို့ ဆိုတာတော့ မဖြစ်နိုင်ပါ။ သို့သော် ကျွန်တော် သိချင်သော

'ဘဝအောင်မြင်မှု မှတ်ကျောက်' တွေ စဉ်ဆက်မပြတ် စိုက်နိုင်ဖို့ အရေးကြီးဆုံး လိုအပ်ချက်က ဘာလဲဆိုတာ ကျွန်တော် သိသွားပါပြီ။ ဒါကို လူငယ်တွေကို ကျွန်တော် ပြန်မျှဝေပါမည်။

'ဂီတာလေးကလည်း မတော်တခေါက်ပဲ တီးတတ်၊ 'နုတ်'တွေ ဘာတွေကလည်း မကျွမ်းကျင်၊ သံစဉ်တွေ တီထွင်နိုင်ဖို့ သူများသီချင်းတွေကို နားထောင်ကြည့်ရင်း၊ ဖြတ်ရင်း၊ ညှပ်ရင်း၊ ကပ်ရင်းက ဒီဘဝကို ရောက်လာတာ ဒီလောက် ဝိုင်းအားပေးကြတာကို ကျေးဇူးတင်ပါတယ်ဗျာ. . .'တဲ့။

ဘယ်လောက်များ သူ့ကိုယ်သူ နှိမ့်ချလိုက်သည့်၊ မာန်မာနကင်းစင်လွန်းသည့် စကားပါပေလဲ။

သည်စိတ်ဓာတ်ကြောင့်ပဲ သည်စင်ပေါ်သူ ရောက်လာခဲ့ပြီး၊ သည်စိတ်ဓာတ်ကြောင့်ပဲ သူ့ပရိသတ်တွေက သူ့ကို စင်ပေါ်က ပေးမဆင်းခဲ့ကြတာ မဟုတ်ပါလား။

'ဖြူစင်ငြိမ်းအေးသော နှလုံးသား'

ဘဝမှာ အောင်မြင်မှု မှတ်ကျောက်တွေ တင်နိုင်ဖို့တော့ ဒါက အဓိက အကျဆုံးပင် ဖြစ်ပါလိမ့်မည်။

၁

## ကျောင်းမပျော်ခြင်းနှင့်ကျောင်းပြေးခြင်း

သည်တစ်ခေါက် အရှုံးလွယ်အိတ်ကို နှိုက်လိုက်တော့ ခေါ်စာတွေ ထွက်လာသည်။ နည်းနည်းနောနော မဟုတ်။

ဆေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားများ ကျောင်းမှန်မှန်မတက်၍ မိဘကို ဌာနမှူးနှင့် လာတွေ့ဆုံရန် ခေါ်သည့် စာတွေပါ။

**ကျောင်းမပျော်ခြင်းနှင့် ကျောင်းပြေးခြင်း**

ကျောင်းမပျော်တာနှင့် ကျောင်းပြေးတာ အတူတူပဲ မဟုတ်ဘူးလားဟု မေးလျှင် ကလေးအထူးကုဆရာဝန်တစ်ဦးအနေဖြင့်ကတော့ မတူပါဟုသာ ဖြေရပေမည်။

ကလေးကျန်းမာပညာ ဘာသာရပ်မှာ ကျောင်းမပျော်တာကို School Phobia ဟုခေါ်ပြီး ကျောင်းပြေးတာကို Trauncy ဟု ခေါ်ပါသည်။ အဲသည့်နှစ်ခုက အတော်ကို မတူတာပါ။

ကျောင်းမပျော်တာက မူလတန်းစအပ်ခါစအရွယ်ကလေးတွေမှာ တွေ့ရတာ ဖြစ်ပြီး ကျောင်းပြေးတာက အလယ်တန်း၊ အထက်တန်းတွေမှာ တွေ့ရတာ ဖြစ်ပါသည်။

ကျောင်းမပျော်သည့် ကလေးတွေက မိဘတွေက ပြည့်စုံကုံလုံတတ်ကြပြီး မိသားစုဦးရေက နည်းနည်းနှင့် အိမ်မှာ ကလေးကို ဖူးဖူးမှုတ်

ထားမိ၍ ကလေးက အိမ်မှာပဲ ပျော်နေသဖြင့် ကျောင်းမသွားချင်တာပါ။ ကျောင်းပြေးသည့် ကလေးတွေအများစုက အိမ်မှာလည်း ပြဿနာတွေနှင့် ကလေးတွေပါပဲ။ မိသားစုဝင်က များများ၊ ဝင်ငွေက နည်းနည်း။ အဲဒါမျိုးပေါ့။ ကျောင်းပြေးသည် ဆိုသော်လည်း အိမ်မှာ နေနေတာလည်း မဟုတ်ပါ။ လေလွင့်နေကြတာပါ။

ကျောင်းမပျော်သည့် ကလေးအများစုက ရေရှည်မှာ ကျောင်းပြန်ပျော်သွားတတ်ပြီး ကျောင်းပြေးသည့် ကလေးတွေကတော့ အင်မတန်ဆိုဆုံးမရ ခက်ပါသည်တဲ့။ အနာဂတ် မျှော်လင့်ချက်လည်း သိပ်မကောင်းပါတဲ့။

ပြဿနာက ခေတ်ရေစီးကြောင်း အလှည့်အပြောင်းမှာ လူငယ်တွေ ဟိုတုန်းက ငယ်ငယ်ရွယ်ရွယ်နှင့် မသိခဲ့၊ မတတ်ခဲ့တာတွေကို သိနေတတ်နေ၊ လုပ်နေကြတာတွေ အများကြီး ရှိသော်လည်း ဆင်ခြင်တုံတရား အရာတွင်တော့ ရင့်ကျက်မလာတတ်ကြသဖြင့် ကလေးကျန်းမာရေး ပညာတွင် သင်ကြားသော 'ကျောင်းပြေးခြင်း' ပြဿနာက အထက်တန်း၊ အလယ်တန်းကနေ တက္ကသိုလ် ရောက်လာတာပါပဲ။

ဆေးတက္ကသိုလ်တွေလည်း ပါသပေါ့။

## ကျောင်းဘာလို့ ပြေးကြသလဲ

ကျောင်းဘာလို့ ပြေးတာ များလာသလဲဟု မေးလျှင် ကျောင်းမပျော်၍ဟု လွယ်လွယ် ကောက်ချက်ချတတ်ကြသည်။

သည်မှာ စဉ်းစားကြည့်ဖို့ ကောင်းတာက ကျောင်းဆိုတာ ပျော်ဖို့သွားရသောနေရာ (Recreation Centre) မှ မဟုတ်တာပဲ။ ပညာဆည်းပူးဖို့၊ လေ့လာဖို့ သွားရသည့်နေရာပါ။

ကျောင်းတက်ရတာ ပျော်စရာမကောင်းသဖြင့် ကျောင်းမတက်ပါဟုဆိုလျှင် ဘဝမှာ ပျော်စရာကောင်းကောင်း၊ မကောင်းကောင်း အရေးတကြီး လုပ်ရမည့်ကိစ္စတွေရှိနေသည်ဆိုသည့် အလွန် ရိုးရှင်းသော သဘာဝတရားလေးတစ်ခုအတွက်ပင် ထိုကလေး သို့မဟုတ် ထိုလူငယ်မှာ လုံလောက်သော အတွေးအခေါ် မရှိရာကျပါသည်။

အဲသလို လူငယ်တွေ များများလာနေတာ တွေ့နေရတာကိုက ကျွန်တော်တို့နိုင်ငံ၏ အနာဂတ်အတွက် ရင်လေးစရာပါ။



မကြာသေးခင်က ကျောင်းမှန်မှန် မတက်သော ကျောင်းသူတစ်ဦး၏ မိဘကို ခေါ်တွေ့စဉ်က ကျောင်းသူကို မိဘတွေရှေ့မှာ 'ဘာဖြစ်လို့ ကျောင်းမတက်တာလဲ' ဟု ကျွန်တော်မေးသောအခါ 'သူငယ်ချင်းတွေက တခြား ဆေးရုံတွေမှာ ရောက်နေ၍ သူတို့မပါဘဲ သည်မှာတက်ရတာ မပျော်၍ပါ' ဟု ဖြေပါသည်။ သူငယ်ချင်းတွေက ဆေးပညာ၊ ခွဲစိတ်ပညာ၊ သားဖွားမီးယပ် ပညာတို့ရှိရာ ဆေးရုံတို့မှာ စာသင်နေရပြီး သူက ကလေးကျန်းမာ ပညာရှိရာ ကလေးဆေးရုံမှာ စာသင်နေရတာပါ။ ကလေးကျန်းမာ ပညာကို ကလေးဆေးရုံမှာ မသင်လို့ လူကြီးဆေးရုံမှာ သင်ပေးရမတဲ့လား။

'ဆရာဝန် ဖြစ်ပြီးရင် ဒေသမရွေးသွားပြီး သူများအသက်တွေကို တာဝန်ယူဖို့အထိ ကျွန်တော်တို့ မျှော်လင့်ထားတဲ့သူက ရန်ကုန်မြို့ထဲမှာတောင် သူငယ်ချင်းမရှိတဲ့ နေရာမှာ လာစာမသင်နိုင်ဘူးဆိုတော့ အစ်မကြီးကလေးရဲ့ အတွေးအခေါ်နဲ့ ဆင်ခြင်တုံတရားကို အစ်မကြီး စဉ်းစားသာကြည့်၊ ပြောရရင်တော့ ဒါမိဘတွေ အပြစ်ချည်းပဲ မဟုတ်ဘူး၊ ဒီမြန်မာတစ်ပြည်လုံးမှာ အတော်ဆုံးဆိုတဲ့ ကလေးတွေထဲမှာတောင် ဒီလောက် လုံလောက်တဲ့အတွေးအခေါ် ပါမလာဘူးဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံ ပညာရေး သင်ကြားပုံက စာသက်သက်ကို ကြက်တူရွေး စာအံသင်လာခဲ့ပြီး အတွေးအခေါ် ရင့်ကျက်အောင် လုပ်ပေးနိုင်တဲ့ အနေအထားမရှိဘူးလို့ သုံးသပ်ရမှာပဲ'

ကျွန်တော် အဲသလို ပြောတော့ မိခင်က မျက်စိမျက်နှာပျက်စွာဖြင့် ခေါင်းညိတ်သည်။

'ကျွန်မလည်း ဆရာ့စာတွေ ဖတ်နေတဲ့သူပါ။ ဆရာဆိုလိုတာက ကျွန်မ နားလည်ပါတယ်၊ မရှက်တမ်း ဝန်ခံရမယ်ဆိုရင် ဆရာရယ်... ကျွန်မက ကျောင်းအုပ်ဆရာမကြီးပါ'

ပြောမိသည့် ကျွန်တော် မျက်နှာပြန်ပူရပါသည်။

ဒါက တတ်သိနားလည်သည့် မိဘမို့ဒီလောက် ဆွေးနွေး၍ ရတာပါ။ သည်နေ့လာတွေ့သည့် မိဘမျိုးလည်း ရှိသည်။

ဝင်လာကတည်းက ကျွန်တော် ဘာမှ မပြောရသေးခင် သူက ဦးအောင် ပြောသည်။

'ဆုံးမပါ ဆရာ။ ဆရာ့ကို အပ်ပါတယ်၊ ကျွန်မရော၊ ကျွန်မအမျိုးသားရောက သိပ်အလုပ်များတာ၊ မအားပါဘူး'

ကျွန်တော် မျက်လုံးပြူးသွားသည်။

'နို့ . . . ဘာလုပ်ကြလို့တုံး'

'အုတ်၊ သဲ၊ ကျောက် ရောင်းပါတယ် ဆရာ'

သူ့သားသမီး အနာဂတ်ရေး ကိစ္စကို ပါမောက္ခဆရာဝန်ကြီးတစ်ဦးက ထမင်းလွတ်လောက်အောင် အလုပ်များနေသည့်ကြားက အချိန်လုတွေ့ဆုံတာကို သူက အုတ်၊ သဲ၊ ကျောက် ရောင်းနေရ၍ မအားပါဟု ပြောနေသော မိခင်၏ ကလေး ဘာဖြစ်လို့ မလိမ္မာတာလဲ ဆိုတာ တွေးကြည့်နေဖို့ပင် မလို။

'ကိုင်း . . . မအားလည်း ပြန်တော့ဗျာ၊ မပြောတော့ဘူး'

'ဟုတ်လား . . . ဆရာ၊ ကျေးဇူးပဲ . . . သွားပြီ'

တကယ့်ကို အဲသည်အတိုင်းပြော၍ ပြန်ထွက်သွားပါသည်။

## ဘယ်သူ့တွင် တာဝန်ရှိသလဲ

ဆေးကျောင်းသူ၊ ကျောင်းသားကလေးတွေ ကျောင်းမှန်မှန်တက်ဖို့က မိဘတွေမှာ တာဝန်ရှိတာလား၊ ဆရာတွေမှာ တာဝန်ရှိတာလား၊ ကျွန်တော်တို့ မကြာခဏ ဆွေးနွေးဖြစ်ပါသည်။

တကယ်ကို တာဝန်သိတတ်သော မိဘလည်း တွေ့ဖူးပါသည်။

မကွေးမှာ ကျွန်တော် ဌာနမှူးလုပ်စဉ်က ကျွန်တော့် ရုံးခန်းထဲကို ကျွန်တော် မခေါ်ဘဲ ဖခင်တစ်ဦး ရောက်လာဖူးပါသည်။ မိတ္ထီလာက လိုက်လာတာပါတဲ့။ သူ့သားက 'ကလေး' ဘာသာရပ်စာမေးပွဲအမှတ်တွေ မထွက်သေးဘူး ပြောနေတာ ဟုတ်ပါသလားတဲ့။ ဟုတ်ပါသည်။ ကျွန်တော် မန္တလေး စာမေးပွဲစစ်သွားနေရ၍ မထွက်သေးတာပါဟု ရှင်းပြလိုက်တော့ ကျေးဇူးပါတဲ့။ သူ့သားက အငယ်တန်းတွေတုန်းကလည်း သည်လိုပဲ သူ့ကို ညာဖူးလို့ မယုံလို့ လိုက်မေးတာပါတဲ့။

သားသမီး ပညာရေး အဲလောက်စိတ်ဝင်စားသည့် မိဘတွေ ကျတော့လည်း လေးစားစရာ။ ခက်တာက သူ့ကို အဲသလို စိတ်ဝင်စားပေးတိုင်းလည်း သားသမီးက စိတ်ဝင်စားမလာတာပါပဲ။



သို့သော် သူတို့နှင့် တွေ့ရတာ စောစောက အမေမျိုးနှင့် တွေ့ရတာထက်စာလျှင် အားရှိသည်ဟုတော့ ဆိုရမည်။

တွေ့မနေတော့လျှင်ကော. . .။

မကြာသေးခင်အချိန် တစ်ခုက ကျောင်းမှန်မှန်မတက်သော ကျောင်းသားတစ်ဦးကို ကျွန်တော်တို့ ကျောင်းထုတ်ရဖူးသည်။ အကြိမ်ကြိမ် သတိပေးပြီး နောက်ဆုံးဘယ်လိုမှ ကယ်၍ မရတော့မှ ကျောင်းထုတ်တာပါ။ မိဘတွေက နောက်ဆုံး ကျောင်းထုတ်မည့်အခေါက်မှာ မိဘကို ခေါ်သတိမပေးခဲ့တာကို ထောက်သည်။ ဆရာတွေ ပြန်အစစ်ခံရသည်။ ပင်စင်ယူပြီးသား ကျွန်တော့် ဆရာတစ်ဦး ပြန်လာဖြေရှင်းရသည်။

အဲသည့်ကိစ္စ ကျွန်တော် ထငြင်းဖူးသည်။

သည်ကလေးတွေအားလုံး ၁၈ နှစ်ပြည့်ပြီးသားတွေချည်းပါပဲ။ ဥပဒေအရ မဲဆန္ဒပေးခွင့်ရှိသူ၊ အရွယ်ရောက်ပြီးသူတွေချည်းပါပဲ။ မိဘကို ဆွေးနွေးပြီးခါမှ တက္ကသိုလ်စည်းကမ်းက အကျုံးဝင်မှာတဲ့လား။ ဘယ်နိုင်ငံမှာများ တက္ကသိုလ်တွေက မိဘတွေကို ခေါ်သတိပေးလို့ပါလဲ. . ဟု။

ဆိုလိုတာကတော့ တက္ကသိုလ်ကျောင်းသား ကျောင်းမှန်မှန်တက်ဖို့ ကိစ္စသည် မိဘတာဝန်လည်း မဟုတ်၊ ဆရာတာဝန်လည်း မဟုတ်၊ အရွယ်ရောက်ပြီးသူ တက္ကသိုလ်ကျောင်းသား၏ တာဝန်သာဖြစ်သည်ဟု။

သည်အရွယ်မှာမှ ကိုယ်ကျောင်းမှန်မှန်တက်ဖို့ ကိစ္စကို ကိုယ်တာဝန်မယူခိုင်းဘဲ ကလေးတွေလို ဆက်ဆံနေကြလျှင် ကျွန်တော်တို့နိုင်ငံ၏ အနာဂတ်ကို ကျွန်တော်တို့ ဘယ်သူတွေ လက်ထဲကို လွှဲခဲ့ကြမလို့လဲဟု မေးခွန်းထုတ်စရာ။

## ကျောင်းဆရာအို၏ အနာဂတ်ကရော

'ငါးဆယ်လောက်တော့ ရှိတယ် ဆရာ'

အောက်က စာသင်ခန်းသွား၍ လူရေခိုင်းလိုက်တော့ တပည့်ကျော် လက်ထောက် ကထိက/ကလေးအထူးကု ဆရာဝန်မလေးက လက်ကိုင်ဖုန်းဖြင့် သတင်းပို့သည်။ ကိုယ်က အစည်းအဝေးတစ်ခု ကျန်နေသေး၍ ဆက်တက်ရမည်လား။ ကျောင်းသား စာသင်ပြီး အစည်းအဝေးကို ခွင့်ပန်ရမည်လား ဝေခွဲမရ၍ ကြည့်ခိုင်းလိုက်တာပါ။

လူက တစ်ရာ့သုံးဆယ် ရှိရမည်။ သို့သော် Completion Test ခေါ် သုံးလတစ်ခါ စစ်သည့် အမှတ်ယူသည့် စာမေးပွဲက သန်ဘက်ခါ။ အဲဒါကို အကြောင်းပြု၍ ကျောင်းပြေးကြဦးမည်ကိုလည်း အတွေ့အကြုံအရ သိထားသည်။

တစ်နာရီအတွင်းမှာ ခေါင်းစဉ်သုံးခုစာလောက်ကို စာကျက်စရာမလိုဘဲ ရင်ထဲ စွဲသွားအောင် ပြောပြနိုင်သည့် အတွေ့အကြုံရင့် ဆရာအို၏ နှစ်နာရီလက်ချာကို ပြေး၍ အိမ်ပြန်ပြီး စာကျက်တော့မှာလိုလို မကျက်သေးမှာလိုလို ထိုင်လိုက်၊ ထလိုက်ဖြင့် လေးနာရီလောက် ကြာမည့်ကိစ္စကို လုပ်ကြတာ အဓိပ္ပာယ်မရှိကြောင်းလည်း ကျွန်တော်သူတို့ကို ရှင်းပြပြီးသား။

'ငါးဆယ်လည်း မနည်းပါဘူးကွာ၊ လာတဲ့ ကလေးတွေ တန်ပါစေ၊ ဆရာ အစည်းအဝေး မသွားတော့ဘူး၊ ဆင်းလာခဲ့မယ်'

နောက် ဆယ်နှစ်တော့ သည်လိုပဲ ဖြတ်သန်းရပေလိမ့်ဦးမည်။

o



## လူငယ်တွေစကားပြောတတ်အောင်

သည်တစ်ခေါက် အရှုံးလွယ်အိတ်ကို နှိုက်လိုက်တော့ မိုက်ခွက်ထွက်လာသည်။

Microphone ကို မြန်မာတို့က မိုက်ခွက်ဟု အလွယ်ခေါ်ကြသည်။ ကိုယ့်အသံ သူများကြားစေဖို့တော့ မရှိမဖြစ် ပစ္စည်းပေါ့။

ပေါ်ခါစကတော့ အာဖရိကလူရိုင်းများ ကြည့်မှန်ကို လူသလိုမျိုး လူတိုင်းက ကိုင်ကြည့်ချင်၊ ပြောကြည့်ချင်ကြသည်။ မြို့ရွာဇာတွတ်ပီ ကာတွန်းထဲမှာ သူကြီးဘာစီတစ်ယောက် ဘောလုံးပွဲမှာ မိုက်ကိုင်ရာက ဗိုက်နာလာ၍ အိမ်သာသွားချင်တာတောင် စိတ်မဖြောင့်နိုင်တာ ရယ်ခဲ့ရဖူးသည်။

ခုတော့လည်း နိုင်ငံတော် သမ္မတကြီးက အစ ထီရောင်းသူအဆုံး မိုက်ရှေ့ပဲ စကားပြောကြတာဆိုတော့ မိုက်သည် အထူးအဆန်း မဟုတ်တော့။

အရေးကြီးတာက မိုက်နောက်က စကားပြောနေသူ။

အဲသည့် သူသည် မည်သည့်အသက်မွေးဝမ်းကျောင်းကို လုပ်နေသည်ဖြစ်ပါစေ မိုက်ကိုင်ပြီး စကားပြောရပြီဆိုကတည်းက စကားပြောတတ်ဖို့ လိုပါသည်။

## စကားပြောတတ်သည်ဆိုတာ ဘာလဲ

စကားပြောတတ်သည်ဆိုတာက အရည်အချင်းတွေ အများကြီး တစ်ပြိုင်နက်တည်း အသုံးချနိုင်သည့် စွမ်းရည်တစ်ခု ဖြစ်သည်။

ပြောစရာ၊ သူများနားထောင်ထိုက်စရာ အသိပညာလည်း ဆည်းပူးပြီးသား ဖြစ်ရမည်။

ကိုယ်ပြောသည့်စကားကိုလည်း ရှင်းရှင်းလင်းလင်း၊ သူများနားမထွေးအောင် ကျယ်ကျယ်နှင့် ပြတ်ပြတ်သားသား ပြောနိုင်ရမည်။

ကြာကြာပြောရလျှင်လည်း သူများမငြီးမငွေ့၊ စိတ်ဝင်စားဖွယ် ဖြစ်အောင် ပြောတတ်ရမည်။

ဝေါဟာရ (Vocabulary) ကြွယ်ဝပြီး အဓိပ္ပာယ်တစ်ခုတည်းကို ပင်လျှင် စကားလုံး အမျိုးမျိုး၊ ဝါကျအမျိုးမျိုး ပြောင်းလဲ သုံးစွဲနိုင်ရမည်။

ဥပမာပေးစရာ ထွေထွေထူးထူး ဗဟုသုတ ကြွယ်ဝသလို ကိုယ့်ကိုယ်တွေ့၊ ဘဝအတွေ့အကြုံတွေကိုလည်း ခွဲခြမ်းစိတ်ဖြာ သုံးသပ်တတ်သူ ဖြစ်ရမည်။

အချိန်ပေါ်မူတည်၍ စကားကို အရှည်အတို ပြောင်းလဲပြောနိုင်သလို ကိုယ်ပြောသော စကားတွေထဲမှ နားထောင်သူ ရင်ထဲတွင် စွဲကျန်စေခဲ့ချင်သော အဓိကအချက် (Key Message) ကိုပေါ်လွင်အောင် ပြောနိုင်ရမည်။

တလွင့်လွင့်၊ တမျောမျော ပြောနေခြင်းမျိုး မဟုတ်ဘဲ အဖွင့်၊ အပိတ်၊ ရှေ့နောက် ချိတ်ဆက်၍ ဖွဲ့စည်းထားပြီး (Organized) ဖြစ်ရမည်။

အကျင့်ပါပြီး ထည့်ထည့်ပြောနေတတ်သော မဆီလျော်သည့် သို့မဟုတ် အဓိပ္ပာယ်မရှိသည့် စကားစုများ (ဥပမာ အဲဒီတော့၊ ကျွန်တော်တို့) စကားကို မရှည်ရှည်အောင် ထည့်ပြောတတ်သည့် တကယ်တမ်းကျတော့ စကားလုံးတန်ဖိုး သုညဖြစ်နေသော နောက်ဆက်တွဲများ (ဥပမာ ဒီနေရာကနေ) တို့ကို ရှောင်တတ်ရမည်။

လိုအပ်လျှင် ကိုယ်ဟန်အမူအရာကို သင့်တင့်လျောက်ပတ်စွာ ထည့်သုံးတတ်သလို၊ ကိုယ်ဟန်အမူအရာ မပါဘဲလည်း စကားလုံးသက်သက်ဖြင့် နားလည်အောင် ပြောတတ်ရမည်။



ပရိသတ်ထဲမှာ အခြေခံ အနည်းဆုံး လူပင်လျှင် နားလည်လက်ခံနိုင်မည့် အသုံးအနှုန်းမျိုး ရွေးသုံးတတ်ပြီး ပရိသတ်၏ တုံ့ပြန်မှုကို လိုက်လျောညီထွေ ညှိတတ်ရမည်။

ဒါတွေနှင့် ပတ်သက်၍ ယူကေနိုင်ငံတွင် ရှိစဉ်က ကျွန်တော် တစ်ပတ် သင်တန်းတက်ဖူးသည်။ သင်လိုက်တာတွေက တကယ့်အဆီအနှစ်တွေချည်းပါပဲ။ သို့သော် တကယ်စကားပြောတတ်ရန် အတွက်မူကား တကယ်စကားသွားပြောပြီး အဲသည့်ပြောသည့် နေရာတွင် ယူရမည့် သင်ခန်းစာကအများကြီး။

## ဘယ်သူတွေ စကားပြောတတ်ဖို့ လိုသလဲ

ဆရာဝန်တွေ စကားပြောတတ်ဖို့ လိုတာလား၊

ကျောင်းဆရာတွေ စကားပြောတတ်ဖို့ လိုတာလား၊

စာရေးဆရာတွေ စကားပြောတတ်ဖို့ လိုတာလား။

ရှေ့နေတွေရော၊ အဆိုတော်၊ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေပါ။ သေသေချာချာ စဉ်းစားကြည့်တော့မှ စကားပြောဖို့ မလိုသောသူတစ်ယောက်မှ မရှိတာကို သတိထားမိပေလိမ့်မည်။

သမီးလေးက ပန်းချီဆရာမ ဆိုပါတော့။

ပန်းချီဆွဲနေမည့်သူက စကားပြောတတ်စရာ လိုလို့လားဟု တွေးစရာပင်။ သို့သော် သမီးလေး ယခု ပထမနှစ်အောင်မြင်သွားပြီး ဒုတိယနှစ် B.A (Fine Art) တက်နေသည့် Laselle College of Arts ကပေးသော လေ့ကျင့်ခန်းတွေထဲမှာ ပရိသတ်ရှေ့ထွက်ပြောရသည့် Presentation တွေပါသည်။ ဟုတ်သားပဲ။ ပန်းချီဆရာလည်း ပြပွဲလုပ်တော့ ရှင်းပြရမှာကိုး။

ဘာအသက်မွေးဝမ်းကျောင်းပဲ လုပ်လုပ်။ စကားပြောတတ်သူ၊ စကားပြောကောင်းသူတွေက ပိုအောင်မြင်နေကြသည်ဆိုတာက သံသယဖြစ်ဖွယ်ရာ မရှိပါ။

## မြန်မာလူငယ်တွေ စကားပြောတတ်သူတွေ ဖြစ်အောင်

မြန်မာလူငယ်တွေကို စကားပြောတတ်သူတွေ၊ စကားပြောကောင်းသူတွေ ဖြစ်လာအောင် ကျွန်တော်တို့ ဘယ်အရွယ်မှာ လေ့ကျင့်ပေးဖြစ်ခဲ့ကြပါသလဲ ဟု တွေးကြည့်လျှင် အတော့်ကို ချောက်ချားစရာ။

ယခုတော့ Student Centred Approach တွေ ဆွေးနွေးနေကြပြီ။ ဒါတောင် ဘာသာပြန်လိုက်သည့် 'ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်း' ဆိုတာကြီးက အတော်နားလည်ရခက်သော စကားလုံးကြီး ဖြစ်နေသေးသည်။

အနောက်နိုင်ငံတွေမှာတော့ ကလေးကို မွေးကင်းစ ကတည်းက စပြီး စာအုပ်ဖတ်ပြသတဲ့။ သဒ္ဒါမှန်၊ စကားလုံးအားကောင်းသော စာပုဒ်တွေကို စကားမပြောတတ်ခင် အရွယ်ကတည်းက နားရည်ဝထားစေချင်တာတဲ့။ စကားစပြောသည့်အရွယ်ကျတော့လည်း ဥပမာ 'ပြေး' ဆိုသည့် စကားလုံးကို အဓိပ္ပာယ်တူစကားလုံး ဘယ်နှလုံး ပြောင်းပြောနိုင်သလဲ ဆိုတာမျိုး မိဘက လေ့ကျင့်ပေးရသတဲ့။ ကျောင်းတက်တဲ့ အရွယ်ကျတော့လည်း Project ဆိုတာမျိုးတွေ များများလုပ်သည်။ အကြောင်းအရာ တစ်ခုကို ကလေးကို လေ့လာစုဆောင်းပြုစုစေပြီး အတန်းရှေ့ကထွက်ပြောတာမျိုး။

ဒီမှာရော ဒါတွေ အခုလုပ်ဖြစ်နေသလား ကျွန်တော် မသိ။

စာပေပွဲတစ်ပွဲမှာ ဆရာကြီး ဒေါက်တာ အောင်ထွန်းသက်နှင့်အတူ နေ့လယ်စာ စားခွင့်ရတော့ 'ကျွန်တော်တို့ ကလေးတွေရဲ့ Teaching-Learning က သိပ် Passive ဖြစ်လွန်းနေတယ် ထင်တယ် ဆရာကြီး' ဟု ကျွန်တော်က ပြောတော့ ဆရာကြီးက 'ခင်ဗျားပြောတဲ့အတိုင်း ကျွန်တော် ဝန်ကြီးကိုတောင် ပြောပြီးပြီ' ဟု ထောက်ခံသည်။

အနားက တက္ကသိုလ် ဆရာမတစ်ယောက်ကလည်း ဝင်ဆွေးနွေးသည်။ သူ့တူက မြန်မာနိုင်ငံမှာ နိုင်ငံတကာပုံစံ ကျောင်းတစ်ကျောင်းမှာ မူကြိုတက်သတဲ့။ ဆရာမက အိမ်မှာ တွေ့ရနိုင်သည့် တိရစ္ဆာန်ငါးမျိုး ရေးခဲ့ပါဟု မှာသတဲ့။ ကလေးက စဉ်းစားကြည့်ဖို့၊ မိဘကို မေးဖို့ပင် အချိန်မရလိုက်ပါ။ ညနေကျတော့ ကျူရှင်မှာ ခေါ်ပေးပါသည်။ ခွေး၊ ကြောင်၊ ပင့်ကူ၊ ပုရွက်ဆိတ်၊ ပိုးဟပ်ပေါ့။ နောက်တစ်နေ့ သွားတင်တော့ ပင့်ကူနှင့် ပုရွက်ဆိတ် အထက်အောက်လွဲ၍ အမှတ်လျော့သတဲ့။



အဲသည့်ကလေးတွေ ကြီးလာ၍ လူငယ်တွေ၊ လူရွယ်တွေ ဖြစ်လာလျှင် စကားပြောတတ်ကြလိမ့်မည်ဟု ထင်ပါသလား။

## စကားပြောတတ်ချင်သည့် လူငယ်တွေ

ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအောက်က တက္ကသိုလ်တွေမှာ TPPD (Total Personal and Professional Development) ဆိုသည့် အစီအစဉ် ရှိသည်။ ဆေးပညာနှင့် ကျောင်းစာနှင့် မဆိုင်သော်လည်း လူငယ်တွေ၏ အတွေးအခေါ်၊ အပြုအမူ တိုးတက်စေနိုင်မည် ထင်သည့် အချက်အလက်များကို ဟောပြောပေးတာပါ။ ပထမနှစ်သင်တန်းတွေမှာ အများဆုံး လုပ်ပေးပါသည်။ ပွဲအတောင်းခံရဆုံးကတော့ ထုံးစံအတိုင်း ကျွန်တော်နှင့် ကိုစိုးလွင် (မီးယပ်သားဖွားအထူးကု ဆရာဝန်ကြီး) ပေါ့။ သွားဟောပြောလေရာ ကျောင်းတိုင်းမှာလည်း ပါမောက္ခချုပ်က အစကတိကအလယ်၊ ပထမနှစ် သင်တန်းသားအဆုံး စိတ်ဝင်တစား လိုက်မှတ်ကြသည်။ မေးခွန်းတွေ မေးကြသည်။ နောက်ဆုံးမှာတော့ အချိန်တွေ ကျော်ကုန်လို့ ပါမောက္ခချုပ်က ဟန့်ရသည်ချည်းသာ။

သည်တော့ ကိုယ့်ကိုယ်ကိုယ်လည်း စကားပြောတတ်သူဟု ယုံကြည်ထားမိသည်။ အဲ. . ကိုယ့်ကျောင်းကျမှ ခံရတော့တာပါပဲ။

ဆေးတက္ကသိုလ် (၂) မှာ ဟောပြောနေသည့် တစ်လျှောက်လုံး အသံသေး၊ အသံကြောင်တွေ လုပ်သူ၊ လက်ခုပ်တွေ မဆီမဆိုင် ထတီးသူ ကျောင်းသားတွေ ရှိနေခဲ့သည်။ စိတ်ဝင်တစား လိုက်မှတ်သူက အများစုဖြစ်သော်လည်း အများစုက အနည်းစုကို မကျော်လွှားနိုင်ခဲ့။

ဟောပြောပွဲပြီး၍ မေးချင်ရာ မေးပါဆိုတော့လည်း ဘယ်သူမှ ထမမေး၊ သူတို့ကို ပေးထွက်လိုက်ပြီး ကိုယ်တစ်ယောက်တည်း ထိုင်နေတော့မှ ကျောင်းသားလေးတစ်ယောက် ချဉ်းကပ်လာသည်။

'ဆရာ့လို စကားပြောတတ်ချင်လို့ ဘယ်လိုလေ့ကျင့်ရမလဲ' တဲ့။

ရေကူးတတ်ချင်လျှင် ရေထဲတော့ ဆင်းရမည် မဟုတ်ပါလား။ သည်မေးခွန်းကို လူလယ်ကောင်မှာ ထမမေးရဲသူက လူလယ်ကောင်မှာ စကားပြောဖို့ ဘယ်လိုလုပ်လေ့ကျင့်ရမတဲ့လဲ။

'နိုင်ငံခြားမှာ ဆရာတက်ခဲ့တဲ့ သင်တန်းကတော့ 3P တဲ့။ အဲဒါ Preparation, Preparation and Preparation ပါတဲ့။ ကြိုတင်ပြင်ဆင်မှုက အရေးအပါဆုံးပေါ့ကွယ်။ ထပ်တလဲလဲ လေ့ကျင့်ရင် မဖြစ်နိုင်စရာ မရှိပါဘူး။ ပြောကြည့်ဖို့တော့ လိုမှာပေါ့'

မြန်မာလူငယ်တွေကို လူအုပ်ထဲကနေ အလေးအမွှား၊ အသိမ်အဖျင်းတွေ၊ ခိုးကြောင်ခိုးဝှက်အော်တတ်သူတွေ နည်းပြီး အဖိုးတန်သောစကားကို လူလယ်ကောင်မှာ ထပြောရဲသူ၊ ပြောတတ်သူ၊ အပြောကောင်းသူတွေ များကြစေချင်ပါသည်။

○

## လူငယ်နှင့်ဖက်ရှင်

သည်တစ်ခေါက် အရှူးလွယ်အိတ်ကို နှိုက်လိုက်တော့ အာရောဂျံမဂ္ဂဇင်းအဟောင်းတစ်အုပ် ထွက်လာသည်။

ကျွန်တော့်ဆောင်းပါးလည်း ပါသည်။

'ဆရာဝန်နှင့် ဖက်ရှင်' . . တဲ့။

လူငယ်ဆရာဝန်လေးတွေ ဆေးကျောင်းသူ၊ ကျောင်းသားလေးတွေ ခေတ်ဆန်ဆန် ဖက်ရှင်ကျကျ ဝတ်လာစားလာကြတာကို ဝေဖန်ထားသဖြင့် တော်တော်ပွဲဆူခဲ့ဖူးသော ဆောင်းပါးဖြစ်သည်။ ငါးနှစ်လောက်တော့ ကြာပြီထင်သည်။

ပြန်သတိရမိသည်။ အကြောင်းကတော့ မြဝတီရုပ်မြင်သံကြားမှာ စနေည ၈ နာရီတိုင်း လာနေသည့် Tele-talk ဟောပြောပွဲကြောင့် ဖြစ်သည်။

အဲသည်မှာ ကျွန်တော် ကြည်ညိုလေးစား အားကျရပါသော စာရေးဆရာမကြီး (ဒေါ်) မစန္ဒာက 'ယဉ်ကျေးမှု နယ်ချဲ့ခြင်း အန္တရာယ်' ခေါင်းစဉ်ဖြင့် ဟောပြောသည်။ အမျိုးသမီးလေးတွေ ထိန်းသိမ်းစောင့်စည်းတတ်ရမည့် ကိစ္စများ၊ အမျိုးသားလေးများက နှမရင်းသဖွယ် ငဲ့ညှာတတ်ရမည့် ကိစ္စများကို ပညာပေးနိုင်ဖို့အတွက် ရသစာပေ အရေးကောင်းသူတို့၏ အကူအညီလိုကြောင်း ပြောရာမှ 'လက်ာရည်ကျော်' ၏ 'ဝိုးတဝါး

အတွေးစများ' ဝတ္ထုတိုပေါင်းချုပ် စာအုပ်ကိုပါ ပြန်၍ ထုတ်ဖော်ချီးကျူးသွားသည်။

ပထမခံစားရတာက ပီတိ။

'လက်ာရည်ကျော်' ဆိုတာက 'ဒေါက်တာရဲ' ပဲ မဟုတ်ပါလား။ ကိုယ်နှစ် ၃၀ လောက် အားကျနေခဲ့ရသူက ကိုယ့်ကို ပြန်ချီးမွမ်းတာ ပီတိမဖြာဘဲ နေပါ့မလား။

ဒုတိယခံစားရတာက ပန်းလေးလာတာပါ။

မမအားကိုးသည့် သည်တာဝန်ကို ကျွန်တော် ဘယ်လောက်ကျေပွန်ခဲ့ပြီးပြီလဲဟု ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်နေမိခဲ့သည်။

စောင့်စည်းအပ်သည့် တရားတွေက ဝတ္ထုတို၊ ဝတ္ထုရှည်တွေလည်း ရေးခဲ့ဖူးပြီးပြီ။ 'ခမ္ဘဒူတ' မှာ အခန်းဆက်ရေးနေသည့် မဂ်လသုတ်မှာလည်း အတော်ပါသည်။ 'ယဉ်ကျေးမှု နယ်ချဲ့ခြင်း' ၏ ပထမဦးဆုံးခြေရာဖြစ်သည့် 'ဖက်ရှင်' အကြောင်းကိုတော့ စောစောကပြောသည့် 'ဆရာဝန်နှင့် ဖက်ရှင်' ဆောင်းပါးတစ်ပုဒ်သာ ရေးရသေးသည်။

တကယ်တော့ လူငယ်ထုတစ်ရပ်လုံး အတွက် ကျယ်ကျယ်ပြန့်ပြန့်ရေးသင့်သည် မဟုတ်ပါလား။

ကိုင်း.... လက်စရှိသည့် အာရောဂျံမှာပဲ ရေးဦးမည်ဟု စဉ်းစားဆဲ အဲသည့် Tele-talk က ကျွန်တော့်ကိုပါ ဟောပြောဖို့ ဖိတ်သဖြင့် အဲသည့်အကြောင်းကိုပဲ ဟောဖြစ်ခဲ့သည်။

အခုလောက်ဆို လွှင့်ပြီးရောပေါ့။

လွှင့်တာ နားထောင်ဖြစ်သည့်လူက ရှားနိုင်သဖြင့် သည်ဆောင်းပါးလေးကို ရေးဖြစ်အောင် ရေးလိုက်ရတာပါ။

## ဖက်ရှင်ဆိုတာ

ဖက်ရှင်ဆိုတာ အဓိပ္ပာယ်တွေ မျိုးစုံရှိနိုင်သော်လည်း အများအသိဆုံးဖက်ရှင်ကတော့ ခေတ်နှင့်အညီ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပေါ့။

သည်မှာ မေးစရာ နှစ်ခု ရှိလာသည်။

တစ်ခုက လူအများက ဖက်ရှင်ကို စိတ်ဝင်စားကြပါသလားဆိုတာ..။ တီဗီကြော်ငြာတွေ၊ မြေစိုက်ပိုစတာကြီးတွေ ကြည့်လိုက်လျှင်



ပဲ ရှင်းနေပြီ။ ဘယ်နေရာကနေ ကြည့်ကြည့် ဖက်ရှင်တွေသာ လွှမ်းမိုးနေတော့သည်။

နောက်တစ်ခုက ဘဝမှာ ဖက်ရှင်ဆိုတာ အရေးရော ပါလို့လားဆိုတာပါ။

ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ရေးတာ ကျွန်တော် မှတ်မိနေတာလေး ရှိပါသည်။ ဘဝဆိုတာ စားဝတ်နေမှု ပြည့်စုံရုံနှင့်တော့လည်း မလုံလောက်သေး။ ဘဝလေးက လှဖို့တော့ လိုသည်တဲ့။

ဘဝလေးလှဖို့ရာမှာ လူလေးတွေ လှတိုင်း ပြီးပြည့်စုံတာ မဟုတ်ပေမယ့် လူလေးတွေ လှလျှင်တော့ ပိုကောင်းမည်ဆိုလျှင် လက်မခံနိုင်စရာ အကြောင်းမရှိဟု ထင်သည်။

လူကို မဆိုထားပါနှင့်။

စားသောက်ဆိုင်မှာ စားစရာ ပြင်ဆင်ကျွေးတာတောင်မှ သည်အတိုင်း ပုံကျွေးသည့်ဆိုင်နှင့်စာလျှင် ထမင်းလေးက အသည်းပုံဖော်၊ ခရမ်းချဉ်သီးလေးက နှင်းဆီပန်းပွင့်ပုံဖော်ပြီး လှလှပပ ပြင်ဆင်ပေးသည့်ဆိုင်မျိုးကို လူတွေ ပိုတန်ဖိုးထားသွားနေကြတာပဲ မဟုတ်ဘူးလား။

ဖက်ရှင်က ဘဝမှာ နည်းနည်းဖြစ်ဖြစ်တော့ အရေးပါတာ သေချာသည်။

## ဖက်ရှင်က ပြောသော စကား

ဖက်ရှင်ဆိုတာ Performance Art တစ်မျိုးပါ။ ဝတ်တာ စားတာကနေ Message ခေါ် စကားတစ်ခွန်း မြင်သူဆီ အသံတိတ်ပို့လွှတ်ပါသည်။

ဥပမာ ဒေါ်အောင်ဆန်းစုကြည် အိမ်ကို ရုပ်ရှင်မင်းသား၊ မင်းသမီးလေးတွေ စုသွားကြတုန်းက သတင်းဓာတ်ပုံတွေကို ပြန်မြင်ယောင်ကြည့်ကြည့်ပါ။ တစ်ချိန်လုံး ဟော့ရှော့ဝတ်နေသည့် ကလေးတွေအားလုံး ပင်နီနှင့် မြန်မာဆန်ဆန်လေးတွေ ဝတ်ထားတာ အလွန်ကျက်သရေရှိကြတာ မှတ်မိကြပါလိမ့်ဦးမည်။

ဒါ Message ပါပဲ။

သူတို့ပေးချင်သည့် Message က သူတို့အားလုံးသည်လည်း မြန်မာလူမျိုး ဖြစ်ရတာ ဂုဏ်ယူတတ်သူများ ဖြစ်ပါသည်ဟု ဖြစ်ပါလိမ့်မည်။ လှလိုက်သည့် Message ။

အဲသလိုပါပဲ။

ဝတ်တာ၊ စားတာ၊ ဆံပင်ပြင်တာ၊ ထုံးဖွဲ့တာကအစ Message တွေ မျိုးစုံပေးနိုင်ပါသည်။ သူများထက် Organized ဖြစ်သူ၊ စနစ်ကျသူဟု သိစေချင်တာလား၊ ငယ်ရွယ်ပွင့်လင်းသူဟု သိစေချင်တာလား၊ စည်းကမ်းရှိသူဟု သိစေချင်တာလား။ Low Profile ခေါ် မပလွှားသူဟု သိစေချင်တာလားပေါ့။

သည်ဘက်ခေတ်မှာ လူကြီးတွေ ကွင်းဆင်းလျှင် ဆောင်းသည့် ဦးထုပ် ကျွန်တော် သိပ်သဘောကျသည်။ လှလို့ မဟုတ်။ ဘယ်မြို့၊ ဘယ်နယ်က ဘယ်ဈေးမှာမဆို ဈေးပေါပေါဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် မြန်မာဖြစ် ဦးထုပ်မှန်း သိသာ၍ ဖြစ်သည်။ ဦးထုပ်က မလှပေမယ့် Message ကလှသည်။

ကိုယ်ရော ဘာ Message တွေ ပေးမလို့လဲ။

မြန်မာအမျိုးကောင်းသမီးလေး တစ်ယောက်၏ ဖက်ရှင်ကနေ ပေးသော Message သည် To Stimulate Sexual Design (ရာဂစိတ်ကို နှိုးဆော်လိုခြင်း) တော့ လုံးဝ မဖြစ်သင့်တာ အသေအချာပါ။

**ဆင်တူ ဝတ်စုံဝတ်မှာလား၊ ကိုယ်ပိုင်ဟန်ဖြင့် နေမှာလား**

Uniformity Vs Individuality ပေါ့။

တပ်မတော်သားတွေက ဆင်တူ ယူနီဖောင်း ဝတ်ရမည်၊ ရဲ၊ လဝက၊ အကောက်ခွန် . . . ထိုနည်းၾင်း။ အဆိုတော်တွေ၊ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေကိုတော့ ဆင်တူဝတ်စုံဖြင့် နေခိုင်း၍ မဖြစ်။ သူတို့မှာ အများဝိုင်းကြည့်နိုင်အောင် ဖောက်ထွက်နေသည့် ကိုယ်ပိုင်ဟန် ရှိခွင့် ရှိရမည်။ ဘာအလုပ်လုပ်သည့် လူပဲဖြစ်ဖြစ်၊ တူညီဝတ်စုံ ဝတ်ရမည်ဆိုလျှင် လွန်ခဲ့သည့် ရာစုနှစ်ဝက်ကျော်က တရုတ်ယဉ်ကျေးမှုတော်လှန်ရေးနှင့် သွားတူနေမည် မဟုတ်ပါလား။

ကဲ . . . ဆရာဝန်တွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ ဆိုလျှင်ကော . . . ။



ဆေးတက္ကသိုလ်များတွင် ကျောင်းသား၊ ကျောင်းသူများကို တူညီဝတ်စုံဝတ်ခိုင်းဖို့ ကိစ္စ မဲခွဲတိုင်း ကျွန်တော် ကန့်ကွက်မဲပေးပါသည်။ ဂျူတီကုတ်ဝတ်လျှင် တော်ရောပေါ့ဟု အမြဲ ငြင်းတတ်ပါသည်။

ကျွန်တော့်အမြင်က အသိပညာရှင်၊ အတတ်ပညာရှင်ဆိုတာ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေလောက် မဟုတ်ပေမယ့် ကိုယ်ပိုင်ဟန်ဖြင့် နေထိုင်ခွင့်နည်းနည်းတော့ ရှိရမည်။ အဲသည်ကိုယ်ပိုင်ဟန်ကိုပဲ မိမိလုပ်နေသည့် လုပ်ငန်းသဘောသဘာဝနှင့် လိုက်လျောညီထွေရှိမည့် ဘောင်ထဲက ထိန်းညှိ၍ ဝတ်စားရမည်။ အဲသလို ထိန်းညှိနိုင်လောက်သော အသိဉာဏ်အတွေးအခေါ်လည်း ရှိရမည်။ ရှိကြောင်းလည်း ပြခွင့်ရရမည်။ ဒါကြောင့် ယူနီဖောင်းကို ကန့်ကွက်တာပါ။

ခက်တာက ကျေးဇူးရှင်တွေက အဲသည်အသိဉာဏ်ရှိကြောင်း တစ်ခါမှ မပြကြ။ ယောကျ်ားလေးက အစ ဆံပင်ဆိုးသည်။ အလယ်မှာ ချွန်၍ ထောင်နေသည်။ ကျွန်တော်တို့ခေတ်က မိန်းမလျာများသာ ဝတ်သောအသားဖြင့် တစ်တိုင်းတည်းကပ်ပြီး ခြေမျက်စိတွင်းမှာ တုတ်နှောင်ထားသည့် ဘောင်းဘီရှည်ကို ဝတ်သည်။ ဂျင်းဖြစ်ချင် ဖြစ်နေသေးသည်။ တီရှပ်ကို ဘောင်းဘီအပြင်ချဝတ်သည်။ စိန်နားကပ်ပန်သည်။

သည်တော့ ယူနီဖောင်းပဲ ဝတ်ခိုင်းလိုက်တော့ဟု လူကြီးတွေက ခဏခဏ ပြောကြတော့တာပေါ့။

**Smart ဖြစ်သည်ဆိုတာ**

ဉာဏ်ရည်မြင့်မားသူနှင့် ရုပ်ချောတာ သက်သက်သာရှိသူ ဘယ်သူက ပို၍ ဆွဲဆောင်မှုရှိသည်ဟု ထင်ပါသလဲ။

စမတ် (Smart) ကျကျ ဝတ်စားတတ်သည်ဆိုတာက ကိုယ့်ကိုယ်ပိုင် အရည်အချင်း လုပ်ငန်းသဘောသဘာဝ၊ ကိုယ်သွားရမည့် ကိစ္စ၊ ရာသီဥတု၊ နေရာတို့နှင့် လိုက်လျောညီထွေစွာ ဝတ်တတ်၊ စားတတ်တာကို ဆိုလိုတာပါ။

ကျွန်တော့်အယူအဆကတော့ Smart = Attractive ပါ။ စမတ်ကျလျှင် ဉာဏ်ရှိသည်ဟု အမိပ္ပာယ်ရပြီး ဉာဏ်ရှိလျှင် ဆွဲဆောင်မှု ရှိပါသည်။ နယ်တွေမှာ နေခဲ့စဉ်က ထီဖွင့်ပွဲတွေမှာ ထီပေါက်သည့်နယ်မှ လူတွေကို ထီဆိုင်တွေက အပိုဆုချီးမြှင့်သည့်အခါ ပူပူလောင်လောင်

ကြီးထဲမှာ အနောက်တိုင်း ဝတ်စုံအသစ်ကြီးတွေ ဝတ်ကြတာ ဆွဲဆောင်မှု ရှိလိုက်တာဟု ထင်ကြဖူးပါသလား။

နွေလည်း နွေလိုဝတ်။
ဆောင်းလည်း ဆောင်းလိုဝတ်၊
ကျောင်းလည်း ကျောင်းလိုဝတ်တတ်မှ Smart ဖြစ်မှာပါ။

## ညဏ်မရှိသည့် ဖက်ရှင်

Tasteless Fashion ဟု ဆိုရမလား မသိ။

အားလပ်ချိန် အပန်းဖြေခရီးတွင် ငပလီသောင်ပြင်ပေါ်မှာ တိုက်ပုံကြီး ဝတ်၍လျှောက်နေသူတစ်ဦးကို မြင်ယောင်ကြည့်စမ်းပါ။ ဒါ ကြောင်တာပဲဟု ဆိုတာ လူတိုင်း သိပါသည်။

သို့ဆိုလျှင် ကိုယ်က အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ် အလုပ်ဆင်းသည့်နေရာ၊ အထူးသဖြင့် လူအများနှင့် ဆက်ဆံရသည့် ဆေးရုံလိုနေရာမျိုးမှာ ရှုံးဖွင့်ရက် တီရှပ်၊ ဂျင်းဘောင်းဘီနှင့် လာသော ဆေးကျောင်းသား သို့မဟုတ် ဆရာဝန်သည် အနှီပုဂ္ဂိုလ်နည်းတူ ကြောင်သည်ဆိုတာတော့ မြင်တတ်ဖို့ လိုပါသည်။

ညဏ်မရှိသည့် ဖက်ရှင်ပေါ့။
ညဏ်မရှိမှတော့ ဆွဲဆောင်မှု ရှိစရာ အကြောင်းမရှိ။

## ဘဝမှာ ဖက်ရှင်ကျဖို့ထက် အရေးကြီးတာတွေ အများကြီး

အသက် ၂၀ ကျော် ယောကျ်ားလေးတွေ ဘာ Tattoo (မင်ကြောင်) ထိုးရမလဲ၊ တိုင်ပင်နေကြတာ ကျွန်တော် မြင်ဖူးသည်။ မြင်ဖူးတိုင်း သွားသတိရမိတာက မြန်မာနိုင်ငံကို လွတ်လပ်ရေး ရအောင်ဘယ်လို စွန့်စားရပါမည်လဲဟု ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းတို့ အကြိတ်အနယ် တိုင်ပင်နေကြတာ အဲဒီအရွယ်ပဲဟု ဆိုတာပါ။

သူ့ခေတ်နှင့် သူပေါ့ဟု မပြောပါနှင့်။

ဖက်ရှင်ဆိုတာ အရေးကြီးသင့်သလောက် ကြီးသော်လည်း ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်၊ မော်ဒယ်လ် မဟုတ်ဘဲ အသိပညာရှင်၊ အတတ်ပညာရှင် ဘဝဖြင့် ရပ်တည်ရမည့် လူငယ်တွေအတွက် ခေတ်



တိုင်း၊ ခေတ်တိုင်းမှာ ဖက်ရှင်ကျဖို့ထက် အရေးကြီးတာတွေ အမြဲ ရှိနေပါသည်။

ဘဝမှာ ဘာဖြစ်အောင် လုပ်မှာလဲ ရွေးချယ်ဆုံးဖြတ်။
(Knowing your purpose in life)
ပညာဆည်းပူး
(Growing your potential to maximum capacity)
ပညာဖြင့် အများကို အကျိုးပြု။
(Sowing seeds that benefit others)

ဒီသုံးချက် John Maxwell အမြဲပြောခဲ့တာကြိုက်လွန်းလို့ ဟောပြောပွဲတိုင်း ကျွန်တော် ပြောလေ့ရှိပါသည်။ အဲဒါကမှ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင် ရည်ညွှန်းချင်သည့် 'ဘဝလှလှ' ဟု ကျွန်တော် ယုံကြည်ပါသည်။

ဆံပင် ဘာအရောင်ဆိုးရမည်၊ လက်သည်း ဘာပန်းပွင့်ဖော်ရမည် ကြံစည်နေသူ မိန်းကလေးတွေ၊ အလွန်ထူးဆန်းသော ဆံပင်ပုံစံတွေ၊ ဆံပင်အရောင်တွေ၊ Body Fit ခေါ် ကိုယ်ကျပ်အင်္ကျီ၊ ဘောင်းဘီနှင့် ယောကျ်ားလေးတွေက စောစောက သုံးချက်ကို သတိရနိုင်ကြပါမည်တဲ့လား။ သတိရသည်ပဲထားဦး။ သူတို့ သတိရပါသည်ဆိုတာကို သူတို့နှင့် ထိတွေ့ဆက်ဆံရသော လူကြီးပိုင်းက ယုံဖို့ သိပ်မလွယ်ပါ။

ဖက်ရှင်ကျချင်သည့် လူငယ်တွေ စောစောက ကျွန်တော် ဆွေးနွေးပြခဲ့သည့် ခေါင်းစဉ်လေးငါးခုကိုတော့ အရင်စဉ်းစားကြည့်ကြစေ လိုပါသည်။

၀

သည်တစ်ခေါက် အရှေးလွယ်အိတ်ကို နှိုက်လိုက်တော့ ဖြူးမြို့ ထွက်လာသည်။

တကယ်တော့ ကျွန်တော်က ဖြူးမြို့သား မဟုတ်ပါဘူး။ ဖြူးမြို့မှာလည်း တာဝန်မထမ်းဆောင်ဖူးပါ။ ဖြူးမြို့နှင့် ကျွန်တော် ပတ်သက်စရာဆို၍ အဘိုးဆရာ ပြောပြောနေသည့် ဖြူးမြို့က သူရဲကောင်းနှစ်ယောက်သာ ရှိပါသည်။

## ဖြူးမြို့က သူရဲကောင်းနှစ်ဦး

ဖြူးမြို့မှာ တကယ်တော့ သူရဲကောင်းတွေ အများကြီး ထွက်ခဲ့ပေမပေါ့။ ကျွန်တော်နှင့်ဆိုင်တာက ဆရာဝန်နှစ်ဦးပါ။ သူတို့ကို အဘိုးဆရာက ချစ်ခင်လေးစားစွာ ဖြူးမြို့က သူရဲကောင်းများဟု ခေါ်တတ်ပါသည်။

တစ်ဦးက ဖြူးမှာ မြို့နယ်ဆရာဝန်ကြီး လုပ်ခဲ့သော ဒေါက်တာသိန်းလှိုင် (နာဂ) ပါ။ သူ့ကို မမြင်ဖူးဘဲ လေးစားကြည်ညိုစိတ်ဖြင့် 'ကြိုးကြာတောင်ပံခတ်သံ' ကို ကျွန်တော် ရေးခဲ့ဖူးပါသည်။ 'ကြိုးကြာတောင်ပံခတ်သံ' ထဲက 'ချင်းတောင်လတ်ငြိမ်း' သည် အပြင်က 'နာဂသိန်းလှိုင်' ကို ခြေဖျားတောင် မမီကြောင်း ၁၉၆၀ ပြည့်လွန်နှစ်တွေကို မီလိုက်သည့် သူတွေအားလုံး သိပါသည်။



နောက်တစ်ဦးက အားလုံး သိကြသည့် ဖြူးမြို့သား ဒေါက်တာစိုးလွင်ခေါ် မီးယပ်နှင့် သားဖွားအထူးကုဆရာဝန်ကြီးနှင့် စာရေးဆရာပါ။

ရောင်းရင်းကြီး ကိုစိုးလွင်ကြောင့် သည်လထဲမှာ ကျွန်တော်ဖြူးကို ရောက်ခဲ့ရပါသည်။ အဲဒီအကြောင်းလေးကို သတိရနေတာပါ။

## ထူးဆန်းသော စာပေဟောပြောပွဲ

စာပေဟောပြောပွဲပဲ၊ ဘာထူးဆန်းလို့လဲဟု မေးစရာ ရှိသည်။ စာပေဟောပြောပွဲတွေ လွတ်လွတ်လပ်လပ် လုပ်ခွင့်မရတာ များလွန်းလို့ စာပေဟောပြောပွဲသည်ပင်လျှင် ထူးဆန်းနေတာကြာပါပေါ့။

လွန်ခဲ့သည့် နှစ်နှစ်တုန်းကပင်လျှင် ကိုစိုးလွင်၊ မမ (ဂျူး) နှင့် ကျွန်တော်တို့ မကွေးဆေးတက္ကသိုလ်ထဲမှာ ကျောင်းသားတွေကို ဟောပြောဖို့ပင် နီးမှ ကပ်၍ ခွင့်မပြုတာ ခံရဖူးသည်။

ယခုတော့ ပွင့်လင်းစပြုလာပြီ။ ဒါတောင် မန္တလေးမှာ တာဝန်ကျတုန်းက ခင်ခဲ့သော ဦးဘုန်း (ဓာတု) တို့ မကွေးဘက်မှာ ခွင့်ပြုချက် မရတာ ဂျာနယ်ထဲ ဖတ်လိုက်ရသေးသည်။

ဦးဘုန်းက ကျူရှင်ဆရာပါ။

သူတောင် အခက်အခဲရှိလျှင် သည်ဖြူးစာပေဟောပြောပွဲမှာ ဟောပြောခွင့် ရသွားသူတွေကို ကြည့်လိုက်ပါက သည်စာပေဟောပြောပွဲ ဘယ်လောက်ထူးခြားကြောင်း ရိပ်မိပေလိမ့်မည်။

ကျွန်တော်ရယ်၊ ကိုစိုးလွင်ရယ်။

တက္ကသိုလ်မှာ စာသင်နေသော ဆရာတွေ။ ပြီးတော့ အထူးကုဆရာဝန်ကြီးတွေ၊ ပြီးတော့ ရသစာရေးဆရာတွေ။ နှစ်ယောက်စလုံး ၁၉၈၈ ခုနှစ်မှာ စစ်မှုထမ်းခဲ့ကြသူတွေ။

ကိုမင်းကိုနိုင်နှင့် ကိုဂျင်မီ။

၈၈ မျိုးဆက် နိုင်ငံရေးသမားနှင့် စာရေးဆရာတွေ။

ဒါကြောင့် ပြောတာပေါ့။

အဲသည် စာပေဟောပြောပွဲကလေးက ထူးဆန်းပါသည်ဟု။

## ကျောင်းကြီး၏ အရှိန်အဝါ

ကိုမင်းကိုနိုင်နှင့် ဆုံတွေ့ရတော့ အံ့ဩစရာကောင်းသော စကားကို ကြားရသည်။

'ဆရာ ကျွန်တော်က ဆရာ့ပရိသတ်နော်။ အပြင်ရောက်မှ ဆရာ့စာတွေ ဖတ်ရတာ မဟုတ်ဘူး။ အထဲမှာ ကတည်းက ဆရာ့ ဆောင်းပါးတွေ ဖတ်လာတာ' ကျွန်တော် မျက်လုံးပြူးသွားသည်။

'ကိုမင်းကိုနိုင် ခင်ဗျားက လူဖျိုကြီး ဥစ္စာ။ ကျွန်တော့်ကလေး ကျန်းမာရေး ဆောင်းပါးတွေ ဘာလို့ ဖတ်ရတာလဲ'

'ဒါပဲ ရတာကိုး ဆရာရဲ့၊ ဟိုမှာ ဘာစာအုပ်မှ မရခဲ့တဲ့ အချိန်တွေ အများကြီး စာဖတ်ချင်တော့ ပစ္စည်းထုပ်တဲ့ စက္ကူကလေးကအစ ခွာဖတ်ရတာ။ ဆရာ့ဆောင်းပါးပါတဲ့ ဂျာနယ်တွေက ပစ္စည်းထုပ်တဲ့ထဲ ပါလာတာကိုး'

ကျွန်တော်က အများအတွက် အကျိုးရှိမည့် စကားတစ်ခွန်းကိုပင် ဇီဝကလို ကာလ၊ ဒေသံစောင့်၍ ပိုင်မှပြောချင်သော လူမျိုးဖြစ်၍ သူတို့နှင့် အသွင်မတူဟု ပြောနိုင်သည်။ သို့သော် Selfless ခေါ် ကိုယ့်အတွက် ဘာမှ မမျှော်ကိုးတတ်သူတွေကို လေးစားတာတော့ ဆရာကြီး နာဂသိန်းလှိုင်ကတည်းက ဆိုတော့ သူတို့ကို လေးစားပြီးသား။

တွေ့တွေ့ချင်းပင် ကျွန်တော်တို့ ခင်မင်ရင်းနှီးသွားကြပါသည်။

'၁၉၈၈ တုန်းက ကျွန်တော်က တပ်ထဲမှာ NSM ခေါ်တာပေါ့။ သုံးနှစ် စစ်မှုမထမ်းမနေရနဲ့ လုပ်ရတာ။ ၁၉၈၈ ခုနှစ် ဇွန်လမှာ ရှေ့တန်း ထွက်သွားတာ၊ ရှေ့တန်းမှာ မဲသဝေါတိုက်ပွဲကဖြစ်၊ နောက်တန်းမှာ အရေးအခင်းကဖြစ်၊ လေးလဆိုပြီး ထွက်သွားတဲ့ရှေ့တန်းက ရှစ်လကြာသွားတယ်။ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလကျမှ ပြန်ရောက်တာ။ ကျွန်တော်နေတဲ့ နေရာကလည်း တကယ့်တောထဲမှာ ရွာတောင် မရှိဘူးဆိုတော့ ၈၈ အရေးအခင်းကို ကျွန်တော်လုံးလုံး မမြင်ဖူးလိုက်ဘူး'

ကျွန်တော်ရှင်းပြတော့ သူအံ့ဩသည်။ ကိုစိုးလွင်က ရယ်သည်။

'ကျွန်တော်ကျတော့ တစ်မျိုးဗျ။ အရေးအခင်း အလယ်ကောင်ကြီးမှာ ရှေ့တန်းက ပြန်လာတာ။ ယူနီဖောင်းနဲ့ နောက်မှာ ရဲဘော်တွေနဲ့ ကားတွေက ပိတ်တော့ ကျွန်တော်တို့ ရပ်စောင့်နေတုန်းမှာ ကျောင်းသား



လေးတစ်ယောက် ကျွန်တော်တို့ကိုလာပြီး လေအေးအေးလေးနဲ့ ခံစားချက်တွေ ထိုင်ပြောတာဗျ၊ စစ်ဗိုလ်ဆိုပြီးတော့ပေါ့၊ ငြိမ်နားထောင်နေရတယ်'

တကယ်တော့ ကျွန်တော်တို့ လေးယောက်စလုံး အသက်မတိမ်းမယိမ်းတွေပါ။ ဖြတ်သန်းခဲ့ရသော ခေတ်တွေက အတူတူ။ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှနှင့် အများအတွက် အသုံးကျချင်ကြတာလည်း အတူတူ။ ကံကြမ္မာ အလှည့်အပြောင်းမှာ ဖြတ်သန်းခဲ့ရသော ဘဝတွေကတော့ နှစ်ခြမ်းကွဲနေကြတာပါ။

ကိုမင်းကိုနိုင်က ဟောပြောပွဲ ကျင်းပမည့် ဖြူးမြို့ အမျိုးသားကျောင်းကြီးကို လှည့်ပတ်ကြည့်ရင်းက ဆိုသည်။

'ဆရာတို့တော့ မသိဘူး၊ ကျွန်တော်က ဒီကျောင်းကြီးရဲ့ အရှိန်အဝါကို ဖြူနေတယ်။ ဒါဗိုလ်ချုပ်အောင်ဆန်းရဲ့ အစ်ကို အာဇာနည်ခေါင်းဆောင်ကြီးတစ်ဦးကိုယ်တိုင် ကျောင်းအုပ်ကြီး လုပ်ခဲ့တဲ့ ကျောင်းကြီးဗျ။ ကျွန်တော်ဒီမှာ တကယ့်ကို အားထည့်ပြီး ဟောပြောချင်တယ်၊ ခက်တာက ပွဲဆက်တွေ သိပ်များတော့ မလန်းမဆန်း ဖြစ်နေတယ်၊ ဘာလုပ်ရင်ကောင်းမလဲ မသိဘူး'

ကျောင်းကြီးကို ကျွန်တော်လည်း ဖြူပါသည်။

ဆရာဝန်ဆိုတော့ ကဗျာဆရာလိုတော့ မခံစားတတ်။ ကျွန်တော်ဖြူနေတာက ပြုပြင်ထိန်းသိမ်းမှု အားနည်းသော ကျောင်းကြီးအပေါ်ထပ်မှာ ကျွန်တော်တို့နှစ်ယောက် စကားပြောရင်း လမ်းလျှောက်နေကြတာ။ လျှောက်တိုင်း ကျောင်းကြီးက ငလျင်လှုပ်သလို ယိမ်းခါနေတာကို ဖြစ်သည်။

'ခင်ဗျား စောစောက ညစာမှ မစားတာ ပိုန်းတာပေါ့၊ ကော်ဖီ သောက်လိုက်ပါလား'

'ဆရာ တကယ်ပြောတာလား၊ ကော်ဖီသောက်လိုက်ရင် လန်းသွားမလား'

'လန်းတာပေါ့ဗျ၊ ကဖင်းက ခေါင်းကို ကြည်စေတာပဲ ဥစ္စာ'

စောစောက သူ ညစာမစား၍ စိတ်မကောင်းဖြစ်နေကြသော မြို့ခံအမှုဆောင်များ ကော်ဖီကမန်းကတန်း ဝမ်းသာအားရ သွားဝယ်ကြသည်။ ကျွန်တော်က တစ်ခွက်၊ သူက တစ်ခွက်နှင့် တစ်ဝက် သောက်ကြသည်။

ကိုင်း. . . . ရယ်ဒီ။

လေးယောက်သား တိုင်ပင်၍ ကျွန်တော် စပြောဖို့ ဆုံးဖြတ်လိုက်သည်။

'ကိုရဲ... ခင်ဗျားခေါင်းစဉ်က 'တက်'... ဟုတ်လား'

ကိုစိုးလွင်က မေးသည်။

'ဟုတ်တယ်'

'ဘာလဲဗျ၊ တက်... ဆိုတာ'

'ဟောတော့ သိလိမ့်မပေါ့ဗျာ'

ဟောပြောမည့် ခန်းမကြီးနံဘေး ဧည့်ခန်းဆောင်ကလေးထဲမှာ ထိုင်နေရင်းက ခန်းမဘက် ချောင်းကြည့်လိုက်တော့ ကြမ်းပြင်တစ်ခုလုံး အပြည့် ပရိသတ်ကြီးက ဟည်းထနေသည်။

ကျောင်းပတ်လည် ကွင်းပြင်ထဲမှာလည်း ချမ်းချမ်းစီးစီး ဆောင်းရာသီကို အန်တုလျက် စောင်ခေါင်းမြီးခြုံကာ ထိုင်နေသူတွေ အများကြီး ရှိနေသည်။ အဲသည်ကွင်းပြင်ထဲကို လှမ်းကြည့်လိုက်တော့ ပိတ်ကားကြီး ထောင်ထား၍ စာပေဟောပြောမည့်သူ ရှိရာကို ကင်မရာချိန်ထားပြီး လိုက်ဖ်ရှိုး တိုက်ရိုက်ပြထားသည်။

သည်တစ်ခါတော့ ကျွန်တော် တော်တော် ဖြုံသွားပါသည်။

## လူသိနည်းသော လူပြက်

အခမ်းအနားမှူးက ကျွန်တော့် အတ္ထုပ္ပတ္တိကို ဖတ်ပြပြီးဖြစ်သော်လည်း ကိုယ့်ကိုယ်ကိုယ်တော့ မိတ်ဆက်ဦးမှဟု သဘောထား၍ ကျွန်တော် ချောင်းဟန့်ပါသည်။

'ကျွန်တော်ဟာ လက်ာရည်ကျော်ခေါ် ဒေါက်တာရဲ ဖြစ်ပါတယ်၊ ကျွန်တော် ငယ်စဉ်ကတည်းက သိပ်သဘောကျတဲ့ ကွယ်လွန်သူ စာရေးဆရာ၊ အဆိုတော်၊ ရုပ်ရှင်မင်းသား၊ ဆရာသုမောင်ရဲ့ စကားလုံးကို အတုခိုးပြီး ပြောရမယ်ဆိုရင်တော့ ကျွန်တော်ဟာ တစ်ခါတလေ ဝတ္ထုတို ရေး၊ တစ်ခါတလေ ဝတ္ထုရှည်ရေး၊ တစ်ခါတလေ လူငယ်စာပေရေး၊ တစ်ခါတလေ ဗုဒ္ဓစာပေတွေရေး၊ တစ်ခါတလေ စာသင်၊ တစ်ခါတလေ ဆေးကု၊ တစ်ခါတလေ စာပေဟောပြောပွဲလိုက်ပြီး များသောအားဖြင့်တော့ ကိုယ်လုပ်ချင်တာ လုပ်နေတဲ့သူ တစ်ယောက်ဖြစ်ပါတယ်။ ဒါပေမဲ့ လူသိနည်းသေးတဲ့ အမှန်တရားကို ပြောရမယ်ဆိုရင်တော့ အမှန်က ကျွန်တော်ဟာ လူပြက်တစ်ယောက်ပါ'



ရယ်သံတွေ ကြားရသည်။

'ကျွန်တော့်ကိုယ် ကျွန်တော် လူပြက်လို့ပြောရတာ နှစ်ချက် ရှိပါတယ်၊ တစ်ချက်ကတော့ ကျွန်တော်ဟာ တကယ့်ကို လူပြက်ဖြစ်ခဲ့တာပါ။ ကျွန်တော်တို့ ဆေးတက္ကသိုလ် (၁) ရန်ကုန်မှာ ပါမောက္ခချုပ် ဆရာကြီး ဦးဘသန်းကိုယ်တိုင် ထူထောင်ပေးခဲ့တဲ့ 'ဇွဲ' အငြိမ့်ဆိုတာ ရှိပါတယ်၊ 'ဇွဲကိုသာ အတည်မြဲကြဖို့ စိတ်ရင်းကောင်းနဲ့ရည်' ဆိုတဲ့ ဇွဲသီချင်းကို အားလုံး ကြားဖူးကြမှာပါ၊ အဲဒါ အဲသည်အငြိမ့် စတင်ထူထောင်စဉ်က ဆရာကြီးကိုယ်တိုင် စာသားချပေးခဲ့တဲ့ သီချင်းပါ။ အဲဒီအငြိမ့်မှာ ပါတဲ့ ကျောင်းသားလူပြက်တွေရဲ့ နာမည်တွေက ငှက်နာမည်တွေပါ၊ ကျွန်တော့် နာမည်က ကြိုးကြာတော့ မဟုတ်ပါဘူး၊ ကြိုးကြာဆိုတဲ့ နာမည်က အခု ညွှန်ကြားရေးမှူးချုပ် ဖြစ်နေပြီဖြစ်တဲ့ အစ်ကိုတစ်ယောက်က ယူထားပြီး ဖြစ်နေလို့ ကျွန်တော်က 'ဇင်ရော်' ဆိုတဲ့ နာမည်ကို ယူပါတယ်၊ အခု ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ လမ်းမတော်ဘက် အဆောင်ရဲ့ အလယ်က မြက်ခင်းပြင်ကြီးမှာ ရှိနေတဲ့ စင်မြင့်က ကျွန်တော်တို့ စပြီးကတဲ့ ၁၉၈၁ ခုနှစ်က သစ်သားနဲ့ ယာယီဆောက်တာပါ။ စောစောက အစ်ကိုက ပါးစပ်နဲ့ ချပေးတဲ့အတိုင်းအတာတွေကို ကျွန်တော်က ကတ်ထူပြားလေးတွေနဲ့ ဆောက်ပြီး လက်သမားတွေကို ပြင်ခဲ့ရတာပါ။ ဖွင့်ဖွင့်ချင်းမှာ သွားဘက် ဆိုင်ရာ ဆေးတက္ကသိုလ်က အငြိမ့်နဲ့ ကျွန်တော်တို့နဲ့ တစ်ညစီ ရှေ့နောက် ကဖို့ ဖြစ်လာပါတယ်။ သွားဆေးကျောင်းသားတွေကတော့ လူပြက်နာမည် တွေကို သူတို့ဆရာဝန်တွေသုံးတဲ့ ပစ္စည်းကိရိယာတွေအတိုင်း ဇာဂနာ၊ ပလာယာ၊ ဖောဆက် စသည်ဖြင့် ပေးကြပါတယ်။ အဲသည်ထဲက 'ဇာဂနာ' ဆိုတဲ့ ကိုသူရကတော့ မနှစ်ကဒီမှာ လာပြောသွားတဲ့ ပြည်သူချစ်တဲ့ ဇာဂနာပါပဲ။ ကျွန်တော်တို့က ရှေ့ရက် သူတို့က နောက်ရက်ဆိုတော့ ပြောကြကြေးဆိုရင် ကျွန်တော် လူပြက်ဖြစ်တာက ဇာဂနာထက် တစ်ရက် စောပါတယ်'

ရယ်ကြပြန်သည်။

'ဒုတိယအချက်၊ ကျွန်တော့်ကိုယ် ကျွန်တော် လူပြက်လို့ ပြောရ တာက ကျွန်တော့်နောက်က ပြောမယ့်သူတွေကြောင့်ပါ၊ ကိုစိုးလွင်ဆို တာက ဒီမြို့မြို့သား၊ မြို့မြို့ရဲ့ ဂုဏ်ကိုဆောင်နေတဲ့ သားကောင်းရတနာ ပါ၊ ကိုယ့်မြို့သား အောင်မြင်နေတာကို ဂုဏ်ယူတဲ့စိတ်၊ ချစ်တဲ့စိတ်နဲ့ သူ

ဘာပြောမှာလဲဆိုတာ ပရိသတ်ကြီး စောင့်မျှော်နေမယ်ဆိုတာ ကျွန်တော် ခန့်မှန်းမိပါတယ်။ ကိုမင်းကိုနိုင်ဆိုတာကတော့ တစ်နိုင်ငံလုံးက ချစ်တဲ့ သူပါ၊ ဒီမင်းသားနှစ်ယောက်ရဲ့ ရှေ့က ထွက်ရလို့ ကျွန်တော့်ကိုယ် ကျွန်တော် လူပြက်လို့ ပြောတာ ဖြစ်ပါတယ်'

ရယ်ကြပြန်သည်။

**တက်**

'တက်. . . ဆိုတဲ့ ခေါင်းစဉ်နဲ့ ကျွန်တော် ဟောပြောမှာ ဖြစ်ပါတယ်၊ ပရိသတ်ကြီးကတော့ သို့လော၊ သို့လော စဉ်းစားနေရောပေါ့၊ လှော်တက်လား၊ အညွန့်တက်တာလား၊ လှေကားတက်တာလား၊ မဟုတ်ပါဘူး၊ တက်ဆိုတာ တိုက်ပွဲဖြစ်ရင် ခေါင်းဆောင်က အမိန့်ပေးတဲ့အသံပါ။ ကျွန်တော် ဆွေးနွေးပြချင်တာက တိုင်းပြည်နဲ့ လူမျိုးကောင်းအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျွန်တော်တို့ လုပ်ကြတဲ့နေရာမှာခေါင်းဆောင် ဖြစ်သူက 'တက်' လို့ အမိန့်ပေးလိုက်ရင် ကျွန်တော်တို့ ဘာလုပ်မှာလဲပေါ့။ တက်မှာလား၊ ပြန်ဆွေးနွေးမှာလား၊ တစ်နည်း[illegible]ရင် **ခေါင်းဆောင်နဲ့ လူအများကြားမှာ အမိန့်နာခံတတ်ဖို့ [illegible]လား၊ ပြန်လည်ဆွေးနွေးတတ်ဖို့က အရေးပါသလားပေါ့။ အမိန့်နာခံတတ[illegible] စည်းစနစ်ကျနခြင်းကို အထောက်အကူပြုသလို ပြန်လည်ဆွေးနွေးခြင်း ကလည်း ဒီမိုကရေစီကျင့်စဉ် တစ်ခု ဖြစ်နေပြန်တယ်၊** ဒီက ရှေ့ဆက် စဉ်းစားလိုက်ရင် ပြန်လည်ဆွေးနွေးခြင်းအတွက် ကျွန်တော်တို့ အသင့် ပြင်ဆင်ပြီး အနေအထားရှိနေပြီလားပေါ့။ ဒီကနေ့က ကျွန်တော်က 'ပညာ' နဲ့ ပတ်သက်တာ ဟောပြောဖို့ စိတ်ကူးထားတော့ ကျွန်တော်တို့ ကလေးတွေကို ကျွန်တော်တို့ လေ့ကျင့်သင်ကြားပေးနေတဲ့ ပုံစံကရော ပြန်လည်ဆွေးနွေးခြင်းအတွက် အားပေးရာရောက်ရဲ့လားဆိုတာတွေကို ပါ'

ပရိသတ်က တုတ်တုတ်မှ မလှုပ်ဘဲ ငြိမ်သက်တိတ်ဆိတ်နေသည်။ ရပြီ။ သည်ခေါင်းစဉ်ကို သူတို့ လက်ခံသွားတာ သေချာပြီ။

၀

# ပြန်လည်ဆွေးနွေးတတ်ခြင်းနှင့်ပညာရေး(၂)

**ပြန်လည်ဆွေးနွေးခြင်းနှင့် အမိန့်နာခံခြင်း**

ဆက်လက်၍ ပြန်လည်ဆွေးနွေးခြင်းနှင့် အမိန့်နာခံခြင်းနှစ်မျိုးစလုံး သူ့ နေရာနှင့်သူ အသုံးဝင်တတ်ပုံကို တိုက်ပွဲတစ်ပွဲနှင့်ပင် ယှဉ်၍ ကျွန်တော် အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

ရန်သူကို တကယ်ရင်ဆိုင်တိုက်နေချိန်တွင် ခေါင်းဆောင်လုပ်သူ က 'တက်' ဟု အမိန့်ပေးချိန်တွင် တက်သင့်၊ မတက်သင့် ပြန်ဆွေးနွေး နေ၍ မရပါ။ ရင်ဆိုင်တန်းကျိုးပေါက်၍ ကိုယ့်တပ်ပျက်သွားနိုင်ပါသည်။ အဲသည်အချိန်မျိုးမှာ 'တက်' ဆိုလျှင် တက်ကိုတက်ရပါမည်။ တွေဝေနေ လျှင် ပြန်ဆွေးနွေးနေလျှင် စစ်တိုက်၍ မရပါ။

သို့သော် မတိုက်မီက မည်သည့်ဗျူဟာနှင့် တိုက်မည်ဆိုတာကို ကြိုတင်ဆွေးနွေးကြစဉ်တုန်းကတော့ တင်ပြစရာရှိတာတွေကို တင်ပြရပါ မည်။ ငယ်သားတွေက တစ်ခါတလေ ခေါင်းဆောင်ထက် ပကတိအခြေ အနေအချို့ကို အနီးကပ် မြင်တတ်ကြပါသည်။ အဲသည်အချိန်မျိုးမှာ ခေါင်းဆောင် မကြိုက်မှာစိုး၍ဟုဆိုကာ မဖြစ်နိုင်တာ တချို့ကို ထောက်မပြ ခဲ့လျှင် တကယ့် တိုက်ပွဲကျတော့ အကုန်လုံး ဒုက္ခရောက်ကြမှာပါ။

တိုက်ပွဲကို ဥပမာပေးနေရတာက 'တက်' ဆိုသည့် ခေါင်းစဉ်နှင့် စထား၍ ဥပမာပေးနေရတာပါ။ တကယ်တော့ ပြန်လည်ဆွေးနွေးခြင်းနှင့် အမိန့်နာခံခြင်းတို့ကို မှုတစွာ အသုံးချဖို့က နေရာတိုင်းတွင် လိုပါသည်။

ဆရာဝန်လောကတွင်လည်း အတူတူပါပေ။ ဆရာဝန်ကြီး ပြောတာကို ပြန်ဆွေးနွေးဖို့ ဆရာဝန်လေးတွေ ကြောက်ရွံ့နေတတ်လျှင် သို့မဟုတ် ကြောက်ရွံ့အောင် ဆရာဝန်ကြီးက လုပ်ထားလျှင် အဆင်မပြေပါ။ မကြာသေးမီကပင်လျှင် ဆီးချိုရောဂါသည်ကလေးတစ်ယောက် ဆီးချိုမကျသည့်အတွက် အင်ဆူလင်ကို တိုး၍ ထိုးရန် ကျွန်တော် ညွှန်ကြားခဲ့သော်လည်း ညတာဝန်ကျသူ ဆရာဝန်လေး ပြန်အစစ်မှာ ဆီးချိုက ကျသွားသည်။ သကောင့်သမီးက မပြင်ပါ။ ကျွန်တော့် ညွှန်ကြားချက်ကို ပြန်လည်ဆွေးနွေးဖို့ ဝန်လေးခဲ့ပါသည်။ ဆရာတော် ဦးဗုစ်လက်ထက်ကတည်းက ဆရာပြောတာဆိုလျှင် မှားလည်း ပြန်ပြင်ဖို့ ခက်ခဲ့သည့် ကျွန်တော်တို့ မြန်မာတွေ၏ ရှေးအစဉ်အလာတစ်ခု နှစ်ဆယ့်တစ်ရာစုထဲသို့ ယူမလာသင့်တော့ဟု ကျွန်တော် ထင်ပါသည်။

တစ်ဖက်အစွန်းမှာလည်း နိုင်ငံခြားက ပြန်ရောက်ခါစက အသက် ၃၈ နှစ်အရွယ် တော်ဝင်သမားတော်ပေါက်စ၊ ရုပ်ကပုတက်တက်နှင့် အလုပ်သင် ဆရာဝန်နှင့်ပင် အမှားခံရလောက်အောင် ဥပမိရုပ်မခံ့ညားသော ကျွန်တော့်ကို ပုဂ္ဂလိကဆေးရုံတစ်ခုမှာ 'ရှောင်း' လိုက်သော ဆရာဝန်မလေးက လူနာရှေ့မှာ တစ်ခွန်းမကျန် ခံပြင်းတာမျိုးလည်း ကြုံရဖူးပါသည်။

## ဗိုလ်သင်တန်းကျောင်းများ

ကိုစိုးလွင်နှင့် ကျွန်တော်တို့ စစ်မှုသုံးနှစ်ထမ်းခဲ့ကြစဉ်တုန်းက မှော်ဘီ ဗိုလ်သင်တန်းကျောင်းမှာ အရာရှိငယ်သင်တန်း အပတ်စဉ် (၃၄) မှာ ကျွန်တော် တက်ခဲ့ရသည်။

တိုက်ပွဲသင်ခန်းစာတွေထဲမှာ မမေ့သော်လင့်ဘဲ ဝိုင်းပတ်ချေမှုန်းခံရလျှင် ဘာလုပ်မလဲဆိုသည့် သင်ခန်းစာတစ်ခု ကျွန်တော်တို့ သင်ရဖူးသည်။ သတ်ကွင်းထဲမှာ အကာအကွယ် ယူစရာလည်း မရှိ။ ထွက်ပေါက်လည်း မရှိတဲ့။ ဘာလုပ်မှာလဲတဲ့။ ကျွန်တော်တို့ မဖြေနိုင်ပါ။ သင်တန်းဆရာက အဖြေပေးတော့ ကျွန်တော်တို့ ပါးစပ်အဟောင်းသား။ ပစ်တက်ပြီး ရန်သူကို ဝင်လုံးမည်တဲ့။ သေကုန်မှာပေါ့ဟုဆိုတော့ ဒီအတိုင်းလည်း သေမှာပဲတဲ့။ တက်လုံးလျှင်တော့ ကံကောင်းလျှင် ပွင့်ထွက်သွားမည်။ ကံမကောင်းလျှင်တောင်မှ ကိုယ်မသေခင် ရန်သူ့အသက် အများကြီး ရအောင် ပြန်ယူသွားမည်တဲ့။ သူပြောတာလည်း ဟုတ်တော့ ဟုတ်နေတာပဲ။ အဲသည့် ဥပမာလေးကိုကြည့်လျှင် သေရေးရှင်ရေး ကိစ္စတွေမှာ အမိန့်နာခံတတ်ဖို့က ဘယ်လောက်အရေးကြီးသည်ဆိုတာ သိသာသည်။



ဒါဆိုရှယ်လစ်ခေတ်က တက်ခဲ့ရသော ဗိုလ်သင်တန်းမို့လို့ ပြင်းထန်နေတာ မဟုတ်။ သည်လိုကိစ္စမျိုးမှာ နိုင်ငံတိုင်းသည်လို ကျင့်ထုံးတွေ ရှိနေတာကို မဲလ်ဂစ်ဘဆင်ပါသည့် 'When we were soldiers' (ငါတို့ စစ်သားဘဝ) ရုပ်ရှင်ကြည့်တော့ ပိုသဘောပေါက်သွားသည်။

အဲသည့် ရုပ်ရှင်က ဗီယက်နမ်စစ်ပွဲနောက်ခံ ဖြစ်ရပ်မှန် ဇာတ်လမ်းပါ။ ရန်သူ့တပ်နှင့် သူ့တပ် ခွဲမရအောင် လုံးထွေးရောယှက်သွားခဲ့သောအခါ မဲလဂစ်ဘ်ဆင် သရုပ်ဆောင်သည့် ဇာတ်ရုပ်ဗိုလ်မှူးကြီးက 'Broken Arrow' အမိန့်ပေးသည်။ 'မြားကျိုး' ပေါ့။ အဝေးကနေ လေတပ်ကို လှမ်းခေါ်ပြီး လုံးထွေးနေသည့် ရန်သူ့တပ်၊ ကိုယ့်တပ်အထွေးကြီးကို ဝေဟင်ကနေ ပစ်ခတ်ချေမှုန်းခိုင်းတာ ဖြစ်သည်။ မြန်မာ့စစ်ပညာမှာတော့ 'အရေးပေါ်လက်နက်ကြီးပစ်ကူ' တဲ့။ ကျွန်တော် အဲသည်လို တကယ် လုပ်ခဲ့ရသော ရှေ့တန်းခွင်တစ်ခုကို မကြာမီ သွားရောက်လေ့လာခွင့် ရခဲ့သဖြင့် ဒါတွေဟာ စာအုပ်ထဲမှာသာ ရှိတာမဟုတ်ကြောင်း နိုင်ငံ တကာမှာရော၊ သည်မှာပါ ရှိခဲ့ပြောင်း သိရတော့ ကြက်သီးထမိသည်။ အမိန့်နာခံတတ်ခြင်း၏ ခွန်အား။

တစ်ဖက်ကလည်း မြေပုံဖတ်သင်သည့် အရာခံဗိုလ်ကြီးက အနောက်မှ အရှေ့သို့ လမ်းလျှောက်လာပြီး ၉၀ ဒီဂရီ နှစ်ခါကွေ့လျှင် ဘယ်အရပ်မျက်နှာကို မျက်နှာချင်းဆိုင်မိမည်ဆိုတာကို ချတွက်နေတာမျိုး၊ လက်နက်ငယ်သင်သော ဆရာတွေ သတိကြီးဆွဲ၍ ခေါင်းစဉ်တွေ၊ စာကိုယ်တွေ ရွတ်နေပြီး လက်တွေ့ကျကျ မသင်တတ်တာမျိုး တွေ့ရတော့ ပြုံးခဲ့ရပြန်သည်။ ပြန်လည်ဆွေးနွေးမှု၏ အရေးပါပုံပေါ့။

**ဖောင်ကြီး**

ဖောင်ကြီးသင်တန်းက သည်ခေတ်မှာ လိုသေးလို့လားဟု ကျွန်တော်တို့ ဆေးရုံကို လာလေ့လာသော ဒေါ်အောင်ဆန်းစုကြည် မေးခွန်းထုတ်ခဲ့ဖူး သည်။

ကျွန်တော်တို့က ဖောင်ကြီး 'ဇေယျ' သင်တန်းအစား ဗိုလ်သင်တန်း တက်ခဲ့ရပေမင့် ၁၉၉၃ ခုနှစ်မှာ 'ဆရာဝန်များ အထူးမွမ်းမံသင်တန်း' တက်ခဲ့ရသေးသည်။ ရလာသည့်အကျိုးကတော့ သင်တန်းဆင်းဆင်းချင်း ဖြေရသည့် တော်ဝင်သမားတော်ဘွဲ့ ရွေးချယ်စာမေးပွဲကျတာပါပဲ။

အမြဲတမ်း အမှတ်ရနေသည့် ဆောင်ပုဒ်ကလေးကတော့ စစ်ရေး ပြဆရာသင်ပေးသည့် စစ်ရေးပြခြင်း၏ ထူးခြားသော ဝိသေသဖြစ်သည်။

'ရည်ရွယ်ချက်က သတ်သတ်၊ လုပ်ဆောင်ချက်က သတ်သတ် ဖြစ်ခြင်း' တဲ့။

**ပြန်လည်ဆွေးနွေးနိုင်စွမ်း**

ပြန်လည်ဆွေးနွေးတတ်ခြင်းဆိုတာက ငယ်စဉ်ကတည်းက ပျိုးထောင်ပေးခဲ့ ရမည့် အရည်အချင်းတစ်ရပ် ဖြစ်သည်။

ပြန်လည်ဆွေးနွေးတတ်ဖို့ ဆိုတာက လေ့လာနားလည်ထားဖို့က စရမည်။ ချက်ကျကျနှင့် နားဝင်မရှိင်းအောင် ပြောတတ်ဖို့က နောက် တစ်ဆင့်။

လသားလေး ကတည်းက 'ဒေဝေါကြီး လာနေပြီ' 'သရဲကြီးကိုက် လိမ့်မယ်' ဆိုတာတွေနှင့် ကလေးကို လေ့ကျင့်ပေးခဲ့ပြီး အကြောင်းအကျိုး နားလည်အောင် တစ်ခါမှ သင်မပေးသည့် ကျွန်တော်တို့လူမျိုး မိဘတွေ၏ ရင်သွေးပြုစုပျိုးထောင်ပုံကိုတော့ ပြင်ဖို့လိုနေပါသေးသည်။

**ပညာရေးစနစ်**

တစ်နေ့မှာ ၁၂ နာရီလောက် ကျူရှင်ကကျောင်း၊ ကျောင်းကနေ ကျူရှင် အချိန်ပေးနေရပြီး Active Learning ခေါ် ကိုယ်တိုင်စူးစမ်းဖော်ထုတ် ရတာမျိုး မပါ။ ပါးစပ်ထဲ ဇွန်းအံရောက်ခွံ့နေသည့် Passive Learning နှင့် ကြီးပြင်းခဲ့ရသည့် ကျွန်တော်တို့ ရင်သွေး လူငယ်လေးတွေကို



ပြန်လည်ဝေဖန် ဆွေးနွေးတတ်အောင် လေ့ကျင့်ပေးဖို့ကလည်း ကျော်လွှားရဦးမည့် တောင်တစ်လုံးပါ။ ကျွန်တော် မကြာခဏ စာထဲမှာ ထည့်ရေးဖူးသည့် အိမ်မှာရှိနေသည့် တိရစ္ဆာန်ငါးမျိုး နာမည်ရေးခိုင်းတာ၊ ကျူရှင်မှာ ခေါ်ပေးပြီး နောက်တစ်နေ့ ပြန်ဖြေတော့ ပင့်ကူနှင့် ပိုးဟပ် အထက်အောက်လွဲ၍ အမှတ်နုတ်ခံရသည့် မူလတန်းကလေးအကြောင်း လည်း ထည့်ပြောခဲ့ပါသေးသည်။

**မလေ့လာဘဲ ဆွေးနွေးချင်သည့် လူငယ်များ**

ဆွေးနွေးနိုင်ဖို့ ဆိုတာက လေ့လာစူးစမ်းမှုကို အရင်လုပ်ရပါမည်။ ပြောခွင့် ဆိုခွင့်တွေ၊ ရေးသားပိုင်ခွင့်တွေ ဖွင့်ချပေးလိုက်သောအခါ လူငယ်အတော် များများက ပြောရဲ၊ ရေးရဲ ဖြစ်လာကြသော်လည်း မပြောမီ၊ မရေးမီ ကိုယ်ပြောမည့် အကြောင်းအရာ၊ ကိုယ်ရေးမည့်အကြောင်းအရာကို ကြိုတင် လေ့လာတာကတော့ အားနည်းနေကြတုန်းပါပဲ။ 'ကျားပေါက်' ကို အနုပညာ မျိုးရိုးရှိသလားဟု မေးသည့် သတင်းထောက်၊ 'စိုင်းစိုင်းခမ်း လှိုင်' ကို သီချင်းရောရေးဖို့ အစီအစဉ် ရှိသေးလားဟု မေးသည့် ဖျော်ဖြေရာမ၊ အဲဒါတွေကို ရယ်ပွဲဖွဲ့၍မှ မဝမီ ကိုယ့်ကိုလာ၍ 'ဆရာက စာရေးဆရာဖြစ်ပြီး ဘာလို့ စာမေးပွဲ စစ်ရတာလဲ' ဟု မေးသည့် ရေဒီယို မမနှင့် တွေ့ရပုံတွေ ပြောပြတော့ ပရိသတ်ပွဲကျကြသည်။

**ပြန်လည်ဆွေးနွေးမှာလား၊ အမိန့်နာခံမှာလား**

ပြန်လည်ဆွေးနွေးသည့် အလေ့အထ မရှိလျှင်လည်း ချိန်ခွင်လျှာတစ်ဖက် စောင်းနင်း ဖြစ်တော့မည်။ ဥပမာ မြစ်ဆုံစီမံကိန်း ရပ်ထားဖို့ နိုင်ငံတော် သမ္မတကြီး ကိုယ်တိုင် ညွှန်ကြားခဲ့တာ ပြန်လည်ဆွေးနွေးခဲ့ခြင်းများ၏ အသီးအပွင့်များပင် မဟုတ်ပါလား။

တစ်ဖက်ကလည်း ခေါင်းဆောင်လုပ်သူက ဘာကြောင့် သည်လို လုပ်သည်ဆိုတာကို သိဖို့ မကြိုးစားဘဲ၊ မလေ့လာဘဲ အရာရာ မျက်စိ စုံမှိတ် ငြင်းနေပါကလည်း ကျောင်းမတက်၍ စာမေးပွဲဖြေခွင့်မရတာကို ဘုန်းကြီးကျောင်းဝင်းထဲ သွား သတင်းစာရှင်းလင်းပွဲလုပ်သည့် ကျောင်း သားလို စုန်းပြူးတွေပဲ များလာတော့မှာပေါ့။

ထို့ကြောင့် အမိန့်နာခံတတ်ခြင်း၊ စည်းကမ်းရှိခြင်းနှင့် စေ့စပ်သေချာစွာ လေ့လာ၍ ကျွမ်းကျင်လိမ္မာစွာ ပြန်လည်ဝေဖန်တတ်သော အလေ့အကျင့်ရှိသည့် နောင်လာနောက်သား လူငယ်တွေကို ကျွန်တော်တို့အားလုံး ဝိုင်းဝန်းပျိုးထောင်ကြပါစို့ဟု တိုက်တွန်းရင်း ကျွန်တော် နိဂုံးချုပ်ခဲ့သည်။ ဩဘာသံတွေလည်း ကျောင်းကြီးခါသွားအောင် ရခဲ့သည်။

ကိုမင်းကိုနိုင်၊ ကိုစိုးလွင်တို့က စင်အစပ်က ဆီး၍ လက်ဆွဲနှုတ်ဆက် ဂုဏ်ပြုကြသည်။ 'ဆရာပြောတာ ကောင်းလွန်းလို့ ကျွန်တော်တောင် ခေါင်းစဉ်ချက်ချင်း ပြောင်းလိုက်ပြီ ဆရာရေ့၊ ဆရာ့လိုပဲ ပညာရေးနဲ့ ပတ်သက်တာပဲ ဟောတော့မယ်'

ကိုမင်းကိုနိုင်က သူ့ခေါင်းစဉ်ကို 'ရောင်စုံအလံကလေးများမှ တစ်ဆင့်' ဟု ပြောင်းလိုက်သည်။

## အသိမ်းလှသော ပွဲကလေး

ကျွန်တော်အပြီး ကိုဂျင်မီဟောပြောနေစဉ်မှာ ကိုမင်းကိုနိုင် မျက်စိမျက်နှာပျက်လာသည်။

'ကျွန်တော် တအား ရင်တုန်နေတယ် ဆရာ၊ ကော်ဖီကြောင့်လားမသိဘူး'

သည်မျှ ခံနိုင်ရည်မြင့်သောသူ တကယ်မဖြစ်ဘဲ မပြောတတ်ရာဟု သူ့ကိုစမ်းသပ်ကြည့်တော့ နှလုံးခုန်နှုန်း အလွန်မြန်နေသည်။

'ကော်ဖီတစ်ခွက်နဲ့ ဒီလောက်တောင် ဖြစ်ရလားဗျာ'

'မသောက်တာ နှစ်နှစ်ဆယ်လောက် ရှိပြီ ဆရာရဲ့၊ ဟိုထဲမှာက ကော်ဖီသောက်ချင်ရင်တောင် ဆရာဝန်က ထောက်ခံရတာ၊ ကိုယ်ကလည်း ဝင်လိုက်ထွက်လိုက်နဲ့ ဆိုတော့ ဒီစွဲမယ့်ကိစ္စတွေ အကုန်ရှောင်တော့မှ ဆိုပြီး မသောက်ဘဲ နေလာခဲ့တာ'

'ဒီ့ ဒီညကျတော့ ဘာလို့သောက်တုံး'

'နိုးနေတာ မဟောပြောခင် လန်းသွားချင်လို့လေ၊ ဆရာသောက်ဆိုတာနဲ့ ကျွန်တော်သောက်တာ တစ်ခုခု ဖြစ်ရင်လည်း ဆရာဝန်နှစ်ယောက်တောင် ရှိတာပဲဆိုပြီး' ငိုအားထက် ရယ်အားသန်ရသည်။

'ခင်ဗျား ဆရာဝန်နှစ်ယောက်က တစ်ယောက်က မီးယပ်သားဖွား၊ တစ်ယောက်က ကလေးအထူးကုလေ'



ဒါနှင့်ပဲ ဆေးမှာ၍ သူ့ကိုတိုက်ရသည်။

ကိုစိုးလွင် ဟောပြောအပြီး သူတက်သွားတော့ အသံရုတ်တရက်ထွက်မလာသဖြင့် ကျွန်တော် စိတ်ပူစွာ စောင့်ကြည့်နေခဲ့ရသေးသည်။ ပြီးတော့ စလည်းဟောရော ကျွန်တော် ပါးစပ်အဟောင်းသား။ တစ်နာရီခွဲလုံးလုံး ကြာအောင် လက်ခုပ်သံတွေ၊ ရယ်သံတွေ အများကြီး သဲ့ယူသွားပြီး အဆုံးသတ်မှာ အားလုံး ကြက်သီးမွေးညင်းထအောင် လုပ်သွားနိုင်ခဲ့သည်။

အသိမ်းလှသော ပွဲကလေးတစ်ပွဲပါပဲ။

○

# စာအုပ်ကြီးကိုကိုယ်တိုင်ရေးနိုင်ဖို့

သည်တစ်ခေါက် အရှုးလွယ်အိတ်ကို နှိုက်လိုက်တော့ စာအုပ်ကြီးတစ်အုပ် ထွက်လာသည်။ ဘာစာအုပ်ဆိုတာ စိတ်ထဲမှာ သိပ်မသဲကွဲ။ အကြီးကြီးပဲ ဆိုတာတော့ သေချာသည်။

နောက်မှ သတိရသည်။ အသက်အရရော၊ ပညာအရရော၊ ရာထူးအရရော လူငယ်အရွယ်ကို ကျော်ဖြတ်ပြီးခဲ့သည့်နောက်ပိုင်းတွင် ကိုယ့်ကို စာအုပ်ကြီးသမားဟု ကွယ်ရာမှာ နာမည်တပ်ကြသည်ကို တွေးနေမိတာကိုး။

**အငြင်းသန်သည့် ခေတ်လူငယ်တွေ**

သကြံန်တွင်းက အိမ်တွင်းပုန်းလုပ်နေခဲ့သည်မို့ facebook အတော်ဝင်ဖြစ်သည်။ Facebook မှာ ကိုယ်နှင့် မိတ်ဖွဲ့ထားတာကလည်း သားအရွယ်၊ သမီးအရွယ် လူငယ်တွေက များသဖြင့် လူငယ်တွေ တင်ထားသော စာတွေ အတော်ဖတ်ရသည်။ ဖတ်လည်း တမင်လိုက်ဖတ်ဖြစ်သည်။ ကိုယ်က သတင်းစာ၊ ဂျာနယ်မှန်မှန်မဖတ်ဖြစ်သူဆိုတော့ သူတို့စာတွေ ရေးထား၊ တင်ထားတာလေးတွေ လိုက်ဖတ်လျှင် သတင်းစာ၊ ဂျာနယ်ဖတ်ရတာ ထက်တောင် စုံသေးသည်။ မိတ်ဆွေဖွဲ့ထားသူကလည်း Faceook ၏



စာရင်းပိတ်ဂဏန်း ငါးထောင်အထိဆိုတော့ စက္ကန့်တိုင်း အသစ်ဖတ်နေရ၍ စုံမှစုံ။

အဲသည်မှာ သတိထားမိသည့် အချက်ကတော့ ခေတ်လူငယ်တွေ အတော်အငြင်းအခုံ သန်သည်ဆိုသည့်အချက်ပင် ဖြစ်ပါသည်။

ဒီမိုကရေစီ ခေတ်ရောက်လာပြီဆိုတော့ ငြင်းကြ၊ ခုံကြတာက အားပေးရမည့်အချက် ဖြစ်သည်။ သို့သော် ငြင်းခုံနိုင်လောက်အောင် ကြိုတင်လေ့လာမှု ပြည့်ဝသူလူငယ်တွေ ရှိသလို၊ မလေ့လာဘဲ ငြင်းနေသူတွေလည်း တွေ့ရသည်။

ဆွေးနွေးချင်တာက စည်းမျဉ်းစည်းကမ်း ချထားသမျှ၊ တစ်နည်းအားဖြင့် ပြောရလျှင် စာအုပ်ကြီးတွေထဲမှာ ရေးထားသမျှ အမှန်ဟု ယူမှာလား။ ဒါမှမဟုတ် အားလုံးကို လိုက်ငြင်းနေမှာလားဆိုတာပါ။

စာအုပ်ကြီးသမား တစ်ယောက်၏ အမြင်ဟုလည်း ဆိုချင်ဆိုနိုင်ပါသည်။

**စာအုပ်ကြီးသမားဆိုတာ**

စာအုပ်ကြီးသမားဆိုသည့် ဝေါဟာရက ချီးကျူးချင်၍ ထွင်ထားသော ဝေါဟာရတော့ မဟုတ်။ လှောင်ပြောင်ခြင်း ထစ်သမားဟု ဆိုလိုသည်။ အခြေအနေ၊ အချိန်အခါကို လိုက်၍ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းတို့ကို လိုတိုးပိုလျှော့ လုပ်မပေးတတ်သည့် သူပေါ့။

စစ်ဗျူဟာမှာတော့ 'ပြောင်းလဲပြင်လွယ်ရှိခြင်း (Flexibility)' ကို စစ်အောင်နိုင်ရာသော အကြောင်းကြီးဟု ထင်သည်။ သည်တော့ 'စာအုပ်ကြီးသမား' ဆိုတာ 'စစ်မအောင်နိုင်သောသူ' တစ်နည်းအားဖြင့် အရေးကိစ္စတို့ကို အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်း မရှိသူ' ဟု ယူဆနိုင်သည်။

သတိရမိသော ဥပမာတစ်ခုက ယူကေနိုင်ငံမှာ ဒေါက်တာရဲ နှစ်နှစ်ကြာ အလုပ်လုပ်ခဲ့စဉ်က အတူတူလုပ်ခဲ့ဖူးသော သူနာပြုဆရာမတွေအကြောင်း ဖြစ်သည်။ သူတို့ဆီမှာ ကလေးနှင့် မီးယပ်သားဖွားဆောင်က သူနာပြုဆရာမတွေကို Nurse ဟု မခေါ်၊ Midwife ဟုသာခေါ်သည်။ သူတို့မှာလည်း တော်ဝင်ကောလိပ်ရှိသည်။ Royal College of Midwivery ဆိုတာ ကျွန်တော်တို့ ကလေးအထူးကုဆရာဝန်များ တော်ဝင်

ကောလိပ်ထက်ပင် စော၍ ပေါ်ခဲ့သည်။ အဲသည်ကောလိပ်ကလည်း သူတို့ဆရာမတွေအတွက် လုပ်ထုံးလုပ်နည်း (Protocol) စာအုပ်တွေ ထုတ်ထားသည်။ အဲသည်စာအုပ်တွေကို သက်ဆိုင်ရာ ဆေးရုံက ပြန်လည် ဆွေးနွေးညှိနှိုင်း၍ စာအုပ်ထပ်ထုတ်ထားသည်။ ဆရာမတွေက ဆရာဝန် ညွှန်ကြားထားတာကို ဒီအတိုင်း လိုက်လုပ်တာမဟုတ်။ စာအုပ်နှင့် တိုက်ဆိုင်စစ်ဆေးပြီးမှ လုပ်တာဖြစ်သည်။

'ငါ့စာအုပ်အတိုင်းဆိုရင်'

အဲဒါက ကျွန်တော်တို့ ဆရာဝန်တွေ တစ်ချိန်လုံး ကြားနေကျ စကား။

တစ်ခါက Amoxicillin ဆေး၏ ပမာဏကို ကျွန်တော်က ၆၂ ဒသမ ၅ မီလီဂရမ်ဟု ရေးလိုက်သည်။ တာဝန်ကျဆရာမက သူ့စာအုပ်ကို လှန်ကြည့်၍ တွက်သည်။ သူတွက်ထားတာက ၆၈ မီလီဂရမ် ရသည်။ အဲဒါကိုပြ၍ သူက ကျွန်တော် မှားနေကြောင်း ငြင်းသည်။

'ဒီလိုကွာ.. Amoxicillin က တစ်ဇွန်း (ငါးမီလီလီတာ) မှာ ၁၂၅ မီလီဂရမ် ပါတယ်၊ ၆၂ ဒသမ ၅ လိုချင်ရင် မင်းဇွန်းတစ်ဝက်တိုက်ရုံပဲ၊ ၆၈ ဆိုရင် မင်းဘယ်လိုတိုက်မလဲ'

ဆရာမက ပြုံးပါသည်။

'မင်းတွက်တာ မှန်ပါတယ်၊ ဒါပေမဲ့ ဒါက ငါ့အလုပ်လေ၊ ငါ့စာအုပ်ထဲမှာ ပါတဲ့ တွက်ထားတာနဲ့ မင်းတွက်ထားတာနဲ့ ကွဲလွဲနေရင် ငြင်းရမယ်လို့ စာအုပ်ထဲမှာ ညွှန်ကြားထားတယ်၊ ဒီတော့ ၆၈ ပဲ ရေးပါ။ ဘယ်ရွေ့ ဘယ်မျှ မီလီလီတာ တိုက်ရမယ်ဆိုတာ ငါ့ဟာ ငါ ကြံဆပါမယ်'

ကျွန်တော် ဘာမှ မငြင်းသာတော့။ ပခုံးတစ်ဖက်တွန့်၍သာ လက်ခံလိုက်ရသည်။

'အတော်လက်ပေါက်ကတ်တဲ့ မိန်းမတွေ' ဟုလည်း မြန်မာပီပီ စိတ်ထဲက ရေရွတ်မိသည်။

ယခု ၁၅ နှစ်ကျော်ကြာပြီးမှ အဲသည့်အဖြစ်အပျက်ကို ပြန်တွေးမိတိုင်း သတိထားမိသည်မှာ စာအုပ်ကြီးအတိုင်း အလုပ်လုပ်သော သူတို့ဌာနတွေမှာ ကျွန်တော်တို့ဆီမှာထက်တော့ ကလေးသေဆုံးနှုန်း အများကြီး နည်းသည်ဆိုတာ ငြင်း၍ မရဆိုသည့် အချက်ပင်ဖြစ်သည်။



**စာအုပ်ကြီးသမား၏ ကောင်းကွက်**

စာအုပ်ကြီးသမားတွေကို နာမည်လှလှခေါ်တာလည်း ရှိသည်။

Man of Principle တဲ့။

လုပ်ထုံးလုပ်နည်းအတိုင်း တိတိကျကျ လုပ်တတ်သူပေါ့။

ကောင်းသည့်နာမည်လေး ပေးထားမှတော့ စာအုပ်ကြီးသမားတွေမှာလည်း ကောင်းကွက်လေးတွေ ရှိနေ၍ ဖြစ်ရတော့မည်။

လုပ်ထုံးလုပ်နည်းအတိုင်းပဲ လုပ်တတ်သူတွေကို လူတစ်ဦးချင်း၏ အခက်အခဲ၊ ဆန္ဒတွေအတွက် ညှိညှိနှိုင်းနှိုင်း လုပ်မပေးတတ်သူတွေဟု သမုတ်ကြသည်။ ထိုသို့ သမုတ်သူတွေ မေ့နေတတ်သည့် အချက်ကတော့ အဲသည်လိုလူမျိုးတွေသည် လုပ်ထုံးလုပ်နည်းအပေါ်မှာ တစ်ဖက်သား၏ ဆန္ဒသာ အစွက်ဖက်မခံတာ မဟုတ်၊ သူကိုယ်တိုင်၏ ဆန္ဒနှင့် ယုံကြည်မှုတို့လည်း ဝင်မပါစေတာဘဲ ဖြစ်သည်။

တာဝန်တစ်ခုအပေးခံရပြီဆိုတာနှင့် အဲသည့်သူမှာ တာဝန် (Responsibility) နှင့် ညီမျှသော လုပ်ပိုင်ခွင့် (Authority) ရှိလာသည်။ အဲသည်လုပ်ပိုင်ခွင့်ကို သူ့ကို တာဝန်ပေးသူက ပေးလိုက်တာ ဖြစ်သည်။ တာဝန်ပေးသူက သူ့ကိုလုပ်ပိုင်ခွင့်နှင့်တကွသော လုပ်ထုံးလုပ်နည်းများပါ တစ်ခါတည်း သတ်မှတ်ပေးလိုက်တာ ဖြစ်သည်။ အဲသည်အလုပ်ကို အဲသလို အရည်အချင်းရှိသူ ဘယ်နှယောက်ပြောင်းတာဝန်ပေးပေး ရလဒ်က လုပ်ထုံးလုပ်နည်းနှင့်အညီပဲ ဖြစ်မည်ဟု တာဝန်ပေးသူ သို့မဟုတ် တာဝန်ပေးသည့် အဖွဲ့အစည်းက မျှော်လင့်ထားပေလိမ့်မည်။

အဲဒါကို လုပ်သူ၏ ဆန္ဒအလျောက်သော်လည်းကောင်း၊ Customer ခေါ်သူနှင့် ဆက်ဆံရသည့် အများပြည်သူတစ်ဦးချင်းစီ၏ ဆန္ဒအရသော်လည်းကောင်း လိုတိုးပိုလျှော့ လုပ်ခဲ့ပါလျှင် Flexible ဖြစ်တယ် ဆိုသည့်နာမည်လေးက သိပ်လှသော်လည်း တစ်ခုခု အဆင်မပြေဖြစ်ခဲ့ပါက တာဝန်ပေးသူက ကိုယ့်ဘက်မှာ ရပ်တည်မှာ မဟုတ်တော့။ ကိုယ့်သဘောနှင့် ကိုယ် ပြင်လုပ်သူသာလျှင် အရာရာကို တာဝန်ယူရတော့မည် ဖြစ်လေသည်။

အရေးကြီးသော နေရာတစ်ခုမှာ သေရေးရှင်ရေး တာဝန်ယူထားသော လူတစ်ဦးအတွက် အဲသည့်ကိစ္စက စွန့်စားလွန်းရာ ကျမနေဘူးလားဟု တွေးမိသည်။

လုပ်ထုံးလုပ်နည်းအတိုင်း လုပ်တတ်သူကတော့ ဘေးကင်းရုံသာမက စဉ်းစားရလည်း လွယ်ကူတတ်သည်။

အဲသလိုလူစားမျိုးတွေက အရေးကြီးသော ကိစ္စတစ်ခုကို ဆုံးဖြတ်တော့မည်ဆိုတိုင်း မေးခွန်းနှစ်ခု ကိုယ့်ကိုယ်ကိုယ် မေးတတ်သည်။

'Who's got the right'

'Who's got the responsibility'

ဘယ်သူ့မှာ လုပ်ကိုင်ခွင့်၊ သိပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်ရှိသလဲ. . နှင့် ဘယ်သူ့မှာ လုပ်ဖို့၊ ဆုံးဖြတ်ဖို့ တာဝန်ရှိသလဲဆိုတာ ဖြစ်သည်။

သည်ဟာလေးကို ထင်ရှားစေဖို့ ကျွန်တော်ဖြေခဲ့ရသည့် နှုတ်ဖြေမေးခွန်းလေးတစ်ခုအကြောင်း ပြောပြချင်သည်။

လွန်ခဲ့သည့် ၁၂ နှစ်ခန့်ကဖြစ်သည်။

မြန်မာနိုင်ငံမှာ ဆေးလက်တွေ့ ပါရဂူဘွဲ့တွေပေါ်လာတော့ ကျွန်တော့်ထက် စီနီယာကျပြီး တော်ဝင်သမားတော်ဘွဲ့ ရထားသူ အစ်ကိုကြီး၊ အစ်မကြီးအများအပြားစုက အဲဒါမတက်ကြသဖြင့် ကျွန်တော် တက်မည်ဟု ဆုံးဖြတ်လိုက်သောအခါ အရည်အချင်းစစ်စာမေးပွဲတွင် ကလေးအထူးကု ပါရဂူဘွဲ့အတွက် နှုတ်မေး၊ နှုတ်ဖြေ မလုပ်ရသည်မှာ နှစ်အနည်းငယ်ကြာနေပြီဖြစ်သည်။

မေးတာက ပါမောက္ခ၊ ဌာနမှူး သုံးဦး၊ ကျောင်းသားက တစ်ဦးပဲရှိ၍ တစ်ယောက်တည်း မေးတာကို သုံးယောက် ဝိုင်းဆုံးဖြတ်ရသည်။

အဲသည်တုန်းက ဆရာမကြီးက သူ့လူနာဆောင်ထဲတွင် သူလတ်တလောကြုံကြိုက်နေရသည့် ပြဿနာကို ပြော၍ အဖြေရှာခိုင်းသည်။

ကလေးအငယ်လေး တစ်ယောက်ကို အိတ်ချ်အိုင်ဗွီပိုးရှိသည်ဟု မသင်္ကာဖြစ်သည်။ ထိုစဉ်က အဲသည်သွေးစစ်တာကို အမျိုးသားဓာတ်ခွဲခန်းမှာပဲ စစ်၍ရပြီး အဖြေကို ဖခင်ကို သွားယူခိုင်းသဖြင့် ဖခင်က တစ်ခုခုပဲဟု ကြိုသိသွားသည်။ ပိတ်ထားသော စာအိတ်ကို ဆရာမကြီးလက်ကို လာအပ်၍ အထဲမှာ ပိုးရှိသည်ဟု ရေးထားသလား၊ ပိုးမရှိဘူးဟု ရေးထား



သလားတဲ့။ တကယ်လို့ ရှိနေသည်ဆိုလျှင် သူ့ဇနီးကိုရော၊ အတူနေသည့် သူ့မိဘတွေကိုရော မပြောပြပါနှင့်တဲ့။ တားသည်။ အဲဒါသူ့နေရာမှာ ကျွန်တော်ဆိုလျှင် ဘယ်လိုလုပ်မလဲတဲ့။

ရုတ်တရက် စဉ်းစားလိုက်လျှင် အဲသည်မေးခွန်းက ခက်သည်ဟု ထင်ရသော်လည်း လုပ်ထုံးလုပ်နည်းလေးကို ပြန်စဉ်းစားလိုက်တော့ ရှင်းရှင်းလင်း ဖြစ်သွားသည်။

'Who's got the right'

'Who's got the responsibility'

'လူနာမှာတော့ သိပိုင်ခွင့် (Right) ရှိပါတယ် မမ၊ ကလေးအမေက လူနာမဟုတ်ပေမယ့် ပိုးက သူ့ဆီက လာတာဖြစ်လို့ သူ့ကိုလည်း စစ်ဆေးရမှာ၊ ကုသရမှာဖြစ်တဲ့အတွက် လူနာအနေနဲ့ပဲ သတ်မှတ်ရပါမယ်။ အဖေက မပြောနဲ့ဆိုပေမယ့် အဲဒါတွေ ကျွန်တော်တို့ဆက်လုပ်ရင် အမေက မလွဲမသွေ သိသွားမှာပဲ၊ ရှောင်လွှဲလို့ မရဘူးလို့ သူ့ကို ပြောပြပါမယ်၊ ယောက္ခမတွေကတော့ အတူနေရုံနဲ့ မကူးစက်နိုင်တဲ့အတွက် သူတို့ကို လူနာလို့ မသတ်မှတ်နိုင်ပါဘူး။ သူတို့ မသိအောင် လျှို့ဝှက်ထားတာက လူနာရဲ့ လျှို့ဝှက်ပိုင်ခွင့် (Patient's confidentiality) ဖြစ်ပါတယ်၊ အဲဒါကို ထိန်းသိမ်းပေးဖို့ ကျွန်တော့်မှာ တာဝန် (Responsibility) ရှိပါတယ်၊ ဒါကြောင့် မပြောပါဘူး'

အဲသည်မေးခွန်းတစ်ခုကနေ စဉ်းစားကြကြေးဆိုလျှင် နိုးရိုးလေးဟု ထင်ဖွယ်ရာ ဖြစ်သော်လည်း မြန်မာကလေးတွေမှာ အဲသည်ရောဂါ ကြိုးကြားကြိုးကြား တွေ့လာခါစ အဲသည်လို အချိန်မှာတော့ မေးခွန်းအသစ်ဖြစ်ပါသည်။ ကျွန်တော့်မှာ အဖြေအဆင်သင့် မရှိပါ။ လုပ်ထုံးလုပ်နည်း (Principle) ကို လိုက်နာ (Stick to) ဖို့ ဆုံးဖြတ်လိုက်လို့ လွယ်သွားတာပါ။

ဆရာတွေက အဖြေကို သဘောကျပါသည်။ ကျွန်တော့်ကို ဝင်ခွင့်စာမေးပွဲ အအောင်ပေးလိုက်ရုံသာမက နောက်ပိုင်းတွင် အဲသည်အဖြေကို သင်ပေးဖို့ဟုဆိုကာ မဟာသိပ္ပံဘွဲ့လွန်ကျောင်းသူ၊ ကျောင်းသားတွေကိုတောင် ကျွန်တော့်ဆီ လွှတ်လိုက်ပါသေးသည်။

စာအုပ်ကြီးသမားလည်း ကောင်းကွက်တော့ ရှိပါသည်ပေါ့။

၀

## စာအုပ်ကြီးကိုကိုယ်တိုင်ရေးနိုင်ဖို့ – ၂

**လုပ်ထုံးလုပ်နည်းကို တစ်ယောက်ချင်း ပြင်ချင်လွန်းလျှင်**

ဆိုရှယ်လစ် ခေတ်တုန်းက ယာဉ်မောင်းသူများအတွက် အလွန်ကြီးမားသော အပြောင်းအလဲ တစ်ခု ဖြစ်ခဲ့သည်။

အဲဒါကတော့ နဂိုက လက်ဝဲကပ်မောင်းနေသော ကားတွေအားလုံးကို လက်ယာကပ်မောင်းနိုင်ခဲ့တာ ဖြစ်သည်။

အင်္ဂလန်နိုင်ငံလို လက်ဝဲကပ်မောင်းသော နိုင်ငံက တည်ဆောက်ထူထောင်ပေးခဲ့သော ယာဉ်သွားလမ်းများကို လက်ယာကပ်မောင်းခိုင်းသည်မှာ မှန်၊ မမှန် ကျွန်တော် မသိ။

လူတိုင်းသိတာတော့ လက်ဝဲကပ်မောင်းသော နိုင်ငံတွေက ကားတွေကို အများဆုံး တင်သွင်းလာသော နိုင်ငံမှာ လက်ယာကပ် မောင်းခိုင်းတော့ ယာဉ်မောင်းတွေအကုန်လုံးက ကားကိုကျော်တက်ချင်တိုင်း ဘေးလူကို ကြည့်ခိုင်းနေရသည်မှာ နှစ်ပေါင်း ၄၀ လောက်တော့ ရှိတော့မည်။

မှားတာ မှန်တာတွေ အသာထား။ သည်မူချမှတ်ထားမှတော့ သည်အတိုင်းပဲ မောင်းကြမှ အဆင်ပြေတော့မပေါ့။ အကယ်၍များ တစ်ဦးတစ်ယောက်က 'ညာကပ်မောင်းတယ်ဆိုတာ ဘာမှအဓိပ္ပာယ်မရှိ



ဘူး၊ ငါကတော့ ဘယ်ပဲ' ဟု ဆိုကာ ဘယ်ဘက်ကားမောင်းလိုက်ပါက ဘာတွေဖြစ်ကုန်မည်နည်းဆိုတာ တွေးရဲစရာပင် မရှိ။

ဒါများ. . .

ဘယ်သူက အဲသလောက် လုပ်မှာတဲ့လဲ. . ဟုမေးချင်မည် ထင်သည်။ ထင်ရှားသည့်ဥပမာကို ပြောတာပါ။ မထင်ရှားတာတွေ ဖြစ်နေတာ အများကြီးပါ။

ကျွန်တော်တို့တစ်တွေ တော်ဝင်သမားတော်ဘွဲ့ စာမေးပွဲဖြေဖို့ ယူကေနိုင်ငံကို သွားရစဉ်က အစိုးရက နှစ်နှစ်သာနေဖို့ ခွင့်ပြုပါသည်။ စာမေးပွဲဆိုတာ နှစ်နှစ်နှင့် အောင်ဖို့ ခက်သည်ဟု စိတ်ပူသူတွေ အများအပြား ရှိခဲ့သော်လည်း ကျွန်တော်တို့ထက် ၁၅ နှစ်လောက်ကြီးသော ဆရာဝန်ကြီးတွေ ခေတ်က တစ်နှစ်ပဲ ရခဲ့တာပါ။ ဒါတောင် သူတို့က ကျွန်တော်တို့လို အပိုင်း (က) စာမေးပွဲ မြန်မာနိုင်ငံမှာ အောင်ခဲ့တာ မဟုတ်။ ဟိုကျမှ (က) ရော၊ (ခ) ရော ဖြေရတာပါ။ အားလုံးနီးနီး အောင်ခဲ့ကြတာပါပဲ။

ကျွန်တော်တို့ထဲမှာရော၊ ကျွန်တော်တို့ထက် ငယ်သူတွေထဲမှာရော ရောက်ရောက်ချင်း အောင်သွားသူတွေလည်း ရှိသည်။ ကျွန်တော့်လို တစ်နှစ်လောက်မှာ အောင်သူတွေလည်း ရှိသည်။ နှစ်နှစ်ပြည့်သည်အထိ မအောင်သူတွေလည်း ရှိသည်။ နှစ်နှစ်ပြည့်၍ မအောင်မြင်သူတွေ မြန်မာပြည်ကို ပြန်လျှောက်ထားလျှင် ခြောက်လ၊ တစ်နှစ်လောက်အထိတော့ ရတတ်သည်။ အဲသည်လောက်မှာ မအောင်၍ ထပ်လျှောက်လျှင် မပေးတာ များသည်။ မပေးလျှင် အချို့ ပြန်လာသော်လည်း အချို့ ပြန်မလာကြ။ ပြန်မလာသူတွေကတော့ မပေးသူတွေ ချထားသည့် စည်းမျဉ်းကို အဓိပ္ပာယ်မရှိဘူးဟု ဆိုကြသည်။ သို့သော် အောင်ပါလျက်နှင့် ဟိုဟာ ဆက်လေ့လာချင်လို့၊ ဒီဟာ လုပ်ချင်နေသေးလို့ဟုဆိုကာ ပြန်မလာသူတွေလည်း ရှိသည်။

စည်းမျဉ်းချသည့် နေရာမှာ အဓိပ္ပာယ်ရှိရှိ ချဖို့ဆိုတာကို ကျွန်တော် ဆက်ဆွေးနွေးပါဦးမည်။ သို့သော် သေချာတာက တစ်ခုကတော့ လူတွေ အများကြီး လိုက်နာနေသည့် စည်းမျဉ်းတစ်ခုကို ကိုယ်က မလိုက်နာလျှင် စောစောက ကားကို ဘယ်ဘက်က မောင်းချင်သူလို ဖြစ်မှာ သေချာသည်။

အဲသည်လို ဆရာဝန်တစ်ဦး မကြာသေးမီက ရာထူးတိုးဖို့ ဖြစ်လာသည်။ လူက ပြန်မလာသေး။ သူ့ကို ကျွန်တော် မသိသော်လည်း သူ ရာထူးတိုးရမှာ ကိုယ့်လက်အောက်မှာ ဖြစ်နေသည်။ သည်တော့ ကိုယ်က လူရှိမနေကြောင်း တင်ပြ၍ ကန့်ကွက်ရတော့တာပေါ့။

အထက်က ပြန်ခေါ်သည်။ သူက ပြန်မလာပါ။ စာမေးပွဲမအောင်သေး၍ဟု ဆိုသည်။ နောက်အောင်သွားသည်။ သူက ကိုယ့်ကို မဆက်သွယ်၍ ကိုယ်ကပင် သူဆက်သွယ်နေသူတွေနှင့် မှာ၍ ပြန်လာခဲ့ရန် သည်မှာ ထုချေလွှာ ပြန်တင်ရန် မှာသည်။ အထူးပြုဘာသာတစ်ခုခုကို ဆက်လေ့လာရင်း အလုပ်လုပ်ဦးမည်တဲ့။ ပြီးလျှင် အဲသည်ပညာတွေနှင့် အမိနိုင်ငံကို ပြန်လာအကျိုးပြုမည်တဲ့။ Facebook ကနေ Message ပို့သည်။

အမိနိုင်ငံဆိုတာ မိဘအရင်းဖြစ်သော်လည်း လုပ်ထုံးလုပ်နည်းနှင့် လုပ်ရတာဖြစ်သည်။ လူတွေအများကြီးအတွက် ချထားသော လုပ်ထုံးလုပ်နည်းကို သူ့တစ်ယောက်အတွက် ပြင်၍မရ။ ကွယ်ရာမှာ အလည်လွန်နေသော သားသမီးကို မအိပ်ဘဲ ထိုင်စောင့်နေမည့် မိဘမျိုးမဟုတ်။ အရေးယူရတော့သည်။ အရေးယူလိုက်ပြီဆိုကတည်းက သူလည်း ပြန်လာတော့မှာ မဟုတ်။ ဘာပညာကြီးတွေပဲ တတ်တတ် ပြန်လာအကျိုးပြု၍ မရတော့။

သူ့အတွက်တော့ အကျိုးရှိသည်ဟု ရုတ်တရက် ထင်စရာ။ လခလည်း အများကြီး ရနေသည်။ ခေတ်မီဆေးပညာတွေလည်း ဆက်ဆည်းပူးခွင့် ရနေသည်။ ပြီးတော့ သူ့အဖြစ်ကို တင်းကျပ်လွန်းသည့် စည်းမျဉ်းများကြောင့်ဟု လူကြီးတွေကို ပုံချလိုက်၍ရသေးသည်။

ရေရှည်ကိုသာ တွေးတတ်ပါက သူလည်း အဆင်မပြေပါ။

မိဘရင်းကိုက မကြည်ဖြူသည့် သားသမီးကို သူစိမ်းက ရေရှည်မှာ ဘယ်လို ဆက်ဆံမှာလဲဆိုတာ တွေးကြည့်၍ ရပါသည်။ လောကကြီးမှာ ပိုက်ဆံတွေ အများကြီး ရနေရုံနှင့် ပျော်စရာကောင်းသော ဘဝဖြစ်မလာတတ်ပါ။

မကြာသေးမီကပင် သူ့လိုလူမျိုးတစ်ယောက် အလုပ်အပြောင်းအလဲမှာ သည်ဘက်က ပါမောက္ခများ၏ ထောက်ခံချက်လိုကြောင်း ဆေးရုံသစ်က လှမ်းတောင်းပါသည်။ အဲသည်မှာ သူအလုပ်မလုပ်ရသေးဘဲ ရှိနေ



သည့် ကာလ (In Between Job) တစ်ခု ရှိနေပါသည်။ ဆရာဝန်တစ်ယောက်၏ ကိုယ်ရေးမှတ်တမ်းမှာ အတော်ရုပ်ဆိုးသော အပေါက်ပါ။ တစ်ကမ္ဘာလုံးဆရာဝန်တွေ အလုပ်ရှားနေသော သည်ခေတ်ကြီးမှာ အပြိုင်လျှောက်ရသည့် အလုပ်တစ်ခုမှာ အဲသည့်အပေါက်ပါပါက ကိုယ်ရဖို့ မလွယ်တော့ပါ။

သူက အဲဒါကို မြန်မာနိုင်ငံတွင် သူအလုပ်လုပ်နေကြောင်း ထောက်ခံခိုင်းပါသည်။ ဟိုတစ်ချိန်ကဆိုလျှင် အဲသည်လို စည်းမျဉ်း မလိုက်နာဘဲ ပြန်မလာသူတွေကို ဘာထောက်ခံစာမှ ရေးမပေးဖို့ ကျွန်တော်တို့ကို ညွှန်ကြားထားဖူးပါသည်။ သည်ဘက်ခေတ်မှာတော့ ကျွန်တော်တို့ မှန်တာလောက်တော့ ထောက်ခံပေးတတ်ကြပါသည်။

သို့သော်...

ယခု ထောက်ခံရမှာက မမှန်ပါ။ သူပြောသည့်ကာလမှာ သူ ဒီနိုင်ငံမှာကို ရှိမနေပါ။ ပြီးတော့ သက်ဆိုင်ရာ ဌာန အကြီးအကဲအဖွဲ့အစည်းက အရေးယူတာ ခံရဖူးသလားဟု မေးချိန်တွင် အမှန်အတိုင်း ဖြေရပါတော့မည်။ စောစောက လမ်းဘယ်ဘက်က မောင်းချင်သူ ယခု ဘာဆက်လုပ်မှာတဲ့လဲ။

ချမှတ်ထားသည့် စည်းမျဉ်းကို ကိုယ်က အဓိပ္ပာယ်မရှိဟု ထင်လျှင် ကိုယ်ကိုယ်တိုင် ပြောရေးဆိုခွင့်ရှိသည့် တစ်နေ့အထိ စောင့်၍ နောင်လာနောက်သားတို့အတွက် ပြင်ပေးရပါမည်။ ကိုယ်က လိုက်နာရမည့်သူအဆင့်ကတည်းက ဆန့်ကျင်နေပါလျှင် စောစောက အဆင့်အထိ ဘယ်တော့မှ ရောက်လာတော့မည် မဟုတ်ပါ။

ငြင်းချက်ထုတ်စရာ အကြီးကြီး ရှိပါလိမ့်မည်။

Principle ဟုခေါ်သော လုပ်ထုံးလုပ်နည်းကို မိမိအထက်လူကြီးကိုယ်တိုင်က လိုတိုးပိုလျှော့ လုပ်ခိုင်းတာမျိုးရော မရှိဘူးလားဟု။

စာပေလွတ်လပ်ခွင့် ရနေပြီဟု ယူဆ၍ ကျွန်တော် ပွင့်ပွင့်လင်းလင်း ဖြေပါမည်။ ရှိပါသည်။

ရှိလည်း အထက်လူကြီး အမိန့်ကို လိုက်နာဖို့နှင့် စည်းမျဉ်းစည်းကမ်းအတိုင်း အလုပ်လုပ်ဖို့မှာ စည်းမျဉ်းစည်းကမ်းဘက်ကပဲ နေရပါမည်။ အဲသလို ခိုင်းတတ်သော အထက်လူကြီးမျိုးက ပြဿနာဖြစ်လျှင် ဝင်

တာဝန်မယူတတ်ကြပါ။ စည်းကမ်းကို မလိုက်နာသည့် မိမိသာ ခေါင်းခံရပါမည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်က ကျောင်းခေါ်ချိန် မပြည့်သည့် ကျောင်းသားတွေကို စာမေးပွဲဖြေခွင့် ရပ်စဲဖို့ (ဒီဘားဆွဲဖို့) ကျွန်တော် စာရင်းတင်ရပါသည်။ ထိုစဉ်က ကျွန်တော့်လူကြီးက 'ခင်ဗျား ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းကို ဘယ်လောက်လျှော့ပေးမလဲ' ဟုမေးတော့ 'ဘယ်လောက်မှ မလျှော့ပေးဘူး၊ ၇၅ ရာခိုင်နှုန်းပဲ၊ အစည်းအဝေး တက်လာတဲ့ အများဆန္ဒနဲ့ လျှော့ချင်ရင် လျှော့ပါ၊ ကျွန်တော်ကတော့ တစ်ရာခိုင်နှုန်းတောင် မလျှော့ပါဘူး' ဟု ဖြေလိုက်သည်။ အများစုက ကျွန်တော့်ကို တင်းကျပ်လွန်းသည်ဟု ဆိုသည်။

Who's got the right?

Who' got the responsibility?

၇၅ ရာခိုင်နှုန်း မပြည့်လျှင် စာမေးပွဲ ပေးမဖြေသည့် စည်းမျဉ်း ကျွန်တော် ချခဲ့တာမဟုတ်။ ကျွန်တော့် တက္ကသိုလ်က ချခဲ့တာလည်း မဟုတ်။ ကျွန်တော့်ဝန်ကြီးဌာနက ချခဲ့တာလည်း မဟုတ်။ တက္ကသိုလ်များ ဗဟိုကောင်စီက ချခဲ့တာဖြစ်သည်။ ကျွန်တော့်တွင် ပြင်ပိုင်ခွင့် မရှိ။ ပြင်၍ ပြဿနာဖြစ်လျှင် ကျွန်တော် တာဝန်ယူရမည်။ ဒါကြောင့် မပြင်တာပါ။ ကျောင်းသားတွေကို မငဲ့ညှာတတ်၍မှ မဟုတ်တာ။

မကြာသေးမီက အခြားတက္ကသိုလ်တစ်ခုတွင် နည်းနည်းလျှော့ပေးတာကို များများမလျှော့ရကောင်းလားဟု ကျောင်းသားက ပြန်၍ သတင်းစာရှင်းလင်းပွဲ လုပ်တာ ကြားလိုက်ရသည်။ ငဲ့ညှာသူတိုင်း ဘေးမကင်းပါ။

## စာအုပ်ကြီးကရော မမှားနိုင်ဘူးတဲ့လား

အခြေအနေမရွေး၊ အချိန်ကာလမရွေးမှန်သော လုပ်ထုံးလုပ်နည်းမျိုးကို ချမှတ်နိုင်တာတော့ သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသာ ရှိပါသည်။

လူရေးသော စာအုပ်ကတော့ လိုအပ်ချက်တွေ ရှိနေတတ်စမြဲပါ။ တတ်နိုင်သလောက် အမှားနည်းအောင် လုပ်ဖို့ကတော့ ထို Principle



ခေါ် လုပ်ထုံးလုပ်နည်းကို ချမှတ်နိုင်ခွင့် ရှိသူတိုင်း၏ တာဝန်ဖြစ်ပါလိမ့်မည်။

လုပ်ထုံးလုပ်နည်း တစ်ခုခု ကြာကြာမှန်နေနိုင်ဖို့ဆိုတာက အနည်းဆုံး အချက်လေးချက်လောက် လိုမည်ဟု ကျွန်တော် ထင်ပါသည်။

**၁။ ပညာရှင်အားကောင်းကောင်းနှင့် ဆုံးဖြတ်ခဲ့ဖို့**

(ဆုံးဖြတ်ချက်ချမည့် ပညာရှင်အရေအတွက်လည်း အလုံအလောက် ပါဖို့ လိုမှာဖြစ်သလို အရည်အချင်းလည်း ပြည့်ဝဖို့ လိုပါလိမ့်မည်။

လွန်ခဲ့သည့် နှစ် ၂၀ ကျော်က ပြည်နယ်မြို့လေးတစ်ခုတွင် ကားလမ်းသစ်ဖောက်ဖို့ လမ်းအူကြောင်း ရှာဖွေရေးအဖွဲ့မှာ ဆရာဝန်လေးတစ်ယောက် ခေါင်းဆောင်ရတာ ကြားဖူးထားတော့ အရည်အချင်းတော့ ပြည့်ဝပါရဲ့၊ မဆိုင်သည့်အရည်အချင်း ဖြစ်နေ၍လည်း မရဘူးဟု ဖြည့်စွက်ချင်ပါသည်။)

**၂။ ပြန်လည်ဆွေးနွေး အကြံပြုခြင်းများကို ကြိုဆိုလက်ခံတတ်ဖို့**

**၃။ အတ္တကင်းကင်း၊ အဂတိကင်းကင်း ဆုံးဖြတ်ခဲ့ဖို့**

**၄။ အချိန်ယူ လေ့လာပြင်ဆင်မှုရှိဖို့။**

အဲသလောက်တော့ လိုလိမ့်မည် ထင်ပါသည်။

လွန်ခဲ့သည့် နှစ်နှစ်ကျော်ခန့်က ကျန်းမာရေးဝန်ကြီးဌာနမှာ အငြိမ်းစားဆရာဝန်ကြီးတွေ အပါအဝင် ပညာရှင် ၁၅၀ ကျော်ကို ခေါ်ယူပြီး ပြုပြင်သင့်တာ၊ ပြင်ဆင်သင့်တာတွေကို သုံးရက်ခန့် အချိန်ပေးပြီး လွတ်လွတ်လပ်လပ် ဆွေးနွေးစေခဲ့ရာ အဲသည့်အစည်းအဝေးက ရလဒ်တွေ ယခု တစ်နေ့တခြား တဖြည်းဖြည်းချင်း အကောင်အထည်ပေါ်လာတာကို တကယ်မြင်နေရသည့်အတွက် သည်လေးချက်ကို ကျွန်တော် စဉ်းစားမိခဲ့တာပါ။

အဲသလို ပြင်ဆင်ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းမျိုး မဟုတ်တာကို ကျင့်သုံးခဲ့ပါလျှင်

**၁။ လိုက်လုပ်ရသည့်သူအတွက် အခက်အခဲ များတတ်ပါသည်။**
**၂။ လုပ်မရသည့် အတူတူ ဖြစ်သလို လုပ်ကြရာက ပရမ်းပတာ ဖြစ်တတ်ပါသည်။**
**၃။ လုပ်ငန်းခွင် မပျော်ပိုက်သူတွေ များလာလျှင် အင်အားရှိသည့် လူကောင်းတွေ ဆုံးရှုံးရတတ်ပါသည်။**

### စာအုပ်ကြီးကို ကိုယ်တိုင်ရေးနိုင်ဖို့

စာအုပ်ကြီးမကောင်းကြောင်း ထိုင်ပြောနေရတာ လွယ်ပါသည်။ ငါလက်မခံဘူး။ ငါလုပ်ချင်သလို လုပ်မယ်ဟု ဆိုကာ လုပ်ချင်တာ လုပ်ရတာ လွယ်ပါသေးသည်။ အဲသလို လုပ်နိုင်တာ၊ လုပ်ရဲတာ ဘာမှ အထင်ကြီးစရာမရှိပါ။

အစ်ကိုဆရာ ကျွန်တော့်ကို ဆုံးမနေကျစကား ရှိပါသည်။

'လူကြီးလုပ်တာ ကိုယ်သဘောကျတာ ရှိရင် မှတ်ထား၊ ကိုယ်လူကြီးဖြစ်လာတော့ အတုခိုးရတယ်၊ သဘောမကျတာရှိရင်လည်း မှတ်ထား၊ ကိုယ်လူကြီး ဖြစ်တော့ ရှောင်ရတယ်'

စည်းမျဉ်းစည်းကမ်းကို ကိုယ်တိုင်ချခွင့်၊ ပြင်ခွင့်မရသေးမီအဆင့်မှာတော့ အဲသည်စကားက အဖိုးတန်ဆုံး ဆုံးမစကားဖြစ်နေမှာပါ။ ယခုချသမျှ စည်းကမ်းအကုန်လိုက်ငြင်းနေကြသည့် လူငယ်တွေ တွေ့ရတိုင်း ကျွန်တော်ကိုယ့်ကိုယ်ကိုယ် အားမရ ဖြစ်ရပါသည်။ ငါ့ဆရာတွေ တာဝန်ကျေခဲ့လို့ ငါ သူတို့လို မဖြစ်ခဲ့တာ။ ငါတာဝန်မကျေလို့ သူတို့ အခုလို ဖြစ်နေကြတာဟု တွေးမိပါသည်။

အချို့များဆိုလျှင် ငြင်းသာငြင်းနေသည် သူတို့ငြင်းသည့် အရာမှာ ဘာရေးထားသည်ဆိုတာတောင် တစ်ခါမှ မလေ့လာခဲ့ဖူးပါ။ အဲဒါကို သည်ကနေ့ ဖြစ်နေသည့် ဖြစ်ရပ်အချို့မှာ အတော်ကို ထင်ထင်ရှားရှား တွေ့နေရပါသည်။

ကျွန်တော် လူငယ်တွေကို ဖြစ်စေချင်တာကတော့ ရှိရင်းစွဲ စာအုပ်ကြီးတွေကိုလည်း လေ့လေ့လာလာ ရှိစေချင်ပါသည်။ အားနည်းချက်တွေကိုလည်း လေ့လာကြစေချင်သည်။ အဲဒါတွေကို ပြင်နိုင်သည့် နေရာအထိ ရောက်အောင်လည်း ကြိုးစားကြစေချင်ပါသည်။ မပြင်နိုင်မီ



အတွင်းမှာ ကတည်းက 'ငါစာအုပ်ကြီးသမားမဟုတ်ဘူး' ဆိုသည့် 'ထန်းလက်ကြီးကာ' ပြီး ကိုယ်လုပ်ချင်သလို လုပ်နေတာမျိုးလည်း မဖြစ်စေချင်ပါ။

ကျွန်တော့်စေတနာကို သဘောပေါက်မည်ဆိုလျှင် ဆရာဝန်ဘဝနှင့်ရော၊ ရသစာရေးဆရာ ဘဝနှင့်ပါ ဘာမှမဆိုင်သည့် သည်နှစ်လဆက်ဆောင်းပါးရှည်ကြီးကို ရေးရကျိုးနပ်ပါပြီဟု ဆိုချင်ပါသည်။

၀

## ကိုယ့်အလုပ်ကိုယ်လုပ်ကြရင်

ဒီတစ်ခေါက် အရှူးလွယ်အိတ်ကို နှိုက်ကြည့်လိုက်တော့ ကလင့်အိစ်ဝုဒ် ထွက်လာသည်။

ကလင့်အိစ်ဝုဒ်ဆိုတာ Fistful of dollar, For a few dollar more, The good, the bad and the ugly အစရှိသည့် ကောင်းဘွိုင်ကားတွေနှင့် စတင်နာမည်ကြီး Dirty Harry စုံထောက်ကားတွေ ဆက်တိုက် ရိုက်ပြီး လက်ဇွေ့ကားနှင့် အော်စကာရသော ဒါရိုက်တာကြီး ဖြစ်လာသူ အီတာလျံ ရုပ်ရှင် မင်းသားကြီးမှန်းလူတိုင်းသိပါသည်။

သို့သော် ကျွန်တော့်လွယ်အိတ်ထဲက ထွက်လာသည့် ကလင့်အိစ်ဝုဒ်ကတော့ စစ်ဗိုလ်တစ်ဦး ဖြစ်နေသည်။ တော်ဝင်လေထီးတပ်ဗိုလ်ကြီး အဆင့် ဝတ်စုံဝတ်ထားသည့် အင်္ဂလိပ် အရာရှိတစ်ဦးပါ။

မှတ်မိပါပြီ။ Where Eagles Dare ရုပ်ရှင်ကားထဲကကိုး။



## Where Eagles Dare ဆိုတာ

ငယ်ငယ်က ကျွန်တော်နှင့် ကျွန်တော့်အချစ်ဆုံး သူငယ်ချင်း အောင်မြင့်ဦးတို့ နှစ်ယောက်စလုံးက စာပေရူး၊ ရုပ်ရှင်ရူးများဖြစ်ကြသည်။ အကြိုက်ချင်းလည်း တော်တော်တူကြသည်။ အလစ္စတာ မက်ကလင်းဆိုသည့် စာရေးဆရာကြီးရေးသည့် စွန့်စားခန်း ရုပ်ရှင်တွေကို ဘယ်တော့မှ လက်လွှတ်ခံလေ့မရှိ။ Where Eagles Dare က သူရေးတာပါ။ အဲဒီ ရုပ်ရှင်မှာ အလစ္စတာမက်ကလင်းရေးတာအပြင် ကြည့်ကို ကြည့်ရမည့် အကြောင်းနှစ်ချက်လည်း ပါနေပါသေးသည်။ တစ်ခုက ရုပ်ရှင်မင်းသားကြီး ရစ်ချက်ဘာတန် (ယခု ကွယ်လွန်။ အဲလစ်ဇဘက် တေလာ၏ ခင်ပွန်းဟောင်း) ခေါင်းဆောင်ပါဝင်နေတာ ဖြစ်ပြီး နောက်တစ်ခုက ကျွန်တော်တို့၏ ဖေးဘရိတ်မှုန်တေတေ မင်းသားကလင့်အိစ်ဝုဒ်က ဒုတိယမင်းသား အနေနှင့် ပါနေတာ ဖြစ်ပါသည်။

သွားကြည့်ပြီး သူများတွေ အားလုံးက နှင်းတောင်ပေါ်မှာ တည်ဆောက်ထားသော ရဲတိုက်ကြီးထဲက နာဇီစခန်းကို အမေရိကန်ဗိုလ်မှူး ရစ်ချက်ဘာတန်နှင့် အင်္ဂလိပ်စစ်ဗိုလ်ကြီး ကလင့်အိစ်ဝုဒ်တို့ ဖြိုခွဲကြသည့် စွန့်စားခန်းများကို စွဲမက်နေကြချိန်တွင် ကျွန်တော်က ထူးထူးခြားခြား ဇာတ်လမ်းစစချင်း အထူးစစ်ဆင်ရေးမှာ ပါဝင်မည့် အရာရှိ၊ အကြပ်စစ်သည်များကို အင်္ဂလိပ် ဗိုလ်မှူးကြီးက စစ်ရေးအကြောင်း ရှင်းပြနေသည့်အခန်းကို မျက်စိထဲက မထွက်ခဲ့ပါ။ အဓိကအကြောင်းရင်းကတော့ ကလင့်အိစ်ဝုဒ်ပါပဲ။

အဲဒီအဖွဲ့မှာ သူက ဒုတိယခေါင်းဆောင်ဖြစ်သော်လည်း သူ ဘာမှ ဝင်မဆွေးနွေးပါ။ သူများတွေ ဆွေးနွေးတာကိုသာ မျက်နှာသေကြီးနှင့် စိုက်ကြည့်နေခဲ့ပါသည်။

ဇာတ်သိမ်းမှာ သူနှင့် ရစ်ချက်ဘာတန်ကလွဲလျှင် အကုန်သေပါသည်။ ရှင်းပြသူ ဗိုလ်မှူးကြီးတောင် မကျန်ပါ။

သူက ဇာတ်ကားအစအဆုံး စကားတစ်လုံးမှ မပြောဘဲ နှုတ်ခမ်းကြီးတင်းတင်း စေ့၍ သူ့အလုပ်ကို သူ ဆက်တိုက်လုပ်သွားတာကိုက ပရိသတ်အတွက် စွဲမက်စရာ ဇာတ်ရုပ်တစ်ခု ဖြစ်လာခဲ့ပါသည်။ လက်ဆွဲသေတ္တာ ကလေးကို စားပွဲပေါ်ချ၍ အသာဖွင့်ပြီး အထဲက ပစ္စတိုကို

ထုတ်၍ ကျောက်ရုပ်လို မျက်နှာကြီးနှင့် ရှေ့က လူကို ပစ်ချလိုက်သည့် အခန်း၊ ဒဏ်ရာနှင့် လဲနေသည့် ကြားထဲက ရစ်ချစ်ဘာတန်က ပြန်ထဖို့ အမိန့်ပေးတော့ လူးလဲ၍ ထလာသည့် အခန်းတွေက ကျွန်တော့်မျက်စိထဲက မထွက်ပါ။

ကျွန်တော် ရလိုက်သည့် သင်ခန်းစာကတော့ လူဆိုတာ ဆုံးဖြတ်ဖို့ တာဝန်ရှိသူက စဉ်းစားဆုံးဖြတ်ရသည်။ (ရစ်ချတ်ဘာတန်နေရာ) အကောင်အထည်ဖော်သည့် သူက မဆုတ်မနစ် အကောင်အထည်ဖော်ရသည်။ (ကလင့်အီစ်ဝုဒ်လိုနေရာမျိုး)။ ရှေ့ကလူ ဆုံးဖြတ်သမျှကိုသာ နောက်က လူက လိုက်ငြင်းနေ၊ ဆွေးနွေးနေလျှင် ဘာအောင်မြင်မှုမှ ရမှာမဟုတ်ပါ။

ဒီနေရာမှာ ငြင်းစရာရှိတာက ရှေ့ကလူက တကယ် အရည်အချင်းမပါသည့် ဆုံးဖြတ်ချက်တွေ ချနေရင်ကောဟု။ တစ်နည်းအားဖြင့် ပြောရလျှင် ရစ်ချက်ဘာတန်လို ခေါင်းဆောင်မျိုး မဟုတ်ခဲ့လျှင် ဘယ်လိုလုပ်မလဲပေါ့။ အဖြေက ရှင်းပါသည်။ ရစ်ချက်ဘာတန်လို မဟုတ်သည့် ခေါင်းဆောင်မှာ ကလင့်အီစ်ဝုဒ်လို နောက်လိုက်ရှိမနေနိုင်ပါ။

## စာအုပ်ကြီးကို ကိုယ်တိုင်ရေးနိုင်ဖို့

ဒီကိစ္စကို 'စာအုပ်ကြီးကို ကိုယ်တိုင်ရေးနိုင်ဖို့' ဆောင်းပါးမှာ တော်တော်ရေးခဲ့ပြီးပါပြီ။ လက်ခံသူလည်းရှိရဲ့။ လက်မခံသူလည်း အများကြီး။

တကယ်တော့ ပြန်လှန်ဆွေးနွေးတတ်သည့် အလေ့အထကို ကျွန်တော်က အားမပေးတာ မဟုတ်။ အဲဒါလိုအပ်ကြောင်းတောင် မကြာခဏ ဆောင်းပါးရေးဖူးသည်။ Commander ခေါ် ခေါင်းဆောင်ပြောသမျှ အကုန်လိုက်ဆန့်ကျင်နေတတ်ကြ၍ Commander ပျောက်နေသည့် အဖွဲ့အစည်းတွေမှာ လုပ်ငန်းတွေ အရာမထင်တာတွေ တွေ့ရတာများလွန်း၍ ရေးလိုက်တာပါ။

## Who's Got The Right
## Who's Got The Responsibility

ဒီနှစ်ခုကို ကျွန်တော်ထပ်ကာတလဲလဲ ဆွေးနွေးခဲ့ပါသည်။ လွန်ခဲ့သည့် အနှစ် ၂၀ လောက်က 'အဖေဆရာ' ၏ လူနာဆောင်မှာ အလုပ်ဝင်ထဲကနေ



အာဟာရချို့တဲ့တဲ့ ကလေးများအတွက် အာဟာရဖြည့်အစားအစာများ ချက်ပြုတ်ကျွေးဖို့ အပါအဝင် ပရိဘောဂတွေ ဝယ်ဖို့ ဆရာက တိုင်ပင်ပါသည်။ ကျွန်တော်က ဆရာ့လက်ထောက်တွေထဲမှာ ပါသော်လည်း ပထမလက်ထောက်မဟုတ်။ ပထမလက်ထောက်က ကျွန်တော့်သူငယ်ချင်း ဖြစ်သည်။ ဆရာ့ကို တကယ်အကြံပေးခွင့်ရှိသူက သူဖြစ်သော်လည်း သူက ကျွန်တော့်ကို တိုင်ပင်သည်။ အလှူငွေတွေထဲက ဆေးပဲ ဝယ်ချင်သည်တဲ့။ ပရိဘောဂမဝယ်ချင်တဲ့။ အလှူငွေကုန်သွားမှာ စိုးလို့တဲ့။

ကျွန်တော်က ပြောသည်။ အလှူငွေတွေရအောင် အလှူခံပေးတာက ဆရာ။ လူနာတွေအတွက် အကျိုးရှိမည့် ကိစ္စတွေ စဉ်းစားပြီး သုံးပေးတာလည်း ဆရာ။ ကုန်သွားလျှင် ထပ်အလှူခံပေးမှာလည်း ဆရာ။ သူက ထိန်းသိမ်းရုံ ထိန်းသိမ်းထားပေးရတာ။ ဆရာလုပ်ချင်တာ လုပ်ပါစေဟု

သူက သဘောမတူပါ။

နောက်ဆုံးတော့ ဆရာ့ခမျာ ပရိဘောဂကို ဝယ်လှူမည့် သူထပ်ရှာလာပြီး ပစ္စည်းတိုက်ရိုက် ဝယ်လှူခိုင်းရသည်။

နောက်ထပ် ငါးနှစ်ခန့်ကြာတော့ သူ့နေရာ ကျွန်တော် ရောက်လာသည်။ ဆရာက ရှိနေဆဲ။ လူနာဆောင်တစ်ခုလုံးကို သန့်ရှင်းသပ်ရပ်၍ နိုင်ငံခြားဆေးရုံနှင့် မှားရလောက်အောင် ဆရာပြင်သည်။ ကျွန်တော် တစ်ခွန်းမှ မကန့်ကွက်။ အလှူငွေက ကုန်သွားသည်မရှိ။ ဆရာ့စေတနာ၊ ဆရာ့သီလ တန်ခိုးနှင့် ရပ်သည်ဟုမှ မရှိတာ။

နောက်ထပ် ၁၀ နှစ်ကြာတော့ ဆရာ့အဆင့် ကျွန်တော် ရောက်လာသည်။ ဆရာလုပ်သလိုပဲ ကျွန်တော်လုပ်သည်။ ထူးမရှာရပါ။ စေတနာရှင်တွေက အလိုလိုပေါ်လာကြပါသည်။

Commander ကို Right ပေးထားမှ Commander က Responsibility ကို ပီပြင်အောင် ယူနိုင်မည်ဟု ထင်ပါသည်။ Responsibility မရှိသေးသူကလည်း Right ကို မယူသင့်ပါ။ Responsibility ရှိသူကလည်း Right ကိုတော့ အလွဲသုံးစားမလုပ်သင့်ဘူးပေါ့လေ။

## Right နှင့် Responsibility မကွဲပြားကြသည့်ကိစ္စတွေ

ဒါတွေက စာရေးဆရာ ဆရာဝန်နှင့် ဘာဆိုင်လို့ ဒီလောက်ရေးနေရတာလဲဟု မေးကြသည်။

ဒီကနေ့ Facebook ပေါ်မှာရော၊ အပြင်မှာရော ငြင်းခုံရန်ဖြစ်နေကြ မခေါ်နိုင်မပြောနိုင် ဖြစ်ကြရသည့် ကိစ္စတွေအားလုံးက အဲဒီ Right ဘယ်သူ့မှာရှိသလဲ၊ Responsibility ဘယ်သူ့မှာ ရှိသလဲဆိုတာနှင့် ဆိုင်သည်ဟု ပြောချင်သည်။ အဲဒါတွေ မကွဲပြားကြလို့ တစ်ယောက်တစ်ပေါက် ငြင်းခုံသံတွေ၊ ဆူညံနေတာပါ။

မကြာသေးမီက ကျေးဇူးရှင် ဆရာတော်ကြီးတစ်ပါးက နယ်ဆင်း၍ ပရဟိတ ဆေးဝါးကုသချင်သည့် ကိစ္စပေါ်သည်။ မြန်မာနိုင်ငံ ဆရာဝန်အသင်းကို အကူအညီတောင်းတော့ အသင်းက ကျွန်တော့်ဌာနက ဆရာတစ်ယောက်ဆီကို email ပို့သည်။ ကျွန်တော့်ဌာနက ကလေးအထူးကုဆရာဝန် သုံးယောက် နာမည်စာရင်း ဘယ်နေ့ဘယ်ရက် နောက်ဆုံးထား၍ ပေးပါတဲ့။ ကျွန်တော်မရှိတုန်းဆိုတော့ ကျွန်တော့်ဆရာက သဘောတူထားလိုက်သည်။

ကျွန်တော် ပြန်လာတော့ ဆီးပြောတော့ ကျွန်တော့်မှာ ဘေးကျပ်နံကျပ်။

ကျွန်တော့်ဌာနမှာ ဆေးရုံ ငါးရုံဖြန့်ချထားသော ကလေးအထူးကုဆရာဝန် ၂၀ ကျော်ရှိတာ မှန်သည်။ အဲဒီလူတွေကို အဲဒီဆေးရုံငါးရုံအတွင်း ပြောင်းလဲတာဝန်ပေးဖို့ ကျွန်တော့်မှာ အခွင့်ရှိတာ မှန်သည်။ နယ်သွားဆေးကုရမည့် ကိစ္စက အများကောင်းကျိုးဆောင်ရွက်တာ မှန်သည်။ 'မင်းသွား' 'မင်းသွား' 'မင်းသွား' ဟု တာဝန်ပေးခွင့် ကျွန်တော့်မှာ မရှိပါ။ Right လည်း မရှိ၊ Responsibility လည်း မရှိပါ။

အဲဒါကိုပြောတော့ တချို့ စိတ်ဆိုးကြပါသည်။ ကြိုးနီသမားတဲ့။ အပြောခံရသေးသည်။ ကိုယ့်မှာ မရှိသည့်အခွင့်ကို ကိုယ်မလုပ်တာ၊ မပြောတာကို 'ကြိုးနီသမား' ဟုတော့ မခေါ်နိုင်ဘူး ထင်သည်။

အထက်လူကြီးတွေရော၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) ကိုပါ အကြောင်းကြားတော့မှ သူတို့ ကျွန်တော်မှန်သည်ဟု မှတ်ချက်ပြုပြီး အချင်းချင်း ညှိနှိုင်းကြသည်။



အခုတလော အင်တာနက်မှာ ငြင်းခုံနေကြသည့် ဘာသာရေးဆိုင်ရာ ကိစ္စလည်း ဒီလိုပါပဲ။ ကိုယ်နှင့်မဆိုင်၊ ကိုယ့်မှာ Right လည်း မရှိ၊ Responsibility လည်း မရှိဟု ယူဆသဖြင့် ဘာမှ ဝင်မပြောတာ။ ကိုယ်က မိရိုးဖလာထက် ယုံကြည်မှု ခိုင်မာသော ဗုဒ္ဓဘာသာဝင်တစ်ဦးဆိုတာ ကိုယ့်ဘာသာကိုယ် အသိဆုံး။ 'ဆရာဝင်မပြောရ ကောင်းလား' ဆိုသူတွေကို ဘာပြန်ဖြေရမှန်း မသိ။ 'ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် ဝိနည်းဥပဒေတွေ ဗုဒ္ဓကိုယ်တိုင်ပဲ ပြဋ္ဌာန်းခွင့် ရှိတာမဟုတ်ဘူးလား' ဟု ပြောလျှင် စိတ်ဆိုးကြဦးမည်။

ဆရာဝန်လောကမှာ ညံနေသည့် အဆောက်အအုံကိစ္စလည်း အဲဒီလိုပါပဲ။ မဲခွဲဆုံးဖြတ်မည်။ လာခဲ့တဲ့။ ကျွန်တော်က မသွားချင်။ ကိုယ်လည်း အတွင်းစည်းမှာ ထိထိရောက်ရောက် ဝင်မလုပ်နိုင်ဘဲနှင့် ဘာအကြံမှ မပေးလို။ အတွင်းစည်းက လူတွေကိုလည်း အဲဒီလောက်ကြီးကျယ်ရှုပ်ထွေးသည့် ကိစ္စသူတို့သဘောနှင့် မဆုံးဖြတ်ကြစေချင်။ မလုပ်မီကတည်းက ကြိုမေးသင့်သည်ဟု ထင်သည်။

အဲဒါတွေအားလုံးက Right နှင့် Responsibility ဘယ်သူ့မှာရှိသည်၊ မကွဲပြား၊ မခြားနားကြလို့ ဖြစ်နေသည့် ပြဿနာတွေချည်းပဲဟု ကျွန်တော် ယူဆပါသည်။

Where Eagles Dare ထဲက ကလင့်အိစ်ဝုဒ်လို လူတိုင်း ကိုယ့်အလုပ်နှင့် ကိုယ် ပီပြင်အောင် လုပ်နေကြလျှင် အေးချမ်းလိုက်ကြမည့်အမျိုး။

၁

## ကိုယ့်အချိန်ကို ကိုယ်ပိုင်နေသေးရင်

သည်တစ်ခေါက် အရှုံးလွယ်အိတ်ကို နှိုက်လိုက်တော့ နာရီတွေ ထွက်လာသည်။ လက်ပတ်နာရီ၊ စားပွဲတင်နာရီ၊ နံရံကပ်နာရီ၊ လက်ကိုင်ဖုန်းပေါ်က နာရီ၊ ကွန်ပျူတာပေါ်က နာရီ၊ ကြိုးတပ်ချိန်သီးနာရီပင် ပါလိုက်သေးသည်။

ဘာမှ အံ့သြစရာမရှိ။

တစ်သက်လုံး နာရီတွေ မျက်နှာပြင်ကြည့်ပြီး ရှင်သန်ခဲ့ရတာလေ။

တစ်နေ့မှာ နိုးနေချိန် ၁၆ နာရီ၊ တစ်နာရီမှာ တစ်ခါတော့ အနည်းဆုံး နာရီကြည့်ဖြစ်နေတာဆိုတော့ တစ်နေ့ကို နာရီနှင့် မျက်နှာချင်းဆိုင်ချိန်က ၁၀ မိနစ်ထား၊ တစ်နှစ်ကို မိနစ်ပေါင်း သုံးထောင့်ခြောက်ရာငါးဆယ်။ နာရီပေါင်း ၆၀ ကျော်၊ ဆယ်နှစ်မှာ ၆၀၀။ နှစ်ငါးဆယ်ဆိုတော့ သုံးထောင်။ သည်တစ်သက်တာကာလအတွင်းမှာ လတစ်လစာလောက် အချိန်ကိုတော့ နာရီကြည့်တာနဲ့ ဖြုန်းခဲ့ပြီးပြီ။

ကိုယ်က အချိန်ကို ပိုင်နေတာလား၊ အချိန်က ကိုယ့်ကို ပိုင်နေတာလား။

စာပေခရီးသွားများ စာအုပ်တိုက်က 'မင်းအချိန်ကို မင်းပိုင်တယ်' ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးပေးဖို့ လာအပ်တုန်းက ကျွန်တော် တွေဝေ



ဖူးသည်။ ကျွန်တော့်အချိန်ကို ကျွန်တော် ပိုင်သလား။ ကျွန်တော် မသေချာပါ။ ပိုင်ချင်သလားဆိုတာ ပို၍ပင် မသေချာပါ။

ရေးထားသည့် ဆောင်းပါးက သူတို့လာမယူကြတော့ သေချာတာ တစ်ခုကတော့ အဲသည့်ဆောင်းပါးတော့ ကျွန်တော် ပိုင်သွားတာ ဖြစ်ပါသည်။

လက်ထဲမှာ ကြာနေသော အဲသည့်ဆောင်းပါးကို ကျွန်တော် တစ်ခေါက် ပြန်ဖတ်ကြည့်မိသည်။

### မအားသည့် စာရေးဆရာ ဆရာဝန်

မအားသည့်ကြားက ကြိုးစား၍ ကျွန်တော် စာရေးပါသည်။

မအားတာဆိုတာက ကိုယ့်အချိန်ကိုယ် မပိုင်တော့တာပါ။ တစ်နည်းအားဖြင့် ပြောလျှင် သူများတွေက ပိုင်သွားတာပါ။ ဘာကြောင့် သူများတွေက ပိုင်သွားတာလဲဟု စဉ်းစားကြည့်လျှင် ကိုယ်ကိုယ်တိုင်က ကျေကျေနပ်နပ်ကြီး အပိုင်ခံလိုက်တာပါ။ အဲသလို အပိုင်ခံဖို့နှစ်ပေါင်းများစွာ ကြိုးစားခဲ့ရတာပါ။

### ကိုယ့်အချိန်ကို ကိုယ်ပိုင်နေတုန်းက

ကျောင်းသားလူငယ်တစ်ယောက်ကို ကြည့်ပါ။ သူ့အချိန်ကို သူပိုင်ပါသည်။ ကစားမလား၊ နားမလား၊ စာကြိုးစားမလား၊ ပြင်ပ ဗဟုသုတ ကြွယ်ဝအောင် လေ့လာမလား၊ အားလုံးကို သင့်တင့်မျှတအောင် နေထိုင်မလား၊ ဒါမှမဟုတ် အပျော်အပါး လိုက်စားမလား၊ လောင်းကစားလုပ်မလား၊ ဘာမဆို လုပ်၍ရနေသည်။ သည်အချိန်မှာ သူ့ဆုံးဖြတ်ချက်တစ်ခုက အတော်အရေးကြီးသည်။

'အဲသည်အချိန်တွေနဲ့ ဘာလုပ်မှာလဲ' ဆိုတာပါ။

အသက်ကြီးပြီး မည်မည်ရရ ဘာမှ လုပ်စရာမရှိသော ဘကြီးတွေ၊ ဆွေတွေမျိုးတွေထဲမှာ တွေ့ဖူးပါလိမ့်မည်။ သူတို့လည်း ကိုယ့်အချိန်ကို ကိုယ်ပိုင်နေကြသေးတာပဲ။ လုပ်ချင်တာ လုပ်လို့ရပါသည်။ သူတို့နှင့် စောစောက လူငယ်ကလေးနှင့် ကိုယ့်အလုပ်ချိန်ကို ကိုယ်ပိုင်တာခြင်းကတော့ အတူတူပါပဲ။ မတူတာကတော့ စောစောက မေးခွန်းက သူ့အတွက်

သိပ်အရေးမပါတော့တာပါပဲ။ အဲသည်အချိန်တွေနှင့် သူဘာလုပ်လုပ် ဘာမှ ပြောင်းလဲစရာ မရှိတော့တာပါ။

ဒါဆိုလျှင် စောစောက လူငယ်ကလေး သူပိုင်သော အချိန်တွေနှင့် သူဘာလုပ်ရမလဲဆိုတာ ဘာကြောင့်အရေးပါသလဲဆိုတာ ရိပ်မိလောက်ပြီ ထင်ပါသည်။

စောစောက ဘကြီးလို လူကြီးဖြစ်မလာဖို့ လုပ်ရမှာပါ။

တစ်နည်းအားဖြင့် အသက်ကြီး၊ အရွယ်ရောက်လာသောအခါ ကိုယ့်အချိန်ကို ကိုယ်မပိုင်တော့ဖို့ လုပ်ရမှာပါ။ ကိုယ့်အချိန်ကို သူများတွေအတွက် ပေးနိုင်ဖို့ ကြိုးစားရတော့မှာပါ။

## အလုပ်များရသည့် အရသာ

ဒါဆို ဘာကောင်းလို့လဲ။

ဘဝမှာ ကြိုးစားလာလိုက်သမျှဟာ နောက်ဆုံးတစ်နေ့ သူများတွေအတွက် ကိုယ့်အချိန်ကို အသုံးချဖို့ဆိုလျှင် အစကတည်းက ဘာလို့ ကြိုးစားနေဦးမှာလဲ။

အဲသလို မေးကြလိမ့်မည်ဟု ထင်သည်။

ကျွန်တော်တို့အားလုံးက ဘဝမှာလမ်းပြကြယ်တွေ နောက်ကို လိုက်နေကြတာပါ။ ဘဝမှာ ဘယ်လိုနေ၊ ဘယ်လိုထိုင်၊ အချိန်ကို ဘယ်လို အသုံးချဆိုတာတွေက လမ်းပြကြယ်တွေ ရှေ့က လုပ်ပြတာကြည့်ပြီး လိုက်လုပ်နေကြတာပါ။

ဗုဒ္ဓဘာသာဝင်တွေအတွက် အကြီးမားဆုံး လမ်းပြကြယ်ကတော့ ဗုဒ္ဓကိုယ်တော်တိုင် ပါပဲ။ ဗုဒ္ဓ၏ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကိုယ်ပိုင်သော အချိန်တွေမှာ လူသာမန်တို့ ကြားရုံဖြင့် ကြက်သီးမွေးညင်းထရမလောက် မြင့်မြတ်သော၊ ပြင်းထန်သော ပါရမီဖြည့်မှုတွေ၊ ကြိုးစားမှုတွေက တကယ်တော့ ရာစုနှစ် တစ်ဝက်စာလောက် မိမိအချိန်တွေကို အများအတွက် အသုံးချသွားဖို့ပဲ မဟုတ်ပါလား။ တကယ်တော့ အများအတွက်သာ ထည့်မစဉ်းစားတတ်ခဲ့ပါက အဲသည်မတိုင်ခင်အချိန်တွေမှာကတည်းက မိမိအတွက် မိမိနိဗ္ဗာန်ရောက်ရာ ရောက်ကြောင်း သက်သက်သာသာ လျင်လျင်မြန်မြန် လုပ်သွားနိုင်ခဲ့သည် မဟုတ်ပါလား။



တကယ်တော့ တန်ဖိုးကြီးမြတ်သော ပုဂ္ဂိုလ်တွေ၏ တန်ဖိုးက သူတို့မှာ ပိုင်ဆိုင်ထားတာနှင့် ဆုံးဖြတ်ရတာမဟုတ်ပါ။ သူတို့က အများအတွက် ဘာလုပ်ပေးနိုင်သလဲဆိုတာနှင့် ဆုံးဖြတ်ရတာပါ။ တစ်နည်းအားဖြင့် ပြောရလျှင် မိမိအချိန်ကို မိမိမပိုင်တော့ဘဲ အများက ပိုင်သူ ဖြစ်လာနိုင်စွမ်းနှင့် ဆုံးဖြတ်ရတာပါ။

အသက်ကြီးရင့်သည်အထိ မိမိအချိန်ကို မိမိပိုင်နေသေးလျှင် သိပ် မဟုတ်တော့ပါ။

## ကာဂျီမူးရှား

'ကာဂျီမူးရှား' ဆိုသည့် ဂျပန်ရုပ်ရှင်တစ်ခုအကြောင်း ပြောပြချင်ပါသေးသည်။ ကျွန်တော်ငယ်ငယ်က 'ပပဝင်း ရုပ်ရှင်ရုံ' (ယခု ကုန်သည်ကြီးများ ဟိုတယ်နေရာ) တွင် ကြည့်ခဲ့ရတာပါ။ ဂျပန်ကားဆိုပေမယ့် ဂျော့လူးကပ်စ်က ထုတ်လုပ်သူအနေနှင့် ရိုက်ခဲ့တာမို့ အတော်ခမ်းနားပါသည်။

စစ်ဘုရင်ကြီး တစ်ယောက် ရှိသတဲ့။ တိုက်ပွဲတွေမှာ ဆုံးဖြတ်ချက်ချတာ တော်လွန်းသမို့ အရှုံးပွဲဆိုတာ မရှိဘူးတဲ့။

သူခိုးတစ်ယောက်ကို ဖမ်းမိတော့ စစ်သူကြီးတွေက ဘုရင့်ဆီကို တိတ်တဆိတ် ခေါ်လာကြတာကနေ ဇာတ်လမ်းစသည်။

အကြောင်းရင်းကတော့ သူခိုး၏ ရုပ်က ဘုရင်ကြီး၏ ရုပ်နှင့် ချွတ်စွပ်တူနေ၍ ပါပဲ။ ဘုရင်ကြီးက ဒါကို တစ်နေ့ရာရာမှာ အသုံးချ၍ရမည်ဟု ယူဆပြီး သူခိုးကို ထိန်းသိမ်းထားသည်။

ဘုရင်ကြီး ရုတ်တရက် နတ်ရွာစံသွားသည့်အခါ စစ်ပွဲတွေက တိုးလိုးတန်းလန်း၊ ဩဇာအရှိန်အဝါကြီးမားသော ဘုရင်ကြီး သေသွားပြီဆိုတာသာ ရန်သူတွေ သိလျှင် အတင့်ရဲလာပြီး စစ်ရှုံးမှာ စိုးသောကြောင့် စစ်သူကြီးများ တိုင်ပင်၍ သူခိုးကို ဘုရင်ယောင်ဆောင်ခိုင်းလိုက်သည်။

ကြာကြာ ဟန်မဆောင်နိုင်ပါ။ သူခိုးက ဘုရင်သိရမည့် ကိစ္စတွေ မသိ။ ဘုရင်တတ်ရမည့် ကိဗ္ဗတွေ မတတ်။ ဘုရင်ဆုံးဖြတ်ရမည့် ကိစ္စတွေ မဆုံးဖြတ်တတ်ေ ာ့ မကြာခင် အလိမ်ပေါ်တာပါပဲ။ ဒါနဲ့ ဘုရင် သေတာကို ဝန်ခံပြီး သူခိုးကို နန်းတော်ပေါ်က မောင်းထုတ်လိုက်ကြသည်။ ဘုရင့်သားကို ဘုရင်တင်သည်။

ခက်တာက ဘုရင့်သားကလည်း သူ့အဖေ ဘယ်လိုတော်သည်၊ ဘာကြောင့် နာမည်ကြီးသည်ဆိုတာတွေ သေသေချာချာ လေ့လာမထား။ သူ့အဖေဆိုလျှင် မတိုက်မည့် စစ်ပွဲတစ်ပွဲကို ထွက်တိုက်သည်။ သူ့အဖေနှင့် ရင်းနှီးသော မှူးကြီးမတ်ကြီးများက တားတာလည်း နားမထောင်၊ စစ်ထွက်သည့်အချိန်မှာ မိုးကုပ်စက်ဝိုင်းတစ်လျှောက် ထူးဆန်းသော အနီရောင် အတန်းကြီးပေါ်နေသည်ကို စစ်သူကြီးများက ကွယ်လွန်သူ ဘုရင်ကြီး တမလွန်ဘဝက တားတာဖြစ်လိမ့်မည်ဟု ကောက်ချက်ချထားတာလည်း ဂရုမစိုက်။ မိုက်မိုက်ကန်းကန်းစစ်ပွဲ ဆင်နွဲလိုက်ကာ နောက်ဆုံး အရှုံးကြီး ရှုံးပါတော့၏။

သေလိုက်ကြတာ စစ်သည်တွေ သောက်သောက်လဲ။

အဲသည်မြင်ကွင်းကို ချုံကွယ်က ချောင်းကြည့်ရင်း မျက်ရည်ကျနေသူက သူခိုး။ ကိုယ့်ဘုရင့် တပ် စစ်ရှုံးနေတာကို သူက သူ့တပ်ရှုံးနေသလို ခံစားနေရသည်။ ခံစားချက်တွေပေါက်ကွဲထွက်လာတော့ နောက်ဆုံး သူ စစ်မြေပြင်ထဲသို့ ပြေးဝင်သွား၍ ရန်သူ့တပ်တွေကို တိုက်ခိုက်မည် ကြံသည်။ ရောက်တောင် မရောက်လိုက်ပါ။ ဟိုက ဆီးပစ်သည့် မြားတွေ၊ လှံတွေသင့်ပြီး လမ်းတစ်ဝက်မှာ လဲကျသေဆုံးသွားသည်။

ဇာတ်ကားလည်း ပြီးသွားသည်။

ပြနေသည့် ဒါရိုက်တာက ဘာကို ပြချင်တာလဲ မသိ။

ကျွန်တော် ခံစားသိရှိလိုက်သည့်အသိကတော့ 'အချိန်ကို အသုံးချခြင်း' ဖြစ်ပါသည်။ စစ်ဘုရင်ကြီး၏ လူငယ်ဘဝကို မပြသော်လည်း အဲသည်လူကြီးက သူ့အချိန်ကို သူပိုင်တုန်းက အကျိုးရှိရှိ အသုံးချခဲ့မှာ သေချာပါသည်။

သူ့အချိန်ကို သူမပိုင်တော့သည့်အခါ တစ်နည်းအားဖြင့် သူ ခေါင်းဆောင်ဖြစ်လာသောအခါ သူက အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်တစ်ဦး ဖြစ်လာပါသည်။ ရုပ်ချင်းတူသည့် သူခိုးနှင့်လည်း သူ့ကို အစားထိုး၍ မရပါ။ အဲသည်လူမှာ သူ့အရည်အချင်း မရှိပါ။ ဆက်ခံပိုင်ခွင့် ရှိသည့်သားနှင့်လည်း အစားထိုး၍ မရပါ။ အဲသည်သားက သူ့အချိန်ကို သူပိုင်စဉ်က ထိုက်ထိုက်တန်တန် လေ့လာမထားသည့်သူ ဖြစ်နေပါသည်။



နောက်ဆုံးမတော့ ကျွန်တော်တို့အားလုံးသည် ကိုယ့်အချိန်ကို ကိုယ်ပိုင်နေသေးခိုက် နောင်တစ်ချိန် ကိုယ့်အချိန်ကို ကိုယ်မပိုင်နိုင်တော့သည့် ကာလအတွက် လိုအပ်သည့် ဖြည့်ဆည်းမှုတွေ ပြုလုပ်ခဲ့ဖို့ အတော် အရေးပါလှပါတကား။

တကယ်တော့ သူခိုးသည် မခံချင်စိတ်နှင့်သာ ဝင်အသေခံလိုက်သည်။ အဲသလိုလုပ်ဖို့ သူ့ကို ဘယ်သူကမှ မခိုင်းပါ။ တစ်နည်းအားဖြင့် သူ့အချိန်ကို သူပိုင်ပါသည်။ ပိုင်တော့ကော ဘာလုပ်ရမှာလဲ။ သူ့အချိန်တွေက ဘယ်သူ့အတွက်မှ ဘာမှ အရေးမပါပါ။

လူငယ်ဘဝ ကိုယ့်အချိန်ကိုယ် ပိုင်နေတုန်း မကြိုးစားခဲ့ကြလျှင် အဲသည်ဇာတ်ကားထဲက သူခိုးလိုမျိုး ကိုယ့်အချိန်ကို ကိုယ်ဆက်ပိုင်နေကြမှာ စိုးရိမ်စရာပါ။

## ပထမအရွယ်၏ တာဝန်

လူဆိုတာ ပထမအရွယ်မှာ ကိုယ့်အချိန်ကို ကိုယ်ပိုင်ပါသည်။ ကိုယ့်ပညာ၊ ကိုယ့်ကျွမ်းကျင်မှု၊ ကိုယ့်လုပ်အားကို ရမှ ဖြစ်မည်ဆိုသည့် ပရိသတ်လည်း မရှိသေးပါ။ အဲသည့်အချိန်ကို အသုံးချပြီး စောစောက အရည်အချင်းတွေ ရှိလာအောင် တည်ဆောက်ရမှာပါ။ အဲဒါကို 'ပညာရှာသည်' ဟု ခေါ်တာပါပဲ။

'ပညာ' ပြည့်ဝစွာနှင့် ဒုတိယအရွယ်ကို လှမ်းဝင်သွားနိုင်မှ ကိုယ့်ကို အများက အားကိုးရသူ ဖြစ်မှာပါ။ အဲသည့်အခါကျလျှင် ကိုယ့်အချိန်ကို ကိုယ်မပိုင်တော့ပါ။ အဲသည့်အချိန်အထိ ကိုယ့်အချိန်ကို ကိုယ်ပိုင်နေသေးလျှင် အဓိပ္ပာယ်က ကိုယ်က ဘယ်သူ့အတွက်မှ အားကိုးအားထားစရာ ဖြစ်မနေလို့ပါ။ အဲသလို မဖြစ်အောင် ကြိုးစားရမှာပါ။

တိုတိုပြောရလျှင်တော့ 'ငယ်စဉ်အခါ ပညာရှာ' ပေါ့။

ခက်တာက 'ပညာဆိုတာကိုက အဓိပ္ပာယ် ကျယ်ဝန်းလွန်းလှတာပါ။

ဘွဲ့တွေ အများကြီးရ၊ စာလည်းတော်သူတွေအားလုံး ဘဝမှာ အောင်မြင်သူ၊ အများက အားကိုးရသည့်သူတွေ ဖြစ်မလာတတ်တာ လူတိုင်း သိပါသည်။

IQ ခေါ် ဉာဏ်ရည်မြင့်ချင် မြင့်မှာပေါ့။

ဆင်ခြင်တုံတရားဟု ကျွန်တော် ဘာသာပြန်လေ့ရှိသော EQ ပါမလာလျှင် လုံလောက်သော ပညာဆည်းပူးမှုဟု ကျွန်တော် မယူဆပါ။

ကျူရှင်ပြီး ကျောင်း၊ ကျောင်းပြီး ကျူရှင် ပတ်ပြေးနေရသော ကလေးငယ်ငယ်ကလေးကို တွေ့ရတိုင်း ကျွန်တော် စိတ်မသက်မသာပါ။ သူတို့အချိန်ကို သူတို့ မပိုင်ပါ။ သူတို့ EQ၊ သူတို့ ဆင်ခြင်တုံတရား ရင့်ကျက် ဖွံ့ဖြိုးလာစေဖို့ လေ့ကျင့်ကြံဆဖို့ သူတို့မှာ အချိန်မရှိပါ။ အဲသလို ကလေးမျိုးတွေ ကြီးလာလျှင် စာတော်ချင်သာ တော်မည်။ ခေါင်းဆောင်ကောင်း ဖြစ်မလာနိုင်ပါ။ သူတို့အချိန်ကို သူတို့ ဆက်ပိုင်နေကြဦးမှာ ပါပဲ။

အဲသလိုပဲ ဆရာကြီး လယ်တွင်းသားစောချစ် ပြောဖူးသလို ပညာဆိုတာ ဘဝထဲမှာပဲ ရှာရသည်ဟူသော အသိများ၊ အမြင်များ၊ အစွန်းရောက်အတွေးများနှင့် အတန်းပညာရေး၊ တက္ကသိုလ် ပညာရေးကို မျက်ကွယ်ပြုပြီး လမ်းပေါ်မှာ တေပေလေလွင့်သူတွေလည်း ရှိခဲ့ဖူးပါသည်။ အဲသည်လူတွေလည်း ခေါင်းဆောင်ကောင်းတွေ ဖြစ်မလာပါ။ တက္ကသိုလ်ဆိုတာ စာအုပ်ထဲက ပညာတွေကိုချည်း သင်ပေးနေသည့် အရပ်မှ မဟုတ်တာ။ ပညာကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာနည်း၊ လူလူချင်း ပေါင်းသင်းဆက်ဆံရေး၊ ဘဝအမြင်အစုံအလင်ကို ဟင်းလေးအိုးကြီးသဖွယ် တည်ခင်းပေးနေသည့် အရပ်မဟုတ်ပါလား။ ကိုလိုနီခေတ် ပညာရေးစနစ်က တက္ကသိုလ်သည်ပင်လျှင် တွေးခေါ်ဆင်ခြင်တုံတရား ရင့်သန်လှသော အမျိုးသားခေါင်းဆောင်ကြီးတွေ မွေးထုတ်ပေးခဲ့တာ၊ ချုပ်ချယ်ဖိနှိပ်မှုတွေ ရှိသော ဆိုရှယ်လစ်ခေတ် တက္ကသိုလ်သည်ပင်လျှင် တက်ကြွပွင့်လင်းသော အမြင်ရှိသည့် ကျောင်းသားခေါင်းဆောင်တွေ မွေးထုတ်ပေးခဲ့တာ မမေ့သင့်ပေ။

## ဒုတိယအရွယ် အဆုံးနားမှာ

နောက်ဆုံးကျတော့ ထိပ်မှာဆုံကြတာပါပဲ။

ငယ်စဉ်က အတန်းပညာလည်း ကြိုးစားခဲ့သလို အနုပညာအသင်း၊ ခြေလျင်တောင်တက်၊ မဂ္ဂဇင်း ကော်မတီ စသဖြင့် လှုပ်ရှားမှုအစုံမှာ ပါခဲ့သော ကျွန်တော်သည် အတန်းထဲမှာ အတူတူတက်ရသော သူငယ်ချင်းတွေထက် ကိုယ်နှင့် အတန်းမတူသော်လည်း စာသင်ခန်း ပြင်ပပညာရေး လှုပ်ရှားမှုမျိုးစုံမှာ ပါခဲ့သောအစ်ကိုတွေနှင့် ပို၍ တွဲဖြစ်ခဲ့သည်။ ကျွန်တော်



ရော အဲသည့်လူတွေ အားလုံး ကိုယ့်အချိန်ကို ကိုယ်ပိုင်ခဲ့ကြပါသည်။ ကိုယ်ပိုင်သော ကိုယ့်အချိန်ကို အတန်းပညာရေး တစ်ခုတည်းအတွက်သာ တစ်ဖက်စောင်းနင်း အသုံးမပြုခဲ့ဘဲ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ အသိအမြင် ရှင်သန်ရင့်ကျက်ရေးတို့အတွက်ပါ အသုံးချဖြစ်ခဲ့ကြပါသည်။ ကျွန်တော်တို့ အားလုံး မည့်သော်လည်း သိပ်ကြီးမတော်ခဲ့ကြပါ။

ယခုအသက် ၅၀ ကျော်အရွယ်အထိ လက်တွဲဖြစ်ခဲ့ကြသော အဲသည်သူတွေသည် သူ့သက်ဆိုင်ရာ အသက အသက အရေးပါ အရာရောက်သူတွေချည်း ဖြစ်လာခဲ့ပါသည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီး၊ ဒုဝန်ကြီး ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခ၊ ဌာနမှူး၊ ဆေးရုံအုပ်တွေချည်းပါပဲ။

အဲသည်လူတွေ၏ ဘဝကို ပျော်စရာ ကောင်းသလားမေးလျှင် ဖြေရတော့လည်း ခပ်ခက်ခက်။ ဘယ်သူမှ ကိုယ့်အချိန်ကို ကိုယ်ပိုင်မနေကြတော့ဘူးကို။ သို့သော် သေချာတာတစ်ခုကတော့ ကိုယ့်အချိန်ကို ကိုယ်ပိုင်နေဆဲ ဖြစ်သည့် သူငယ်ချင်းတွေကတော့ အဲသည့်လူတွေကို ပြန်အားကျနေကြရသည် ဆိုတာပါ။

အရေးကြီးတာက ဘဝမှာ အရွယ်ရောက်လာလျှင် ကိုယ့်အချိန်ကို ကိုယ်မပိုင်တော့ဖို့ လိုပါသည်။ အဲသလို ဖြစ်နိုင်ဖို့လည်း လူငယ်ဘဝ ကိုယ့်အချိန် ကိုယ်ပိုင်နေတုန်းမှာ လိုအပ်သော ဝမ်းစာကို ရှာဖွေစုဆောင်းခဲ့ဖို့ လိုပါသည်။

ဒါက ကျွန်တော် ကိုးကားနေကျ John C Maxwell ၏ Success အောင်မြင်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်လည်း ကိုက်ညီပါသည်။

Success is ...

1. To know your purpose in life.
2. To grow your potential to maximum.
3. To sow seeds for the benefit of others.

အောင်မြင်မှုဆိုတာ

၁။ ကိုယ့်ဘဝ ဦးတည်ချက်ကို ကိုယ် သိဖို့

၂။ ကိုယ့်အရည်အချင်းကို ကိုယ်အတတ်နိုင်ဆုံး မြှင့်တင်ဖို့

၃။ ရလာသည့်အရည်အချင်းနှင့် အများအကျိုးဆောင်ဖို့တဲ့။

တဲ... နာရီတွေ ကြည့်ရကျိုးနပ်ကြစေချင်ပါသည်။

○

## ဝါသနာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် ဘဝရွေးချယ်မှု

သည်တစ်ခေါက် အရှုးလွယ်အိတ်ကို နှိုက်လိုက်တော့ ဝတ္ထုစာအုပ်လေးအုပ် ထွက်လာသည်။

အားလုံး စာပေလောကမှာ ကျွန်တော်၏ စံပြပုဂ္ဂိုလ်ဖြစ်သော ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ရေးတာတွေချည်းပါပဲ။

'ချစ်သော ဤကမ္ဘာ' ရယ်

'သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ခိုင်' ရယ်

'နှင်းငွေ့တစ်ထောင့် မိုးတမှောင့်' ရယ်

'လွမ်းမောရသော နွေညများရယ်'

တစ်အုပ်က ဆရာ့ပထမဦးဆုံး ဝတ္ထုရှည်

တစ်အုပ်က ရုပ်ရှင်ကြီးဖြစ်လာပြီး အကယ်ဒမီ အပါအဝင် အောင်မြင်မှုတွေ ရခဲ့သော ဝတ္ထုရှည်။

တစ်အုပ်က ဆရာအမျိုးသားစာပေဆုရခဲ့သော ဝတ္ထုရှည်။

တစ်အုပ်က တက္ကသိုလ်မှာ မြန်မာစာ ပညာရပ်အတွက် ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့ရသော ဝတ္ထုရှည်။



ဆရာ့ဘဝမှာ စိုက်ထူနိုင်ခဲ့သည့် စာပေမှတ်တိုင်တွေများလှသည်။ နောက်ထပ် ထပ်စိုက်စရာကို စဉ်းစား၍မရလောက်အောင်ပါ။

ဆရာ့ဝါသနာက ငယ်ငယ်ကတည်းက စာရေးဆရာဖြစ်ဖို့ဆိုတာကိုတော့ ဘာမှ သံသယဖြစ်စရာ အကြောင်းမရှိ။ ဆရာသည် ငယ်စဉ်ကတည်းက နတ်သျှင်နောင်ရတုပေါင်းချုပ် စာအုပ်တစ်အုပ်နှင့် ထောင့်တစ်ထောင့်မှာ ထိုင်နေသူမှန်း လူတိုင်း သိကြသည်။

ဆရာ အသက်မွေးဝမ်းကျောင်းအတွက် လေ့လာခဲ့သော ပညာကတော့ မြန်မာစာမဟုတ်ခဲ့ပါပေ။

စိတ်ပညာပါ။

ဆရာသည် စိတ်ပညာကို စာမေးပွဲအောင်ရုံ ဘွဲ့ရရုံလောက် လေ့လာခဲ့သော သူမဟုတ်။ အမေရိကန် ပြည်ထောင်စုအထိသွား၍ မဟာဝိဇ္ဇာဘွဲ့ရသော ပညာရှင်ဖြစ်သည်အထိ လေ့လာခဲ့သူဖြစ်သည်။ ဆရာ၏ စိတ်ပညာနှင့် ပတ်သက်၍ နက်နဲစွာ လေ့လာထားမှုကို 'လွမ်းပါလေရစ်သည်သောင်ငွေဦး' ဝတ္ထုတွင် အထင်အရှား တွေ့နိုင်သည်။

စိတ်ပညာ ကထိကအဖြစ် အသက်မွေးဝမ်းကျောင်းနေရင်းက အောင်မြင်သော ရသစာရေးဆရာဘဝကို ဆရာပိုင်ခဲ့သည်။ သို့သော် ထိုဘဝနှစ်ခုမှာပဲ ရပ်တန့်မွေ့လျော်နေဖို့ ကံကြမ္မာက ဆရာ့ကို ခွင့်မပေးခဲ့ပါ။

ဆရာအသက်ငယ်ငယ်မှာပင် တောင်ကြီးကောလိပ်၏ ကျောင်းအုပ်ကြီး ဖြစ်ခဲ့သည်။ နောက်တော့ ပုသိမ်ကောလိပ် ကျောင်းအုပ်ကြီး မော်လမြိုင် တက္ကသိုလ်၏ ပါမောက္ခချုပ် နောက်ဆုံး ပညာရေးတက္ကသိုလ် ရန်ကုန်၏ ပါမောက္ခချုပ်ဘဝနှင့် အငြိမ်းစားယူခဲ့သည်။

ဆရာ၏ ဘဝရွေးချယ်မှုက အုပ်ချုပ်ရေး တာဝန်ပါ။

ဆရာက ရွေးချယ်လိုက်သည့် ဘဝဟုတော့ ကျွန်တော် မထင်။ ဘဝက ဆရာ့ကို ရွေးချယ်လိုက်တာပဲ ဖြစ်မည်။ သို့သော် ထိုတာဝန်ကိုလည်း ဆရာကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ နောက်ဆုံးအငြိမ်းစားယူလိုက်သည့် အချိန်တွင်ပင်လျှင် ဆရာဘယ်လောက်တာဝန်ကျေပွန်ခဲ့သလဲဆိုတာ ဆရာ့ကို မီလိုက်သည့် ဆရာတပည့်ကြီးတွေ ပြန်ပြောပြသည့် စကားတွေကတစ်ဆင့် ကျွန်တော် သိခွင့်ရခဲ့သည်။

အဲဒါတွေ ကျွန်တော်ဘယ်သူတွေအတွက် ပြန်စဉ်းစားနေမိပါသလဲ ဆိုလျှင် ဆေးတက္ကသိုလ်ကို ဆရာဝန်ဖြစ်ဖို့ ဝါသနာမပါဘဲ မိဘအတင်း တက်ခိုင်း၍ လာတက်ရပါသည်ဟုဆိုကာ ပညာကို လေးလေးစားစား မသင်ယူပါဘဲ ကိုးလိုးကန့်လန့်တိုက်၊ ဘာဝါသနာပါသလဲလည်း မည်မည် ရရ မပြောနိုင်။ ပြောနိုင်လျှင်တောင်မှ ဝါသနာပါသည့် ကိစ္စကိုလည်း တကယ်တမ်း တိုးတက်အောင် အောင်မြင်မှုရအောင် ကြိုးကြိုးစားစား လည်း ဘာမှမလုပ်ဘဲ နေနေသည့် ဆေးကျောင်းသူ၊ ကျောင်းသား လူငယ် တချို့ကို တွေ့နေရ၍ စဉ်းစားနေမိခြင်း ဖြစ်ပါသည်။

## ၁၆ နှစ်သား၏ ဝါသနာ

ကျွန်တော်တို့နိုင်ငံမှာ အင်တာကောလိပ် စနစ်မရှိတော့သဖြင့် လူငယ် တစ်ယောက်က သူတစ်သက်လုံး လေ့လာလိုက်စားရမည့် အသက်မွေးဝမ်း ကျောင်းပညာကို အသက် ၁၆ နှစ်မှာ ရွေးရတာ ထုံးစံလို ဖြစ်နေသည်။ ၁၆ နှစ်သားတစ်ယောက်က ကိုယ်တစ်သက်လုံး ဘာလုပ်မည်ကို ဆုံးဖြတ် နိုင်ဖို့အတွက် လုံလောက်သော ရင့်ကျက်မှု တကယ်ရှိနေပြီလားဆိုတာက တွေးစရာပါ။

သို့သော် စောင့်တိုင်းကော အကျိုးရှိမှာမို့လား။ ကျွန်တော့်တုန်းက ကျွန်တော်သေချာခဲ့သည့် စာရေးဆရာ ဖြစ်ချင်သည်။ ဆရာဝန်လုပ်ဖို့ ဝါသနာပါဖို့ မပြောနှင့် ဆရာဝန်တွေ၏ ဘဝကျင်လည်မှုပုံစံကိုပင် သေသေချာချာ မသိ။ ဆေးကျောင်းသားဆရာဝန်ဆိုတာ ဆွေမျိုးနီးစပ်ထဲ မှာ တစ်ယောက်မှ မရှိ။ ဆေးကျောင်းသားတွေ၊ ဆရာဝန်တွေဆိုလျှင် စာတော်သူတွေအဖြစ် လူတွေ အထင်ကြီးကြ၊ လေးစားကြတာ တွေ့တော့ ကိုယ်လည်း ရောယောင်အထင်ကြီးတာပဲ ရှိသည်။ ဆယ်တန်းအောင်လို့ ဒေသကောလိပ်တက်ရတော့ 'ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး အတတ် ပညာဒီပလိုမာ' တက်သည်။ ကိုယ့်ဝါသနာနှင့် နီးစပ်တာက ဒါပဲရှိတာ ကိုး။ ခိုင်ခင်ဦးတို့၊ သီဟကျော်စိုးတို့၊ စန္ဒာလင်းတို့၊ ဇော်မြင့်ဦးတို့လည်း 'ရုပ်ရှင်' ယူကြတာပဲလေ။

တကယ့် ပြဿနာက ၁၈ နှစ်သားမှာ 'ပုံနှိပ်ရေးနှင့် စာအုပ်ထုတ် ဝေရေး ဒီပလိုမာကို 'စာတည်းပညာ' ဂုဏ်ထူးတွေ ဘာတွေနှင့် အောင်ပြီး



တက္ကသိုလ် စတက်ရမည့်အချိန်ကျမှ ရောက်တာပါပဲ။ စာရေးဆရာ ဖြစ် ချင်သူက ဘယ်တက္ကသိုလ် တက်ရပါမည်နည်း။

မြန်မာစာအဓိကယူလျှင်တော့ နည်းနည်း နီးစပ်သည်။ မိဘတွေ ကို စကားတောင် စကြည့်မိသည်။ မျက်စောင်းထိုးခံရတာပါပဲ။ အမှတ် များသော သားအတွက် ဆေးတက္ကသိုလ်ကလွဲလျှင် တခြားဘာမှ တက်စရာ မရှိဟု သူတို့ခံယူထားကြသည်။ ဆွေတွေ၊ မျိုးတွေထဲမှာ ပထမဦးဆုံး ဖြစ် မည့် ဆေးကျောင်းသားဆိုတော့ ပိုဆိုးတာပေါ့။ ကိုယ်ကလည်း အတင်း မပြောရဲ။ မြန်မာစာအဓိက ယူ၍ စာရေးဆရာဖြစ်လာမလားဆိုတာက လည်း မသေချာ။ စာရေးဆရာဖြစ်လျှင် မိမိမိသားစု စားဝတ်နေရေးကို အဲသည်အလုပ်တစ်ခုတည်းနှင့် ရင်ဆိုင်နိုင်မလား ဆိုတာကလည်း မသေချာ။

ဒါနှင့်ပဲ ဝါသနာကလေး ခဏဘေးချိတ်၍ ဆေးတက္ကသိုလ် တက်ခဲ့ရသည်။

## ကိုယ်ဘာဆိုတာ ကိုယ်သိဖို့

ဆေးကျောင်းသားဘဝမှာ ကိုယ်ဝါသနာပါသည့် စာပေကိစ္စတွေကိုတော့ နှစ်လည် မဂ္ဂဇင်းကော်မတီ တာဝန်ခံစာတည်းဘဝနှင့် ဆက်လုပ်နေခဲ့တာ ပါပဲ။ 'လက်ာရည်ကျော်' ဆိုသည့် ကလောင်အမည်ကိုလည်း မွေးဖွားဖြစ်ခဲ့ သည်။

သို့သော် ကိုယ်ဘာဆိုတာကိုတော့ ကိုယ်မမေ့။ By Chance Or By Choice ဆိုသည့် အင်္ဂလိပ်စကားရှိသည်။ ကံကြောင့်ပဲဖြစ်ဖြစ်၊ ကိုယ် ကိုယ်တိုင် ရွေးချယ်ခဲ့တာပဲ ဖြစ်ဖြစ်ပေါ့။ ဆေးကျောင်းသားဘဝက By Choice မဟုတ်ပါ။ By Chance ပါပဲ။ ကိုယ်ရွေးခဲ့တာ မဟုတ် ကံကြောင့် ဖြစ်လာတာ ဖြစ်သည်။ ဘာကြောင့်ဖြစ်လာ၊ ဖြစ်လာ ဆေးကျောင်းသား က ဆေးကျောင်းသားပါပဲ။ ငါစာရေးဆရာ လုပ်မယ့်သူတွေကွဟု ကြုံးဝါး ကာ ကန့်လန့်တိုက်နေလို့မှ မရပဲ။ ဆေးကျောင်းသားလုပ်ရမည့် တာဝန် ကို ဆေးကျောင်းသား ပီပီပြင်ပြင် မလုပ်ပါက စာရေးဆရာ ဖြစ်၊ မဖြစ်ကို တော့ မသိ။ ဆရာဝန်မဖြစ်ဖို့က သေချာသည်။ ဆရာဝန်မဖြစ်လျှင် ကိုယ့် ဘဝလည်း လမ်းစပျောက်မည်။ မိဘလည်း ရင်ကျိုးမည်။ ဆရာဝန်လုပ်ချင်

ပါလျက်နှင့် ကိုယ့်ထက်အမှတ်နည်း၍ ဖယ်ပေးလိုက်ရသူတစ်ဦး ဘဝအတွက်လည်း အားနာစရာကောင်းလှသည်။ ဒါကြောင့် ကျွန်တော် တစ်နှစ်တစ်တန်း တစ်ကြိမ်တည်းနှင့် မှန်မှန်အောင်အောင်နှင့် နောက်ဆုံးနှစ်ကို ထူးထူးချွန်ချွန် အောင်အောင်တော့ ကြိုးစားဖြစ်ခဲ့သည်။

နိုင်သလားဆိုတော့လည်း မနိုင်ပါဘူး။ ပတ်ဝန်းကျင်အသစ်ကို ဝင်တိုးရမည့် ကိစ္စကြီး။ ကိုယ့်ကို စာသင်ပေးနေသည့် ပါမောက္ခဆရာကြီးတွေကို အားကျသော်လည်း တစ်နေ့ ကိုယ်သူတို့လို ဖြစ်လာဖို့ဆိုတာ စိတ်ကူးယဉ်ကြည့်လို့ကို မရ။ ဘာဘွဲ့လွန်မှ မတက်ဘဲနှင့် ဆေးကုတာတော်၍ စေတနာကောင်း၍ ထင်ရှားသော ဆရာဝန်ကြီးတွေကိုသာ စံပြထားဖို့ ကြိုးစားရသည်။ သည်မှာ နာဂသိန်းလှိုင်ခေါ် ဒေါက်တာ သိန်းလှိုင်အကြောင်း စကြားဖူးသည်။ ပုံပြင်ထက် ဆန်းကြယ်သော စွန့်စားစွန့်လွှတ်အနစ်နာခံမှုများ၊ လူသားဆန်လွန်းသော လူသားတစ်ဦး၏ လူတွင်မကနတ်တမျှ ကြီးကျယ်ခမ်းနားသော စိတ်ဓာတ်နှင့် မွန်မြတ်သော နှလုံးသားမမြင်ဖူးဘဲနှင့် သတင်းကြားရုံနှင့်ကို ကြည်ညိုလိုက်ရတာ။ ဝတ္ထုတိုကလေးတွေ ကျောင်းမဂ္ဂဇင်းမှာ စရေးခါစ လက်ကလေးနှင့် အလုပ်သင် ဆရာဝန်ဘဝမှာ ဆရာ့စွန့်လွှတ်စွန့်စားမှုများကို အတုယူ၍ 'ချင်းတောင်လက်ငြိမ်း' ဆိုသည့် ဇာတ်ကောင်တစ်ယောက် မွေးဖွားကာ 'ကြိုးကြာတောင်ပံခတ်သံ' ဖြစ်လာမည့် ဝတ္ထုရှည်ကို ရေးဖြစ်ခဲ့သည်။ အသက်က ၂၄ နှစ်၊ ခုနှစ်က ၁၉၈၅။

အဲသည်ဝတ္ထုရှည်က နောက်ထပ် အနှစ်နှစ်ဆယ်ကျော်ကြာအောင် ပုံနှိပ်စာလုံး ဖြစ်မလာပါ။ ကျွန်တော်သာ လက်ထောက်ဆရာဝန်ဖြစ်လာသည်။ နာဂဦးသိန်းလှိုင်လို ဖြစ်အောင် ကြိုးစားမည်ဆိုသည့်ကြုံးဝါးချက်နှင့် နယ်စပ်ဒေသ အများအပြားမှာ လှည့်လည်တာဝန်ထမ်းဆောင်နေခဲ့သည်။ 'တိမ်ညိုမှာ ငွေဇာကွပ်ကယ်နှင့်' ဆိုသည့် ရှေ့တန်းနောက်ခံ ဝတ္ထုရှည်တစ်ပုဒ်ပင် ထပ်ရေးဖြစ်ခဲ့သေးသည်။ အဲဒါလည်းနှစ်အစိတ်ကြာမှ ထုတ်ဝေနိုင်ခဲ့သည်။ အဲသည်တုန်းက စာရေးဆရာတော့ဖြစ်မလာပါ။ ဆရာဝန်သာ ဖြစ်နေခဲ့ပါသည်။ ဒါလည်း ကိုယ့်ကိုယ်ကိုယ်သိနေတာပဲ။ ဆရာဝန်ဖြစ်နေလျှင် ဆရာဝန်နှင့်တူအောင် လုပ်ရတော့မပေါ့။



## ဒါတွေဘာလို့ ပြန်ပြောနေရတာလဲ

ယခုတလောမှာ ကျောင်းကောင်းကောင်း မတက်သည့် ကျောင်းသားတွေကို ခဏခဏ မိဘခေါ်တွေ့ရပါသည်။ မကွေးမှာလည်း တွေ့ခဲ့ရတာပါပဲ။ မန္တလေးမှာလည်း တွေ့ခဲ့ရတာပဲ။ ဆေးတက္ကသိုလ် ၂၊ ရန်ကုန်မှာလည်း တွေ့ရတာပဲ။ ယခု ကိုယ်က ပါမောက္ခဌာနမှူးတွေထဲမှာ စီနီယာအကျဆုံးသူဖြစ်လာ၍ ဆေးတက္ကသိုလ် ၁ ရန်ကုန်ကို ရွှေ့ရတော့လည်း တွေ့ရတာပါပဲ။

သည်ကျတော့ အဲသလိုခေါ်တွေ့လျှင် တွေ့ရသည့် ထူးခြားချက်က ကျောင်းသားက ကိုယ့်ကို မကြောက်တာပါ။ မကွေးမှာများ အပြစ်လုပ်ထားမိလျှင် မျက်နှာငယ်ကလေးတွေနှင့်။ သည်မှာတော့ ကျောင်းမတက်၍ ခေါ်တွေ့ရတာကို ကျောင်းတက်ခိုင်းမိသည့် အတွက် သူတို့ကိုပြန်တောင်းပန်ရမည့်ပုံ ပေါက်နေသူတွေကို တွေ့တွေ့နေရသည်။

ဝါသနာ မပါတာတဲ့။

ကိုင်း. . . ဘဝမှာ အသက်မွေးဝမ်းကျောင်းပညာတစ်ခုခုကို စသင်ယူရသည့် အချိန်မှာ ကိုယ်ဝါသနာပါတာကို တန်းလုပ်ခွင့်ရခဲ့သူ ဘယ်လောက်များ များများစားစား ရှိခဲ့ပါသနည်း။

ကိုယ်ကကော ကိုယ် ဘာဝါသနာပါသည်ဆိုတာ ဘယ်လောက်များ သေချာခဲ့ပါသနည်း ဘာဖြစ်ချင်တာသာ သေချာသည်။ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ဖို့အတွက် လမ်းကြောင်းတွေက မသေချာခဲ့။ အဲသည်လမ်းကြောင်းမှာ နှစ်ပေါင်းများစွာ ရင်ဆိုင်ခံစားရမည့် အခက်အခဲတွေအတွက် ခံစားနိုင်ပါပြီဟုလည်း မသေချာခဲ့။ တချို့များ ဘာဖြစ်ချင်သည်ဆိုတာကို မသေချာ။

စီးပွားရေး လုပ်ငန်းရှင်ဖြစ်ချင်သတဲ့။ အဲဒါဝါသနာမှ မဟုတ်တာ။ လောဘအဆင့်ပဲ ရှိသေးသည်လေ။ အိတ်ကြီးကြီးဆွဲချင်တာ၊ ပိုက်ဆံပေါပေါသုံးချင်တာကို ဝါသနာဟုခေါ်၍ မရ။ ကားအရောင်းအဝယ် ဝါသနာပါသည်။ အဲသလိုဆိုလျှင်တော့ နည်းနည်း ပိုတိကျမည်။ သို့သော် ကိုယ့်နိုင်ငံ၏ စီးပွားရေး ပတ်ဝန်းကျင်က အဲသလိုမျိုး ဆယ်နှစ်စာလောက်ကြိုတင်၍ မလွယ်လှ။ သည်ကြားထဲမှာ အဆိုတော်ဖြစ်ချင်သူ၊ မင်းသမီးဖြစ်ချင်သူ စသည်ဖြင့် လူတစ်သောင်းမှ တစ်ယောက် ဖြစ်နိုင်သည့် ကိစ္စ

တွေကို လိုက်စိတ်ကူးယဉ်ရင်း ယောင်ချာချာ ဖြစ်သွားသူတွေလည်း ဒုနဲ့ဒေး။ ဂိမ်းကစားတာပဲ ဝါသနာပါပြီး ပျက်စီးသွားသူတွေလည်း မရေမတွက်နိုင်။

ကျွန်တော်ငယ်ငယ်ကတော့ ကိုယ့်စိတ်ကိုယ် သေချာခဲ့သည်။ စာရေးဆရာပဲ ဖြစ်ချင်သည်။ ဆေးပညာပေး စာရေးဆရာ ဖြစ်ချင်တာမဟုတ်။ ရသစာရေးဆရာ ဖြစ်ချင်တာ ဖြစ်သည်။ အဲသလောက် သေချာသည်။ မသေချာတာက ဖြစ်အောင် ဘယ်လိုလုပ်ရမည် မသိ။ လမ်းကြောင်းက မရေရာ။ ရေရာတာက ဆေးကျောင်းသားနှင့်တူအောင် ပီပီပြင်ပြင်နေလျှင် ဆရာဝန်တော့ ဖြစ်မည်။

**ကျေနပ်စရာ ဘဝရွေးချယ်မှု**

By Chance Or By Choice သည် ဘဝကို ကိုယ်ကပဲ ရွေးရွေး၊ သည်ဘဝလမ်းကြောင်းအတိုင်း လျှောက်ဖြစ်ခဲ့တာကို ကျွန်တော် ကျေနပ်ပါသည်။ ကိုယ့်အလုပ်ကိုယ် ပီပြင်အောင် လုပ်ဖို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမဖြစ်ခဲ့တာကိုလည်း ကျေနပ်ပါသည်။ လက်တွေ့တွင် ကိုယ်ဖြစ်လာလိမ့်မည်ဟု တစ်ခါမှ မတွေးရဲခဲ့သော ပါမောက္ခဌာနမှူး၊ အထူးကုဆရာဝန်ကြီးတစ်ဦး ဖြစ်လာခဲ့တာပဲလေ။

ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ကိုပဲ ကျေးဇူးတင်ရမလားမသိ။ သူလည်းအဲသလိုပဲ လျှောက်ပြခဲ့တာကိုး။ 'ကြိုးကြာတောင်ပံခတ်သံ' ကလည်း ကျွန်တော်ပထမဦးဆုံး ဝတ္ထုရှည်လည်း ဖြစ်လာသည်။ အမျိုးသားစာပေဆုလည်း ရခဲ့သည်။ ရုပ်ရှင်ဖြစ်လာပြီး ရုပ်ရှင်လည်း အကယ်ဒမီတွေ ရခဲ့သည်။ ယခုတတိယနှစ် မြန်မာစာ အဓိကဘာသာရပ်မှာ ကျောင်းသုံးစာအုပ်အဖြစ်လည်း ပြဋ္ဌာန်းခံခဲ့ရပြီ။ ဒါ ကျွန်တော် တက်ချင်ခဲ့သည့် ဘာသာရပ်လေ။

သည်ဆောင်းပါးရေးချင်ရသည့် စေတနာကတော့ လူငယ်တွေကို ကိုယ့်ရှေ့ရောက်လာသည့် ဘဝကလေးမှာ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်အောင် လုပ်ရင်း ကိုယ်ဝါသနာပါတာကို တကယ်လုပ်ခွင့်ရမည့် အချိန်ကို တစ်ခါတလေ စောင့်ရတတ်ကြောင်းနှင့် ထိုသို့ လုပ်ခဲ့သူတွေ ရလဒ်တွေ ကောင်းခဲ့ဖူးကြောင်း သိစေချင်တာပါ။

၀

# မေးမြန်းရှင်းပြဆက်ဆံဆွေးနွေးခြင်းအတတ်ပညာ Communication Skill

သည်တစ်ခေါက် အရှုံးလွယ်အိတ်ကို နှိုက်လိုက်တော့ ဇီဝက ထွက်လာသည်။

**ဇီဝကဆိုတာ**

ဇီဝကဆိုတာ ဘုရားရှင်လက်ထက်တုန်းက ဘုရားရှင်ကိုတောင် ပြုစုကုသပေးခဲ့သော သမားတော်ကြီးဖြစ်ကြောင်း အားလုံးသိကြပါသည်။ ဇီဝကနှင့် ပတ်သက်လာလျှင် ကျွန်တော် သွားစိတ်ဝင်စားနေတာက သူ၏ ဆေးပညာထက် သူ၏ Communication Skill ခေါ် မေးမြန်း၊ ရှင်းပြ၊ ဆက်ဆံ၊ ဆွေးနွေးခြင်း အတတ်ပညာကို ဖြစ်ပါသည်။ အတိုဆိုရလျှင် ဆက်ဆံခြင်း ပညာဆိုပါစို့။

အနောက်တိုင်းမှာ Anatomy ခေါ် ခန္ဓာဗေဒ ရှင်သန်ဖွံ့ဖြိုးလာခြင်း မရှိသေးခင်အချိန်ကတည်းက ဇီဝကက ဦးနှောက်ထဲက အကျိတ်ကို ထုတ်နိုင်ခဲ့တာပါ။ ဆေးပညာတော်တာတော့ ဘာဆန်းလို့လဲ။

ဆရာဝန်တစ်ဦး၏ အောင်မြင်ခြင်း၊ ကျရှုံးခြင်း ကိစ္စမှာ ဆေးပညာထက်ကို ဆက်ဆံခြင်းပညာက ပိုအရေးကြီးလှကြောင်း ခေတ်ပေါ်ဆေးပညာက သိခဲ့သည်မှာ မကြာသေး။

ဇီဝကကတော့ ဒေဝဒတ်၏ တပည့်အဇာတသတ်လို မင်းမျိုး၏ အောက်မှာ နေရင်းကပင် ဘုရားရှင်ကို ကြည်ညိုပူဇော်နေရုံသာမက အဇာတသတ်ကိုပါ ဘုရားရှင်၏ ဒကာအရင်းဖြစ်လာအောင် စည်းရုံးနိုင်ခဲ့သူ ဖြစ်လေသည်။

သည်ထက် Communication Skill ကောင်းသော ဆရာဝန် ရှိနိုင်ပါမည်တဲ့လား။

ကြုံကြုံဖန်ဖန် ပြောရလျှင် ဇီဝကဆိုတာ သေပြီးနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်မှာတောင် ဆက်ဆံခြင်းအရာ၌ အောင်မြင်နေဆဲ လူဟု ခေါ်ရမည်ဖြစ်သည်။

၁၉၈၉ ခုနှစ်မှာ နဝတ စစ်အစိုးရက မြန်မာနိုင်ငံ အနှံ့အပြားရှိ မြန်မာနာမည် မပြောင်းရသေးသော နိုင်ငံခြားသား နာမည်ဖြင့် လမ်းတွေ အားလုံးကို မြန်မာနာမည်ပြောင်းပစ်ခဲ့သည်။

ကျွန်တော်လက်လှမ်းမီသလောက်တော့ မြန်မာနှစ်ဦးတောင် အဆစ်ပါသွားသေးသည်။ မောင်ထော်လေးနှင့် မောင်ခိုင်ပါ အင်္ဂလိပ် အစိုးရ၏ အမှုထမ်းများ ဖြစ်ကြလို့တဲ့။

ရွှေတိဂုံဘုရားသမိုင်းကို ဖတ်ကြည့်လျှင် မွန်အမျိုးသား စစ်ကဲကြီး မောင်ထော်လေးက အင်္ဂလိပ်စစ်တပ် ရွှေတိဂုံဘုရား ဌာပနာတိုက်ကို ဖောက်မည်ပြုတာကို ရှုပ်ရှုပ်ချုံချုံ ခုခံခဲ့သည့် ဇာတ်လမ်းကို တွေ့နိုင်သည်။ အင်္ဂလိပ်အစိုးရ၏ အမှုထမ်းဖြစ်လျက်က အမျိုးသားရေးမှာ သစ္စာရှိခဲ့ပုံကို လေးစား၍ ထိုစဉ်က မန္တလေးတွင် နန်းစံနေသော မင်းတုန်းမင်းကြီးကပင် လှမ်း၍ သူကောင်းပြုဖူးသည်။ မောင်ခိုင်ဆိုတာက သူ့သမက် စစ်ကဲကြီးဖြစ်သည်။ ယခုတော့ အင်္ဂလိပ်သစ္စာတော်ခံစာရင်းအသွင်းခံရ၍ ဗိုလ်ဆွန်ပက်တွေ၊ ဗိုလ်ရွှဲတွေ ဖြစ်ကုန်ပါပြီ။ အဲသည်တုန်းက မောင်ခိုင်လမ်းမှာ နေ၍ မောင်ခိုင်၏ မြေးတော်စပ်သူကို လက်ထပ်ခဲ့သော ယာယီစစ်ဗိုလ်လေး ဗိုလ်ရဲကိုပင် အပေါင်းအသင်းတို့က ဗိုလ်ရွှဲဟု နောက်ခေါ်တာ ခံခဲ့ရသည်အထိ။

အဲသည်တုန်းက ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီးမှာ ဇဖားရှား လမ်းဟုခေါ်သည့် လမ်းတိုလေးရှိသည်။ အင်္ဂလိပ်အစိုးရက အိန္ဒိယက ဇဖားရှားဘုရင်၏ ဂူဗိမာန်ကို နေရာပေးရာပေါ် လာသည့်လမ်းမို့ ဇဖားရှားဟု ခေါ်ခဲ့တာ ဖြစ်သည်။ နဝတအစိုးရက ထိုအမည်ကိုလည်း နိုင်ငံခြားသား



နာမည်ဖြစ်နေသည်ဟုဆိုကာ နာမည်ပြောင်းပစ်သည်။ (ဂူဗိမာန်ကို မပြောင်းပစ်တာ တော်သေး)

ရယ်ရတာက နိုင်ငံခြားသားနာမည်မကြိုက်၍ ဟုဆိုကာ သူတို့ ပြောင်းလိုက်သည့် နာမည်အသစ်က ဇီဝကလမ်းဟူ၏။ ဇီဝက ဘယ်တုန်းက မြန်မာလူမျိုး ဖြစ်သွားသည်မသိ။

ကျွန်တော်ကတော့ ကြုံကြုံဖန်ဖန် မှတ်ချက်ပြုခဲ့သည်။

ဇီဝက၏ Communication Skill သူသေပြီး နှစ်ပေါင်း ၂၅၀၀ ကျော်ကြာတာတောင် အောင်မြင်နေဆဲဟု. . .။

သည်ခေတ်ဆရာဝန်လေးတွေ အတုယူသင့်လှသည်။

## သည်ခေတ်ဆရာဝန်လေးတွေ၏ ဆက်ဆံမှု အတတ်ပညာ

ပြီးခဲ့သည့် သုံးပတ်လုံးလုံး ဒေါက်တာရဲ ဘွဲ့ကြိုဘွဲ့လွန် စာမေးပွဲတွေနှင့် ခေါင်းမဖော်နိုင်အောင် အလုပ်များနေရင်း စာမေးပွဲတွေ ပြီးလျှင် ရေးရမည့် ဆောင်းပါးကြွေးတွေအတွက် ကြံစည်နေမိသည်။

အဲသည်မှာ သွားသတိထားမိတာကတော့ သည်ခေတ်ဆရာဝန်၊ ဆေးကျောင်းသားလေးတွေ Communication Skill အတော် အားနည်းတာပဲ ဖြစ်ပါသည်။

သည်လောက် ဘုကျသည့်ဆရာဝန်က သူများ ဆက်ဆံရေးကို မကောင်းဘူး ပြောစရာလားဟု မေးချင်မေးကြမည်။ ချိုသာစွာ ပြောဆိုဆက်ဆံတတ်တာသည် Communication Skill ကောင်းဖို့ လိုအပ်ချက် တစ်ခု ဖြစ်တာမှန်သော်လည်း ချိုသာရုံမျှနှင့်တော့ ဆက်ဆံရေးတော်သည်ဟု မဆိုနိုင်ကြောင်း သိစေချင်ပါသည်။

အဲသည် ကျောင်းသားကလေးတွေ စာမေးပွဲမှာ လူနာရှင်မိဘတွေကို မေးကြသည့် မေးခွန်းကလေးအချို့ကို နမူနာ ကြည့်စေချင်ပါသည်။

'ကလေးကို နွေးနွေးထွေးထွေး ကြင်ကြင်နာနာနဲ့ ပြုစုပေးရဲ့လား . . . အမေ'

ဘယ်အမေကများ 'မဟုတ်ဘူး၊ ကျွန်မက နှိပ်စက်နေတာ' ဟု ဖြေမည်ဟု ထင်ထားသလဲ မသိပါ။

'ကလေးက အသားဝါတယ်ဆိုတော့ ဘာဖြစ်လို့ ဝါတာလဲ အမေ'

အမေဖြစ်သူက အမှန်အတိုင်း ဖြေရှာသည်။ 'မသိဘူးရှင်' တဲ့။

သိသိသာသာ အဘွားအရွယ်ကြီး ဖြစ်နေသည့်အပြင် 'အမေက ပါမလာဘူး' ဟုပြောနေသည့်ကြားက 'အမေ သည်ကလေးကို နို့တစ်မျိုးတည်း တိုက်တာလား' ဟု ဇွတ်မေးသူတွေလည်း မရှား။ လူကြီးပါမလာဘဲ ခုတင်ပေါ်မှာ အိပ်ပျော်နေသည့် ကလေးဘေးမှာ ခြေစုံရပ်၍ 'စာမေးပွဲဖြေမှာမို့ ကလေးကို ခဏာစမ်းသပ်ချင်လို့ စမ်းသပ်ခွင့်ပြုပါနော်' ဟု စာအံသံကြီးဖြင့် ရွတ်နေသူတွေလည်း တွေ့။

အဲသည်မျိုးဆက်သစ် ဆရာဝန်ကလေးတွေ တကယ့်ဆရာဝန်ဘဝမှာ လူနာကို ဘယ်လို ပြောဆိုဆက်ဆံကြမည်ဆိုတာ မတွေးတတ်အောင်ပါ။

သူတို့ထက် နည်းနည်းစောသည့် မျိုးဆက်ကို လေ့လာကြည့်ကြပါဦးစို့။

ပြီးခဲ့သည့် အပတ်က ဘွဲ့လွန်စာမေးပွဲစစ်သည့်အခါ ကျွန်တော်နှင့် ဖြေရသည့် ကလေးအထူးကုဆရာဝန်လောင်းတွေကို ကျွန်တော် မေးခွန်းတစ်ခု တစ်သမတ်တည်း မေးကြည့်သည်။

**လူနာကို ဆေးမှားထိုးမိတာကို ထိုးပြီးပြီးချင်း ကိုယ့်လက်အောက်ကသူတွေ သတိထားမိသွား၍ ကိုယ့်ကို တင်ပြလာလျှင် ဘာဆက်လုပ်မလဲ။ ကလေးကတော့ ဘာမှ မဖြစ်၊ ကောင်းနေသည်ဟု။**

အဲဒါ နိုင်ငံခြားဘွဲ့လွန် စာမေးပွဲတွေမှာ အမြဲမေးနေကျ မေးခွန်းဖြစ်ပြီး စာအုပ်တွေထဲမှာတောင် ပြည့်ပြည့်စုံစုံ ရှင်းပြထားသည့် အဖြေရှိလျက်က ဘယ်သူမှ မဖြေနိုင်ကြပါ။ တစ်ဦးဆိုလျှင် အဲဒါ သူ့ကို Communication Skill နှင့် ပတ်သက်သော မေးခွန်းမေးနေတာ ဖြစ်မှန်းပင် မရိပ်မိပါ။

အဘယ်ကြောင့်နည်း။

အဖြေက ရှင်းပါသည်။ ခေတ်လူငယ်တွေ Communication Skill ကို လေ့လာကောင်းသော ပညာတစ်ရပ်ဟု မခံယူခဲ့ကြလို့ပါ။

ဘယ်အချိန်ကတည်းက မခံယူသနည်းဟု မေးလျှင်. . . ။

မူကြိုကတည်းကဟု ဖြေရပါသည်။



**ဆက်ဆံရေးပညာ အားနည်းသွားရခြင်းအကြောင်း**

မူကြိုကတည်းက ကျူရှင်ထားခဲ့ကြသည့် ကလေးတွေပါ။

ဘယ်အချိန်မှာ လူအချင်းချင်း ဆက်ဆံရေးပညာကို လေ့ကျင့်လေ့လာမှာလဲဟု ကျွန်တော် မကြာခဏ ရေးဖူးပါသည်။

အတန်းထဲမှာ ပထမရဖို့ မိဘ၊ သားသမီး၊ ဆရာ ပူးပေါင်း၍ ဆယ်စုနှစ်တစ်ခု၊ နှစ်ခုစာလောက် အပတ်တကုပ် လုံးပန်းလာခဲ့ကြသူတွေပါ။ ကျောင်းစာကလွဲလျှင် လူကြီးသူမရှေ့မှာ ခေါင်းငုံ့၍ ရှောင်လျှောက်ရမှန်းပင် မသိတော့သူတွေ တစ်ပုံကြီး။

ဆေးကျောင်းသားဘဝအထိ 'ဂိုက်' နှင့် စာမေးပွဲ ဖြေသူတွေပါ။ မကြားဖူးသေးသော ပုစ္ဆာတစ်ပုဒ်ကို ရိုးရိုးလေး စဉ်းစားလိုက်လျှင်ပင် အဖြေထွက်နိုင်ပါလျက်နှင့် ကိုယ့်ဟာကိုယ် ကြံစည်တွေးဆ အဖြေရှာသည့် ပညာ မတတ်တော့တာပါ။

မိုးလင်းက မိုးချုပ် ကျူရှင်တက်သည့် အလုပ်ပဲ လုပ်ခဲ့ကြသူတွေပါ။ ပြင်ပဗဟုသုတ လေ့လာဖို့ အချိန်မကျန်တော့ပါ။ ပြင်ပ ဗဟုသုတကလည်း ဆက်ဆံရေးမှာ အရေးပါပါသည်။

၁၉၇၇-၁၉၉၉ အတွင်း ကျွန်တော် ယူကေနိုင်ငံတွင် နေထိုင်သည့် အလုပ် လုပ်စဉ်က လုပ်ဖော်ကိုင်ဖက်တွေ ကျွန်တော့်ကို အဲသည်မှာကြီးသည့် နိုင်ငံခြားသားဟု ထင်ကြတာ ကျွန်တော့် အင်္ဂလိပ်စကားက ပီလွန်းနေ၍ မဟုတ်ပါ။ သူတို့ သိတာတွေ၊ စိတ်ဝင်စားတာတွေ ကျွန်တော် သိနေ၊ စိတ်ဝင်စားနေ၍ ဖြစ်ပါသည်။ အတူသွားခဲ့သည့် အစ်မကြီးတစ်ဦးဆိုလျှင် အဲသည်အချိန်က အင်္ဂလန်ဝန်ကြီးချုပ်ကိုပင် မသိခဲ့ပါ။

ယခုလည်း စင်ကာပူကို တစ်နှစ်ပညာတော်သင်သွားမည့် အထူးကုဆရာဝန်ကို အင်တာဗျူးတာ စင်ကာပူနိုင်ငံမှာ မြို့ပေါင်း ဘယ်နှမြို့ရှိသလဲဆိုတော့ တစ်ရာဖြေလို ဖြေ။

ခြုံငုံပြောရလျှင်တော့ အခြေခံပညာက စ၍ ပညာရေးစနစ်ကြီးတစ်ခုလုံးကို ပြောင်းပစ်ရတော့မှာပါ။

တိုးတက်အောင် လုပ်မည်ဆိုပြီး စာတွေ ခက်အောင် လျှောက်လုပ်ရမှာ မဟုတ်။ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ဦးတည်ရမှာပါ။ စဉ်းစားတတ်၊ တွေးခေါ်တတ်၊ ကြံစည်တတ်၊ ဆက်ဆံတတ်သည့် ပညာတတ်ကလေးတွေ မွေးထုတ်ရမှာပါ။

အတန်းထဲမှာ တစ်က တစ်ဆယ် ဝင်ဖို့ထက် အရေးကြီးသော ကိစ္စတွေ အများကြီး ဆိုတာလည်း မိဘတွေ သဘောပေါက်ရတော့မှာပါ။

လုံခြုံရေး စိုးရိမ်စိတ်ကဲပြီး ပိတ်ဆို့ထားခဲ့သော စာသင်ခန်းပြင်ပ လှုပ်ရှားမှုတွေကို ပြန်အားပေးရတော့မှာပါ။

**မေးမြန်း၊ ရှင်းပြ၊ ဆက်ဆံ၊ ဆွေးနွေးခြင်း အတတ်ပညာက ဆရာဝန်တွေအတွက်ချည်းသာ အရေးကြီးတာ မဟုတ်။ အနာဂတ်လူငယ် တိုင်းအတွက် အရေးကြီးတာပါ။**

**ဆန္ဒမွန်ဖြင့်**
**လက်ာရည်ကျော်**

•




# လူငယ်တွေ ဖတ်စေချင်သည့် ကျွန်တော့်ဆောင်းပါးများ

ပါမောက္ခရဲမြင့်ကျော်(ဒေါက်တာရဲ)
ကလေးအထူးကုဆရာဝန်ကြီး

ကံဆိုတာက နိမ့်ချည်၊ မြင့်ချည်ပါ။ ကံနိမ့်ခိုက်မှာ ဝီရိယစိုက်လျှင် မအောင်မြင်တာတွေ မြင်ရတာများလို့ စိတ်ဓာတ်ကျတတ်ပေမယ့် ထိုဝီရိယကို လျှော့လိုက်ပါက ကိုယ်မသိဘဲ ကံက ပြန်တက်သွားတာနှင့် တိုးတတ်ပါသည်။ အဲဒီအချိန်မှာ ဝီရိယ မရှိတော့ အောင်မြင်မှုနှင့် လွဲတတ်ပါသည်။ ကံ တစ်သက်လုံး နိမ့်နေသည့် လူရယ်လို့ မရှိနိုင်ပါ။ ဝီရိယ တစ်သမတ်တည်း စိုက်ထုတ်ပြီး စိတ်ရှည်ရှည် စောင့်ရပါသည်။

**'တပည့်တွေ လူငယ်တွေကို ကျွန်တော် မကြာခဏ ပြောဖြစ်သည့် ကံ၊ ဉာဏ်၊ ဝီရိယတို့အကြောင်း' ဆောင်းပါးမှ**

ဖြန့်ချိရေး

**နန်းဒေဝီစာပေ**

အမှတ် - ၂၁၀(ပထပ်)၊ ၃၆လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (၀၁)၃၈၃၀၂၅၊ ၃၉၀၈၃၃